

# ဟာရာကာသီလှမေ

နှင့်

# ကြိုးဖို

# MYSTERY

မင်းသိခ်၊ နတ်နွယ်

မောင်သိန်းဆိုင်၊ မြသိန်း

ဆွေမြင့်၊ ဝေယံလင်းခေါင်

ဘာသက်ဆွေ၊ တက္ကသိုလ်လွှမ်းမြင့်ဝေ

ဇော်ထက်၊ ကျော်မင်းညွှန့် (လှည်းကူး)

တက္ကသိုလ်အောင်တင့်

ကျောက်ဘီလူး နှင့်

တိုးထက်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရင်သိမ့်ဖိုစာအုပ် အမှတ် (၇)

တိုးထက် နှင့် နေစိုးသော်
စီစဥ်သည့်

# ဟာရာကာသီလှဖေ

ဖို့

ရင်သိမ့်ဖို
MYSTERY


စာမူခွင့်ပြုချက်
၅၀၁၇၄၃၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်
၅၀၀၄၄၈၀၆၀၄

❐

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇွန်လ
အုပ်ရေ
၁၀၀၀

❐

မျက်နှာဖုံးဒီဇိုင်း
အိုဘွယ်ဇင် (Stars)

❐

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင့်လုံဝင်းပုံနှိပ်တိုက်
ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

❐

ကွန်ပျူတာစာစီ – Dream City
စာအုပ်ချုပ် – စွယ်တော်

❐

တန်ဖိုး – ၁၈၀၀


မာတိကာ


| | | |
|---|---|---|
| – | အမှာစကား | |
| ၁။ | ဟာရာကာသီလှဖေ<br>မင်းသိခ် | ၁ |
| ၂။ | စစ်တုရင် ကစားသူ<br>နတ်နွယ် | ၁၄ |
| ၃။ | ငှက်မွေးလေးများ<br>မောင်သိန်းဆိုင် | ၃၂ |
| ၄။ | မသေဆေးပင် ရှာဖွေသူ<br>မြသိန်း | ၅၃ |
| ၅။ | ဦးဘာဘာ ဘာမှမသိပါ<br>ဆွေမြင့် | ၆၀ |
| ၆။ | သူရဲမ ပြလိုက်သောတရား<br>စေယံလင်းခေါင် | ၈၅ |
| ၇။ | အသွေးတူ အရောင်ကွဲ<br>ဘသက်ဆွေ | ၉၂ |
| ၈။ | အရောင်အရိပ် အတိတ် အနာဂတ်<br>တက္ကသိုလ်လွှမ်းမြင့်စေ | ၁၀၄ |
| ၉။ | ရှားလော့ဟုမ်းနှင့် ထော့ကျိုးဟူးဘုန်းအမှု<br>ဇော်ထက် | ၁၂၂ |
| ၁၀။ | သစ္စာ<br>ကျော်မင်းညွန့် | ၁၅၇ |
| ၁၁။ | မြို့ဟောင်းကိုယ်တော်ကြီးနှင့် ဗြိတိသျှသားများ<br>တက္ကသိုလ်အောင်တင့် | ၁၇၀ |
| ၁၂။ | သည်းထိတ်ဖို့ည<br>တိုးထက် | ၁၈၅ |
| ၁၃။ | ချောက်ချောက်ချားချား<br>ကျောက်ဘီလူး | ၁၉၈ |

## အမှာစကား

ဗာရာဏသီလုဖေနှင့် ရင်သိမ့်ဖို MYSTERY သည် ၇-အုပ်မြောက် ရင်သိမ့်ဖိုစာအုပ် ဖြစ်ပါသည်။ ရင်သိမ့်ဖိုစာအုပ်များကို ကျွန်တော်များ စီစဉ်ထုတ်ဝေခဲ့ရာတွင် တစ်အုပ်ထက် တစ်အုပ် အရည်အသွေး ပိုမြင့်မားလာအောင် ကြိုးစားဖန်တီးလျက် ရှိပါသည်။

ကျွန်တော်တို့မှာ ပြိုင်ဘက် အမြဲရှိနေပါသည်။ ကျွန်တော်တို့အနေဖြင့် ယင်းပြိုင်ဘက်ကို အရှုံးမပေးလိုပါ။ အရှုံးမပေးနိုင်ပါ။ ထို့ကြောင့်လည်း မလျှော့သောဇွဲ၊ လုံ့လဝီရိယတို့ဖြင့် ပြိုင်ဘက်၏ စိန်ခေါ်မှုကို အမြဲပင် ရင်ဆိုင်၊ ယှဉ်ပြိုင်၊ အနိုင်ယူနိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း ကြိုးစား အနိုင်ယူသွားမည်သာ ဖြစ်ပါသည်။

ကျွန်တော်တို့၏ ပြိုင်ဘက်ဆိုသည်မှာ အခြားသူများကို ဆိုလိုခြင်းမဟုတ်ပါ။ ရင်သိမ့်ဖို အမှတ် (၁) မှသည် အမှတ် (၆) ထိ ပုံနှိပ်ထွက်ခဲ့ပြီးသော ရင်သိမ့်ဖို စာစဉ်များသာ ဖြစ်ပါသည်။

နောက်ဆုံးထုတ်ခဲ့ပြီးသော ရင်သိမ့်ဖို အထူးထုတ် အမှတ် (၆)ကို ယခု အမှတ် (၇) က အနိုင်ရ ရပါမည်။ ယခု အမှတ် (၇)၏ ရင်သိမ့်ဖိုကို နောင်တွင် ထုတ်ဝေမည့် အမှတ် (၈) က အနိုင်ရစေရန်လည်း ဆက်လက် ကြိုးစားသွားပါမည်ဟု ....။

စီစဉ်သူများ




# ဗာရာဏသီ လုဖေ
## မင်းသိခ်

အခါတစ်ပါး၌ အင်းဝပြည့်ရှင်ဘုရင် သတိုးမင်းဖျားသည် ရာဇဝင်ကျော် သူခိုးကြီး တောက်ပြား၏ တပည့်အဖြစ်သို့ တစ်ညတာမျှ ရောက်ရှိခဲ့လေသည်ဟု မြန်မာရာဇဝင်၌ ဖတ်ရှုခဲ့ဖူးပါသည်။

ကျွန်ုပ်မှာမူကား စစ်ပြီးခေတ် သူခိုးသူဓားပြတို့၏ လောကတွင် လွန်စွာကျော်ကြားသော ဗာရာဏသီလုဖေဆိုသည့် သူခိုးကြီးတစ်ဦးထံ၌ တပည့်နောက်လိုက်အဖြစ် နှစ်ပေါင်းအတော်ကြာ နေခဲ့ဖူးလေ၏။

ဝတ္ထုစာတလိုက်သည် အကျင့်စာရိတ္တအရာ၌ ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်ရမည်ဟူ၍ မှတ်ယူထားသူများအဖို့ ကျွန်ုပ်ရေးသားမည့် ဗာရာဏသီလုဖေ ဝတ္ထုသည် တစ်မျိုးတစ်ဖုံ ခွတီးခွကျ ဖြစ်၍နေမည်ဖြစ်ကြောင်း ကျွန်ုပ်ဝန်ခံပါမည်။

သို့ရာတွင် ကျွန်ုပ်၏ အယူအဆမှာ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ ဝတ္ထုရေးသင့်သည်ဟု ယူဆထားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ဗာရာဏသီလုဖေ၏ အကြောင်းကို ရေးသားရခြင်း ဖြစ်လေ၏။

တစ်နေ့သည်၌ ကျွန်ုပ်နှင့် ဗာရာဏသီလုဖေတို့သည် အေးချမ်းစွာ ထိုင်၍ စကားပြောလျက်ရှိကြလေ၏။ ကျွန်ုပ်၏ မိတ်ဆွေကြီးကိုလုဖေ



မှာ တစ်ဖက်သား လွယ်ကူစွာ နားလည်လောက်သော အကြောင်းအရာအား တိုတိုနှင့် လိုရင်းသို့ရောက်အောင် မည်သည့်အခါမျှ ပြောဆိုလေ့မရှိဘဲ ကွေ့ပတ်သွယ်ဝိုက်၍ ပြောဆိုတတ်သော ၎င်း၏အကျင့်အတိုင်း သူခိုးများသည် ခိုးစဉ်၌ လူမိတတ်ခြင်း နည်းပါး၍ ခိုးရာပါပစ္စည်း ထုခွဲရောင်းချရာ၌သာ အမိခံကြပုံတို့ကို အင်္ဂလန်၊ အမေရိက၊ ဟောင်ကောင်စသော နိုင်ငံများမှ သူခိုးကြီးများ မိခဲ့ပုံများကို ကိုးကား၍ ကျွန်ုပ်အား ပြောပြလေ၏။

"ဒါကြောင့်လဲ သူခိုးလောကမှာ ခင်ဗျားကို ဗာရာဏသီလုဖေဆိုတဲ့ ဂုဏ်ပုဒ်တပ်ပေးထားကြတာကိုး"ဟု ကျွန်ုပ်က ချီးမွမ်းသလိုလို အပြစ်တင်သလိုလို စကားမျိုးဆိုလိုက်လေရာ ကိုလုဖေသည် သူ၏ ရွှေအစစ်ဖြင့် ပြုလုပ်ထားသော စီးကရက်ဘူးအတွင်းမှ မုတ်ဆိတ်ပလေးရားစီးကရက်တစ်လိပ်ကို ထုတ်လျက် မီးညှိရှိုက်ဖွာလိုက်ပြီးလျှင်

"ခင်ဗျားပြောလို့သာ ပြောရဦးမယ်၊ ကျုပ်ကို ဗာရာဏသီလို့ ကျုပ်တို့လောကမှာ ခေါ်ကြတာက စကားရှည်လို့ မဟုတ်ဘူးဗျ၊ ကျုပ်က တစ်အိမ်တစ်အိမ်ကို ရတ်တရက် ထခိုးတာမဟုတ်ဘဲ အချိန်ယူ အေးစိတ်လေ့လာပြီးမှ ခိုးတတ်တာမို့ ဗာရာဏသီချဲ့တယ်ဆိုပြီး အချင်းချင်းက ပေးထားတဲ့ ဘွဲ့ရာထူးဗျ"

"ဟုတ်တော့လဲ ဟုတ်တယ်ဗျ၊ ခင်ဗျားက ဘာအလုပ်ပဲလုပ်လုပ်တယ်ပြီး ဗာရာဏသီ ချဲ့တတ်တဲ့ သူပဲ"

"မှန်ပါတယ် ကိုအောင်ထွန်း၊ ကျုပ်က ဘာကိုပဲလုပ်လုပ် သေချာမှ လုပ်တာကလား"

"အခုတလော ခင်ဗျား အလုပ်မလုပ်တာ တော်တော်လေး ကြာသွားပြီနော်"

"ကြာတာက ဒီလိုဗျ၊ အပေါက်ကောင်းမတွေ့သေးလို့ ကြာနေတာ၊ အလုပ်ကတော့ လုပ်ချင်တာပေါ့ဗျာ"

"ဦးထွန်းမြတ်လမ်းက တိုက်သစ်ကြီးကို သဘောမကျဘူးလား"

"အဲဒီ တိုက်ပိုင်ရှင်က ဦးထွန်းလှတဲ့၊ ဆန်စပါးလုပ်ငန်းနဲ့ ရိုးရိုး

သားသား ရှမ်းသာလာတာ၊ ပြီးတော့ မျက်မြင်ကျောင်းတွေ၊ မိဘမဲ့ ကလေးတွေကိုလဲ အမြဲမပြတ် လှူနေတဲ့လူဗျ၊ သူ့ပစ္စည်းလုပ်လို့ မတော် ပေဘူး၊ ဒီတော့...''

''ဒီတော့ ဘာဖြစ်သလဲဗျ''

''စပတ်လမ်း(ယခု ဗိုလ်အောင်ကျော်လမ်း)က စိန်ဘာဘူတိုက်ကို ဖောက်မယ်၊ ရတဲ့ပစ္စည်းရဲ့ လေးပုံတစ်ပုံကို လှူမယ်၊ ဟစ်ပုံကို နောင် ရေးအတွက် ထားမယ်၊ တစ်ပုံကို ခင်ဗျားပေးမယ်၊ ကျန် ဟစ်ပုံကိုတော့ ကျုပ်သုံးပစ်မယ်၊ ကျေနပ်ရဲ့လား''

ကျွန်ုပ်အဖို့ မကျေနပ်ဖွယ်ရာ အကြောင်းမရှိပေ။ အဘယ်ကြောင့် ဆိုသော် ၎င်းစိန်ဘာဘူတိုက်အား ဖောက်လျှင် အနည်းဆုံး လေးသိန်း ဖိုးခန့် ရရှိမည်ဖြစ်၍ ကျွန်ုပ်သည် လေးပုံတစ်ပုံ ရရှိမည်ဆိုလျှင် ငွေ တစ်သိန်းကျော်ခန့် ရရှိမည်ဖြစ်၏။

''အဲဒီတော့ စိန်ဘာဘူတိုက်ကြီးကို ဖောက်မယ့်လုပ်ငန်းကို မြန်မြန် အကောင်အထည်ဖော်ဖို့ ကျုပ်မှာ လှုလိုနေတယ်''

''ခင်ဗျားကလဲဗျာ၊ နာမည်ကြီး သူခိုးတစ်ယောက်ဖြစ်နေတာတောင် တစ်ကိုယ်တော် မစွမ်းဆောင်နိုင်တော့ဘူးလား''

ကျွန်ုပ်၏စကားကို ကြားလိုက်ရသောအခါ ကိုလှဖေသည် ပြက်လုံး တစ်ခုကို ကြားလိုက်ရသည့်အလား ဝါးလုံးကွဲလုမတတ် ဟက်ဟက် ဟက်ဟက် ရယ်မောကြလျှင်–

''ခင်ဗျားကလဲဗျာ၊ ကျုပ်ကိုများ အထင်ကြီးလိုက်တာ၊ ကမ္ဘာကျော် [illegible] အခက်ကြီးများ ယင်နေလားမသိဘူး၊ ကျုပ် ဒီလောက်လဲ [illegible]''

[illegible] အခက်ဆိုသည်မှာ တကယ်မရှိ [illegible] ဖြစ်သည့် 'သိအော [illegible] အင်္ဂလိပ်ကျက်နာမည် ဖြစ်

''[illegible] ခင်ဗျားတစ်ယောက်



တည်၊ မဟုတ်ပေဘူးလား''

''ဟုတ်တယ်ဗျို့၊ ဟုတ်ကယ်၊ ခင်ဗျားပြောလဲ ပြောလောက်ပေ တယ်၊ ဒါပေမယ့် ဒီလိုရှိတယ်၊ ဟိုးကုန်းက ကျုပ်လုပ်ခဲ့တဲ့ အလုပ်အတော် များများဟာ ကျုပ်တစ်ယောက်တည်း စွမ်းဆောင်ခဲ့တာပဲ၊ အရေးကြီးတဲ့ သုံးလေးခုလောက်ပဲ တပည့်သုံးခဲ့တာ၊ အခုကိစ္စမှာလဲ မသုံးမဖြစ်လို့ ကျုပ်ပြောတာပဲ''

''အဲဒီ စိန်ဘာဘူတိုက်က ဖောက်ထွင်းမှု သိပ်များ ခက်နေလို့လား''

''နာမည်ကြီး သူခိုးတစ်ယောက်၊ ဒါမှမဟုတ် ဖောက်ထွင်းဝိဇ္ဇာ တစ်ယောက်ရယ်လို့ ဖြစ်လာမှတော့ ဖောက်ထွင်းမှု ခက်တာရယ်လို့ မရှိတော့ပါဘူး၊ ဒါပေမယ့် ခုနက ကျုပ်ပြောခဲ့သလို အရေးကြီးတယ် ဆိုတာတော့ ရှိတယ်''

''တစ်ဆိတ်လောက် ရှင်းပြစမ်းပါဦးဗျာ၊ ကျုပ်တော့ဖြင့် ခင်ဗျား ပြောတဲ့ သူခိုးနိဿယကို တယ်ပြီး နားမရှင်းလှပေဘူး''

''အရေးကြီးတယ်ဆိုတာ ဒီလိုလေဗျာ၊ ကိုယ်ခိုးတော့မယ့် အိမ်ရဲ့ အနေအထားပေါ်မှာ မူတည်တယ်၊ အိမ်ရဲ့ လုံခြုံမှု၊ ခိုင်ခံ့မှုနဲ့ မဆိုင်ဘူး၊ အိမ်မှာနေတဲ့ လူတွေရဲ့ အနေအထားဆိုတာ လူအနည်းအများနဲ့ အဲဒီ လူတွေရဲ့ စရိုက်ကိုပြောတာပဲ၊ အိမ်တစ်အိမ်မှာ လူများပြီး ပစ္စည်းအထား အသို ပိပိရိရိနဲ့ ကျစ်ကျစ်လျစ်လျစ် ရှိမယ်ဆိုရင် အဲဒီအိမ်ဟာ ခိုးရခက် တာပဲ''

ကျွန်ုပ်သည် သူ့စကား၏ အရှိန်ပျက်မည်ဆိုသောကြောင့် ဟုတ် ပါတယ်ဗျာဟု စကားဝင်ထောက်မပေးလိုက်သော်လည်း ယင်းကဲ့သို့ ပြောမိသည့်အလား ခေါင်းညိတ်လိုက်သောအခါ သူလည်း ပြောအားပို၍ ရှိလာပြီးလျှင် စကားသံမှာ မြင့်တက်လာကာ စိတ်ပါလက်ပါ အားတက် သရောဖြင့် နားထောင်၍ အလွန်ကောင်းလှပေသည်။

''အထူးသဖြင့် အဲဒီ စိန်ဘာဘူတွေ၊ ချစ်တီးသူဌေးတွေရဲ့ တိုက် ဟာ အလုပ်လုပ်ရတာ တယ်ပြီး မလွယ်လှဘူး၊ အိမ်ထဲကို ဝင်နေတဲ့ နေရာမှာ တယ်ပြီး မခက်ပေမယ့် ပစ္စည်းထားတဲ့ နေရာကို ရှာရတာက



သိပ်ခက်တယ်၊ အထူးသဖြင့် ဒီလို ကုလားမျိုးတွေက ငွေကို ကိုယ့်မယား ထက်တောင် ချစ်တတ်လေတော့ အဖိုးတန်ပစ္စည်းတွေကို သူများ အလွယ် တကူ မြင်နိုင်လောက်တဲ့နေရာမှာ မထားဘူး၊ ပိပိရိရိနဲ့ ကျစ်ကျစ်လျစ်လျစ် ထားလေ့ရှိတယ်၊ ဗမာသူဌေးတွေလို မီးခံသေတ္တာကြီးကို လူမြင်အောင် ဧည့်ခန်းမှာ ထုတ်ထားလေ့ မရှိဘူး၊ သူတို့အိပ်တဲ့ ခုတင်ခေါင်းရင်းမှာ တောင် တွေ့ရခဲတယ်၊ အုတ်နံရံထဲမြှုပ်ပြီး ဘီရိုတို့ဘာတို့ ကွယ်ထား လေ့ရှိတယ်''

(မှတ်ချက်။ ။ ကိုလှဖေ ပြောသကဲ့သို့ပင် ထိုအချိန်က ပိုက်ဆံရှိသော မြန်မာအိမ်များဧည့်ခန်း၌ ဖော်ရွှီးအဖြစ် မီးခံသေတ္တာကြီးများ ထားလေ့ ရှိပါသည်။ ယခုခေတ် အချို့အိမ်များ၌ ရေခဲသေတ္တာကြီးများ ဧည့်ခန်း၌ ပြသထားသည်နှင့်မခြားပေ)

''ဆက်ပြီးတော့ ရှင်းပြစမ်းပါဦးဗျာ၊ ခုမှပဲ ကျုပ်လဲ ခင်ဗျားရဲ့ သူခိုးနိဿယကို နည်းနည်းပါးပါး သဘောပေါက်လာတော့တယ်''

''အဲဒီလို ပစ္စည်းတွေ ဘယ်မှာထားမလဲ တပ်အပ်မသိဘဲ ယောင် ချောက်ဆယ်နဲ့ စမ်းတဝါးဝါး ရှာနေတဲ့အိမ်မျိုးကျတော့ အချိန်ကုန်တယ်၊ ကိုယ်ခိုးမယ့် အိမ်ထဲမှာ အချိန်ကြာလေလေ ကိုယ့်အတွက် အားနည်း ချက်ပိုလာလေလေပဲ၊ လိုရင်းပြောရရင်တော့ဗျာ လူနိုးလာနိုင်တော့တာပေါ့''

''ရှင်းပါပြီဗျာ... ရှင်းပါပြီ၊ ခင်ဗျားလိုတယ်ဆိုတဲ့ အကူအညီက ခင်ဗျားလို သူခိုးအတတ် တတ်စရာမလိုဘူး၊ လူနိုးရင် အချက်ပေးဖို့ပဲ မဟုတ်လား''

''သိပ်ဟုတ်တာပေါ့ ကိုအောင်ထွန်းရာ၊ ကျုပ်ကို ကူညီမယ့်သူက သူခိုးပညာမတတ်လေ ကျုပ်က ကြိုက်လေပဲ''

''ဘာဖြစ်လို့လဲ ဗျာ''

''ဒီလိုလေဗျာ၊ မတောက်တခေါက် သူခိုးပေါက်စဆိုရင် တယ်ပြီး ခြေရှုပ်တယ်၊ ဒီလိုကိစ္စမျိုးမှာ ခေါင်းအေးအေးနဲ့ လွတ်လွတ်လပ်လပ် လုပ်နိုင်မှ တော်ရုံကျတာ၊ အကြံပေးတာတို့ ဆရာလုပ်တာတို့နဲ့ တွေ့နေ ရင် တယ်ပြီး နေရာမကျလှဘူး၊ ပြီးတော့ အရေးအကြီးဆုံးတစ်ခုက



သူကိုယ်တိုင်က သူခိုးဆိုတော့ မတတ်သာလို့ တပည့်ခံနေရပေမယ့် မာန် ခံလေးကတော့ ကျမှာမဟုတ်လေတော့ ခြေဆော့ လက်ဆော့လုပ်မှာ ကျိန်းသေတယ်၊ ကျုပ်ရှေ့ပိုင်းမှာ ခိုးနေတုန်း သူက နောက်ပိုင်းမှာ ဟိုပစ္စည်းယူ ဒီပစ္စည်းယူနဲ့ လက်ဆော့မှာကိုလည်း ကျုပ်စိုးရိမ်တယ်''

ကိုလှဖေ၏ စကားကို ကြားလိုက်ရသောအခါ ကျွန်ုပ်အဖို့ မာတ်ဆီ မာတ်ဆဲတို့ အလွန်ဟာသမြောက်လှသော ပြက်လုံးတစ်ခုကို ကြားလိုက် ရဘိအလား ရယ်ချင်စိတ် ဖြစ်ပေါ်လာသည့်အပြင် သူ၏ စကားမှာ ကြားရသူအဖို့ နားကလေးလှသည်ဖြစ်ရာ တဟားဟားနှင့် ခွက်ထိုးခွက် လှန် ရယ်မိပါတော့သည်။

''ဘယ်နဲ့ဗျာ၊ ခင်ဗျားစကားကလဲ မဟုတ်လိုက်တာ၊ ခင်ဗျားကိုယ် တိုင်က အိမ်က အဖိုးတန်ပစ္စည်းတွေကို ခိုးနေမှတော့ ကျန်တဲ့လူက ခြေဆော့လက်ဆော့လုပ်မှာ စိုးရိမ်နေသေးလားဗျာ''

''အဲဒီအချက်က သိပ်အရေးကြီးတာပေါ့ဗျာ၊ ကျုပ်လို သူခိုးအလုပ် ကို ကျကျနန လုပ်ကိုင်စားသောက်တဲ့ လူအဖို့မှာတော့ အဲဒီအချက်လောက် အရေးကြီးတာ ဘယ်ရှိပါ့မလဲ၊ သူခိုးတစ်ယောက်ဟာ မခိုးတတ်တဲ့လူ တွေထက် ပိုပြီး ရိုးသားရမယ်''

''ဘယ်နဲ့ဗျာ မဟုတ်လိုက်တာ၊ မဟာပညာရှိကြီးတွေ မျက်စေ့လည် သွားအောင်'' ''ကျုပ်ဘဝမှာတော့ ရိုးရိုးသားသားနဲ့ ခိုးစားခဲ့တာချည်းပဲ၊ သိပ်သစ္စာရှိရတဲ့အလုပ်ဟာ သူခိုးအလုပ်ပဲ၊ ရသမျှပစ္စည်းကို အကုန်သယ်မယ် ဆိုရင်တော့ တယ်ပြီး မတရားလှပေဘူး၊ ကျုပ်ကတော့ သုံးပုံတစ်ပုံကိုပဲ ယူတယ်၊ ကျန်တဲ့သုံးပုံတစ်ပုံကိုတော့ သူစားသောက်ဖို့နဲ့ ရင်းနှီးဖို့ချန်ထား ခဲ့တယ်၊ ပြီးတော့ အများနဲ့ဆိုင်တဲ့ သူများပိုင်ပစ္စည်းတွေကို ဘယ်တော့မှ မခိုးဘူး''

''ခင်ဗျားစကားကလဲဗျာ၊ ကျုပ်တော့ဖြင့် နားထောင်ရင်းထောင်ရင်း နဲ့ နားရှုပ်လာပြီး အများနဲ့ဆိုင်တဲ့ သူပိုင်ပစ္စည်းဆိုတာက ဘာလဲဗျ၊ အများပစ္စည်းဖြင့် အများပစ္စည်းပေါ့၊ သူ့ပစ္စည်းဖြင့် သူ့ပစ္စည်းပေါ့''

''ဒီလိုလေဗျာ၊ ကိုယ့်လူနားရှင်းအောင် ဥပမာပေးရရင်တော့ ခင်ဗျား

သုံးတဲ့ ဆေးလိပ်ပြာခွက်ဟာ ခင်ဗျားရဲ့ပစ္စည်းပဲ၊ ဒါပေမဲ့ အဲဒီ ဆေးလိပ်သုံးတဲ့ ဆေးလိပ်ပြာခွက်ဟာ ခင်ဗျားအိမ်သားတွေ သုံးဖို့တင်မကဘူး ဧည့်သည်တွေပြာခွက်ဟာ ခင်ဗျားအိမ်သားတွေ သုံးဖို့တင်မကဘူး ဧည့်သည်တွေ အတွက်ပါ သုံးဖို့ရည်ရွယ်ထားတာ မဟုတ်လား၊ ဒီတော့ အများနဲ့ဆိုင်တဲ့ ခင်ဗျားရဲ့ ဆေးလိပ်ပြာခွက် ဖြစ်မနေဘူးလား၊ တိုတိုနဲ့ လိုရင်းချုပ်ပြောရရင် တော့ ခင်ဗျားရဲ့ ဧည့်ခန်းမှာရှိတဲ့ ပစ္စည်းတွေအားလုံးဟာ အများနဲ့ဆိုင်တဲ့ ခင်ဗျားပိုင် ပစ္စည်းတွေချည်းပဲ"

"ရှင်းပါပြီ၊ ခင်ဗျားရဲ့ သူခိုးဖီလော်ဆိုဖီကလဲ တော်တော်လေး စိတ်ဝင်စားစရာကောင်းသားပဲ"

"ကဲဗျာ၊ ဒါတွေထားလိုက်ပါဦး၊ ကျုပ်အတွက် မခိုးတတ် မဝှက်တတ်တဲ့ လူတစ်ယောက်လောက် လိုချင်တယ်၊ ကျုပ်ကိုယ်တိုင်ရှာရင်တော့ ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်တိုင်က သူခိုး ဆိုတော့ ကျုပ်အသိုင်းအဝိုင်းကလဲ သူခိုးချည်းပဲ၊ မခိုးတတ် မဝှက်တတ်တဲ့လူကို ရှာလို့ရမှာမဟုတ်ဘူး၊ ကျုပ်က တစ်ခါသုံးပဲ လိုချင်တာ၊ ဒီလူလဲ နောက်နောင် ဒီအလုပ်မျိုး မလုပ်မိအောင်လို့ ထိုက်ထိုက်တန်တန် ပေးလိုက်မယ်၊ ကျုပ်လဲ အဲဒီအချိုးကောင်းရင်ဖြင့် အိမ်ကောင်းကောင်းလေး တစ်လုံးလောက်ဝယ်ပြီး လုပ်ငန်းလုပ်မယ်လို့ စိတ်ကူးထားတာပဲ"

"အရင် ခင်ဗျား ငှားနေတဲ့ အိမ်ကရော"

"အိမ်ရှင်ကို ပြန်အပ်လိုက်ပြီလေ၊ ကျုပ် အစတည်းက အိမ်ဝယ်လောက်အောင် ကော်ပေါက်တွေ တိုးခဲ့တာပဲ၊ ဒါပေမဲ့ ကျုပ် အိမ်မဝယ်ခဲ့ဘူး၊ အိမ်ငှားနေတာတောင် တစ်လလောက်ကြာတော့ ရှက်တာနဲ့ ပြန်အပ်လိုက်ပြီး သမိုင်းက ကျုပ်အသိ ဘုန်းကြီးတစ်ပါးဆီမှာ အရောင်းအဝယ်လုပ်နေတယ်၊ အဆင်မပြေသေးလို့ဆိုပြီး ကပ်နေခဲ့တာ"

"ဘာဖြစ်လို့ အိမ်နဲ့နေရမှာ ရှက်တာတဲ့လဲဗျ"

"တံခါးပိတ်ရတာ ရှက်လို့ပါဗျာ"

"ဘာပြောတယ်၊ တံခါးပိတ်ရတာ ရှက်လို့ဟုတ်လား၊ ခင်ဗျားစကားကလဲ ဆန်းလိုက်တာ"

"ဟုတ်တယ်လေဗျာ၊ ကျုပ်က သူများအိမ်တွေဖောက်ပြီး ခိုးနေပြီး



တော့ ကျုပ်အိမ်ကျတော့ သူများခိုးမှာ စိုးလို့ တံခါးပိတ်ရတဲ့ အလုပ်လောက် ရှက်စရာကောင်းတာ မရှိတော့ဘူး၊ လောကကြီးကို နိုင်ထက်စီးနင်းလုပ်သလို ဖြစ်နေတယ်၊ တံခါးဖွင့်ပြီး အိပ်ရအောင်ကလဲ မဖြစ်နိုင်ဘူး၊ ဒီတော့ သူခိုးအလုပ်ကို စွန့်လွှတ်မှပဲ အိမ်နဲ့နေမယ်လို့ စိတ်ကူးထားတယ်"

"ကျုပ်လဲ တခြားလူကို ရှာနေရင် ကြာနေဦးမယ်၊ ပြီးတော့ ခင်ဗျားနဲ့ ဒီလောက်တောင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပေါင်းလာပြီးမှ ခင်ဗျားနဲ့တွဲပြီး အလုပ်မလုပ်ဖူးဘူးဆိုရင်တော့ တယ်ပြီး မနိပ်လှဘူး၊ ခိုးဖူးတယ်လို့ဆိုတဲ့ ဆန့်ကျင်ဘက် အကျင့်သိက္ခာ ကလေးရှိမှ ပိုပြီး ပြည့်စုံလိမ့်မယ် ထင်တယ်"

ကျုပ်လို လူကောင်းသူကောင်းတစ်ယောက်က သူနဲ့တွဲပြီး အဒီနှခါနက်ကို ကျူးလွန်ပါတော့မည်ဟု ကတိစကားတစ်ခုကို ကြားသည့်အခါ မည်သို့မျှ ထူးခြားခြင်း မပြုပေ။

"သိပ်ဟန်ကျတာပေါ့ဗျာ၊ ခင်ဗျားက လူကောင်းတစ်ယောက်ဆိုတော့ ကျုပ်အတွက် ပိုပြီး အဆင်ပြေတာပေါ့၊ အထူးလဲ မှာစရာမလိုတော့ဘူး၊ ဒါနဲ့ ခင်ဗျား အားတက်အောင် ပြောရဦးမယ်၊ ဘယ်တော့မှ မတိမ်ကောတဲ့အလုပ်ကို ပြပါဆိုရင် သူခိုးအလုပ်ပဲ ရှိတယ်၊ ပိုင်ဆိုင်မှုတွေ ရှိသရွေ့ သူခိုးအလုပ်ဟာ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး၊ ပိုင်ဆိုင်မှုဆိုတာကလဲဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး၊ ပြီးတော့ ရှေးအကျဆုံး အလုပ်အကိုင်ကို ပြပါဆိုလဲ သူခိုးအလုပ်ပဲရှိတယ်၊ ဘာဖြစ်လို့လဲဆိုရင် ပထမဆုံး လူသားဆိုပြီး ဖြစ်လာကတည်းက အသက်ရှင်နေထိုင်ရေးအတွက် စားစရာဆိုတဲ့ ပိုင်ဆိုင်မှု ရှိလာရတယ်။ အဲဒီ ပိုင်ဆိုင်မှုစကတည်းက 'ခိုးခြင်း'ဆိုတဲ့ အလုပ်လဲ ပေါ်လာတော့တာပဲ၊ သူခိုးရှိချင်မှ ရှိမယ်နော်၊ ဒါပေမဲ့ 'ခိုးခြင်း'ဆိုတဲ့ သဘောတရားကတော့ ရှိနေပြီ"

သူ၏ သူခိုး ဖီလော်ဆိုဖီကို နားထောင်နိုင်ရန် ကျွန်ုပ် ဦးနှောက်အင်အားမရှိတော့ပြီ ဖြစ်သဖြင့် ကြာလျှင် ခေါင်းရှုပ်လာမည်ဖြစ်သော ကြောင့် တခြားအကြောင်းအရာများသို့ စကားလမ်းလွှဲပစ်ကာ ချိန်းဆို



ထားသည့်နေ့၌ ချိန်းဆိုထားသည့်အချိန်တွင် လာရောက်ပါမည်ဟု ကတိစကားထားလျက် လူချင်းခွဲလိုက်ပါတော့သည်။

•

အရေးကြီးသော အစိတ်အပိုင်းသို့ရောက်အောင် တိုတိုနှင့် လိုရင်းကိုမပြောဘဲ ဟိုးရှေးရှေးတုန်းကဆိုပြီး ဇာရာဏသီပြည်ကြီးကိုတည်ကာ အရေးမကြီးသည့် အစိတ်အပိုင်းများကို အသေးစိတ်ခြယ်မှုန်း၍ နိဒါန်းရှည်ကြီးပျိုးသည့်အကျင့်ကို ကျွန်ုပ်သည် လွန်းစွာ နှစ်လိုခြင်းမရှိသည်ဖြစ်ရကား၊ ကျွန်ုပ်၏ စာဖတ်ပရိသတ်သည်လည်း ထိုနည်းတူ ဖြစ်လာလိမ့်မည်ဟု ယူဆထားသောကြောင့် ကိုလှဖေနှင့် ကျွန်ုပ်တို့နှစ်ဦး စိန်ဘာဘူတိုက်ကြီးသို့ မည်သို့ချဉ်းကပ်သည်၊ မည်သို့ ဖောက်ထွင်းသည်ကို ရေးမပြတော့ဘဲ အိမ်ကြီး၏ ဧည့်ခန်းအတွင်းသို့ ရောက်သွားသည့်အချိန်ကစပြီး ဖော်ပြပါတော့မည်။

•

ကိုလှဖေ အိမ်ပေါ်ထပ်သို့ တက်သွားသောအခါ၌ ကျွန်ုပ်တစ်ဦးတည်း ဧည့်ခန်း၌ ကျန်ရစ်ခဲ့လေသည်။ ကြောက်ခြင်း၊ စိုးရိမ်ခြင်း၊ အားငယ်ခြင်းစသည့် စိတ်များသည် ကျွန်ုပ်အား ဆောက်တည်ရာမရအောင် ဖြစ်စေပါတော့သည်။ သံနံ့တိုင်ကပ်နာရီကြီး၏ စက်ခုတ်သံမှာ ကျွန်ုပ်အား လှောင်ပြောင်နေသလိုလို၊ ခြိမ်းခြောက်နေသလိုလိုဟူသော ဝေဒနာတစ်ခုကို ခံစားနေရပါတော့သည်။ ငါတော့ မှားပြီဆိုသော သတိစိတ်ဝင်လာတိုင်း မထူးတော့ပါဘူးဆိုသည့် အသိစိတ်နှင့် ပြန်လှန် တွန်းကန်နေရပါသည်။

ကိုလှဖေ အိမ်ပေါ်သို့ တက်သွားသည်မှာ ဆယ်မိနစ်လောက်ပင် ရှိသေးသော်လည်း "မရရင်လဲ နေပါစေ၊ မြန်မြန် ဆင်းလာပါစေ"ဟု ကြိတ်ပြီး ဆုတောင်းမိပါတော့သည်။

ကြောက်စိတ်ကြောင့် ရင်ထဲ၌ ပူလာပြီးလျှင် အာခေါင်များခြောက်



သွေ့ကာ ရေကို အလွန်အမင်း သောက်ချင်သည့် ဆန္ဒပေါ်လာပါတော့သည်။ ကျွန်ုပ်၏ နှလုံးခုန်နှုန်းမှာလည်း မြန်လွန်းမက မြန်နေသောကြောင့် ပြုတ်ကျလုနီးပါး ရှိနေသည်ဟု ထင်မိပါသည်။

ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသကဲ့သို့ ကျွန်ုပ်ရပ်နေသော နေရာမှာ အင်္ဂလန်ပြည်မှ မှာယူထားသော 'နိုင်ဂါရာ'တံဆိပ် ကျောက်ဆစ်ရေအိုးကြီးအနီး၌ ဖြစ်နေပါတော့သည်။ ကျွန်ုပ်လည်း ကျောက်ဆစ်ခွက်မှ ကျထားသောရေကို အိုးပေါ်တွင် အသင့်အတင့်ထားသော ကြေးခွက်ကလေးဖြင့် သောက်ချလိုက်သည်နှင့်...

"ဟေ့လူ ဒါဘာလုပ်တာလဲ၊ ကျုပ်တို့ကတော့ အလွဲလွဲအချော်ချော်ဖြစ်ကုန်ပြီ"

လေသံတိုးတိုးနှင့် ကျွန်ုပ်အား ဆူပူကြိမ်းမောင်းလိုက်သော ကိုလှဖေ၏ စကားကြောင့် ကျွန်ုပ်လည်း မူထူသွားပါတော့သည်။ နောက်မှ သူ့လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပဝါ အထုပ်ကိုတွေ့၍ ပြန်ပြီး အားတက်မိပါသည်။

"ဒီမှာတွေ့လား"ဟု ဆိုကာ ကိုလှဖေသည် ကျွန်ုပ်အား လက်ကိုင်ပဝါကိုဖွင့်၍ ပြလိုက်သောအခါ၌ တလက်လက်တောက်ပနေသော စိန်ပွင့်များသည် ကျွန်ုပ်တို့နှစ်ဦး၏ မျက်နှာများကိုပင် ရောင်ပြန်ဟပ်လျက်ရှိပါသည်။ ယခုတွေ့မြင်ရသော စိန်များ၏ အရည်အသွေးနှင့် အရေအတွက်ခန့်မှန်းရမည်ဆိုလျှင် ကိုလှဖေပြောသကဲ့သို့ လေးသိန်းမက ဆယ့်နှစ်သိန်းလောက်ပင် တန်နေပါတော့သည်။

ကျွန်ုပ်မှာ လောဘစိတ်ကြောင့် စိန်ပွင့်များကို ကြောင်ပြီး ငေးကြည့်နေစဉ်မှာပင် ကိုလှဖေသည် လက်ကိုင်ပဝါထုပ်ကို ကြမ်းပြင်ပေါ်သို့ အသာအယာ ချလိုက်ပြီးလျှင် ကျွန်ုပ်၏ လက်တစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လျက် အိမ်ပေါက်ဝသို့ ဆွဲခေါ်သွားပါတော့သည်။ ကျွန်ုပ်လည်း လောဘဇောကြောင့် စိန်ထုပ်ဆီသို့ ပြန်လည်ရုန်းကန်သော်လည်း အင်အားချင်း မမျှသောကြောင့် တိုက်ရှေ့သို့ ရောက်လာသည်အထိ ကန့်လန့်ကန့်လန့် ပါသွားပါတော့သည်။

လမ်းမပေါ်သို့ ရောက်ပြီးသည့်တိုင်အောင် ကိုလှဖေသည် ကျွန်ုပ်၏လက်အား လွှတ်မပေးဘဲ တိုက်နှင့် အတော်အလှမ်းကွာလွန်းလှသည့်အထိ ဆွဲခေါ်ပါတော့သည်။ စိန်ပေါ် ဘုရားရှိခိုးကျောင်းရှေ့ရောက်မှ ကျွန်ုပ်၏လက်အား ဆုပ်ကိုင်ထားသောသူ၏လက်ကို လွှတ်ပေးလိုက်ပါတော့သည်။

"ခုလိုဖြစ်ရတာ ကျုပ်အမှားလဲပါတယ် ကိုအောင်ထွန်း၊ အရေးထဲမှာတော့ ဒီလို ရေမဆာတန်ကောင်းဘူးရယ်လို့ မမှာမိခဲ့ဘူး၊ ညေ့်ခန်းပစ္စည်းတွေကို လက်မဆော့ဖို့လောက်သာ ပြောခဲ့တာကိုး၊ ရေမသောက်နဲ့လို့မှ မပြောမိဘဲ၊ ခုတော့ ခင်ဗျားက ရေသွားသောက်မိလေတော့ သူတို့ဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင် ဖြစ်သွားပြီ၊ ဒီတော့ ဒီလိုစိန်မျိုးတွေ လက်ကိုင်ပဝါတစ်ထုပ်စာတင် မဟုတ်သေးဘူး၊ တောင်းနဲ့အပြည့် ရပါစေ၊ ကျုပ်တို့ မနိုးထိုက်တော့ဘူး၊ ကျုပ်လဲ ဒီလို တစ်ခါမှ မဖြစ်ဖူးလေတော့ ဒါဟာ ကျုပ်အတွက် သင်ခန်းစာတစ်ခု ရတာပဲ"

သန်းကြွယ်သူဌေးကြီးတစ်ဦး ငါးပြားစေ့ ကျပျောက်သကဲ့သို့ ဘယ်လိုမှ မမှုသည့်ဟန်ဖြင့် ပြောလိုက်ရသည့်အခါ ကျွန်ုပ်အဖို့ သတ်သေချင်လောက်အောင် ရှက်သွားမိပါတော့သည်။

ဆောဆောက အချိန်ပိုင်းလောက်တွင် နာမည်ပျက်စာရင်းဝင် နာမည်ကျော်သူခိုးကြီး 'ဗာရာဏသီလှဖေ'သည် ကျွန်ုပ်နေရာ၌ရှိပြီး အများက လူရိုးလူကောင်းဟု သတ်မှတ်ထားသော (ကျွန်ုပ်ကိုကျွန်ုပ်လည်း လူရိုးလူကောင်းဟု သတ်မှတ်ထားပါသည်) ကျွန်ုပ် မောင်အောင်ထွန်းသည် သူ့နေရာ၌ ရှိပါမူ ကျွန်ုပ်သည် စိန်ထုပ်ကို ယူလာပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေ သူခိုးကြီး ဗာရာဏသီလှဖေကား ထိုကဲ့သို့ မဟုတ်ပေ။ အောက်ဆောင့်တပည့်လုပ်သူက အိမ်ရှင်၏ ရေအိုးမှ ရေတစ်ခွက်ကလေး သောက်မိခါမျှနှင့်ပင် အိမ်ရှင်သည် ကျေးဇူးရှင်စာရင်း၌ ပါဝင်သွားသည်ဟူ၍သဘောထားကာ လက်တွင်းသို့ရောက်ပြီးသော စိန်ထုပ်ကိုပင် မယူတော့ဘဲ လောဘစိတ်ကို ချုပ်တီးနိုင်သော အာဃာယောက်ျားမျိုး ဖြစ်ပေသည်။



ထို့ကြောင့် ကျွန်ုပ်၏ တစ်သက်တာတွင် သူခိုးဆိုသည့်အကြောင်း စကားစပ်မိသည့်အခါတိုင်း၌ ဗာရာဏသီလှဖေဆိုသော သူခိုးကြီးအကြောင်းကို ဗာရာဏသီရဲ့၍ ပြောပြတတ်မြဲ ဖြစ်ပေသတည်း။ ။

သစ္စာသတ္တဝါကမ္မသကာ
မင်းသိမ်




# စစ်တုရင်ကစားသူ

## နတ်နွယ်

ထိုနေ့ညက ဦးကျော်ဟန် ရုံးမှ ပြန်လာသောအခါ သူသည် ထူးထူးခြားခြားကြီးပင် စိတ်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရသည်။ မျက်မှန်အောက်မှ မျက်လုံးများ တောက်ပြောင်လျက် ရှိကြသည်။ အခါတိုင်းဆိုလျှင် သူသည် ဖိနပ်နှစ်ဖက်ကို သေသေချာချာချွတ်ပြီး ဖိနပ်စင်ပေါ်တွင် ညီညီညာညာ တင်ထားလေ့ရှိသည်။ သို့သော်လည်း ယနေ့ညနေတွင် သူ့ဖိနပ်တွေကို တံခါးပေါက်ဝတွင် ကမန်းကတန်း ချွတ်ထားခဲ့သည်။ ဖိနပ်တစ်ဖက်က မှောက်လျက်သားပင် ဖြစ်သည်။ သူသည် ဧည့်ခန်းတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တိုက်ပုံအင်္ကျီကို မချွတ်သေးဘဲ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ သူနှင့်အတူ ပါလာသောအထုပ်ကို အရေးတကြီး ဖြည်လျက်ရှိတော့သည်။ အပေါ်မှ စက္ကူများကို ခွာလိုက်သောအခါ ပြားပြားချပ်ချပ် သေးသေးငယ်ငယ်လေးတောင့်သားရေ သေတ္တာလေးတစ်ခု ထွက်ပေါ်လာသည်။ ထိုသေတ္တာလေးကို ဖွင့်လိုက်သောအခါ ကတ္တီပါအစိမ်းခံထားသည်ကို ဒေါ်လှသီ တွေ့ရပြီး ကတ္တီပါပေါ်တွင်ကား စစ်တုရင်ရုပ်ဖြူဖြူနက်နက်ကလေးများ ရှိနေသည်။

"မလှဘူးလား"

ဦးကျော်ဟန်က အရုပ်ကလေးတစ်ရုပ်ကို မြတ်နိုးစွာပွတ်သပ်ကိုင်တွယ်ရင်း သူ့ဇနီးကို မေးလိုက်သည်။ ထို့နောက် ဆက်ပြီး ပြောပြန်သည်။

"လုပ်ထားတဲ့ လက်ရာကိုကြည့်စမ်း၊ ဘယ်လောက်သပ်ရပ်ပြီး ဘယ်လောက်လှသလဲလို့၊ ယင်းတိုက်သားနဲ့ ဆင်စွယ်ကို ထုထားတာပဲ၊ ယင်းတိုက်သားက မဟူရာလို နက်နေပြီး ဆင်စွယ်က ဘော်ငွေရောင် တောက်နေတာပဲ၊ တကယ့်ပန်းပုဆရာကြီးရဲ့ လက်ရာပဲ"

ဒေါ်လှသီ မျက်မှောင်ကုတ်လိုက်ပြီး

"ဒီဥစ္စာအတွက် ရှင် ဘယ်လောက်ပေးခဲ့ရသလဲ"

"တစ်ပြားမှ မပေးရဘူး၊ ကိုယ် ဝယ်လာတာမဟုတ်ဘူး၊ ဦးအုန်းချစ်က ကိုယ့်ကို ပေးလိုက်တာ"

"ဦးအုန်းချစ် ဟုတ်လား...၊ တစ်ခါတုန်းက အိမ်ကိုလိုက်တာတဲ့ ကမ္ဘောဒီးယားရုပ် အဘိုးကြီးကို ပြောတာလား၊ ကုလားထိုင်မှာ မလှုပ်မယှက် ထိုင်ပြီး ကျွန်မတို့နှစ်ယောက်ကို အရုပ်တွေလို စိုက်ကြည့်နေတဲ့ အဘိုးကြီးလား၊ ဘာစကားမှလဲ မပြောဘူးလေ၊ အ နေတဲ့အတိုင်းပဲ၊ တစ်ခွန်းမေးမှ တစ်ခွန်းပဲ ဖြေတယ်"

"အို မသီကလဲ ပြောရှာမယ်"

"အို မသီကလဲ မလုပ်နဲ့လေ၊ ကျွန်မကလဲ မှန်တာကို ပြောတာပဲ၊ ခည်သည်တစ်ယောက်အနေနဲ့ ဘယ်လိုမှ ကျက်သရေမရှိတဲ့ အဘိုးကြီးပဲ၊ နေပါဦး အဲဒီ ကမ္ဘောဒီးယားရုပ်ကြီးက ရှင့်ကို ဘာဖြစ်လို့ ဒီဥစ္စာတွေ ပေးလိုက်ရတာလဲ"

ဦးကျော်ဟန် အနည်းငယ် မျက်နှာညှိုးသွားပြီး

"ဟုတ်တယ်၊ သူ့ကျန်းမာရေး အခြေအနေက သိပ်မကောင်းဘူး၊ သူက ပင်စင်ယူခါနီးမှ အလုပ်မလုပ်နိုင်ဘူး ဖြစ်နေတယ်၊ ဒါနဲ့ ကိုယ်က သူ့အလုပ်တွေကို ကူလုပ်ပေးခဲ့တယ်၊ ကနေ့တော့ သူပင်စင်ရသွားပြီ၊ ကိုယ့်ကို ကျေးဇူးတင်တဲ့အနေနဲ့ ဒီစစ်တုရင် ခုံကလေးကို လက်ဆောင် ပေးသွားတာပဲ၊ ဒီပစ္စည်းကလေးဟာ သူ့အနေနဲ့ အမြတ်နိုးဆုံး ပစ္စည်းပဲ တဲ့၊ သူက ကိုယ့်ကို အကောင်းဆုံး ပစ္စည်းတစ်ခု လက်ဆောင်ပေးချင်



တဲ့အတွက် ဒီပစ္စည်းကို ပေးတာတဲ့"

"ရက်ရောပါပေတယ်ရှင်၊ သူ့အနေနဲ့ ရှင့်ကို ဒါ့ထက်ကောင်းတဲ့ ပစ္စည်းတစ်ခုပေးဖို့ စဉ်းစားလို့ မရတော့ဘူးလား၊ လက်တွေ့သုံးလို့ရတဲ့ ပစ္စည်းမျိုးပေါ့၊ ရှင့်အနေနဲ့ အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး ကူညီခဲ့တဲ့အတွက်ပေါ့"

"အို လူတစ်ယောက်အနေနဲ့ သူမြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို လက်ဆောင်ပေးတာဟာ တန်ဖိုးအရှိဆုံးပဲပေါ့၊ တကယ်လို့သာ သူက ကိုယ့်ကို တခြားပစ္စည်းတစ်ခုခု ဒါမှမဟုတ် ပိုက်ဆံပေးမယ် ဆိုလို့ရှိရင် ကိုယ်လက်ခံမှာမဟုတ်ဘူး"

"ချီးကျူးလောက်ပါပေတယ်"

ဒေါ်လှသီက ခပ်ငေါ့ငေါ့ကလေး ပြောလိုက်သည်။

"ကဲ ထားလိုက်ပါတော့၊ တိုက်ပုံအင်္ကျီနဲ့ ပုဆိုး မလဲသေးဘူးလား၊ ညစာစားကြဖို့ အချိန်ရောက်နေပြီ"

ယင်းသို့ပြောပြီး ဒေါ်လှသီ မီးဖိုဘက်သို့ ထွက်သွားသည်။ ဦးကျော်ဟန်က သူမ၏ နောက်သို့ လိုက်ပါသွားပြီး

"ဦးအုန်းချစ်က ပြောတယ်၊ စစ်တုရင်ကစားရတာ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်တဲ့"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ ကျွန်မ ဘယ်သိမလဲ"

"နောက်ပြီးတော့ သူကပြောသေးတယ်၊ ဒီလောကကြီးမှာ လူတွေဟာ စစ်တုရင်ထိုးဖို့ အများကြီး လိုအပ်တယ်တဲ့၊ စစ်တုရင်ကို တကယ်ထိုးကြည့်မှ တကယ်လိုအပ်တယ်ဆိုတာကို တွေ့လာတယ်တဲ့၊ အဲ့ဒီတော့ ကိုယ်နဲ့ မသီလဲ စစ်တုရင်..."

"ရှင်"

ဒေါ်လှသီ တုံ့ခနဲ ရပ်လိုက်သည်။ ထို့နောက် ဦးကျော်ဟန်ဘက်သို့ ရှာခနဲ လှည့်လိုက်ကာ တင်ပါးပေါ်တွင် လက်နှစ်ဖက်ထောက်လျက်

"ကျွန်မက ဈေးသွားရ၊ ထမင်းချက်ရ၊ အဝတ်လျှော်ရ၊ မီးပူတိုက်ရနဲ့ တစ်နေ့လုံး အလုပ်တွေကို မနားတမ်းလုပ်ပြီးတဲ့ နောက်ပိုင်းမှာ ရှင်



နဲ့အတူထိုင်ပြီး ကစားရမယ် ဟုတ်လား၊ အောင်မယ်လေး ဦးကျော်ဟန်ရယ်၊ အသက်ငါးဆယ်ထဲ ရောက်လာမှ ဘယ်လိုစိတ်ကူးတွေကို ရှော့ဉာဏ်တော်စူးရောက်လာရတာလဲ"

သူမ၏ အသက် တစ်ရက်ထက်တစ်ရက် တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ်ကြီးလာနေသည်ကို သူ့မိန်းမက အခါမလပ်ထောက်ပြနေခဲ့လျှင် သူ သတိပြုမိချင်မှ ပြုမိပေလိမ့်မည်။ အိပ်ခန်းထဲတွင် အဝတ်လဲနေရင်း ဦးကျော်ဟန် စဉ်းစားနေမိသည်။ သည်စကားများကို သူသည် လက်ထပ်ပြီး မကြာမီမှာပင် ပထမဆုံးတစ်ကြိမ် ကြားခဲ့ရသည်။ သူက အသက်သုံးဆယ် ပြည့်ပြီကို သတိပေးခြင်းဖြစ်သည်။ သည့်နောက်တွင်ကား နှစ်တိုင်းလိုလိုပင် ကြားရသည်။ တစ်ကြောင်းမဟုတ် တစ်ကြောင်းနှင့် ဆက်စပ်ပြီး ကြားခဲ့ရသည်။ သူမကလည်း သူလုပ်သမျှတွေကို မျက်လုံး ဒေါက်ထောက်ပြီး ကြည့်နေဟန် ရှိသည်။

သို့သော် သူ့ ဇနီးပြောသည့် စကားတွေထဲတွင် ကောင်းသည့်စကားတွေ အများကြီးပါရှိသည်။ တစ်ခါက ရုံးမှ သူအလုပ်ထွက်မည်ပြုသော အခါ သူမကတားခဲ့သည်။ "ရှင့်အသက် သုံးဆယ်ငါးနှစ်ရှိနေပြီ၊ ဒီအချိန်ကြီးကျမှ အပြင်မှာ အလုပ်ထွက်လုပ်လို့ ဖြစ်မလား" အိမ်ဝယ်တုန်းကလည်း ဒီအတိုင်းပင် ဖြစ်သည်။ "ရှင့်အသက် လေးဆယ်ရှိနေပြီ၊ ဒီအချိန်မှာမှ ကိုယ်ပိုင်အိမ်တစ်လုံး မဝယ်နိုင်ရင် ဘယ်အချိန်မှာ ဝယ်မှာလဲ" သို့သော် အချို့ကိစ္စများမှာကျတော့လည်း သူ့အနေနှင့် ကသိကအောက် ဖြစ်ရသည်။ ဥပမာ သီချင်းနားထောင်သည့်ကိစ္စ။ "အသက်လေးဆယ် ကျော်နေပြီ၊ ဘာဖြစ်လို့ သီချင်းတွေ နားထောင်နေတော့မလဲ၊ ဓမ္မသုတ ဖြစ်မှာတွေပဲ နားထောင်ပေါ့" စာဖတ်သည့်နေရာတွင်လည်း သည်အတိုင်းပင်။ စာအုပ်တစ်အုပ်ကို သူ စိတ်ဝင်စားနေစဉ်တွင် "လေးဆယ့်ငါးနှစ်ထဲ ရောက်နေပြီ၊ ဘာစာအုပ်တွေ ဖတ်နေတာလဲ" အခုလဲ စစ်တုရင်ကိစ္စတွင် "အသက်ငါးဆယ်ထဲရောက်လာမှ ဘယ်လိုစိတ်ကူးတွေကို ရှော့ဉာဏ်တော်စူးရောက်နေရတာလဲ" တဲ့။ နောက်ပြီးတော့ သူမက အိမ်ကို ဧည့်သည်လာတာလည်း မကြိုက်။ "ဒီအသက်ဒီအရွယ်ရောက်မှ လင်မယားနှစ်ယောက် အေးအေး



ဆေးဆေး မနေရဘူး။ ဧည့်သည်လာတာ ပိုက်ဆံလဲကုန်တယ်၊ အချိန်လဲကုန်ပြီး နေရတာလဲမလွတ်လပ်ဘူး"

သူတို့နှစ်ယောက် လက်ထပ်ခါစကမူ ဤသို့မဟုတ်ပါ။ အပေါင်းအသင်းတွေနှင့် ဖြစ်သည်။ ကိုယ်ကလည်း သွားလည်သည်။ သူများကလည်း လာလည်သည်။ ရုပ်ရှင်ကြည့်ကြသည်။ သီချင်းနားထောင်ကြသည်။ ဟိုအကြောင်း သည်အကြောင်းတွေကို ဆွေးနွေးကြသည်။ ယခုတော့ သူမက တစ်ယောက်တည်းထိုင်ပြီး သိုးမွေးထိုးလျက် ရှိတော့သည်။

သို့သော် သူမက မကောင်းမဟုတ်ပါ။ ကောင်းပါသည်။ အိမ်ရှင်မဝတ္တရားအားလုံးကို ကျေပွန်အောင် လုပ်ပါသည်။ သူမက မမှန်တာမဟုတ်ပါ။ မှန်ပါသည်။ သူမက အပေါင်းအသင်း အပျော်အပါးကို ဖြတ်တောက်ပြီး ချွေတာစုဆောင်းခဲ့သဖြင့် ယခုနေသည့် အိမ်ကို ဝယ်နိုင်ခြင်းဖြစ်သည်။ ယင်းသို့မဟုတ်လျှင် သူရသောလခနှင့် အိမ်တစ်လုံးဝယ်နိုင်ဖို့ မလွယ်ပါ။ ယခုအခါ သူတို့မှာ စုဆောင်းငွေများလည်း ရှိနေသည်။

မရှိသည်ကတော့ အပေါင်းအသင်းနှင့် သီချင်းပင်ဖြစ်သည်။ ညဘက်တွင် သူမက ဓမ္မသုတများကို နားထောင်ရင်း သိုးမွေးထိုးသည့် အပ်နှစ်ချောင်းကို မှန်မှန်လှုပ်ခတ်လျက်ရှိသည်။ သူက ဘာလုပ်ရမည် မသိပါ။ စကားပြောစရာ အဖော်လည်း မရှိပါ။ စစ်တုရင်ထိုးရန်လည်း သူတစ်ယောက်တည်းသာ ရှိနေသည်။

ဦးအုန်းချစ်က ဤစစ်တုရင် ခုံကလေးကို လက်ဆောင်ပေးစဉ်က လိုအပ်လျှင် သူလာသင်ပေးမည်ဟု ပြောခဲ့သည်။ သို့သော် သူ့ဇနီးက ဦးအုန်းချစ်ကို မည်သည့်နည်းနှင့်မျှ လက်ခံမည် မဟုတ်ပါ။ သို့ဖြင့် ဦးကျော်ဟန်သည် 'စစ်တုရင်နိဒါန်း'ဟူသော စာအုပ်လေးကို ဖတ်ရှုပြီး စာတွေ့လေ့လာရတော့သည်။ သည်နောက်တွင်ကား ဦးကျော်ဟန်သည် စစ်တုရင် စာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် ရှာဖွေဖတ်ရှုလေ့လာတော့သည်။ စစ်တုရင် နည်းစနစ်များနှင့် နည်းဗျူဟာများကို တွေးခေါ်စဉ်းစားလျက် ရှိလေတော့သည်။

သူက စားလည်းစစ်တုရင်၊ အိပ်လည်း စစ်တုရင်ဖြစ်သည်။ ကမ္ဘာ

ကျော် စစ်တုရင် ပါဂူကြီးများ၊ ကမ္ဘာ့စစ်တုရင် ချိန်ပီယံများ၏ အကွက်များကို လေ့လာသည်။ ၎င်းတို့၏ အကွက်များကို သူက တစ်ကွက်ချင်း ပြန်ပြောပြနိုင်သည်အထိ ဖြစ်သည်။ သူက အဖွင့်ကစားနည်း၊ အလယ်ပိုင်းကစားနည်း၊ အပြီးသတ် ကစားနည်းတို့ကို သေသေချာချာ လေ့လာသည်။ စစ်တုရင်ထိုးခြင်းသည် စစ်ပွဲကြီးတစ်ခုကို တကယ်တိုက်ခိုက်နေသည့် အလားပင်ဖြစ်ကြောင်းကို သူ တွေ့ရှိလာရသည်။ ခံစစ်၊ တိုက်စစ်၊ နေရာယူစစ်၊ ပြောက်ကျားစစ်၊ ချုံခိုတိုက်ခိုက်ခြင်း၊ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကွန်မန်ဒိုများ စေလွှတ်ပြီး ထိုးဖောက်တိုက်ခိုက်ခြင်းစသည်တို့ကို နားလည်လာသည်။ 'မြင်း'ဟူသည်မှာ အဝေးပစ် ဒုံးပျံဆိုလျှင်လည်း ဟုတ်သည်။ ကွန်မန်ဒို တပ်သားဆိုလျှင်လည်း မှန်သည်။ မိမိ၏ဘီရှော့ရှေ့မှ နယ်ရုပ်ကလေးတစ်ရုပ်ကို ဖွင့်ပေးလိုက်ခြင်းသည် ရန်သူကို အလစ်တွင် တိုက်ခိုက်ခြင်းပင် ဖြစ်သည်။ သူသည် အခေါ်ရခက်သော နိုင်ငံခြားနာမည်များနှင့်လည်း အကျွမ်းဝင်လာသည်။ အလီခိုင်၊ ကက်ပါဗလင်ကာ၊ လက်စကာ၊ နင်ဇိုဗစ်၊ ကားပေါ့၊ ကက်စပါးရော့။ သည်တော့ သူပျော်လာသည်။ ယင်းတိုက်သား အရုပ်နက်ကလေးများနှင့် ဆင်စွယ်အရုပ်ဖြူ ကလေးများသည် သူ၏ စစ်သားများ၊ စစ်ဗိုလ်များ၊ စစ်လက်နက်ပစ္စည်းများ ဖြစ်လာကြသည်။ ထို့အတူ သူ၏ ရန်သူများလည်း ဖြစ်လာကြသည်။ သူက တိုက်ပွဲတစ်ပွဲကို အနိုင်ရရှိရေးအတွက် အမျိုးမျိုးအားထုတ်ကြိုးစည်ရသည်။ စစ်တုရင် လောကသား တစ်ယောက် ဖြစ်လာသည်။ စစ်တုရင်သည် သူ့ဘဝပင် ဖြစ်တော့သည်။

သို့သော် သူ့မှာ တစ်ခုလိုအပ်နေလျက်ရှိသည်။ ယင်းမှာ သူနှင့်ယှဉ်ပြိုင်ရမည့် ကစားဖက်ပင် ဖြစ်သည်။ သူနှင့် အကြိတ်အနယ် တိုက်ပွဲဆင်နွှဲမည့် သက်ရှိလူသားတစ်ယောက်ပင် ဖြစ်သည်။ တစ်တုရင်စာအုပ်တစ်အုပ်ကို ဘေးတွင်ချထားပြီး အကွက်တစ်ကွက်ကို ဘေးတွင်ထားပြီးစဉ်းစားရသည်နှင့် သူ့အလှည့်ကို စောင့်ဆိုင်းနေသော လူတစ်ယောက်ကို မျက်နှာချင်းဆိုင်တွင်ထားပြီး ရွေးကွက်ကို စဉ်းစားရသည်က တစ်မျိုးဖြစ်ချေသည်ဟု သူစဉ်းစားမိသည်။ ယင်းသို့ဖြင့် သူသည် ပြိုင်ဘက်



တစ်ယောက် ရရှိရေးကို ချင်ခြင်းတပ်သည်ထက် တပ်လာတော့သည်။ ယင်းကြောင့်ပင် သူသည် တစ်ခါတစ်ခါတွင် စစ်တုရင်ခုံ၏ တစ်ဖက်တွင် လူတစ်ယောက် ထိုင်နေသည်ဟု ရုတ်တရက် ထင်လိုက်မိတတ်သည်။

သူ၏ ပြိုင်ဘက်သည် သူ့လိုပင်ဆံပင်ဖြူဖြူ၊ မျက်မှန်ထူထူနှင့် စဉ်းစားဉာဏ်ကောင်းသော လူတစ်ယောက်ဖြစ်မည်ဟု ယူဆသည်။ သူ့ထက် ကစားကွက်ကောင်းသည့် လူတစ်ယောက်လည်း ဖြစ်နိုင်သည်။ သို့သော် အဲတော်ကြီးလည်း ဖြစ်လိမ့်မည် မထင်။ အကြိတ်အနယ် ယှဉ်ပြိုင်ပြီးနောက် တစ်ခါတစ်ရံတွင်သာ အနိုင်ရရှိတတ်သူ ဖြစ်ပေမည်။

နောက်ပြီးတော့ ၎င်းသည် အဖြူဘက်က ကစားတတ်သူ ဖြစ်လိမ့်မည်ဟုလည်း ထင်မိသည်။ အဖြူဘက်က စစ်တုရင်စပြီး ရွှေ့ရသည်။ ထိုးစစ်များပျက်ပြားသွားသည်အထိ ဖြစ်သည်။ ဦးကျော်ဟန်က အနက်ကို အားသန်သည်။ အဖြူဘက်က ထိုးစစ်ဆင် တိုက်ခိုက်နေသည့် အတွင်းတွင် သူက ခိုင်ခံ့သောစစ်ကြောင်းကို တည်ဆောက်ရမည်ဖြစ်သည်။ ရန်သူမထိုးဖောက်နိုင်သော ခံစစ်ကြောင်းကို တည်ဆောက်သူ တစ်ဦးသည် တိုက်စစ်ဆင်သည့် နေရာတွင် ဘာမျှ မဖြစ်မြောက်နိုင်စရာ မရှိပေ။

နောက်ဆုံးတွင် ဦးကျော်ဟန်သည် တစ်ယောက်တည်း ကစားသည့်နည်းကိုပင် ရွေးသည်။ သူက စစ်တုရင်ခုံကို ခင်းကျင်းပြီးနောက် အနက်ဘက်တွင် ထိုင်သည်။ ထို့နောက် အဖြူအတွက်အကွက်ကို ရွှေ့ပေးသည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် အနက်ရုပ်တစ်ခုကို ရွှေ့သည်။ နောက်တစ်ဖန် အဖြူကို ရွှေ့သည်။ ပြီးလျှင် အနက်ကိုရွှေ့သည်။ ယင်းသို့ဖြင့် ပွဲအဆုံးသတ်သွားသည်အထိ ဖြစ်သည်။

သို့သော် များမကြာမီပင် ဤကစားနည်း၏ ဟာကွက်ကို ဦးကျော်ဟန်တွေ့ရှိလာသည်။ သူကအနက်ဘက်ကဖြစ်ပြီး နှစ်ဖက်စလုံးက အကြံအစည်များကို ကြိုသိထားသဖြင့် အနက်ကပင် တစ်ပွဲပြီးတစ်ပွဲ အနိုင်ရရှိနေတော့သည်။ ဤသို့ဖြင့် ပွဲပေါင်းနှစ်ဆယ်မျှ နိုင်ပြီးသောအခါတွင်ကား ဦးကျော်ဟန်သည် ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိတော့သည်။



သည်တွင် သူသည် စိတ်ကူးတစ်ခုရရှိလာပြန်တော့သည်။ သူသည် အဖြူအတွက် ရွှေ့နေစဉ်တွင် အနက်ကို မေ့ထားရမည်။ အနက်အလှည့်တွင် အဖြူကို လုံးဝမေ့ထားရမည်။ တစ်ချိန်တုန်းက စာအုပ်တစ်အုပ်တွင် သူဖတ်ဖူးသည်။ ဖြေတစ်ကောင်ကို နှစ်ပိုင်းပိုင်းလျှင် ပြတ်ထွက်သွားသော အပိုင်းနှစ်ပိုင်းသည် တစ်ပိုင်းကိုတစ်ပိုင်း တိုက်ခိုက်ကြလိမ့်မည်ဟူသော အဆိုပင် ဖြစ်သည်။

ယင်းသို့ တွေးမိသည်နှင့်တစ်ပြိုင်နက် သူသည် စစ်တုရင်ခုံကို ပြန်လည်ခင်းကျင်းသည်။ ထို့နောက် စားပွဲကို ကွေ့ပတ်ပြီး လျှောက်သွားကာ အဖြူ၏နေရာတွင်ထိုင်သည်။ သူသည် ယခုအခါ အဖြူဘက်မှ ကစားနေသဖြင့် ဘာလုပ်မည်နည်း။ စစ်တုရင်ပွဲတစ်ပွဲကို ကစားရာတွင် မိမိ၏ကစားကွက် ကောင်းမွန်ရုံဖြင့် မလုံလောက်ပါ။ တစ်ဖက်လူ၏ ကစားကွက်ကိုလည်း နားလည်ရမည်။ ထို့ပြင် ၎င်း၏ စရိုက်၊ ၎င်း၏ စိတ်ဓာတ်၊ ၎င်း၏ပုံစံအားလုံးကို နားလည်ရပေမည်။ ဦးကျော်ဟန် စားပွဲ၏ တစ်ဖက်မှလွတ်နေသော အနက်ကုလားထိုင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် အဖွင့်ကွက်ကို ရွှေ့လိုက်သည်။

ထို့နောက် သူသည် စားပွဲကို လျင်မြန်စွာကွေ့ပတ်သွားပြီး အနက်၏ကုလားထိုင်တွင် ထိုင်လိုက်သည်။ အဖြူရွှေ့ကွက်ကို တုံ့ပြန်လိုက်သည်။ တစ်ဖန် အင်မတန် စိတ်လှုပ်ရှား တက်ကြွစွာဖြင့် ထိုင်ရာမှ ထလိုက်ပြီး စားပွဲကို ကွေ့ပတ်ကာ အဖြူ၏ ကုလားထိုင်ကို ရောက်သွားပြန်သည်။ အနက်၏ ရွှေ့ကွက်ကို မည်သို့ တန်ပြန်ရမည်နည်း။ သူ စဉ်းစားလျက်ရှိသည်။

"မြတ်စွာဘုရား... ရှင် ဘာလုပ်နေတာလဲ"

ဦးကျော်ဟန် လန့်သွားသည်။ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဒေါ်လှသိက သူ့ကိုကြည့်နေသည်။ သိုးမွေးထိုးလက်စကို ပေါင်ပေါ်ချထားသည်။ မကျေမနပ်ဟန်ဖြင့် မျက်မှောင်ကြုတ်ထားသည်။ သူက ရှင်းပြရန် ပါးစပ်ကို ဟလိုက်သည်။ သို့သော် ရှင်းမပြသည်က ကောင်းမည်ဟုယူဆပြီး

"ဘာမှ မလုပ်ပါဘူး"



"ဘာမှ မလုပ်ပါဘူး ဟုတ်လား၊ ရှင့်ကိုကြည့်ရတာ ဒီအိမ်မှာ ထိုင်လို့ကောင်းတဲ့ ကုလားထိုင်တစ်လုံးကို မတွေ့တဲ့အတိုင်းပဲ၊ ရှင်သိတဲ့အတိုင်းပဲ ကျွန်မအနေနဲ့"

သူမက တသီကြီး ပြောနေတော့သည်။ ရေဒီယိုမှာလည်း အိမ်ထောင်တစ်ခု သာယာရေးအတွက် မိသားစုများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြောကြားလျက်ရှိသည်။

ဒေါ်လှသိ မောသွားဟန်ဖြင့် သူမ၏ စကားကို ရပ်လိုက်ပြီး သိုးမွေးအပ်ကို ပြန်ကိုင်လိုက်သည်နှင့်တစ်ပြိုင်နက် အနက်ခုံတွင် ဦးကျော်ဟန် ထိုင်လိုက်သည်။ သို့သော် ဦးကျော်ဟန်သည် ရုတ်တရက်ဆိုသလို အသိဉာဏ်တစ်ခု ရရှိလိုက်ပြန်သည်။ သူ့အနေနှင့် အဖြူခုံနှင့် အနက်ခုံတို့ကိုပြောင်းရွှေ့ထိုင်ရေးက အဓိကမဟုတ်ပါ။ သူ့အနေနှင့် အဖြူ၏စိတ်အာရုံနှင့် အနက်၏ စိတ်အာရုံတို့ကို တစ်လှည့်ဆီ ဝင်စားဖို့ကသာ အဓိကဖြစ်သည်။ အနက်ရုပ်ကို ရွှေ့မည့်အချိန်တွင် အဖြူအနေနှင့် တွေးရုံသာဖြစ်သည်။ လူတစ်ယောက်အဖြစ်မှ အခြားသူတစ်ယောက်အဖြစ်သို့ ပြောင်းလဲရေးသာ အဓိက ဖြစ်ပါသည်။

အဖြူရွှေ့အလှည့်ဖြစ်သည်။ ဦးကျော်ဟန်အနေနှင့် ကစားရမည်ဖြစ်သည်။ အဖြူလုပ်ရမည့် အလုပ်ကို သူလုပ်ရမည်။ သူ့ကိုယ်သူ အဖြူဟု သတ်မှတ်ထားပြီး စဉ်းစားရမည်။ အနက်သည် သူမဟုတ်ပါ။ အခြားသူတစ်ဦးအဖြစ် သဘောထားပြီး မိမိ၏ အကွက်ကို စဉ်းစားရမည်။

သည်နည်းကို သူ အကျင့်ရသွားသည်။ သူသည် အနက်အဖြစ်လည်း စဉ်းစားရသည်။ ကစားရသည်။ အဖြူအဖြစ်နှင့်လည်း စဉ်းစားရသည်။ ကစားရသည်။ စိတ်ဝင်စားစရာ ကောင်းပါသည်။ သို့သော် ညပေါင်းများစွာကြာလာသောအခါ သူ၏ ဦးနှောက် အသုံးများသဖြင့် စိတ်ရောကိုယ်ရောပန်းလာသည်။ ကိုယ်အလေးချိန်ကျပြီး နားထင်တွေကျလာသည်။ မျက်တွင်းတွေ ဟောက်လာသည်။ အအိပ်ပျက်လာသည်။ အစားပျက်လာသည်။ ရုံးမှာလည်း အလစ်အဟင်းတွေ ရှိလာသဖြင့် အထက်လူကြီး၏ အငြိုအငြင်ကို ခံရသည်။

သို့သော် တစ်ဖက်တွင်မူ အောင်မြင်မှု ရလာသည်။ အရင်ကလို သူတစ်ယောက်တည်း ထိုးနေသည် မဟုတ်တော့ပါ။ အနက်တွင် သူထိုင်နေသည်။ အဖြူဘက်တွင်လည်း လူတစ်ယောက် တကယ်ရှိနေသည်။ အမှန်တကယ်ပင် အကြိတ်အနယ် ယှဉ်ပြိုင်နေကြရသည်။ မနက်မနက် သူ မှတ်ဆိတ်ရိတ်သည့်အခါတွင် မှန်ထဲမှသူက သူ့ကို ပြန်ကြည့်နေသလို ယခုအခါတွင် တစ်ဖက်မှ အဖြူကလည်း သူ့ကို ပြန်ကြည့်နေတော့သည်။ သူ၏ ရွှေ့ကွက်များကို သေသေချာချာ ကြည့်သည်။ ကောင်းမွန်သော အကွက်ကို ချီးကျူးသည်။ မှားယွင်းသော အကွက်ကို ဝေဖန်သည်။

"ခင်ဗျားအလှည့်ပါ ဦးကျော်ဟန်၊ ခင်ဗျားအနေနဲ့ ပွဲကိုဆက်ပြီး ကစားဦးမယ်ဆိုရင်ပေါ့"

ဦးဖြူက သူ၏ အရုပ်တစ်ခုကို ရွှေ့ရင်းပြောလိုက်သည်။ ဦးကျော်ဟန်သည် အကွက်တစ်ကွက်ကို စဉ်းစားနေရာမှ စစ်တုရင်ခုံကို ကြည့်လိုက်သည်။ ယခုထိတော့ သူ၏ အခြေအနေက ကောင်းမွန်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့်

"ဘာဖြစ်လို့ ဆက်ပြီး မကစားရမှာလဲ၊ ကျုပ်တို့ အနေအထား နှစ်ခုစလုံးဟာ..."

"မှန်ပါတယ်၊ အခုအချိန်မှာတော့ ညီမျှနေတုန်းပဲ ရှိပါတယ်"

ဦးဖြူက သူ့စကားကို ကြားဖြတ်ပြီး ပြောသည်။

"ဒါပေမဲ့ ခင်ဗျားစဉ်းစားရမှာက ရေရှည်ပဲ ဦးကျော်ဟန်၊ ကျုပ်က အနိုင်ရအောင် ကစားနေတယ်၊ ခင်ဗျားက မရှုံးအောင်ပဲ ကစားနေတယ်"

"ဒီနှစ်ခုဟာ အတူတူပဲပေါ့"

ဦးကျော်ဟန်က ငြင်းချက်ထုတ်လိုက်သည်။

"မတူဘူး၊ မတူတဲ့အတွက် ဒီပွဲမှာ ကျုပ်နိုင်ရမယ်၊ နောက်ပွဲတွေမှာလဲကျုပ်ပဲ နိုင်ရမယ်"

ဦးဖြူက ပြန်ပြောသည်။

"မာရိုခ်ီဟာ ခံစစ်ကိုပဲ အားပြုကစားခဲ့တယ်၊ ခင်ဗျားဟာ သူ့ရဲ့ ကစားကွက်တွေကို တွေ့ဖူးလို့ရှိရင်..."



ဦးကျော်ဟန်က ခုခံ ကာကွယ်သည်။

"မာရိုခ်ီရဲ့ ကစားကွက်တွေကို ခင်ဗျားလိုပဲ ကျုပ်လဲ သိပါတယ်၊ ဒါပေမဲ့ ကျုပ်ဟာ သူနဲ့ကစားခွင့်ရခဲ့လို့ရှိရင် သူ့ကိုလဲ ကျုပ်နိုင်မှာ အမှန်ပဲ"

ဦးဖြူက ယုံကြည်စိတ်ချစွာနှင့် ပြောသည်။

ဦးကျော်ဟန် မျက်နှာ နီရဲသွားသည်။

"ခင်ဗျားက ကိုယ့်ကိုကိုယ် တယ်အထင်ကြီးတာကိုး"

ထိုအခါ ဦးဖြူက ဒေါသဟန်မပြဘဲ သူ့ကို သနားဟန်ဖြင့်

"အဲဒါ မဟုတ်ဘူး၊ အမှန်တော့ ခင်ဗျားက ကျုပ်ကို အထင်ကြီးနေတာပဲ၊ ကဲ ခင်ဗျားအလှည့်"

ဦးကျော်ဟန်သည် သူ့စိတ်ထဲတွင် ကသိကအောက် ဖြစ်သည်များကို ဖယ်ရှားလိုက်ပြီးနောက် လှုပ်ပျံ့နေသော စိတ်အာရုံများကို ပြန်လည်စုစည်းကာ တစ်ကွက်ရွှေ့လိုက်သည်။ ထို့နောက် နှစ်ကွက်သုံးကွက်ရွှေ့မိသောအခါ သူ၏ အခြေအနေ မလှတော့ပြီကို တွေ့ရှိရသည်။ သည်ပွဲတွင် သူ ရှုံးပြီဖြစ်သည်။

ဒုတိယပွဲတွင်လည်း သူရှုံးသည်။ နောက်တစ်ပွဲတွင်လည်း သူရှုံးပြန်သည်။ သို့ဖြင့် စတုတ္ထပွဲတွင် သူ နည်းဗျူဟာပြောင်းသည်။ ဆယ့်တစ်ကွက်မြောက်တွင် သူ ထိုးစစ်ဆင်ရန် အခွင့်အလမ်းရသည်။ သို့သော် သူ တုံ့ဆိုင်းနေပြီးနောက် ထိုအခွင့်အရေးကို ငြင်းပယ်လိုက်သည်။ သူ ရှုံးပြန်သည်။ ထိုအခါတွင် ဦးကျော်ဟန်သည် စစ်တုရင် အရုပ်များကို သေတ္တာကလေးထဲသို့ စိတ်ပျက်စွာဖြင့် ပြန်ထည့်နေတော့သည်။

"မနက်ဖြန် လာဦးမှာလား"

ဦးဖြူ အကျေနပ်ကြီးကျေနပ်လျက်ရှိသည်ကို ဒေါသဖြစ်လျက် မေးလိုက်သည်။

"ကျုပ်ကို ဘယ်သူကမှ မတားဘူးဆိုရင်တော့ လာမှာပေါ့"

ဦးဖြူသည် မိဖုရားရုပ်အဖြူကို ကောက်ယူကာ လက်ထဲတွင် လှည့်ကစားရင်း



"ဒေါ်လှသီက တားနိုင်တာပေါ့၊ ခင်ဗျား စစ်တုရင် မကစားရတော့ဘူးလို့ပြောရင် ဘယ်နှယ့်လုပ်မလဲ"

"အို မဟုတ်တာဘဲ၊ သူက ဘာဖြစ်လို့ ပြောရမှာလဲ၊ အခုထိတော့ သူ ဘာမှမပြောပါဘူး"

"ကျုပ်ပြောမယ် ကိုယ့်လူ၊ ဒေါ်လှသီက အင်မတန် မိုက်မဲပြီး အင်မတန် ဆိုးတဲ့ မိန်းမတစ်ယောက်ပဲ"

"အဲဒါ ဘာမှမဆိုင်ဘူး"

ဦးကျော်ဟန်က လျင်မြန်စွာ တုံ့ပြန်လိုက်သည်။

သို့သော် ဦးဖြူက ဆက်ပြီးပြောသည်။

"နောက်ပြီးတော့ သူက ဒီအိမ်မှာ ကေရီ ဘုရင်မကြီးပဲ၊ သူတို့လို လူမျိုးတွေဟာ သူတို့ရဲ့ တန်ခိုးအာဏာကို အချိန်မရွေး ပြတတ်ကြတယ်"

"ခင်ဗျားမှာ အဲဒီလို အယူအဆရှိနေတယ်ဆိုရင်တော့ ဒီအိမ်ကို ခင်ဗျား ဘယ်တော့မှ လာစရာမလိုတော့ဘူး"

ဦးကျော်ဟန် ဒေါသဖြင့် ပြောလိုက်သည်။

သူ့စကား အဆုံးမှာပင် ဒေါ်လှသီက သူမ၏ ကုလားထိုင်မှနေ၍ လှမ်းပြောသည်။

"ဒီမယ် ကိုကျော်ဟန်၊ အဲဒီ စစ်တုရင်ကိစ္စ မပြီးသေးဘူးလား၊ ရှင့်မှာ တခြားလုပ်စရာ ဘာမှ မရှိတော့ဘူးလား"

"သိမ်းနေပါပြီ"

ဦးကျော်ဟန်က လျင်မြန်စွာ ပြောလိုက်သည်။ ထို့နောက် သူသည် မလုံမလဲဖြင့် မျက်နှာချင်းဆိုင်တွင် ရှိနေသော ဦးဖြူကိုကြည့်လိုက်သည်။

ဦးဖြူက မသိဟန်ဆောင်ပြီး ပြုံးလျက်

"ဘယ်နှယ့်လဲ၊ တွေ့တယ်မဟုတ်လား၊ အဲဒီတော့ မနက်ဖြန်ကျုပ် လာဦးမလား"

"လာခဲ့ပါ"

ဦးကျော်ဟန် အားယူပြီးပြောလိုက်သည်။

"ဟုတ်ပြီလေ၊ ကျုပ် လာခဲ့မယ်၊ ဒါပေမဲ့ မနက်ဖြန်နဲ့ပဲ ဖြစ်ဖြစ်



ဘယ်တော့ပဲဖြစ်ဖြစ် ဒီအတိုင်းပဲ ကျုပ်ကို ခင်ဗျား ဘယ်တော့မှ မနိုင်ပါဘူး"

ဦးဖြူက သူ့ထုံးစံအတိုင်း မထီတရီ ပြောလိုက်သည်။

သူ့စကားကို အချိန်က သက်သေပြပါသည်။

ဦးဖြူ နိုင်သည်။ ဦးဖြူက ကစားကွက်ကောင်းသည်။ ဦးဖြူမှာ တစ်ခုပဲ မကောင်းတာရှိသည်ဟု ဦးကျော်ဟန် ယူဆမိသည်။ ယင်းမှာ သူက ပွဲတစ်ပွဲပြီးတိုင်း ဦးကျော်ဟန်၏ ကိုယ်ရေး ကိုယ်တာများကို ဝေဖန်တတ်ခြင်းပင် ဖြစ်သည်။

"လူတစ်ယောက်ဟာ စစ်တုရင် ထိုးတဲ့အခါမှာ သူ့ရဲ့ စကားကွက်ကိုသာမကဘူး၊ သူ့ရဲ့ စရိုက်နဲ့ စိတ်နေစိတ်ထား သဘာဝကို အကုန်လုံး ဖွင့်ပြနေတာပဲ"

တစ်ကြိမ်တွင် ဦးဖြူက ထုံးစံအတိုင်း ကောက်ချက်ချသည်။

"ဥပမာ ခင်ဗျားဆိုရင် အမြဲတမ်း ခံစစ်ကိုပဲ ရွေးတယ်၊ အဲဒါကြောင့်လဲ ခင်ဗျားဟာ အမြဲတမ်း ရှုံးနေတာပဲ"

သည်စကားက လွန်လှပြီ။ သို့သော် ဦးဖြူ၏ တုံ့ပြန်မှုက သည်မျှမကပါ။ ဒေါ်လှသီက ဦးကျော်ဟန်ကို တစ်စုံတစ်ရာ အပြစ်ပြောလာပြီး စစ်တုရင်ခုံကြီးကို သိမ်းပစ်မည်ဟု ခြိမ်းခြောက်သောအခါများတွင် ဦးဖြူ၏ မျက်နှာကြီး တင်းနေပြီး မျက်လုံးများ ရဲရဲနီလာသည်။ ဒေါ်လှသီကို သူကြည့်သည့်အကြည့်က အင်မတန် မုန်းတီးစက်ဆုပ်သည့် အကြည့်မျိုး ဖြစ်သည်။

တစ်ကြိမ်တွင် ဒေါ်လှသီက ကိုယ်ထိလက်ရောက် သဘောဖြင့် စစ်တုရင်ရုပ် တစ်ရုပ်ကို ကောက်ယူကာ သေတ္တာထဲ ပစ်ထည့်လိုက်သောအခါ ဦးဖြူက ဝုန်းခနဲ မတ်တပ်ထရပ်လိုက်သည်။ ထိုအခါ ဦးကျော်ဟန်ကလည်း တစ်စုံတစ်ရာမဖြစ်ရလေအောင် ကာကွယ်သည့်အနေဖြင့် ကမန်းကတန်း ထရပ်လိုက်ရသည်။

ထိုအခါ ဒေါ်လှသီက ပြောသည်။

"ရှင် ဒီလိုမျိုး ထရပ်စရာ မလိုပါဘူး၊ ကျွန်မက ရှင့်အရုပ်ကို ကျိုးသွားအောင် ချိုးပစ်တာ မဟုတ်သေးပါဘူး၊ ဒါပေမဲ့ ကျွန်မပြောမယ်

ဦးကျော်ဟန်၊ ဒီအဓိပ္ပာယ်မရှိတဲ့အလုပ်ကို ရပ်တန်းက မရပ်ဘူးဆိုရင်တော့ ရှင့်အရုပ်တွေကို ကျွန်မ တကယ်ပဲ ချိုးပစ်ရမယ်၊ ဒါမှ ရှင်ဟာ လူတစ်ယောက် ပြန်ဖြစ်လာလိမ့်မယ်"

"ပြန်ပြောလေ၊ ဘာဖြစ်လို့ ပြန်မပြောတာလဲ၊ ပြောလေ"

ဦးဖြူက ဦးကျော်ဟန်ကို ပြောသည်။

သို့သော် ဦးကျော်ဟန်က ဘာမျှပြန်မပြောဘဲ ခေါင်းကိုယမ်းခါလျက် ရှိတော့သည်။ သူက ဒေါ်သအိုးနှစ်ယောက်ကြားတွင် မလှုပ်သာမယှက်သာ ရှိနေရသည်။

အတော်ကြာသောအခါ ဦးဖြူက ပြောပြန်သည်။

"ခင်ဗျားမိန်းမဟာ သူ့ကိုယ်သူ စစ်တုရင် မထိုးဖူးလို့ ဒီလိုပြောနေတာပဲ၊ တကယ်လို့ သူသာ စစ်တုရင် ထိုးတတ်လို့ရှိရင် ခင်ဗျားအနေနဲ့ ဘာပြဿနာမှ ဖြစ်စရာ မရှိတော့ဘူး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ့မှာအလုပ်သိပ်များနေတယ်၊ စစ်တုရင်ထိုးဖို့ အချိန်မရှိဘူး"

ဦးကျော်ဟန်က ကာကွယ်သည့်အနေဖြင့် ပြောလိုက်သည်။

ထိုအခါ ဦးဖြူက ဒေါ်လှသီဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နောက် ဦးကျော်ဟန်ဘက်သို့ ပြန်လှည့်ပြီး မထီတရီပြုံးကလေးဖြင့်

"သူ သိုးမွေးထိုင်ထိုးနေတယ်၊ သူ့ကို ကျုပ်တွေ့တိုင်း သိုးမွေးထိုးနေတာပဲ၊ အဲဒါကို အလုပ်များတယ်လို့ ခင်ဗျားပြောတာလား"

"မဟုတ်ဘူးလား"

"ဘယ်ဟုတ်မလဲ၊ ဒါဟာ အလုပ်များနေတာမဟုတ်ဘူး၊ အချိန်ကို သက်သက်ဖြုန်းနေတာပဲ"

"သူ စစ်တုရင်မထိုးတဲ့အတွက် ဒီစကားတွေကို ခင်ဗျားပြောနေတာမဟုတ်လား"

"စစ်တုရင်တစ်ခုတည်းမဟုတ်ဘူး၊ ဘဝတစ်ခုလုံး"

"ဘဝတစ်ခုလုံးဆိုတာ ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"အများကြီးပဲ၊ လေ့လာချင်တဲ့စိတ်၊ တီထွင်ဖန်တီးချင်တဲ့စိတ်၊ အာရုံတစ်ခုခုမှာ ခံစားချင်တဲ့စိတ်၊ အို အများကြီးပဲ"



ဦးကျော်ဟန် ဘာမျှ မပြောပါ။ တစ်စုံတစ်ခုကို စဉ်းစားသည့်အနေဖြင့် စစ်တုရင်ခုံကို ငေးစိုက်ပြီး ကြည့်နေသည်။

သည့်နောက်ပိုင်းတွင်ကား ဦးဖြူသည် ဦးကျော်ဟန်၏ ပျော့ကွက်ကို သိရှိသွားသည့်အလား အခွင့်အရေးရတိုင်း ဒေါ်လှသီ၏ ချွတ်ယွင်းချက်၊ အားနည်းချက်များကို ထောက်ပြလျက် ရှိတော့သည်။

"ဒီမယ် ဦးဖြူ၊ ခင်ဗျားဟာ စစ်တုရင်ထိုးရအောင် လာတာဆိုရင် စစ်တုရင်ပဲ ထိုးပါ၊ ကျုပ်မိန်းမအကြောင်း မပြောပါနဲ့"

"ခင်ဗျားမိန်းမက ခင်ဗျား စစ်တုရင်ထိုးတာကို အနှောင့်အယှက် ပေးနေတာပဲ၊ ဒါတင်မကသေးဘူး၊ သူဟာ ခင်ဗျားဘဝတစ်ခုလုံးကို အနှောင့်အယှက် ပေးနေတာပဲ၊ ခင်ဗျားဟာ သီချင်းနားထောင်ချင်လို့လဲ မထောင်ရဘူး မဟုတ်လား"

"ခင်ဗျား ရွှေ့အလှည့်"

"ကျုပ်သိပါတယ်၊ ကစားတာက ဘယ်တော့ ကစား ကစား ဖြစ်ပါတယ်၊ အရေးကြီးတာက ဘဝအနှောင့်အယှက် ကင်းဖို့ပဲ၊ တကယ်လို့သာ ခင်ဗျားကို ချုပ်ချယ်နှောင့်ယှက်မယ့်သူ မရှိဘူးဆိုရင် ခင်ဗျားဟာ သီချင်းတွေကို စိတ်ကြိုက်ဖွင့်ပြီး နားထောင်နိုင်တယ်၊ စစ်တုရင်ကိုလဲ ကိုယ်ထိုးချင်တဲ့ အချိန်အထိ ထိုးနိုင်တယ်၊ တစ်ညလုံး မအိပ်ဘဲလဲ ထိုးနိုင်တယ်၊ နောက်တစ်နေ့ မနက်အထိဆက်ပြီး ထိုးရင်လဲ ဘာမှမဖြစ်ဘူး၊ အရေးကြီးတာက ခင်ဗျားကို နှောင့်ယှက်မယ့်လူ မရှိဖို့ဘဲ၊ ဒီအိမ်ကြီးမှာ ခင်ဗျားတစ်ယောက်တည်းဆိုရင် ခင်ဗျားကို ဘယ်သူက ဘာလာပြောမလဲ"

"ခင်ဗျားပြောတာတွေ မဖြစ်နိုင်ဘူး၊ တော်ပါတော့"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ခင်ဗျားက ဒီအိမ်ကြီးမှာ တစ်ယောက်တည်း နေရမှာ ကြောက်လို့လား၊ ခင်ဗျား တစ်ယောက်တည်း မနေရပါဘူး၊ ခင်ဗျားမှာ အပေါင်းအသင်း၊ မိတ်ဆွေတွေ အများကြီး ဖြစ်လာမှာပါ၊ တံခါးပိတ်ထားလို့သာ သူတို့ မလာကြတာပါ၊ တံခါးဖွင့်ပေးလိုက်ရင် အကုန်ရောက်လာကြမှာပဲ"

"ကျုပ်တစ်ယောက်တည်း နေရမှာကို ကြောက်လို့ ပြောနေတာ



မဟုတ်ဘူး၊ ခင်ဗျား ဘာရည်ရွယ်ပြီး ပြောနေတယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ်လို လူကောင်းသူကောင်း တစ်ယောက်ကို အင်မတန် ရက်စက်ရိုင်းစိုင်းတဲ့ အလုပ်ကြီးတစ်ခုကို လုပ်ခိုင်းနေတာ မဟုတ်လား၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အလုပ်ပဲ၊ ကျုပ်ကို ဒီအကြောင်း နောက်ထပ်မပြောပါနဲ့တော့၊ ရက်စက်တဲ့ အလုပ်မျိုးတွေ ကျုပ် မကြိုက်ဘူး"

"မိန်းမတစ်ယောက်ဟာ သူ့ထက် အရည်အချင်းသာတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး အဲဒီယောကျ်ားကို သူနဲ့အတူတူဖြစ်အောင် အောက်ကို ဆွဲချနေတာ မဟုတ်ဘူးလား"

"ခင်ဗျား ဘာပဲပြောပြော ခင်ဗျားပြောတဲ့ အလုပ်မျိုးတော့ ကျုပ် မလုပ်နိုင်ဘူး၊ ကျုပ်မလုပ်ဘူး၊ ဘယ်တော့မှ မလုပ်ဘူး"

"မဟုတ်ဘူး၊ လုပ်ရမယ်"

ဦးဖြူက ပြတ်ပြတ်သားသားပြောသည်။ သူ့အသံက ကျယ်လောင်လှသည်။ သူ့အသံကို ဧနီးသည် ကြားသွားဟန်တူသည်။ ချက်ချင်းဆိုသလိုပင် စစ်တုရင်ခုံအနီးသို့ သူမရောက်ရှိလာသည်။ သူမက ခါးပေါ်တွင် လက်ထောက်ပြီး ဗျစ်တောက်ဗျစ်တောက် ပြောနေသည်။ ဦးကျော်ဟန် ခေါင်းထဲတွင်နောက်လာပြီး သူမ၏စကားတွေကို ကြားတစ်ချက် မကြားတစ်ချက် ရှိနေသည်။

"ရှင် အရူးပဲ၊ ဒီစစ်တုရင်ကြောင့် ရှင် ဒီလိုဖြစ်နေတာပဲ၊ မဖြစ်ဘူး"

သူမက ရပ်ချည်းဆိုသလိုပင် စစ်တုရင်ခုံပေါ်က အရုပ်တွေကို လက်တစ်ဖက်ဖြင့် ယမ်းပစ်လိုက်သည်ကို တွေ့ရသည်။

"မလုပ်နဲ့၊ မလုပ်နဲ့"

ဦးကျော်ဟန် ဟစ်အော်လိုက်သည်။ ဒေါ်လှသီ၏ အပြုအမူကိုတားမြစ်ခြင်း မဟုတ်ပါ။ စားပွဲပေါ်က အမြောက်ဆန် ကြေးပန်းအိုးကိုဆွဲပြီး ထိုင်ရာမှ ထလိုက်သော ဦးဖြူကို တွေ့မြင်လိုက်၍ ဟစ်အော်လိုက်ခြင်း ဖြစ်သည်။

"မလုပ်နဲ့... မလုပ်နဲ့"

ဦးကျော်ဟန် ထပ်မံဟစ်အော်လိုက်ပြီး အရှိန်ဖြင့် ကျဆင်းလာသော



ရိုက်ချက်ကို တားဆီးရန် ကြိုးစားလိုက်သေးသည်။ သို့သော် သူ၏ အားထုတ်ချက်သည် နောက်ကျသွားချေပြီ။

•

ဒုရဲအုပ် မောင်မောင်တင်သည် စစ်တုရင်ခုံအနီးတွင် ထိုင်နေသော ပိန်ပိန်သေးသေးလူကြီးကို စစ်ချက်ယူပြီးသွားပြီဖြစ်သည်။ သူသည် မကျေနပ်သည့် အမူအရာဖြင့် သူ၏ မှတ်စုများကို ပြန်ဖတ်နေသည်။ စစ်တုရင်ခုံအနီးမှ လူကြီးက သူ့ကို ဘာမှမပြောဘဲ ငေးကြည့်နေသည်။

ထိုစဉ် အခန်းတွင်းသို့ စခန်းမှူး ဦးလှဒင် ဝင်ရောက်လာပြီး

"ဘယ့်နှယ့်လဲ"

"သူပြောတာတွေအားလုံးကို ခြုံကြည့်လိုက်တော့ တစ်ခုပဲတွေ့ရတယ်၊ သူဟာ လူကောင်းတစ်ယောက်၊ လူအေးတစ်ယောက်ပဲ၊ သူဟာ တစ်ချိန်တည်းမှာပဲ သူ့အပေါ် လွှမ်းမိုးချုပ်ချယ်နေတဲ့သူ့မိန်းမကို သည်းခံခွင့်လွှတ်သလို တစ်ဖက်ကလဲ မကျေမနပ်ဖြစ်ပြီး ဒေါသတွေ ဖြစ်နေတယ်၊ သူ့စိတ်ဟာ နှစ်ပိုင်းကွဲနေတယ် ဆိုပါတော့၊ ကောင်းတဲ့အပိုင်းနဲ့ မကောင်းတဲ့အပိုင်းပေါ့၊ နောက်ဆုံးမှာ မကောင်းတဲ့စိတ်က အနိုင်ရပြီး သူ့မိန်းမကို သတ်ပစ်လိုက်တာပဲ"

"ဒါမျိုးဟာ ဖြစ်တတ်ပါတယ်"

"နောက်တစ်ခု ပြဿနာတက်နေတာကတော့ သူ ဘယ်သူဆိုတာပဲ"

"ဘာဖြစ်လို့လဲ"

ဒုရဲအုပ် မောင်မောင်တင်သည် စခန်းမှူး၏ အမေးကို မဖြေဘဲ စစ်တုရင်ခုံအနီးတွင် ထိုင်နေသူထံသို့ လျှောက်သွားပြီး

"ဦးနာမည် ဘယ်သူပါလဲ"

"မောင်ရင်တို့ကို ကျုပ် ဘယ်နှခါ ပြောပြီးပလဲ၊ ကျုပ်နာမည် ဦးဖြူဆိုတာ"

နတ်နွယ်




# ငှက်မွေးကလေးများ

မောင်သိန်းဆိုင်

အိမ်ကလေးမှာ ဘန်ဂလိုဆန်သည်။ ခပ်သေးသေးပင် ဖြစ်သည်။ သို့သော် နှစ်ထပ်အဖြစ် ဆောက်လုပ်ထားသည်။ သစ်သားအိမ် ဖြစ်သည်။ စိမ်းတောင်တွေ၊ ဖျော့စင်လို ခေါင်မြင့်တွေနှင့်။ အတန်ကား အိုမင်း၍ နေပြီ။ ပြင်ဆင်ရန်ထက် ဖျက်ပြီး အသစ်ဆောက်လုပ်ဖို့က ပို၍ကောင်းနေပြီဟု မှတ်ယူရသည်။

အဝေးကြည့် အနေနှင့်ကား ကြည့်၍ကောင်းဆဲဖြစ်သည်။ တောင်ကုန်းအမြင့်မှာ တည်ရှိသည်။ ထင်းရှူးနှင့် ယူကလစ်ပင်များအကြားမှာ ဖြစ်သည်။ လမ်းတစ်သွယ်သည် အိမ်ဆင်ဝင်အောက်မှနေကာ ခြံဝအထိ သွယ်တန်းနေသည်။ ခြံမှာ ကျယ်ဝန်းပြန့်ပြောလှပါသည်။

ကိုတင်အောင်လင်းသည် အစစအရာရာကို စိတ်ပျက်နေသည်။ သည်အိမ်၊ သည်ခြံနှင့် သည်လမ်းသွယ်။

သူသည် ကုန်းမြင့်အထက်သို့ တက်ခဲ့ရသည်။ တက်ခဲ့ရသည့် အကြိမ်ပေါင်းမှာ မနည်းလှတော့။ သည်ကုန်းမြင့်ကို တက်ခဲ့ရတိုင်းလည်း စိတ်ပျက်မိသည်။

သူ မောနေသည်။ လည်ကုပ်မှာ ချွေးပင်စို့လာသည်။



သည်အိမ်နှင့် သူ၏ အလုပ်ဌာနမှာ အတော်ကြီး ကွာလှမ်းသည်။ လမ်းလျှောက်၍ လာခဲ့ရသည်။ ပြီးလျှင် ကုန်းမြင့်ကိုစ၍ တက်ရသည်။ အကယ်၍ မော်တော်ကားနှင့်ဆိုလျှင် မထောင်းသာလှချေဘူးပေါ့။ သို့သော် သူ့ဘဝတွင် မော်တော်ကားစီးနိုင်ရန် အခွင့်အရေး စိုးစဉ်းမျှ မပေါ်ပေါက်ခဲ့ဖူးချေ။

သူသည် အလုပ်မှ ပြန်လာခြင်းဖြစ်သည်။ အနည်းဆုံး တစ်နေ့နှစ်ခေါက်တော့ သည်ကုန်းမြင့်ကို သူ အတက်အဆင်း ပြုရချေမည်။ ဤသည်မှာ သူ၏ နိစ္စဓူဝကိစ္စဖြစ်သည်။ ရှောင်လွှဲ၍ မရနိုင်သော ဝတ္တရားဖြစ်သည်။

ထမင်းစားရန်နှင့် ညအိပ်ရန်အတွက် သည်နေရာကို သူ ဘယ်နည်းနှင့်မျှ ရှောင်လွှဲ၍ ရနိုင်မည် မဟုတ်ချေ။

တံခါးပေါက် ခပ်ဟဟ ပွင့်နေသည်။ သူ အတွင်းပိုင်းသို့ လှမ်းကြည့်ပြီး အော်ပြောလိုက်သည်။

"ငြိမ်းရေ... ကိုယ်ပြန်လာပြီ"

အိမ်မှာ မှောင်မည်းနေသည်။ ငြိမ်သက်နေသည်။ သက်ရှိသတ္တဝါမှ ရှိပါလေစထင်ရသည်။ ပြတိုက်တစ်ခု၏ ငြိမ်သက် တိတ်ဆိတ်ခြင်းမျိုး။

သူသည် အထပ်ထပ်နှင့်သွယ်တန်းထားသော လှေကားကို စူးစိုက်ကြည့်နေသည်။ တစ်စုံတစ်ရာ ထူးခြားလာလေမလားဟူသော အထင်နှင့်ဖြစ်သည်။ သို့သော် အခါတိုင်းလိုပင် ဖြစ်သည်။ ဘာတစ်ခုမှ ထူးခြားမှုမရှိ။ ဘာတစ်ခုမျှ ပြောင်းလဲမှု မရှိ။

"ငြိမ်း၊ ကိုယ်ပြောနေတာ ကြားရဲ့လားဟင်"

သူက စိတ်မရှည်နိုင်သလို ထပ်၍ ပြောလိုက်သည်။

သူသည် တောင့်တင်းကြံ့ခိုင်သူ ဖြစ်သည်။ ကြွက်သားများ တင်းမာပြီး ဖုတ်နိုင်သော ကိုယ်ဟန်ရှိသည်။ သူ၏ မျက်နှာမှာ လေးထောင့်ကျသည်။ မေးရိုးကြီးများ ကြီးမားသည်။ ထိုမျက်နှာပေါ်မှ စိတ်ပျက်ခြင်းအမူအရာကို မည်သည့်အခါကမျှ ဖုံးကွယ်၍ မရချေ။

"ကြားတယ်ကိုလင်း၊ ဘာဖြစ်လို့ အကျယ်ကြီး အော်ပြောနေတာလဲ၊



ဒေါ်လေးနိုးသွားလိမ့်မယ်"

အသံသည် သူ၏ လက်ယာဘက်အခန်းမှ လာခြင်းဖြစ်သည်။ တိုးညှင်းလှပါသည်။

"ကြားရက်သားနဲ့ ဘာလို့ ချက်ချင်း စကားမပြန်တာလဲ"

"ဒီမှာ ချည်ခင်တွေ ရှင်းနေလို့ပါ၊ ပြီးပါတော့မယ်"

"ကိုယ့်ဆီကို တစ်ယောက်ယောက်များ လာသေးသလား"

"ဘယ်သူမှ မလာပါဘူး"

ဤသည်မှာ မေးနေကျ မေးခွန်းနှင့် ဖြေနေကျအဖြေ။

ကိုတင်အောင်လင်းသည် တစ်စုံတစ်ယောက်ကို အမြဲမျှော်နေသည်။ သူ့ဘဝအတွက် ထူးခြားမှု တစ်စုံတစ်ရာ ရှိလာလေမလားအထင်နှင့်ဖြစ်သည်။ သူသည် ရန်ကုန်မှ အလုပ်တစ်ခုနှင့် အဆက်အသွယ်ပြုထားသည်။ သတင်းကြားရလိမ့်မည်ဟု အထင်ရှိသည်။ လေးလမျှ ကြာခဲ့ပါပြီ။ မည်သည့် ထူးခြားမှုမျှ မရှိဆိုသောအခါ သူ စိတ်ပျက်သွားသည်။

"တစ်အိမ်လုံးလဲ မှောင်နေတာပဲ၊ ကိုယ် မီးတွေဖွင့်လိုက်တော့မယ်"

ချွေတာရေးမှာ သည်အိမ်၏ အစီက ခေါင်ပုဒ်ဖြစ်သည်။ အစစအရာရာချွေတာနေရသည်။ ငွေကြေးမပြောနှင့်။ လျှပ်စစ်မီးကအစ ချွေတာနေရပေသည်။

ကိုတင်အောင်လင်းသည် ဘဏ်စာရေးဖြစ်သည်။ ငွေတွေ အများကြီးမြင်ရ၊ ကိုင်ရတွယ်ရသော်လည်း သူ၏ လစာမှာ နည်းပါးလှပါသည်။ စင်စစ် သူသည် ငွေပုံကြီးပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။ အိမ်အပေါ်ထပ်တွင် ဒေါ်သူဇာမြိုင်ရှိသည်။ လေဖြတ်ထားသည်။ သူမ ဆုံးပါးခဲ့လျှင် အမွေတွေကို တူမဖြစ်သူ မငြိမ်းငြိမ်း ခံစားရမည်ပင် ဖြစ်သည်။ သို့သော် အဘွားကြီးမှာ ရုတ်တရက် မသေနိုင်သေး။ အမွေရမည့်ကိန်းမှာ ဝေးနေသေးသည်။

လောလောဆယ်မှာတော့ မောင်စီးရင်း ရေငတ်သူလိုဖြစ်သည်။ အစစ ချွေတာနေရသည်။ သူ၏ လစာအပြင် အခြားဝင်ငွေဟူ၍ မငြိမ်းငြိမ်း၏ ဆွယ်တာထိုးသော လုပ်ငန်းသာ ရှိသည်။ ဒေါ်သူဇာမြိုင်သည် အိမ်

စရိတ် လောက်ငရုံလောက်သာ မငြိမ်းငြိမ်းကို ဘဏ်မှ ထုတ်ယူခွင့်ပြုထားသည်။ အပိုအလျှံ သုံးစွဲခွင့်အတွက် ဖြူးတစ်ပြားမှ မကျရေ။

သူသည် သည်နေရာမှ ထွက်ခွာသွားချင်လှပြီ။

အိုမင်း ဆွေးမြည့်နေသော အိမ်။

အိမ်မှုကိစ္စမှတစ်ပါး အခြားဘာတစ်ခုမျှ စိတ်မဝင်စားသော ခနီးသည်။

သေကောင်ပေါင်းလဲ ဖြစ်နေသော မိန်းမအိုကြီးတစ်ယောက်။

သည်အရာများကို သူ ငြီးငွေ့လှပါပြီ။

စိတ်ပျက်လှပါပြီ။

သို့သော် 'အမွေ' ဟူသော စကားက သူ့ကို ခြေလှမ်းတုံ့စေသည်။ နှောင်ကြိုးတည်းထားသည်။

သည်အတွက်ပင် စိတ်ပျက်ပျက်နှင့် သည်းခံ စောင့်စားနေရခြင်း ဖြစ်သည်။

သူ အခန်းတွင်း ဝင်လိုက်သည်။

ခနီးသည်ကို သေးငယ်ပြီး မီးရှိန်အနည်းငယ်ရှိသော မီးသွေးမီးဖိုကလေးဆောမှာ တွေ့လိုက်ရသည်။ အတန်အေးလာပြီ ဖြစ်သော်လည်း အနွေးဓာတ်ကို အနည်းငယ်သာ အသုံးပြုပြီး မငြိမ်းငြိမ်းသည် သိုးမွေးချည်ခင်များကို ရှင်းနေသည်။

အခန်းတွင်းမှ ပရိဘောဂတို့မှာ ထုထည် ကြီးမားသည်။ ပုံရိုးသည်။ အသည်။ အိုမင်းလှပါပြီ။ ခန်းဆီးပိတ်တို့မှာ ထုထဲသည်။ အရောင်လွင့် ပြယ်စ ပြုနေပြီ။

မငြိမ်းငြိမ်းသည် ပိန်သွယ်သည်။ ဖြူဖျော့သည်။ အသက်မှာ ၅၀ နီးပါးသို့ ချဉ်းနေပြီ။ ဆံပင်မှာ ဆေးဆိုးမထားလျှင် တစ်ခေါင်းလုံး ဖွေးဖြူနေပေလိမ့်မည်။ ဆံပင်ဆိုးရာမှာပင် အနက်ရောင်မပေါက်ဘဲ နီကြောင်ကြောင်ဖြစ်နေသည်။ ပါးလျားစလည်း ပြုနေပြီ။ ယခုတော့လည်း ရှိရင်းစွဲ အသက်ထက်ပင် ပိုမိုအိုမင်းနေသလို ရှိသည်။

လွန်ခဲ့သော အနှစ် ၂၀၊ သူမ၏ အသက် ၃၀အရွယ်လောက်တုန်း



ကတော့ မငြိမ်းငြိမ်းသည် သေးသေးသွယ်သွယ် လှပသော မိန်းမတစ်ယောက်ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ကိုတင်အောင်လင်း လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

မငြိမ်းငြိမ်းသည် အလယ်တန်းပြ ဆရာမ တစ်ယောက်ဖြစ်ခဲ့သည်။

သည်စဉ်က သူမတွင် ချမ်းသာကြွယ်ဝသော ဒေါ်သုစာမြိုင်ဆိုသည့် အဒေါ်တစ်ယောက် ရှိခဲ့ခြင်းကို မသိသေးချေ။

ဒေါ်သုစာမြိုင်၏ တစ်ဦးတည်းသော ညီမ ဒေါ်သီတာမြိုင်သည် မိဘ သဘောမတူသော လူတစ်ယောက်နှင့် ယူခဲ့သည်။ အိမ်က အမွေဖြတ်ထားသည်။၊ မိဘများ ဆုံးပါးပြီး ဒေါ်သုစာမြိုင်မှာ အမွေများကို တစ်ဦးတည်း ခံစားခွင့်ရခဲ့သည်။

သည်အခါတွင် ဒေါ်သီတာမြိုင်ကော သူမ၏ ခင်ပွန်းပါ ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ ငြိမ်းငြိမ်းသည် တစ်ကိုယ်ရေ တစ်ကာယ ကျောင်းဆရာမဘဝဖြင့် ကိုယ့်ဝမ်း ကိုယ်ကျောင်းကာ ယခုလည်း ဆင်းရဲမွဲတေသည့် စာရေးတစ်ယောက်နှင့် ယူထားကြောင်း သိရသည်။

ထိုအခါ ဒေါ်သုစာမြိုင်က မငြိမ်းငြိမ်းတို့ ခနီးမောင်နှံအား သူမ၏ အိမ်သို့ ခေါ်ယူခဲ့သည်။

ကိုတင်အောင်လင်းမှာ တက်ကြွသော လူငယ်တစ်ယောက်၊ ကြီးစားသောလူငယ်တစ်ယောက်၊ အပေါင်းအသင်းလည်း ဆုံသည်။ လာဘ်လည်း မြင်သည်။ သို့ပင်လျက် ဒေါ်သုစာမြိုင်က သူ့အပေါ် အထင်မကြီးချေ။ ယုံစားမှုလည်း မရှိချေ။

အကယ်၍ ငွေထုတ်ပေးပြီး အရင်းအနှီးပြုခိုင်းခဲ့ပါက ကြီးပွားချမ်းသာမည် မုချဟု ကိုတင်အောင်လင်း သိသည်။ ငွေကို ငါးပြားတစ်စေ့ အပ္ပန်းမခံခဲ့ချေ။ ဤသည်ကို ကိုတင်အောင်လင်း နာကြည်းမဆုံး၊ ခံပြင်းမဆုံး။

သူတို့ 'ချယ်ရီမြိုင်' ၌ ဆယ်နှစ်တာ နေလာခဲ့သည်။ လွန်ခဲ့သော ငါးနှစ်က အဘွားကြီး တစ်ကြိမ် လေဖြတ်သည်။ အခြေအနေ သိပ်မဆိုးခဲ့။ ပြန်ပြီး ထူထူထောင်ထောင်ဖြစ်လာသည်။ လွန်ခဲ့သော နှစ်နှစ်က ဒုတိယ



အကြိမ် လေဖြတ်ပြန်သည်။ သည်တစ်ကြိမ်တွင် အခြေအနေဆိုးသည်။ ကိုယ်တစ်ခြမ်း သေသွားသည်။ မလှုပ်ရှားနိုင်၊ စကားမပြောနိုင်။

အိမ်ပေါ်ထပ်ရှိ သူမ၏ အိပ်ခန်းဝယ် အမြဲတမ်း လဲလျောင်းနေရသော ဂီလာန ပုဂ္ဂိုလ် ဖြစ်လာသည်။ သူမကိုယ်တိုင် မသေရုံစား၊ မသေရုံဆေးကုသကာ အိမ်မှ လူများကိုလည်း မသေရုံစားစရိတ် ထုတ်ယူခွင့်ပြုထားသည်။

သည်မျှသာ ဖြစ်သည်။

ယခုတော့ ကိုတင်အောင်လင်းပင် အသက်၄၅ နှစ်ရှိလာပြီ။ ဘဝ၏ သုံးပုံနှစ်ပုံပင် ရှိလာပြီ။ ချမ်းသာကြွယ်ဝမှုနှင့် ကံကြမ္မာ၏ အခွင့်အလမ်းကို မရခဲ့နိုင်သေး။ တောက်ပရွှန်းလက်သော ဘဝအရသာကို မခံစားရသေး။

နှမြောတသစရာ ကောင်းလှသည့် အချိန်တွေပဲဟု သူတွေးသည်။

မငြိမ်းငြိမ်းမှာ သိုးမွေးချည်ခင်ကို ရှင်းပြီးသွားသည်။ ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မ ဟင်းချိုအိုး နွေးလိုက်ဦးမယ်"

ကိုတင်အောင်လင်းက မငြိမ်းငြိမ်း၏ လက်မောင်းအိုးကို လှမ်းဆွဲလိုက်သည်။

"နေစမ်းပါဦး၊ ဟင်းချိုအိုးက အရေးမကြီးပါဘူး၊ အဘွားကြီးအခြေအနေ ဘယ်လိုရှိသလဲ"

"ဒေါ်လေးမြိုင်ကို ပြောတာလားဟင်"

"ဒေါ်လေးမြိုင်ကိုမပြောလို့ ဘယ်သူ့ကို ပြောရမှာလဲ၊ ဒီအိမ်မှာ ကိုယ်ရယ်၊ မင်းရယ်၊ သူရယ်ပဲ ရှိတဲ့ ဥစ္စာ"

"ဒီနေ့ ဆရာဝန်လာသွားတယ်"

"ဆရာဝန်က နေ့တိုင်းလာနေတဲ့ဟာ၊ မင်းကို မေးစရာ အကြောင်းလား၊ သူ ဘာပြောသလဲ၊ အခြေအနေ ဘယ်လိုလဲ"

"ထူးထူးခြားခြား ပြောစရာ မရှိပါဘူး၊ ခါတိုင်းလိုပါပဲ"

မငြိမ်းငြိမ်းက လက်ကို နုတ်ယူပြီး တံခါးဆီသို့ ဦးတည်လိုက်ကာ

"ကျွန်မ ဟင်းချိုသွားနွေးလိုက်တော့မယ်"



"နေပါဦး၊ သူဘာပြောသလဲ၊ ကိုယ့်ကို တိတိကျကျ ပြောစမ်းပါ"

မငြိမ်းငြိမ်းသည် ကိုတင်အောင်လင်း၏ မျက်နှာကို မော့ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံသည်။ ကိုတင်အောင်လင်း၏ စိတ်ကို သူမ နားလည်နေပုံရသည်။ သို့သော် အေးဆေးစွာပင် တုံ့ပြန်လိုက်သည်။

"သူက ပြောတာတော့ ဒီရောဂါမျိုးက ဒီအတိုင်းပဲတဲ့၊ မနက်ဖြန်ဖြစ်ချင်လဲဖြစ်မယ်၊ ဒါမှမဟုတ် ခြောက်လကြာချင်လဲ ကြာမယ်၊ ခြောက်နှစ်ကြာချင်လဲ ကြာမယ်တဲ့"

ကိုတင်အောင်လင်းသည် စိတ်ပျက်လက်ပျက် ဖြစ်ရခြင်းကို ဖုံးကွယ်မထားနိုင်။

"အဲဒီစကားကို သူ လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းကလဲ ပြောခဲ့ဖူးတာပဲ၊ လွန်ခဲ့တဲ့ ခြောက်လကလဲ ပြောခဲ့တာပဲ၊ မနေ့ကလဲ ပြောသေးတာပဲ"

"မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ဘာတတ်နိုင်မှာလဲ၊ သူက ဆရာဝန်ပဲ၊ သူပြောသမျှ နားထောင်ရုံပေါ့"

"သူ အဲဒီထက် တိတိကျကျ ခန့်မှန်းခဲ့ဖို့ ကောင်းတယ်"

"သူက ဗိဒ္ဓါ မဟုတ်ရှာဘူးလေ၊ ပြီးတော့ သူ့ဟာသူ သိချင်လဲ သိနေမှာပေါ့၊ ကျွန်မတို့ကိုတော့ သူသိတာ အကုန်ဘယ်ပြောပါ့မလဲ၊ နေစမ်းပါဦး၊ ရှင့်ကြည့်ရတာ ကိုယ့်ကိုကိုယ် စိတ်ပျက်နေပုံလား"

"ကိုယ့်ကိုကိုယ်တော့ ဘယ်မှာလာပြီး စိတ်ပျက်နေပါ့မလဲ၊ စိတ်ပျက်နေတာက အရာရာကိုပဲ၊ အခြေအနေ အားလုံးကိုပဲ"

မငြိမ်းငြိမ်း မျက်နှာငုံ့လိုက်ကာ တံခါးပေါက်ဆီသို့ ဦးတည်လိုက်ရင်း

"ကျွန်မ ဟင်းချိုသွားနွေးလိုက်တော့မယ်"

ကိုတင်အောင်လင်း တစ်ဦးတည်း ကျန်ရစ်သည်။

အစစအရာရာ ချွေတာနေရသဖြင့် သူ့တွင် မိတ်ဆွေ မပေါလှချေ။ အစပိုင်းတုန်းကမူ အမွေရစရာရှိသည်ဟူသော အသိဖြင့် လူတို့က သူ့ကို ဦးစားပေးခဲ့ကြသေးသည်။ အချိန်ကြာမြင့်လာသောအခါတွင်မူ အမွေရေးရာဟူသည်မှာ လူတို့၏ ပြက်ရယ်စရာ စကားအဖြစ်သို့ ရောက်ရှိသွားသည်။

သဲထဲရေသွန်သလောက်ပင် အရာမထင်တော့ချေ။

အထက်ပိုင်းတွင် အမှောင်သန်းနေသော လှေကားခြေရင်းသို့ သူ ရောက်လာသည်။ အပေါ်ထပ်ဆီမှ အသံတစ်သံကို ကြားရသည်ဟု ထင်သည်။ ဒေါ်သူဇာမြိုင်၏ အသက်ပြင်းပြင်းရှူသံပင် ဖြစ်ပါလိမ့်မည်။

အသက်ရှူသံသည် အခန်းနံရံများနှင့် ပဲ့တင်ရိုက်နေသည်ဟု အထင် ရောက်သည်။ ဘာကြောင့် သည် အသက်ရှူသံမရပ်ခဲ့ပါလိမ့်။ မည်သည့် အင်အားနှင့် တန်ခိုးများက အထောက်အကူ ပြုနေပါလိမ့်။

သူ လှေကားအတိုင်း တက်လာခဲ့သည်။

လူမမာ အခန်းမှာ လူမမာနံ့သာ ရသည်။ ဆေးနံ့သာ ရသည်။

ဒေါ်သူဇာမြိုင်သည် ကြီးမားသော ကြေးဝါခုတင်ကြီးပေါ်တွင် လဲလျောင်းလျက် ရှိနေသည်။ သုံးနှစ်အထက် ဆီမှာတုန်းက လဲလျောင်းနေသည့် ပုံစံအတိုင်းပင် ဖြစ်သည်။

ဒေါ်သူဇာမြိုင်သည် နိုးလျက်ရှိသည်။ သူမအပါးသို့ ချဉ်းကပ်လာသော ကိုတင့်အောင်လင်းကို စူးစိုက်ကြည့်နေသည်။ သူမ၏ မျက်ဝန်းများကား သေသိမှုန်မှိုင်း၍ မနေချေ။ ကြည်လင်ဆဲ၊ ဖျတ်လတ်ရွှန်းပမြဲ။

ဒေါ်သူဇာမြိုင်၏ ကိုယ်တစ်ခြမ်းမှာ လေဖြတ်ထား၍ လှုပ်ရှားနိုင်မှု အလျဉ်းမရှိ။ ကျန်တစ်ဖက်မှာ လက်တစ်ချောင်းသာလျှင် လှုပ်ရှားနိုင်သည်။ တစ်ကိုယ်လုံးအနက် အလှုပ်ရှားနိုင်ဆုံးက မျက်လုံးများ။

ပြောစရာစကားကို မျက်လုံးဖြင့် ပြောသည်။ မျက်လုံး ဖွင့်ပိတ်ခြင်းဖြင့် လက်ခံခြင်း၊ ငြင်းပယ်ခြင်း အမှုအရာကို ပြတတ်နေပြီ။

"နေကောင်းရဲ့လား ဒေါ်လေး"

ကိုတင်အောင်လင်းက မေးလိုက်သည်။

ဒေါ်သူဇာမြိုင်က မျက်လုံးဖြင့် အဖြေပေးလိုက်သည်။

သို့သော် သူ၏ မျက်ဝန်းဝယ် သံသယရိပ် မကင်းချေ။ သူ့အပေါ် ထားဝစဉ် စိတ်မချခြင်း၊ မယုံသင်္ကာ ဖြစ်ရခြင်းတို့ စိုတွဲနေမြဲ ဖြစ်သည်။

ကိုတင်အောင်လင်းက မျက်နှာသုတ်ပဝါကို ဆွဲယူပြီး ဒေါ်သူဇာမြိုင်၏ နှုတ်ခမ်းမှ စီးကျနေသည့်သွားရည်ကို သုတ်ပေးလိုက်သည်။ ပြီးလျှင်



သူမအား အပေါ်စီးမှ ငုံ့ကြည့်သည်။ မျက်နှာက ပြုံးနေသော်လည်း မျက်လုံးများတွင်မူ ဒေါသရောင် ပြောင်လက်နေပေလိမ့်မည် ထင်သည်။

ဆယ်နှစ်ကြာခဲ့ပါပကော။

မိမိတို့ဘဝကို လောင်ပိတ်မှုန်းကျပ်အောင် လုပ်ထားခဲ့တာ ဆယ်နှစ် ရှိခဲ့ပါပကော။ ငွေလည်း တစ်ပြားတစ်ချပ်မှမထွက်။ သေကလည်း မသေနိုင်။

ဒေါ်သူဇာမြိုင်သည် သူ့ကို မော့ကြည့်အနေအထားဖြင့် ပြန်လည် စူးစိုက်ကြည့်နေသည်။ သူမသည်လည်း မငြိမ်းငြိမ်းကဲ့သို့ပင် လူတစ်ယောက်၏ မျက်ဝန်းကိုကြည့်ကာ အတွင်းစိတ်ကို ရိပ်မိသော အကင်းပါးမှုမျိုး ရှိသည်။ ယခုလည်း ကိုတင်အောင်လင်း၏ အတွင်းစိတ်ကို သူမ ကောင်းစွာ သဘောပေါက် နားလည်နေသလို ဖြစ်သည်။

သူမ၏ မျက်ဝန်းများက စကားလုံးအရာ အထောင်ကို ပြောနေပေသည်။

ကိုတင်အောင်လင်းက အိပ်ရာခင်းကို ဆွဲဆန့်သည်။ ဒေါ်သူဇာမြိုင်၏ ကိုယ်ပေါ်မှာ ပုံနေသလိုဖြစ်သော စောင်ကို ဆွဲဖုံးပေးသည်။

ထို့နောက် လှေကားထိပ်ဆီသို့လာကာ လှမ်းအော်လိုက်သည်။

"ငြိမ်းရေ၊ ဒေါ်လေးအိပ်ရာလာပြင်ပေးပါဦး၊ သူ အနေရ ခက်နေပုံ ရတယ်"

"လာပြီ၊ ခဏကလေး၊ မီးဖိုငြိမ်းနေလို့ပါ"

မငြိမ်းငြိမ်း အထက်ထပ်သို့ တက်လာသောအခါ ညစာကို အသင့် ပြင်ဆင်ပေးခဲ့ပြီး ဖြစ်သည်။ သူတို့ ဒေါ်သူဇာမြိုင်၏ အိပ်ခန်းတွင် ဆုံမိကြသည်။

"ကိုယ် သူ့ခေါင်းကို မ ပေးထားမယ်၊ အဲဒီတုန်း ခေါင်းအုံးတွေ ကို ပြင်ခုပေးလိုက်ပေါ့"

ကိုတင်အောင်လင်းက ပြောသည်။

သူ့ကို မငြိမ်းငြိမ်း အံ့အားတသင့် ကြည့်သည်။ သူတို့မကြာခဏ ယခုလို ပြင်ပေးနေကျ ဖြစ်သည်။ အလိုလို နားလည်ပြီးသားဖြစ်သည်။



ယခင်က ယခုလိုအပြောမျိုး သူ မပြောခဲ့။

သူက ခေါင်းကို မ ပေးထားခိုက် မငြိမ်းငြိမ်း ခေါင်းအုံးကို ပြင်ခုသည်။ သို့သော် ဒေါ်သူဇာမြိုင်၏ ခေါင်းကို ရုတ်တရက် သူပြန်မချပေး။ ဒေါ်သူဇာမြိုင်မှာ ခက်လည်နေသည်။ အသက်ရှူရ ခက်ခဲကာ မျက်လုံး ပြူးနေသည်။ လည်လိမ်ခံရသော ကြက်တစ်ကောင်လို ဖြစ်နေသည်။

သူတို့ အကြည့်ချင်း ဆုံမိကြသည်။

ကိုတင်အောင်လင်းက ဒေါ်သူဇာမြိုင်၏ ခေါင်းကို ခေါင်းအုံးပေါ် ပြန်ချပေးလိုက်သည်။ ထို့နောက် သူတစ်ခွန်း ပြောသည်။

"တွေ့တယ် မဟုတ်လား ဟင်၊ အလွယ်ကလေးပါ ငြိမ်း၊ အလွယ် ကလေးပါ၊ မင်း လိမ္မာမယ်ဆိုရင် ကိုယ်တို့ဘဝတွေ လွတ်မြောက်မှာပဲ"

"ကိုလင်း"

မငြိမ်းငြိမ်း အထိတ်တလန့် အော်လိုက်သည်။

သူသည် အားလုံးကို ကျောခိုင်းကာ အခန်းပေါက်ဝဆီသို့ လျှောက် လာခဲ့သည်။

## နှစ်

နောက်တစ်နေ့တွင် မငြိမ်းငြိမ်း ကိုတင်အောင်လင်း၏ ရုံးသို့ ဖုန်းဆက်လိုက်လေသည်။

ကိုတင်အောင်လင်းက စ၍ ပြောသည်။

"ဟုတ်ပြီငြိမ်း၊ အဘွားကြီးဘယ်လိုနေသလဲ"

သို့တိုင်အောင်လည်း မငြိမ်းငြိမ်း ဘာမှ မပြောနိုင်သေး။ လည်ချောင်း ထဲမှာ အစာနင်နေသလို ဖြစ်သည်။ စကားလုံးများ ပျောက်ဆုံးနေသည်။

"ဘာပြောမလို့လဲ ငြိမ်း၊ ကိုယ်ပြောတာ ကြားရရဲ့လား ဟင်"

"ကြားပါတယ်၊ ဒေါ်လေးသူဇာ..."

"ဒေါ်လေးသူဇာ အခြေအနေ ဘယ်လိုလဲ"

"ခါတိုင်းလိုပါပဲ၊ သူ တစ်နေ့ခင်းလုံး အိပ်နေတယ်၊ ကျွန်မသူ့ ကို စောင့်ကြည့်နေတယ်"



"ကိုယ်ပြောတာကို ငြိမ်း သဘောမပေါက်ဘူး၊ အလွယ်ကလေး ပါ၊ ခေါင်းတွေ မြှင့်ထားလိုက်ရင်..."

"ဟင့်အင်း... ဟင့်အင်း၊ ကျွန်မ မလုပ်နိုင်ဘူး"

"မင်း မလုပ်နိုင်ရင် ကိုယ်လုပ်နိုင်တယ်၊ ကိုယ် အခု အိမ်ပြန်လာ ခဲ့မယ်"

သူ တယ်လီဖုန်းခွက်ကို ဒေါသတကြီး ဆောင့်ချပစ်လိုက်သည်။

သို့ဖြင့် သူ အိမ်သို့ပြန်ရောက်လာသည်။

တံခါးပေါက်ဝတွင် မငြိမ်းငြိမ်းနှင့် တွေ့သည်။

"သူ သေသွားပြီ ထင်တာပဲ၊ ရှင့်ဆီ ဖုန်းဆက်အပြီးလောက်မှာ ပါပဲ၊ ကျွန်မ သူ့အခန်းကို ပြန်တက်သွားတော့ အသက်ရှူသံ မကြားရ တော့ဘူး"

မငြိမ်းငြိမ်း၏ကိုယ်မှာ တုန်လှုပ်နေသည်။ မျက်နှာ ဖြူဖျော့နေသည်။ သူနှင့် မျက်လုံးချင်း မဆိုင်မိအောင် ရှောင်လွှဲနေကြောင်း တွေ့ရသည်။

သူ လှေကားအတိုင်း ပြေးတက်လာရာ မငြိမ်းငြိမ်း နောက်မှလိုက် ပါလာသည်။

ဒေါ်သူဇာမြိုင်၏ ကုတင်ဘေးတွင် ရပ်သည်။ သူမ အိပ်ပျော်နေဘိ သကဲ့သို့ ရှိသည်။ ရင်ဘတ်ပေါ်တွင် လှုပ်ရှားမှုကို မတွေ့ရ။ ကြားနေကျ ဖြစ်သော အသက်ရှူသံကို မကြားရတော့ဟု သူ့စိတ်မှာ ထင်သည်။

သူသည် တိုက်ပုံအင်္ကျီအိတ်ထဲမှ ငှက်မွှေးကို ထုတ်ယူလိုက်သည်။

"ဒီငှက်မွှေးက ဘယ်ကလဲ"

"ရုံးမှာ အရင်ကတည်းက ရှိနေတာပါ"

"ဘာလုပ်ဖို့ အိမ်ကိုယူလာတာလဲ၊ အန်တီက ငှက်မွှေးငှက်တောင် ဆိုရင် သိပ်မုန်းတာ၊ အိမ်မှာတောင် ကြက်မွှေးမသုံးရဘူးဆိုတာ ရှင်သိ သားနဲ့"

"လုပ်စရာရှိလို့ပေါ့၊ အသုံးဝင်မယ် ထင်လို့ပါ"

"အသုံးဝင်မယ် ထင်လို့"

မငြိမ်းငြိမ်း သူ့စကားကို ပုံတင်ထပ်သည်။

"ဟုတ်တယ်၊ အသုံးဝင်တယ်၊ ကြည့်နေလေ"

ဒေါ်သုဇာမြိုင်၏ ခုတင်အနီးသို့ ကပ်လာသည်။ ငှက်မွေးကို သူမ၏နှုတ်ခမ်းနှင့် နှာခေါင်းပေါက်ဝသို့ ကပ်ထားလိုက်သည်။

"သေချာပါပြီ၊ သူ သေပြီ၊ မတွေ့ဘူးလား၊ အသက်မရှူတော့လို့ ငှက်မွေးကလေးတောင် မလှုပ်တော့တာ"

ပြောရင်း သူ့ နှစ်ခြိုက်စွာ ပြုံးကာ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး...

"အင်း... အခုတော့ အချိန်ကျခဲ့ပြီပေါ့လေ"

မငြိမ်းငြိမ်း အိပ်အောက်ထပ်သို့ ပြေးဆင်းသွားသည်။

ခဏကြာသောအခါ ဆရာဝန်ထံ ဖုန်းဆက်နေသောအသံကို ကြားရသည်။

ကျွန်အဖြစ်များမှာ သာမန်သာ ဖြစ်သည်။ အလိုလိုပင် အရာအားလုံး ပြေလျော့သွားသည်။

ဆရာဝန်က ရိုးသားစွာသေဆုံးသည်ဟု မှတ်ချက်ချသည်။ သူလည်း သည်အချိန်ကို မျှော်လင့်နေခဲ့သည်ပင် ဖြစ်သည်။ သို့သော်လည်း အဆုပ်ကြွက်သားများက လေကို လုံလောက်စွာ မရှူနိုင်၍ သေဆုံးခဲ့ရခြင်း မဟုတ်ဘဲ နှလုံးရောဂါကြောင့် သေဆုံးရခြင်းသာဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။ ယင်းမှတ်ချက်အတွက် ကိုတင်အောင်လင်း အံ့သြမိသော်လည်း ဘာမျှ မပြောချေ။ လူအပေါင်းတို့ကလည်း တစ်နေ့သေမည့် နာတာရှည်လူမမာကြီးအတွက် ဒုက္ခခံကာ စေ့ငုခြင်း မပြုကြတော့ချေ။ မငြိမ်းငြိမ်း၏ ဆန္ဒအရ ခမ်းနားစွာ သင်္ဂြိုဟ်သည်ကို လိုက်ပို့ခြင်းဖြင့် မိမိတို့ဘက်က တာဝန်ကျေပြီဟု မှတ်ယူကြသည်။

အထက်က ဆိုခဲ့သလိုပင် ဖြစ်သည်။

အစစအရာရာ ချောမွေ့သည်။



သုံး

ဒေါ်သုဇာမြိုင်က 'ချယ်ရီမြိုင်'အပြင် ငွေသားချည်း နှစ်သိန်းခွဲ ချန်ရစ်သည်။ အစတွင် ကိုတင်အောင်လင်းသည် ချယ်ရီမြိုင်ကို ရောင်းပစ်ရန် ကြံသေးသည်။ မငြိမ်းငြိမ်းက သဘောမတူခဲ့ချေ။ သူမဆွေမျိုးများ ခေါင်းချရာ နေရာမှ ခွာလိုသောဆန္ဒ သူမတွင် မရှိချေ။

ထို့ကြောင့် အိမ်ဟောင်းကို ဖျက်ကာ ခေတ်မီလှပသော တိုက်ပြာပြာကလေးတစ်လုံး ဆောက်လိုက်သည်။

အလုပ်မှ နုတ်ထွက်ခဲ့သည်။ စီးပွားရေး လောကသို့ ဝင်သည်။ လာဘ်မြင်ပြီး စွန့်စားလိုသော စိတ်ဓာတ်ရှိသည့် ကိုတင်အောင်လင်းအတွက် အခက်အခဲဟူ၍ ကြီးကြီးမားမားမရှိချေ။ မျှော်လင့် ထင်မှတ်ထားခဲ့သည့်အတိုင်း ငွေသည် ဒီရေလို တိုးခဲ့သည်။ ဆယ်သိန်းဝန်းကျင် ပိုင်ဆိုင်သူ ဖြစ်လာသည်။

သို့နှင့်အမျှ သူ့တွင် မိတ်ဆွေပေါများလာသည်။ လူကုံထံ အသိုင်းအဝန်း၌ ဝင်ဆံ့လာသည်။ မြို့မျက်နှာဖုံး ဖြစ်လာသည်။ ငါးနှစ်ကြာအပြီးမှာ သူ မလေးနွယ်နှင့် စတွေ့သည်။ မြို့အနေနှင့် ပြောရလျှင်တော့ ရွက်ကျပင်ပေါက်ဖြစ်သည်။ မကြာမီကမှ မြို့သို့ရောက်လာသူဖြစ်သည်။

အသက် ၃၅နှစ် ဝန်းကျင်။

ဣန္ဒြေရစွာ လှပနေသော အမျိုးသမီးတစ်ယောက်။ ရုပ်ရှင်တွေထဲမှာ အခန်းအနည်းငယ် ဝင်ရောက်သရုပ်ဆောင်ဖူးသောကြောင့် နာမည်လည်း အတန်ရှိသည်။ လွတ်လပ်ပွင့်လင်းစွာ ဆက်ဆံတတ်သော တစ်ခုလပ်လည်း ဖြစ်သည်။

မလေးနွယ်အား ဘိလိယက် ကလပ်ငွေကိုင်အဖြစ် ခန့်အပ်ရန် ကိုတင်အောင်လင်းက အဆိုပြုသောအခါ ငြင်းပယ်မည့်သူ မရှိချေ။ အကြောင်းမှု မလေးနွယ်သည် ငွေကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်သလို ယောက်ျားများကိုလည်းကောင်းစွာ ကိုင်တွယ်တတ်သည်။

မလေးနွယ်သည် စံပြမယ်တစ်ယောက်လို ကိုယ်အချိုးအဆက်



တောင့်တင်းလှပသည်။ မျက်ဝန်းများ ရွှန်းလက်ကာ ပြည့်ဝသောနှုတ်ခမ်းများရှိသည်။ မျက်နှာထား အစဉ်ချိုပြုံးသည်။ စကားပြောရာတွင် အလွန်ချိုသာသည်။

အိမ်ထောင်ရှင် အမျိုးသမီးများကတော့ စိုးရိမ်မကင်းကြချေ။ သို့သော် ယောကျ်ားအတော်များများကတော့ ကလပ်တွင် ပိုမိုအချိန်ဖြုန်းလာကြသည်။

ထိုနှစ်တွင် ကိုတင်အောင်လင်းမှာ ဘိလိယက်ကလပ်၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ သူကား ကလပ်တွင် ဩဇာအရှိဆုံးနှင့် အချိန်အဖြုန်းဆုံး တည်း။ ယခုတော့ ဦးတင်အောင်လင်း ဖြစ်လာခဲ့ပေပြီ။

ဒေါ်ငြိမ်းငြိမ်းမှာ မိတ်ဆွေများများစားစား မရှိပါ။ အိမ်နီးနားချင်း တစ်ဦးစ နှစ်ဦးစကိုသာ အဖော်ပြုပြီး သူမ၏ အထီးကျန်ဘဝကို ကုန်ဆုံးပစ်နေရသည်။ မိတ်ဆွေများက ဦးတင်အောင်လင်းနှင့် မလေးနွယ်ကိစ္စကို ပြောကြပါသေးသည်။ သို့သော် သူမ ဥပေက္ခာပြုနေရသည်။

သူမ ငါးနှစ် ပိုမိုအိုမင်းလာသည်။

ယခုတော့ အဘွားကြီးအိုကလေး ဖြစ်နေခဲ့ပြီ။ လှပသော အိမ်နှင့် ခေတ်စီဆန်းပြားသော ပရိဘောဂများမှာ သူမနှင့် မသက်ဆိုင်တော့သလို ဖြစ်နေသည်။ ဆန့်ကျင်ဘက်လို ဖြစ်နေသည်။

သို့သော် သူမ ဦးတင်အောင်လင်းအား ပိုင်ဆိုင်ခွင့်တော့ ရနေသေးသည်။ အိမ်ပြန်လာလျှင် ညစာကို အသင့် ပြင်ဆင်ပေးနိုင်ခွင့် ရှိနေဆဲပင် ဖြစ်သည်။

ဦးတင်အောင်လင်းသည် သူမရှေ့၌ အလုပ်ကိစ္စအကြောင်း လုံးဝမပြောပါ။ ဘိလိယက်ကလပ်အကြောင်း မပြောပါ။ အိပ်ချိန်မှအပ မျက်နှာချင်းဆိုင်မိကြသည်လည်း မဟုတ်။ ထို့ကြောင့်လည်း ဒေါ်ငြိမ်းငြိမ်းကိုယ်တိုင်က လုပ်ငန်းဆောင်တာများအကြောင်း မမေး၊ ကလပ်အကြောင်း မမေး၊ မလေးနွယ်အကြောင်း မမေး။

သည်လိုနှင့် ငါးနှစ်တာ ကာလကို ဖြတ်ကျော်ခဲ့ပြီး တစ်နေ့တွင် စကားပြောစရာ ကိစ္စနှင့် ကြုံလာရသည်။



ထိုနေ့တွင် ဦးတင်အောင်လင်းသည် ငှက်မွေးများကို အိမ်သို့ယူဆောင်လာသည်။ ရောင်စုံ ဆိုးထားသော ငှက်မွေးများ။ ပန်းအိုးတစ်အိုးစာရှိသည်။ ကရိုမီနီယံ ပန်းအိုးဖြင့် စိုက်ထိုးထားသည်။

ဒေါ်ငြိမ်းငြိမ်းက အထိတ်တလန့် မေးသည်။

"ဒီအကုသိုလ်တွေ ဘာလို့ အိမ်ယူလာတာလဲ"

"လှလို့ပါ၊ ပြီးတော့ တစ်နေ့ အသုံးကျရင်လဲ ကျမှာမို့မှာ"

ဦးတင်အောင်လင်း ကျီစယ်ဟန်ဖြင့် ပြုံး၍ ပြောသည်။

ဒေါ်ငြိမ်းငြိမ်း မပြုံးနိုင်ခဲ့။ အတော်နှင့်လည်း ဘာစကားမျှ မပြောနိုင်ခဲ့။ ဆွံ့အကန့်ကွက်ရမည့်အစား ဦးတင်အောင်လင်းထံမှ ကြင်နာမှုကိုသာ တောင်းခံရန် မျက်ဝန်းများဖြင့် ကြည့်နေသည်။ ယင်းမျက်ဝန်းများတွင် မျက်ရည်ကြည် ပြည့်နေသည်။ ယင်းမျက်လုံးမျိုးဖြင့် မိမိ၏အဒေါ် ဒေါ်သုဇာ မိမိအား ကြည့်ခဲ့သည်ကို ဒေါ်ငြိမ်းငြိမ်း မှတ်မိနေသည်။

"ရှင်သိဖို့က ဒေါ်လေးမြိုင်ဟာ အိပ်နေရင်း သူ့အလိုအလျောက် သေဆုံးတာပါ၊ ကျွန်မတို့ဆီက ကရုဏာကို တောင်းခံတာ မရခဲ့လို့ စိတ်ကျပြီး ဆုံးခဲ့ရတာ"

"ဟုတ်ပါပြီလေ၊ ဒါကို ကိုယ် သံသယမရှိပါဘူး၊ ဘယ်လိုနည်းနဲ့ပဲ ဆုံးဆုံးပေါ့၊ ကိုယ်ကတော့ ကျေနပ်နေတာပါပဲ"

ဦးတင်အောင်လင်းက အိမ်မှ ထွက်သွားသောအခါ ဒေါ်ငြိမ်းငြိမ်း ပန်းအိုးထဲမှ ငှက်မွေးများကိုယူသည်။ ခြံထောင့် တစ်နေရာတွင် မြှုပ်ပစ်လိုက်သည်။

သို့သော် နောက်တစ်နေ့တွင် ငှက်မွေးများ ရှိမြဲနေရာ၌ ရှိနေတတ်ဆဲ။

လေး

ဒေါ်ငြိမ်းငြိမ်းမှာ အယူရှိသည်။ သည်ရောဂါသည် ဆွေစဉ်မျိုးဆက် လိုက်တတ်သည်ဟူသော အယူဖြစ်သည်။

သူမ မမြင်ဖူးလိုက်သော အဘိုးမှာ သည်ရောဂါဖြင့်ပင် ဆုံးသည်။

သူမ၏ မိခင်နှင့် နောက်ဆုံး သူမ၏အဒေါ်ဖြစ်သူ ဒေါ်သူဇာမြိုင်အထိ သည်ရောဂါဖြင့်ပင် ဆုံးခဲ့ကြသည်။ သွေးတိုးနှင့် နှလုံးရောဂါ ဖြစ်ပါသည်။

သည်အသက်အရွယ်သို့ ရောက်လာလျှင် ဇွဲမောက်လာတော့သည်။ ပထမတစ်ကြိမ် လေဖြတ်သည်။ ကိုယ်တစ်ပိုင်းသေသည်။ နောက်တစ်ကြိမ်တွင်မူ မျှော်လင့်ချက် မရှိတော့ချေ။

စင်စစ် စိတ်၏ ချောက်ချားမှုလည်း ဖြစ်ကောင်းဖြစ်သည်။'

မှတ်မှတ်ရရ ငှက်မွေးများကို ဦးတင်အောင်လင်း တတိယအကြိမ် ယူလာသောနေ့မှာ ဖြစ်သည်။

ယခုတလော ဦးတင်အောင်လင်း အိမ်ပြန်နောက်ကျတတ်သည်။ ကလပ်တွင် အလုပ်များ၍ဟု အကြောင်းပြသော်လည်း' ဒေါ်ငြိမ်းငြိမ်း ယုံကြည်လှသည် မဟုတ်ပါ။

သို့သော် သူမ ဦးတင်အောင်လင်းကို စောင့်မြဲစောင့်သည်။ ညစာကို အသင့်ပြင်ပေးမြဲ ပြင်ပေးသည်။

ချမ်းအေးသောတစ်ညတွင် ထုံးစံအတိုင်း ဦးတင်အောင်လင်း အိမ်ပြန်နောက်ကျသည်။ ဒေါ်ငြိမ်းငြိမ်း အိမ်ဝရန်တာမှ ကုလားထိုင်တစ်လုံးနှင့် ထွက်၍ စောင့်မိသည်။ မေ့ခနဲ အိပ်ပျော်သွားမိသည် ထင်သည်။

နောက်ပိုင်း၌ သူမ လှုပ်ရှား၍ မရတော့ချေ။

ဦးတင်အောင်လင်းက သူမအား အိမ်အတွင်းသို့ ပွေ့ယူလာသည်။ ဆရာဝန်ခေါ်သည်။ ဆရာဝန်နှင့်အတူသူနာပြုဆရာမ တစ်ယောက်လည်း ပါလာသည်။

ပထမအကြိမ် လေဖြတ်ခြင်း ဖြစ်သည်။

သည်နောက်ပိုင်းတွင် ကောင်းစွာ လှုပ်ရှား၍ မရတော့ချေ။ သူမသည် အိပ်ရာထဲမှာ လဲလျှင်လဲ၊ မလဲလျှင် သည်ပက်လက်ကုလားထိုင်မှာသာ ဖြစ်သည်။ ခါတိုင်းလို ဦးတင်အောင်လင်းကို မစောင့်နိုင်တော့ချေ။ ညစာကို ပြင်မပေးနိုင်တော့ပေ။

လဲလျောင်းနေလျှင်ပဲဖြစ်ဖြစ်၊ ထိုင်နေလျှင်ပဲဖြစ်ဖြစ် သူမ မြင်နေရသည်က ရောင်စုံငှက်မွေးများ။ သူမကိုယ်တိုင်လည်း စွန့်မပစ်နိုင်။ စွန့်ပစ်တိုင်းလည်း ဦးတင်အောင်လင်းက ထပ်မံယူလာမြဲ။



တစ်နေ့ ဦးတင်အောင်လင်း ပြန်လာသောအခါ သူမ မီးလင်းဖိုဘေးက ကုလားထိုင်မှာ ရှိနေသည်။ မျက်ရည်တွေတွေ ကျနေသည်။

ဦးတင်အောင်လင်းကို တွေ့သောအခါ သူမ ဒေါသတကြီး အော်ပြောသည်။

"ကျွန်မ ဒေါ်လေးမြိုင်ကို မသတ်ဘူး၊ ဘယ်သူ့ကိုမှလဲ မသတ်ဘူး၊ ဒေါ်လေးမြိုင်သေတာ သူ့ဘာသာ သေတာ၊ အိပ်ရာထဲမှာ အိပ်ပျော်ရင်း သေသွားတာ"

ထို့နောက် သူမ ဒုတိယအကြိမ် လေဖြတ်ခြင်းကို ခံစားရသည်။ သူမကို အိပ်ခန်းဆီသို့ ခေါ်သွားရသည်။ သည်တစ်ကြိမ်တွင် သူမ ကိုယ်တစ်ပိုင်းသေသွားခဲ့သည်။ စကားမပြောနိုင်တော့ပါ။ သူမထံမှ ထွက်လာသောအသံမှာ လေလုံးမကွဲတော့ပါ။ ဗလုံးဗထွေးသာ ဖြစ်သည်။ တိရစ္ဆာန်တစ်ကောင်၏ ညည်းညူသံမျိုးသာ ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် ဦးတင်အောင်လင်း သူမ၏ အိပ်ခန်းဆီသို့ ရောက်လာသည်။ သူမ ငြိမ်သက်နေသည်။ သူမ၏ မျက်ဝန်းများမှာ ဒေါ်သူဇာမြိုင်၏ မျက်ဝန်းမျိုး ဖြစ်လာသည်။ တောင်းပန် အသနားခံဟန်ဖြင့် ဦးတင်အောင်လင်းကို စူးစိုက်ကြည့်နေသည်။

ဆရာဝန် ရောက်လာသည်။ ဆရာဝန်က တစ်နေ့တွင် တတိယအကြိမ် လေဖြတ်ခြင်း ခံရမည်။ ထိုအခါ မျှော်လင့်ချက် မရှိနိုင်ဟု ပြောသည်။ သို့သော် မနက်ဖြန်ဖြစ်ချင်ဖြစ်မည်။ ခြောက်လကြာချင် ကြာနိုင်သည်။

ဦးတင်အောင်လင်း၏မျက်နှာမှာ နက်နဲသော အတွေးဖြင့် ငြိမ်သက်နေခဲ့သည်။

သည်လိုနှင့် နေ့ပေါင်းများစွာ ကျော်ဖြတ်လာသည်။ လပေါင်းများစွာ ကုန်လွန်ခဲ့သည်။ ဒေါ်ငြိမ်းငြိမ်း၏ အခြေအနေမှာ တိုးတက်၍လည်း မလာ၊ ဆုတ်ယုတ်၍လည်း မသွားခဲ့။ ပိုမိုအိုမင်းလာခြင်းသာ ရှိသည်။

သူနာပြု ဆရာမက သန့်ရှင်းစွာ ပြုပြင်ပေးထားသော အိပ်ရာခင်း ဖြူဖြူအပေါ်ဝယ် သူမသည် အရိုးပေါ် အရေတင် အခြေအနေသာ ရှိနေတော့သည်။ သူမ၏ အိပ်ရာအနီးသို့ စိတ်လိုလက်ရရှိသည့်အခါ ဦးတင်



အောင်လင်း ရောက်လာတတ်သည်။ အပေါ်စီး အမြင်ဖြင့် စူးစိုက်စွာ ကြည့်နေလေ့ရှိသည်။ သူ၏ မျက်နှာထားကား ထုံးစံအတိုင်း ပြုံးပြုံးရွှင်ရွှင် ဖြစ်သည်။ သို့သော် သူ၏ မျက်ဝန်းများမှာ အမေးပုစ္ဆာတို့ဖြင့် ပြည့်နေသည်။ ဒေါ်သူဇာမြိုင်တုန်းကလိုပင် ဖြစ်သည်။

ဘယ်တော့လဲ။

ဘယ်နေ့လဲ။

များမကြာမီ ဦးတင်အောင်လင်းသည် မလေးနွယ်ကို အိမ်သို့ဖိတ်ခေါ်လာလေသည်။ သူတို့နှစ်ဦး ဒေါ်ငြိမ်းငြိမ်းအိပ်ရာဘေးမှာ ရပ်လျက် စူးစိုက်ကြည့်လာသောအခါတိုင်း ဒေါ်ငြိမ်းငြိမ်း၏ မျက်ဝန်းများက စကားပြောလာသည်။ ကန့်ကွက်သည်။ ငြင်းပယ်သည်။ သို့သော် ယင်းအဓိပ္ပာယ်ကို သူမ၏ မျက်ဝန်းများမှ မည်သူကမျှ မဖတ်ရှုနိုင်ခဲ့ကြပါ။ မရပ်မိနိုင်ခဲ့ကြပါ။

သူတို့ ဒေါ်ငြိမ်းငြိမ်းရှေ့မှာပင် လှေကားဆီသို့ အတူလျှောက်သွားကြသည်။ လှေကားမှ အတူဆင်းသွားကြသည်။ ကားနှင့်အတူ ထွက်သွားကြသည်။ ဒေါ်ငြိမ်းငြိမ်းမှာ နေရောင်ခြည် ဝင်လေ့ရှိသော ပြတင်းပေါက်ပေါင်ပေါ်မှာ တင်ထားသော ပန်းအိုးကိုကြည့်လျက် ကျန်ရစ်မြဲဖြစ်သည်။

သို့ဖြင့် မျှော်လင့်သောနေ့သို့ ရောက်လာသည်။ ထိုနေ့တွင် ဦးတင်အောင်လင်းသည် အတော်ကြီးညဉ့်နက်မှ အိမ်သို့ ပြန်ရောက်သည်။ ဒေါ်ငြိမ်းငြိမ်းနတင်ဘေးမှာ ရပ်သည်။ ဂျာကင်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ ဒေါ်ငြိမ်းငြိမ်း၏ ပါးစပ်နှင့် နှာခေါင်းပေါက်ဝသို့ လာကပ်သည်။

"ဟင်...မင်းသေခဲ့တာ ကြာပါပကော၊ ကြည့်စမ်း ငှက်မွေးကလေးတွေ လေတိုးလို့ လှုပ်တာတောင် မမြင်ရတော့ပါလား"

မည်သည့် အခက်အခဲမျှ မရှိပါ။

ဒေါ်ငြိမ်းငြိမ်း ဆုံးပါးပြီး ခြောက်လအကြာတွင် ဦးတင်အောင်လင်း မလေးနွယ်နှင့် လက်ထပ်ခဲ့သည်။ သူ၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အောင်မြင်နေသည်။ နောက်ထပ် မြေများ၊ ခြံများဝယ်သည်။



ကားများဝယ်သည်။ သို့ဖြင့် ဦးတင်အောင်လင်းသည် မြို့၏ အချမ်းသာဆုံးလူ စာရင်းဝင် ဖြစ်လာသည်။ သူချစ်သော ဇနီးချောနှင့် သာယာချမ်းမြေ့သောဘဝတွင် အခြေချနိုင်ခဲ့ပြီဟု ထင်မှတ်ဖွယ်ဖြစ်သည်။

သူသည် ၅၀ကျော်ခဲ့ပြီ။ လူအိုလူမင်းစာရင်းဝင် ဖြစ်ခဲ့ပြီ။ အသောက်အစားကျူးသူဖြစ်သဖြင့် မတန်တဆ ဝရှဲနေသည်။ သွေးတိုးနှင့် နှလုံးရောဂါ စခဲ့ချေပြီ။

မလေးနွယ်က သူနှင့်အပြင်တွဲသွားရန် ငြင်းပယ်စ ပြုလာသည်။ လုပ်ငန်းဆောင်တာအဝဝကို သူမကပင် ဦးစီးနေသည်။

သည်လိုနှင့် ဦးတင်အောင်လင်း ၅၅နှစ်ပြည့်သောအခါ ပထမအကြိမ် လေဖြတ်ခြင်းကို ခံစားရသည်။ သူ၏ အချိန်ကာလများကို အိပ်ရာနှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ကုန်ဆုံးရန် ဖြစ်လာသည်။

သူသည် အိပ်ရာပေါ်မှလည်းကောင်း၊ ပက်လက်ကုလားထိုင်ပေါ်မှလည်းကောင်း၊ မှန်တွင်အလှပြင်နေသော နုနယ်ပျိုမြစ်ဆဲ၊ လှပဆဲ မလေးနွယ်ကို စောင့်ကြည့်ကာ ရင်ထဲမှာ မနှစ်ရှိယစိတ်များ ပွားများနေမိသည်။

ယခုလည်း မလေးနွယ်သည် လှပမွှေးပျံ့သော အနေအထားဖြင့် သူ့ကို နှုတ်ဆက်သည်။

"အစ်ကိုကြီး နွယ် ဘိလိယက်ကလပ်ကို သွားမလို့၊ ဒီည အစည်းအဝေးရှိတယ်၊ နောက်ကျချင် ကျမယ်"

ပြောပြောဆိုဆိုနှင့်ပင် မလေးနွယ်သည် ဧည့်ခန်းမှာရှိနေသည့် ငှက်မွေးပန်းအိုးကို အိပ်ခန်းသို့ ယူဆောင်လာသည်။ ဦးတင်အောင်လင်း မြင်လောက်သော နေရာမှာ ထားသည်။

မလေးနွယ် ထွက်သွားသောအခါ ဦးတင်အောင်လင်း အိပ်ရာမှ ကြိုးစား၍ ထသည်။ ပန်းအိုးဆီသို့ အားယူလာသည်။ ပန်းအိုးကို ယူသည်။ ငှက်မွေးများကို အမှိုက်ခြင်းထဲသို့ ထည့်လိုက်သည်။

စင်စစ် ဤသည်တို့မှာ အပြောရလွယ်သလောက် လေဖြတ်ထားသူတစ်ဦးအဖို့ ခက်ခဲသော အလုပ်ဖြစ်သည်။ သူသည် မောပန်းနေသည်။ နွမ်းနယ်နေသည်။ ခုတင်သို့ အတန်တန်ကြိုးစားပြီး ပြန်လာခဲ့ရခြင်း

ဖြစ်သည်။

ညဥ့်အတန် နက်မှ မလေးနွယ် ပြန်ရောက်လာသည်။ ရေမွှေးနံ့နှင့် ယမကာအနံ့များ သင်းနေသည်။

သူမ သူ့ခုတင်ဘေးသို့ လာရပ်သည်။ အထက်စီးမှ ငုံ့ကြည့်ကာ သူမ၏ လက်မွေ့အိတ်ထဲမှ ငှက်မွေးကို ထုတ်ယူလိုက်သည်။ ဦးတင်အောင်လင်း၏ ပါးစပ်နှင့် နှာခေါင်းရှေ့သို့ တွန်းပို့ရင်း...

"ကြည့်စမ်း အစ်ကိုကြီးသေခဲ့တာ ကြာပါပြီကော၊ ငှက်မွေးကလေးတွေ လေတိုးလို့ လှုပ်တာတောင် မမြင်ရတော့ပါလား၊ ဖြစ်မှ ဖြစ်ရလေ အစ်ကိုကြီးရယ်"

ထိုညမှာပင် ဦးတင်အောင်လင်း ကွယ်လွန်သည်။

ငှက်မွေးကလေးများ၏ လျှို့ဝှက်ချက်ကို မလေးနွယ် မည်သည့်နေရာက ရခဲ့သည်၊ ယင်းလျှို့ဝှက်ချက် မည်သို့ပေါက်ကြားသွားခဲ့သည်ဆိုသည့် အကြောင်းကို မသိလိုက်ရဘဲနှင့် ဖြစ်ပါသည်။

မောင်သိန်းဆိုင်




# မသေဆေးပင်ရှာဖွေသူ

## မြသိန်း

သူ့အမည်မှာ ရိမ်းဂဲလ်ဒါး ဖြစ်သည်။

သူသည် လူကောင် ညှက်ညှက်၊ အရပ်က ငါးပေသာသာ။

သူ့အသက်မှာ ငါးဆယ်ဝန်းကျင်ခန့်သာ။

ကျွန်ုပ်၏ သင်္ဘော ပို့ဆက်ဆိပ်ကမ်း၌ ဆေးရုံနားထားစဉ် ရင်းဆိပ်ကမ်းရှိ စားသောက်ဆိုင် တစ်ဆိုင်၌ သူနှင့် ကျွန်ုပ်ဆုံစည်းမိခြင်းဖြစ်သည်။

ကျွန်ုပ်မိတ်ဆွေတစ်ယောက်က ကျွန်ုပ်ကို သူနှင့် မိတ်ဆက်ပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ထိုင်၍ စကားပြောပြီး ငါးမိနစ်ခန့်အကြာ၌ ရိမ်းဂဲဒါးလ်က

"ခင်ဗျားသင်္ဘောကို ကျုပ် စင်းလုံးငှားချင်တယ်"

ဟု ရုတ်တရက် ပြောလာသည်။

ကျွန်ုပ် အံ့အားသင့်သွားသည်။

သူနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးသော ကျွန်ုပ်မိတ်ဆွေက–

"သူက သူဌေးဗျ" ဟုသာ ပြောသည်။

"ဘာအတွက် ငှားချင်ရတာလဲ" ကျွန်ုပ်က မေးသည်။



"ကျုပ် မသေဆေးပင် ရှာချင်လို့" ဟု သူက ပြော၏။

ဒီလူ စိတ်မနှံ့ဘူး ထင်တယ်ဟု ကျွန်ုပ်စိတ်ထဲ၌ ရေရွတ်လိုက်သည်။

"ခင်ဗျားက ဘယ်နှစ်လ ငှားမှာလဲ"

ကျွန်ုပ်က မေးလိုက်သည်။

"ခြောက်လ"

သူ၏အဖြေ။

"ဘယ်ဒေသကို သွားမှာလဲ"

"အရှေ့အိန္ဒိယကျွန်းစုနဲ့ ပစိဖိတ်က ကျွန်းတွေကို သွားမယ်"

ကျွန်ုပ်မေးခွန်းကို သူက ဖြေ၏။

ထို့နောက် ကျွန်ုပ်တို့သည် သင်္ဘောငှားခ ဈေးနှုန်းကို ညှိနှိုင်းကြရာ ကျွန်ုပ် တောင်းသော ဈေးနှုန်းကို သူကပေးမည်ဟု ပြောသောကြောင့် ကျွန်ုပ်တို့သည် ခြောက်လစာ သင်္ဘောငှားခ စာချုပ်ကို ချုပ်လိုက်ကြ၏။

ကျွန်ုပ်တို့သည် စင်ကာပူမှ တစ်ဆင့် အရှေ့အိန္ဒိယ ကျွန်းစုများဆီသို့ သွား၏။

လူသူအရောက်အပေါက်နည်းသော ကျွန်းသို့ ရောက်တိုင်း ရိမ်းဂဲလ်ဒါးသည် သင်္ဘောကို ရပ်စေပြီး သူသည် ဓားတစ်ချောင်းဖြင့် ကျွန်းပေါ်သို့ တက်သွားလေ့ရှိ၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် သူနှင့်အတူတူ လိုက်ပါသွား၏။

သူက–

"ကျုပ်ရှာတဲ့ မသေဆေးပင်ဆိုတာ ရိုးတံ တစ်ခုထဲက အနက်ရောင်နဲ့ အနီရောင် ပန်းပွင့် နှစ်ပွင့်ပွင့်တဲ့ အပင်ဖြစ်တယ်၊ အဲဒီ ပန်းနှစ်ပွင့်ထဲက အနက်ပန်းပွင့်ဟာ မသေဆေးပဲ၊ အနီပန်းပွင့်ကတော့ ဆန့်ကျင်ဘက်ဖြစ်တယ်" ဟု ကျွန်ုပ်ကို ပြောပြသည်။

"ခင်ဗျားကို ဒီအကြောင်း ဘယ်သူက ပြောတာလဲ" ဟု ကျွန်ုပ်က မေးရာ–

"ဒီလိုပဲ ခေတ်အဆက်ဆက် လူကြီးတွေ ပြောခဲ့တာ၊ ကျုပ်ရဲ့ အဖိုးက ကျုပ်ကို ပြောပြထားလို့ ကျုပ်သိရတယ်" ဟု သူက ဖြေ၏။

တစ်နေ့ မွန်းလွဲပိုင်းတွင် ရိမ်းဂဲလ်ဒါးသည် ကျွန်းတစ်ကျွန်းတွင် ရှာဖွေမှု ပြုရာမှ ပြန်အလာ၌ သူ့လက်ထဲ၌ အနီရောင်ပန်းပွင့်နှစ်ပွင့်ကို ကိုင်၍ သင်္ဘောပေါ် တက်လာသည်။ ပန်းပွင့်များမှာ ရိုးတံတစ်ခုထဲမှ ဖြာ၍ ထွက်လာသော ပန်းပွင့်များဖြစ်ပါ၏ အလွန်လှသော ပန်းပွင့်များဖြစ်၏။

"ခင်ဗျား ရခဲ့ပြီလား"

ကျုပ်က မေးရာ သူက ခေါင်းခါရင်း-

"အနက်တစ်ပွင့်၊ အနီတစ်ပွင့်ဖြစ်ရမယ် ဗျ" ဟု သူက ပြောသည်။

သူသည် သင်္ဘောပေါ် ရောက်ရောက်ချင်း ကျွန်ုပ်တို့လက်တိုလက် တောင်း ခိုင်းလေ့ရှိသော တရုတ်ကပြား သင်္ဘောသားလေးကိုခေါ်ပြီး-

"မင်းရဲ့ အိပ်ရာခေါင်းရင်းမှာ ပန်းအိုးရှိတယ် မဟုတ်လား၊ အဲဒီ ပန်းအိုးမှာ ဒီပန်းပွင့်တွေကို ထိုးထားလိုက်" ဟု ပြောပြီး ပေးလိုက်သည်။

ထို တရုတ်သင်္ဘောသားလေးမှာ ကျွန်ုပ်၏ အခန်းနှင့်ကပ်လျက် အခန်းကျဉ်းကလေးထဲ၌ တစ်ယောက်တည်းနေသော သင်္ဘောသားလေး ဖြစ်သည်။

ကျွန်ုပ်၏ ဗီပည့်အရင်းတစ်ယောက် ဖြစ်၏။ သူ၏ ခေါင်းရင်း ရှိ ပန်းအိုးတွင် ပန်းများထိုးခြင်း၊ အမွှေးတိုင်များ မီးထွန်းခြင်းကို အမြဲ ပြုလုပ်လေ့ရှိ၏။

နောက်ဆုံးလေးရက်ခန့်အကြာတွင် တရုတ်သင်္ဘောသားလေးသည် မျက်နှာဖြူပုတ်ဖြူရော်နှင့် ကျွန်ုပ်ထံလာ၍

"ကျွန်တော် ခေါင်းသိပ်ကိုက်တယ်၊ နေမကောင်းဘူး ကပ္ပတိန်"

ဟု ပြောရာ ကျွန်ုပ်က

"နေမကောင်းရင် နား၊ မင်းအခန်းထဲမှာ နား"

ဟု ကျွန်ုပ်က ပြောလိုက်၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် တရုတ်သင်္ဘောသားလေး၏ အခြေအနေကို သိလို၍ သူ၏ အခန်းသို့သွား၏။ အခန်းတံခါးကို ဖွင့်လိုက် သည်နှင့် စိမ်းရွှေရွှေအနံ့ဆိုးကြီး ထွက်လာရာ ကျွန်ုပ်သည် နှာခေါင်းကို ပိတ်ထားလိုက်မိ၏။



မိနစ်အနည်းငယ် ကြာသောအခါ အခန်းထဲ၌ရှိသော မကောင်းသော အနံ့များ ကင်းစင်ပြီဟု ယူပြီး ကျွန်ုပ်သည် အခန်းထဲသို့ ဝင်သွား၏။

သို့သော် တရုတ်ကလေးသည် အိပ်စင်ပေါ်တွင် သေနေသည်ကို ကျွန်ုပ်တွေ့ရ၏။

သူ၏ ခေါင်းရင်းမှ ပန်းပွင့်အနီများမှ စိမ်းရွှေရွှေအနံ့ ထွက်နေသည် ကို ကျွန်ုပ် သတိပြုမိ၏။

"တရုတ်ကလေးသေတာ၊ ဒီပန်းပွင့်က ထွက်တဲ့ အနံ့ကို ရှူမိလို့ ဖြစ်ရမယ်"

ဟု ကျွန်ုပ်သည် စိတ်ထဲမှ ပြောလိုက်မိ၏။

ထိုအခိုက် ရိမ်းဂဲလ်ဒါး ရောက်လာ၏။

ကျွန်ုပ်က သူ့ကို ကျွန်ုပ်၏ထင်မြင်ချက်ကို ပြောလိုက်ရာ သူသည် ပြုံးရင်း ပန်းပွင့်နှစ်ပွင့်ကိုယူပြီး ပင်လယ်ထဲသို့ ပစ်ချလိုက်လေတော့၏။

"သေချာတယ်ဗျ၊ ဒီအနီရောင် ပန်းပွင့်ဟာ မရဏ ပန်းပွင့်ဆိုတာပဲ၊ ဆန့်ကျင်ဘက် အနက်ရောင် ပန်းပွင့်ရရင်ဖြင့် ကျုပ်တော့ ဒီတစ်သက် မသေတော့ဘူး"

ဟု ဝမ်းသာသောအသံနှင့် ပြော၏။

"အင်း...ခင်ဗျားက ကျုပ်ရဲ့ တပည့်အပေါ် စမ်းသပ်မှုပြုလုပ်လိုက် တာကိုး"

ဟု ပြောလိုက်မိ၏။

သူ့အပေါ် ကျွန်ုပ်သည် မကျေမနပ် ဖြစ်မိ၏။

ကျွန်ုပ်သည် အခြားသင်္ဘောသားများကိုခေါ်ပြီး တရုတ်ကလေး၏ အလောင်းကို ပင်လယ်ထဲချကာ သင်္ဂြိုဟ်လိုက်၏။

နောက်ငါးရက်ခန့်အကြာတွင် ကျွန်ုပ်တို့သည် ကျွန်းတစ်ကျွန်းသို့ ရောက်သွား၏။ သင်္ဘောကို ကျောက်ချရပ်နားပြီး ရိမ်းဂဲလ်ဒါးနှင့် ကျွန်ုပ် သည် ဓားကိုယ်စီဖြင့် ကျွန်းပေါ်သို့ တက်သွားကြ၏။

ရိမ်းဂဲလ်ဒါးသည် သူ၏ ဓားဖြင့် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းရင်း အရှေ့က သွား၏။ သူသည် အလွန်ပင် စိတ်အားထက်သန်နေသူ ဖြစ်၏။



ကျွန်ုပ်သည် သူ၏နောက်မှ ကိုက်လေးငါးဆယ်ခန့်အကွာ၌ ခပ်မှန်မှန်သွား၏။

ကျွန်း၏ အလယ်ဗဟိုဟု ယူဆရသော နေရာတွင် အလွန်ပြန့်ပြူး သော မြေကွက်လပ်တစ်ခုကို တွေ့ရ၏။ ထိုကွက်လပ်၏ အလယ်တွင် ရေအိုင်ငယ်လေးတစ်ခုကို တွေ့ရ၏။ ရေအိုင်၏အလယ်တွင် ကျွန်းသဏ္ဍာန် ကုန်းမို့မို့လေး၊ ထိုကုန်းမို့မို့လေး၏ ထိပ်၌ ရိုးတံရှည်ရှည်နှင့် အနီရောင် ပန်းပွင့်ကြီး တစ်ပွင့်-

"တွေ့ပြီ... တွေ့ပြီ"

ရိမ်းဂဲလ်ဒါးသည် ဝမ်းသာအားရ အော်ဟစ်ရင်း ပန်းပွင့်ကြီးဆီသို့ အသော့နှင်သွား၏။

ကျွန်ုပ်သည် ပြန့်ပြူးသော မြေကွက်လပ်၏ အစပ်တွင် ရပ်နေမိသည်။ ရှေ့သို့ ဆက်သွားရန် စိတ်က လေးနေသည်။

ကျွန်ုပ်နှင့် ပန်းပွင့်မှာ ပေရှစ်ဆယ်ခန့်ကွာ၏။ ကျွန်ုပ်က ပန်းပွင့် ကို အသေအချာကြည့်ရာ အနီရောင်ပန်းပွင့်နှင့်ကပ်လျက်နေရာ၌ အနက် ရောင် ပန်းပွင့်ကို တွေ့ရ၏။

ကျွန်ုပ်တစ်သက်နှင့် တစ်ကိုယ် ဤမျှလှသော ပန်းပွင့်မျိုးကို တစ်ခါမျှ မမြင်ဖူးပေ။ ပန်းပွင့်နှစ်ပွင့်မှာ ရိုးတံတစ်ခုတည်းမှ ထွက်နေခြင်း ဖြစ်ပြီး ထမင်းစားပန်းကန်ပြားခန့်မျှ ကြီးမား၏။

ရိမ်းဂဲလ်ဒါးသည် ဓားတဝင့်ဝင့်နှင့် ပန်းပွင့်ဆီသို့ တစ်ဟုန်ထိုး ပြေးသွားကာ ရေအိုင်၏အလယ်ရှိ ကုန်းမို့မို့သို့ကူးပြီး ပန်းပွင့်၏ ရိုးတံကို အခြေမှပိုင်းကာ ပန်းပွင့်များကို ခူးလိုက်၏။

"ငါတော့ မသေဆေးတွေ့ပြီ"

ဟူ၍ သူ၏နှုတ်မှ အော်လိုက်သေး၏။

ထိုအခိုက် ကျွန်ုပ်သည် အံ့အားသင့်ဖွယ်ရာနှင့် ကြုံတွေ့လိုက်ရ၏။

ရိမ်းဂဲလ်ဒါး ခြေချထားသော ကုန်းမို့မို့မှ မြေများသည် ရေအိုင် ထဲသို့ မြုပ်ဆင်းသွားရာ ရိမ်းဂဲလ်ဒါးသည်လည်း ရေအိုင်ထဲသို့ ကျွံဝင် သွား၏။



ကျွန်ုပ်သည် ရေအိုင်ကို သေသေချာချာကြည့်ရာ ပလုံစီများ ထလာပြီး ရိမ်းဂဲလ်ဒါးကို အောက်သို့ ဆွဲခေါ်သွားလေတော့၏။

"ကယ်ပါ... ကျွန်ုပ်ကိုကယ်ပါ ကပ္ပတိန်"

သူသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကျွန်ုပ်ကို အကူအညီတောင်း ရင်း ရေထဲ တဖြည်းဖြည်း နစ်မြုပ်သွားရှာ၏။

ပန်းပွင့်နှစ်ပွင့်မှာလည်း သူနှင့်အတူ ပါသွားတော့၏။

ကျွန်ုပ်တစ်သက်နှင့် တစ်ကိုယ် လူတစ်ယောက် ဤမျှလျင်မြန်စွာ ပျောက်ကွယ်သွားသည်ကို ပထမဆုံးအကြိမ် မြင်ဖူးလိုက်ခြင်း ဖြစ်၏။

ရိမ်းဂဲလ်ဒါးသည် မစူးစမ်း မဆင်ခြင်ဘဲ ပန်းပွင့်ကို လိုချင်စောဖြင့် ရေအိုင်နှင့် ရေအိုင်အလယ်မှ ကုန်းမို့မို့ကို အန္တရာယ်မရှိဟု ထင်လိုက် ခြင်းဖြစ်သောကြောင့် ယခုကဲ့သို့ ဘေးဒုက္ခဆိုးကြီးကို ကြုံတွေ့လိုက်ရခြင်း ဖြစ်၏။

ငင်းရေအိုင်အောက်ခြေတွင် မရဏသဲနုန်းများရှိရာ ၎င်းသဲနုန်းများ သည် လူကိုသာမက ဆင်ကဲ့သို့သော သတ္တဝါကြီးများကိုပင် အောက်သို့ ရောက်အောင် ဆွဲအားကောင်းသော သဲနုန်းများဖြစ်ကြောင်း နောင်သော အခါမှ ကျွန်ုပ်သိရှိရ၏။

အကယ်၍ ကျွန်ုပ်သည်သာ ပန်းပွင့်ကို သူနှင့်အပြိုင် လုယက်ခဲ့ပါက ကျွန်ုပ်သည် ဤဇာတ်လမ်းကို ရေးခွင့်ရတော့မည် မဟုတ်...။

မြသိန်း

**(Michael Gwynn ၏ The Death Plant ကို ဘာသာပြန်သည်။)**




# ဦးဘာဘာ ဘာမှပြောစရာမရှိပါ

ဆွေမြင့်

ညိုမိဟာ တရားရုံးတော်ထဲမှာရှိတဲ့ ခုံတန်းလျားတစ်နေရာမှာ ထိုင်နေတယ်။ သူမရဲ့ ဘေးပတ်ဝန်းကျင်မှာလည်း အမှုနဲ့ပတ်သက်ရာ ပတ်သက်ကြောင်း ပရိသတ်တွေ၊ သူမလိုပဲ အမှုလျှောက်လဲတာကို လေ့လာဖို့ ရောက်နေကြသူတွေ ထိုင်နေကြတယ်။

အမှုကတော့…အမျိုးသမီးတစ်ယောက် ကားတိုက်ခံရပြီး သေဆုံးသွားတဲ့အမှု ဖြစ်ပါတယ်။ ပရိသတ် စိတ်ဝင်စားတာက တရားခံဘက်က လိုက်ပါဆောင်ရွက်မယ့် ဝတ်လုံတော်ရရှေ့နေ ဦးတင်မောင်လတ် ဖြစ်ပါတယ်။ နယ်ချဲ့ မျက်နှာဖြူ ဗြိတိသျှ အုပ်ချုပ်နေတဲ့ အချိန်ကာလမှာ ဥပဒေအကျိုးဆောင် ဝတ်လုံတော်ရနဲ့ ဟိုက်ကုတ်ရှေ့နေ စတဲ့ ပုဂ္ဂိုလ်တွေဟာ အမှုအမျိုးအစား တစ်ခုချင်းအပေါ်မှာ အထူးပြုပြီး နာမည်ကျော်ဖြစ်နေခဲ့ပါတယ်။ ဥပမာ– အမွေမှုဆိုရင် ဝတ်လုံတော်ရ ဦးဘယ်သူကို ငှားပြီးဆောင်ရွက်ရင် အနိုင်ရတယ်၊ အမျိုးသမီးကို အနိုင်အထက် ကျူးလွန်မှုမှာ ဘယ်ဝတ်လုံတော်ရက အနိုင်ရအောင် ဆောင်ရွက်နိုင်တယ်။ အလွဲသုံးစားမှုမှာ ဘယ်သူက အတော်ဆုံး ဝတ်လုံတော်ရဖြစ်တယ် ဆိုတဲ့ အစွဲအလမ်းတွေ ရှိခဲ့ကြပါတယ်။



ဒါကြောင့် အခု စစ်ဆေးမယ့် ကားတိုက်ခံရပြီး လူသေမှုအတွက် ဝတ်လုံတော်ရ ဦးတင်မောင်လတ်ကို တရားခံဘက်က အားကိုးအားထားပြုပြီး ဆောင်ရွက်ခဲ့တာပါ၊ အဲ့ဒီခေတ်ကာလတုန်းက လူသတ်မှု၊ လူသေမှု စတဲ့ အမှုတွေမှာ ဦးတင်မောင်လတ်သာ ပါဝင်လျှောက်လဲခဲ့ရင် တရားခံဘက်က ကိုးဆယ်ရာခိုင်နှုန်း အနိုင်ရသွားလေ့ရှိတယ်။ ကျန်တဲ့ ဆယ်ရာခိုင်နှုန်းဟာလည်း လျော့ပေါ့တဲ့ ပြစ်ဒဏ်ကိုသာ စီရင်ခြင်းခံရတယ်လို့ ပြောစမှတ်ပြုကြပါတယ်။

ညိုမိက ဝတ်လုံတော်ရ တင်မောင်လတ်ရှိရာဘက်ကို လှမ်းကြည့်အကဲခတ်လိုက်တယ်၊ အဲဒီနေ့က တရားရုံးထဲက ရှိရှိသမျှ လူတွေအားလုံးထဲမှာ တင်မောင်လတ်က ရုပ်ရည်အားဖြင့် အသားနားဆုံး ဖြစ်နေတာတွေ့ရတယ်။ သူ့ရဲ့ ဂုဏ်ပုဒ်အရ ဦးတပ်ပြီး ခေါ်ကြပေမယ့် တကယ်တော့ အသက်လေးဆယ်ကျော်၊ ငါးဆယ်အတွင်း လူလတ်ပိုင်း ဖြစ်ပါတယ်။ အသားလတ်လတ်၊ နက်မှောင်တဲ့ဆံပင်ကို ဗလင်တီနိုပုံစံ ခွဲကြောင်းမပါဘဲ နောက်လှန်ဖြီးထားတယ်၊ မဟာနဖူးနဲ့ မျက်ခုံးထူထူ၊ ညာဘက်ပါးပြင်မှာ စပယ်တင်မှဲ့နဲ့၊ နှာတံပေါ်ပေါ်၊ ပါးလွှာတဲ့နှုတ်ခမ်း၊ အချိုးအဆစ် ပြေပြစ်တဲ့ သူ့ကိုယ်လုံးကို စမတ်ကျကျ ကိုယ်နေးဘန်ထားနဲ့ လိုက်လျောညီထွေ အဆင်ပြေအောင် နေတတ်သူ ဖြစ်ပါတယ်။

အထူးသဖြင့် တင်မောင်လတ်ရဲ့ မျက်လုံးအစုံဟာ ကြည်လင်တောက်ပပြီး ဆွဲဆောင်မှု ညို့တတ်အပြည့်အဝပါရှိတယ်။ အဲ့ဒီ မျက်လုံးအစုံနဲ့ စူးစိုက်ကြည့်ခံလိုက်ရသူတိုင်းဟာ ရင်ထဲမှာ ငြိမ့်ခနဲ၊ သိမ့်ခနဲ ခံစားလိုက်ရတယ်။ သူ့အသံဟာလည်း သြဇာရှိပြီး နည်းဗျူဟာတွေကိုလည်း နိုက်နိုက်ချွတ်ချွတ် ကျွမ်းကျင်တယ်။ စိတ်ပညာဆိုင်ရာ ဘာသာရပ်ကိုလည်း လေ့လာတတ်မြောက်ထားသူ ဖြစ်တယ်။

ဥပဒေပညာနဲ့ ပတ်သက်ပြီး သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝရှိတယ်။ အမှုတစ်ခုကို သူကိုင်တွယ်တော့မယ်ဆိုရင် အမှုနဲ့ ပတ်သက်တဲ့ အချက်အလက်၊ အမှုသည်နဲ့ဆက်နွှယ်တဲ့ အကြောင်းအရာတွေကို အသေးစိတ်ဓာတ်ခံခံမြန်မြန် ပြည့်ပြည့်စုံစုံနဲ့ ဟာကွက်မရှိအောင် ကြိုတင် လေ့လာ



ထားပြီး ဖြစ်တယ်။ ဒါကြောင့် အဲ့ဒီခေတ်ကာလတုန်းက တင်မောင်လတ်ကို အမှုအပ်ထားတဲ့ အမှုသည်တိုင်းဟာ အေးအေးဆေးဆေးတည်ငြိမ်စွာ စောင့်ကြည့်နေနိုင်ကြတယ်လို့ ဆိုရိုးစကားတစ်ခု ဥပမာ ဖြစ်ခဲ့ရပါတယ်။

ညိုမိဟာ တင်မောင်လတ်နဲ့ စတွေ့တုန်းကဆိုရင် ရန်ကုန်ယူနီဗာစီတီမှာ ထင်ရှားတဲ့အလှမယ်တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် ညိုမိဟာ ဘိုဆန်တဲ့ မြန်မာကပြားဖြစ်တယ်။ ဒါကြောင့် ဖက်ရှင်တွေ၊ ဒန့်စ်ပါတီတွေတက်တယ်၊ ယောက်ျားလေးတွေနဲ့ ဆက်ဆံရာမှာ မြန်မာမဆန်ဘဲ ရဲတင်းလွန်းတယ်။ ငွေကြေးလည်း ချမ်းသာတယ်။ ညိုမိက သဘောကျပြီဆိုရင် မရရအောင် ဖန်တီးတယ်။ ဒါကြောင့် ငွေကြေးမပြည့်စုံဘဲ ယောကျ်ားပီသတဲ့ တင်မောင်လတ်ဟာ ညိုမိရဲ့ စက်ကွင်းထဲကို ကျဆင်းခဲ့ရတယ်။ ညိုမိရဲ့အဖေ မျက်နှာဖြူအရေးပိုင်ကြီးက အရည်အချင်းရှိတဲ့ တင်မောင်လတ်ကို သဘောကျပြီး ပညာသင်စရိတ် ထောက်ပံ့ပြီး ဘိလပ်ကို စေလွှတ်ပေးတယ်။

နောက်ဆုံး တင်မောင်လတ်ကို ညိုမိနဲ့ အိမ်ထောင်ချပေးခဲ့တယ်။ ညိုမိ့အမေ သွေးတိုးရောဂါနဲ့ ဆုံးသွားတော့ မျက်နှာဖြူကြီးက ဘိလပ်ကို ပြန်သွားခဲ့တယ်။ ညိုမိနဲ့ တင်မောင်လတ်ကို အချိန်မရွေး ဘိလပ်ကို လိုက်လာနိုင်ကြောင်း မှာသွားခဲ့တယ်။ တင်မောင်လတ်က သူ့လုပ်ငန်းအောင်မြင်မယ့် အလားအလာရှိနေတဲ့အတွက် ညိုမိနဲ့အတူ ရန်ကုန်မှာပဲ နေခဲ့တယ်။

တစ်စနဲ့တစ်စ ဝတ်လုံတော်ရလောကမှာ ရေပန်းစားလာတဲ့ တင်မောင်လတ်ဟာ အရွယ်ရင့်လာပြီး ရုပ်ကျလာတဲ့ ညိုမိကို အလေးအနက်ထားစရာမလိုတော့ဘူး။ အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ ဝင်ဆံ့သွားပြီး ဘိုဆန်တာကို ဂုဏ်ယူတဲ့ အသိုင်းအဝိုင်းထဲက မိန်းမချောလေးတစ်ယောက်နဲ့ တင်မောင်လတ် ငြိနေကြတယ်လို့ ညိုမိက ထင်မြင်ယူဆခဲ့တယ်။

အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီနေ့မနက်တုန်းက တရားရုံးမလာခင် သူတို့အိမ်ဂေဟာမှာ ညိုမိနဲ့ တင်မောင်လတ် စကားအချေအတင် ဖြစ်ခဲ့ကြရသေးတယ်။

"ငါ ရက်စက်တာ မဟုတ်ပါဘူး ညိုမိ၊ မင်းအပေါ်မှာ အခုအချိန်ထိ သစ္စာရှိနေတုန်းပါ၊ မိန်းမသားပီပီ သက်သက်မဲ့ သဝန်ကြောင်တဲ့ အတွေးတွေဝင်နေတာပါ၊ ငါက အပြစ်ကင်းစင်သူ၊ ဂုဏ်သိက္ခာရှိတယ်၊ မင်းကို ချစ်မြတ်နိုးစွာနဲ့ ပေါင်းသင်းနေတဲ့ လင်ယောကျ်ားတစ်ယောက်လို့ အများက သတ်မှတ်ထားကြတယ်၊ မင်းလဲ အဲ့ဒီအတိုင်းပဲ သဘောထားလိုက်ရင် ပြီးတာပဲ၊ ဒါပေမဲ့ မင်းကို ငါ မလိမ်ချင်ပါဘူး၊ အမှန်အတိုင်းပြောရရင် ငါ နောက်တစ်ယောက် တွေ့ထားတယ်"

ညိုမိက အိမ်မှာပြစ်ခဲ့တာကို မေ့ထားလိုက်တယ်။

တရားရုံးမှာ တင်မောင်လတ်က မျက်မြင်သက်သေ ဦးဘာဘာကို မေးနေတဲ့ဘက်မှာ အာရုံပြောင်းလိုက်တယ်။

"ကောင်းပါပြီ ဦးဘာဘာ၊ ကျွန်တော့်အမှုသည် မောင်းလာတဲ့ ကားဟာ မီးပွိုင့်မှာ မီးနီပြနေတုန်းအရှိန်နဲ့ဖြတ်မောင်းပြီး သေသူ ဒေါ်မေရီကို တိုက်သွားတယ်၊ ကိုက် ငါးဆယ်လောက် ရှေ့ဆက်မောင်းသွားပြီး ကားကို ရပ်လိုက်တယ်၊ ကားကို နောက်ပြန်ဆုတ်ပြီး မောင်းလာတယ်၊ ကားတိုက်ခံရလို့ လဲကျနေသူနဲ့ မျဉ်းပြိုင်နေရာမှာ ကားကိုရပ်ပြီး ဆင်းမကြည့်ဘဲရှေ့ဆက်မောင်းသွားတယ်လို့ ခင်ဗျားက သက်သေထွက်ချက် ပေးခဲ့တယ်နော်"

တင်မောင်လတ်ရဲ့ အမှုသည်ဖြစ်သူ မောင်ယုဇင်မှာအသက် ၁၉နှစ်အရွယ်သာသာ ပိန်ပိန်ပါးပါးဖြစ်တယ်။ မောင်ယုဇင်ရဲ့ မျက်နှာလေးဟာ ဆယ်ကျော်သက် ကလေးငယ်ရဲ့ မျက်နှာမျိုး ဖြစ်တယ်။ အပြစ်ကင်းစင်တဲ့ မျက်လုံးအစုံနဲ့ ရှေ့တူရူကို ငေးစိုက်ကြည့်နေတယ်။ သူ့ရဲ့ လက်ဖဝါး နှစ်ဖက်ကို စားပွဲပေါ် တင်ထားတယ်။ သူ့ကိုကြည့်ရတာ လူတစ်ယောက်ကို သွေးအေးအေးနဲ့ ကားနဲ့ တိုက်ပြီး မောင်းထွက်ပြေးသွားတဲ့ လူသတ်သမားတစ်ယောက်နဲ့ လုံးဝ မတူပါဘူး။

ညိုမိဟာ ယခုအချိန်မှာ သူ့မရဲ့လင်ယောကျ်ား ဝတ်လုံတော်ရ တင်မောင်လတ်က ဒီအမှုကို ဘယ်လို လျှောက်လဲမှာလဲဆိုတာ လေ့လာသူ တစ်ယောက်အဖြစ် ရောက်နေတာပါ။



လွန်ခဲ့တဲ့ ရက်သတ္တပတ်တုန်းက တင်မောင်လတ် တစ်ညလုံး အိမ်ပြန်မအိပ်လို့ တင်မောင်လတ်ရဲ့ ရုံးခန်းကို ညိုမိက လိုက်သွားခဲ့တယ်။ အဲ့ဒီအချိန်မှာ မောင်ယုဇင်တို့ သားအဖဟာ တင်မောင်လတ်ရဲ့ အတွင်းဘက်ရုံးခန်းလေးထဲ ရောက်နေကြတယ်။ မောင်ယုဇင်နဲ့ ပတ်သက်ပြီး တင်မောင်လတ်နဲ့ ဆွေးနွေးတိုင်ပင်ဖို့ ရောက်နေကြတာပါ၊ မောင်ယုဇင်ရဲ့ အဖေဟာ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်ပါတယ်။ သူ့ သား မောင်ယုဇင်ဟာ မာစီးဒီးဘင်ဇ်ကားသစ်ကြီးနဲ့ လျှောက်မောင်းပြီ သွားလာနေတာကို ဘယ်တော့မှ ဝက်အူမကြပ်ခဲ့ပါဘူး၊ အခုလို အက်စီးဒင့်ဖြစ်လို့ ကားတိုက်ခံရသူ သေသွားတော့မှ ပျာပျာသလဲနဲ့ လူသေမှု၊ လူသတ်မှုတွေမှာ နာမည်ကြီးနေတဲ့ ဘီလပ်ပြန် ဝတ်လုံတော်ရ တင်မောင်လတ်ဆီကို အမှုလာအပ်တာပါ။

ညိုမိက သူမရဲ့ လင်ယောကျ်ားက အမှုကိစ္စအတွက် အမှုသည်နဲ့ ဆွေးနွေးတိုင်ပင်နေတာကို အလိုက်သိစွာနဲ့ အပြင်ဘက် အခန်းကပဲ ထိုင်စောင့်နေလိုက်တယ်။ မောင်ယုဇင်က အဖြစ်အပျက် ပြောပြနေသံကို သဲသဲကွဲကွဲ ကြားနေရတယ်။

"အမျိုးသမီးတစ်ယောက်ကို ကျွန်တော် ကားနဲ့ တိုက်မိလိုက်တယ်ဆိုတာ မသိလိုက်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်း လမ်းမကြီးပေါ်မှာ မောင်းလာတုန်းမှာ လမ်းတစ်လမ်းလုံး ရှင်းနေတယ်၊ ယာဉ်အသွားအလာ၊ လူသွားလူလာ လုံးဝ မတွေ့ရပါဘူး၊ ပထမတော့ ဘုန်းခနဲ မြည်သံကြားလိုက်ရသလို ထင်ရတယ်၊ အဲ့ဒီနေရာက လေဆိပ်နဲ့ မနီးမဝေးမှာဆိုတော့ အသွားအလာ ရှင်းနေလို့ သန်းကောင်ကျော်ချိန် ကားဖြတ်မောင်းသွားတဲ့ အခါမှာ ကားလမ်းဖြတ်ကူးတဲ့ ယုန်တစ်ကောင်ဖြစ်စေ၊ ကြောင်တစ်ကောင် ဖြစ်စေ တိုက်မိလေ့ရှိပါတယ်၊ ဒါကြောင့် ကားကို ဆက်မောင်းခဲ့တယ်၊ အိမ်ရောက်တော့မှ ကားရှေ့ညာဘက် FENDER ကို အမှတ်မထင် မြင်လိုက်ရတော့မှ ယုန်တစ်ကောင်၊ ကြောင်တစ်ကောင်ကို တိုက်မိပြီလို့ ထင်လိုက်မိတယ်"

"ရဲကို မင်း အဲ့ဒီအတိုင်း ပြောပြခဲ့တာပေါ့ ဟုတ်လား..."



တင်မောင်လတ်ရဲ့ မေးမြန်းသံမှာ ဘဝင်မကျမှု ပါနေတယ်။

"ဟုတ်တယ်လေ၊ ကျွန်တော်က သူတို့ကို တခြား ဘာတွေပြောရဦးမှာလဲ"

မောင်ယုဇင်က ထောင့်မကျိုးတဲ့ လေသံမျိုးနဲ့ ပြန်ပြောတယ်။

"ထားပါတော့ကွာ၊ မင်း တစ်ခုခုကို တိုက်မိတယ်လို့ ထင်လိုက်တဲ့ နေရာနားမှာ လမ်းဆုံမီးပွိုင့်တစ်ခု ရှိနေတယ် မဟုတ်လား"

"ရှိတယ်လေ၊ ဒါပေမဲ့ ကျွန်တော့်မြင်ကွင်းတစ်ခုလုံး တခြားကား တစ်စီးမှ မတွေ့ရတဲ့အတွက် အရှိန်နဲ့ ဖြတ်မောင်းခဲ့တာပဲ"

"ကောင်းပြီ၊ ဒါဆိုရင် မင်း မီးပွိုင့်ကို ဖြတ်မောင်းသွားချိန်မှာ မီးပွိုင့်မှာ ဘာအရောင်ပြနေလဲ မင်းသိလား"

"သိတာပေါ့ဗျာ အစိမ်းရောင်ပဲ"

"ရဲကိုလဲ မင်း အဲ့ဒီအတိုင်း ဖြေခဲ့သလား"

"ဟုတ်ပါတယ်၊ နောက်ပြီး တကယ်လို့ အဲဒီမိန်းမကြီးက လမ်းဖြတ်ကူးလို့ အတိုက်ခံရတယ်ဆိုရင် လမ်းကူးသူအတွက် မီးနီပြချိန်မှာ ဖြတ်ကူးတာပဲ ဖြစ်ရမယ်၊ ဒါပေမဲ့ ကျွန်တော် အဲ့ဒီမိန်းမကြီးကို လုံးဝ မမြင်လိုက်ဘူးဗျ"

မောင်ယုဇင်က ယုတ္တိကင်းစွာ ဖုံးကွယ်ပြီး စွတ်ပြောနေပုံရတယ်။

"ကဲ... ဦးဒီပါ၊ ခင်ဗျားရဲ့သား မနေ့ညဥ့်သန်းခေါင်ကျော်ချိန်မှာ သူ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ အမှန်အတိုင်း မပြောရင်တော့ ဒီအမှုကို ကျွန်တော်လက်မခံတော့ပါဘူး၊ ကျွန်တော့်အပေါ်မှာ သစ္စာရှိစွာနဲ့၊ ပွင့်ပွင့်လင်းလင်း မပြောတဲ့ အမှုသည်မျိုးကို ကျွန်တော် လက်ခံဆောင်ရွက်ချင်စိတ် မရှိတာ အမှန်ပါ"

သစ္စာရှိရမယ်ဆိုတဲ့ စကားလုံးဟာ တင်မောင်လတ်ရဲ့ လက်သုံးစကားပါ။

ဒါပေမယ့် အဲဒီစကားလုံးက သူကျင့်သုံးဖို့တော့ မဟုတ်ပါဘူး။

လို့ ညိုမိက နားလည်သဘောပေါက်မိတယ်၊ တင်မောင်လတ်က သစ္စာဆိုတဲ့ စကားလုံးကို ဗွင်ဗွင်သုံးပေမယ့် တကယ်တမ်းပြောရမယ်



ဆိုရင် သူဟာ လုံးဝ သစ္စာမဲ့သူ တစ်ယောက်ပါ။ တင်မောင်လတ်က သူမကို ပြောခဲ့တဲ့စကားကို ညိုမိက ပြန်လည်ကြားယောင်လိုက်မိတယ်။

"ငါ မင်းအပေါ်မှာ အရမ်းသစ္စာရှိပါတယ် ညိုမိ၊ တခြားယောကျ်ားတွေက သူတို့လင်မယားတွေကို ချစ်တဲ့နည်းမျိုးနဲ့ ချစ်နေတာ မဟုတ်ပါဘူး၊ မင်းအဖေရဲ့ အရှိန်အဝါ သြဇာကြောင့် ငါ အခုလို အောင်မြင်တဲ့ ဝတ်လုံတော်ရတစ်ယောက်ဘဝကို ရောက်ခဲ့ရတယ်ဆိုတာ ငါ ဘယ်တော့မှ မမေ့ပါဘူး...ဒါကြောင့် မင်းကို ကျေးဇူးရှင်တစ်ယောက်ရဲ့ သမီးအဖြစ်နဲ့ပါ မြတ်မြတ်နိုးနိုး ပေါင်းသင်းခဲ့တာပါ၊ ငါ တခြား အမျိုးသမီးတစ်ယောက်နဲ့ ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ငါ့ရဲ့ တစ်ဦးတည်းသော ဇနီးမယားအဖြစ် သက်ဆုံးတိုင် ပေါင်းသင်းသွားဖို့ သန္နိဋ္ဌာန် ချထားပြီးသားပါ"

ထိုစကားလုံးတွေဟာ ညိုမိရဲ့ နှလုံးသားကို တစ်စစီ ဖွဲ့ချေထုတ်လိုက်သလိုမျိုး၊ ဆတ်ဆတ်ခါ နာကြည်းသွားစေခဲ့တယ်၊ ရှင်းရှင်းပြောရရင် သူဟာ တခြားမိန်းမတွေနဲ့ ထည်လဲတွဲချင်တွဲမယ်၊ ဒါပေမယ့် မျက်နှာဖြူ အရေးပိုင်သမီး ညိုမိကိုတော့ သေတဲ့အထိ မခွဲမခွာ ပေါင်းသင်းမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတယ်။ ညိုမိတစ်ယောက်တည်းကိုပဲ သစ္စာရှိရှိနဲ့ ပေါင်းသင်းနေထိုင်မယ်ဆိုတဲ့ စကားမျိုး မဟုတ်ဘူး။

အဲ့ဒီ ဖြစ်ရပ်ကို ညိုမိက သူမရဲ့ ဦးခေါင်းထဲက ဖယ်ထုတ်လိုက်တယ်။

*

လောလောဆယ်အချိန်မှာ နာမည်ကျော် ဝတ်လုံတော်ရ တင်မောင်လတ်က ဦးဘာဘာဆိုတဲ့ တစ်ဦးတည်းသော မျက်မြင်သက်သေကို ဘယ်လိုစကားလုံးတွေနဲ့ လှည့်စားမလဲဆိုတာကို ညိုမိက အာရုံပြောင်းထားလိုက်တယ်။ တင်မောင်လတ်ရဲ့ စကားသံက ထည်ဝါအောင်မြင်တဲ့ သြဇာနဲ့ ပြည့်ဝနေတယ်။

"ဒါဆိုရင် ကားတိုက်မှုဖြစ်တဲ့ အနိုက်အတန့်မှာ ဦးဘာဘာက မီးပွိုင့်အနားက လမ်းဘေးမှာ ထိုင်နေတယ်ဆိုပါတော့၊ အဲ့ဒါ အမှန်ပဲနော်"

ဦးဘာဘာကိုကြည့်ရတာ သူ့ကို အဲလိုမျိုး ပြန်လှန်မေးခွန်းတွေ

အမေးခံနေရတဲ့အတွက် စိတ်လှုပ်ရှားပြီး စိုးရိမ်သောက ဖြစ်နေပုံရတယ်။ သူက ပိန်ပိန်ပါးပါးနဲ့ ခေါင်းတုံးပြောင်ပြောင်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကိုလည်း သေချာရိတ်ထားတယ်၊ မျက်မှန်ထူထူကြီး တပ်ထားတဲ့အတွက် သူ့မျက်လုံးတွေဟာ ဇီးကွက် မျက်လုံးတွေလိုပဲ ပြူးကျယ်ဝိုင်းစက်နေတယ်၊ ချို့ငဲ့နွမ်းပါးပြီး သိမ်ငယ်ပုံ ပေါ်လွင်နေတယ်။

"မှတ်တိကျကျ ပြောရရင် အဲလိုမျိုး မဟုတ်ပါဘူး၊ ကျွန်တော်က မီးပွိုင့်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဘတ်စ်ကားမှတ်တိုင်က ထိုင်ခုံပေါ်မှာ ထိုင်ပြီး ဘတ်စ်ကားအလာကို စောင့်နေတာပါ"

ဦးဘာဘာက ပြည့်ပြည့်စုံစုံ တိတိကျကျ ပြောလိုက်တယ်။

"ကောင်းပါပြီ၊ အဲ့ဒီဘတ်စ်ကားမှတ်တိုင်က ထိုင်ခုံနဲ့ မီးပွိုင့်ဟာ ဘယ်လောက်ကွာလှမ်းနေပါသလဲ ဦးဘာဘာ"

"အဲ့ဒါတော့ ကျွန်တော် သေချာ မပြောတတ်ပါဘူး၊ သိပ်တော့ မဝေးဘူးဗျ"

"သိပ်တော့ မဝေးဘူး ဟုတ်လား..."

ထိုမေးခွန်းကို တင်မောင်လတ်က ပြုံးပြီး မေးတယ်။ ဝတ်လုံတော်ရ တင်မောင်လတ် ပြုံးပြီဆိုရင် သူ့ဘက်က အပိုင်ကိုင်တော့မယ်ဆိုတာ ရှေ့နေအံချင်းချင်း သိထားကြတယ်။ သူ့အပြုံးဟာ အန္တရာယ်ရဲ့ အရိပ်အရောင်တစ်ခုလို့ တင်စားသတ်မှတ်ထားကြတယ်။

"အဲဒီ အကွာအဝေး ခန့်မှန်းချက်ဟာ သိပ်မရေရာတဲ့အတွက် ခုံသမာဓိတရားသူကြီးမင်းအတွက် ဒါထက်ပိုပြီး လွယ်လွယ်ကူကူ သိရှိနိုင်အောင် တိတိကျကျလေး ပြောစေချင်ပါတယ်၊ ဦးဘာဘာ သိပ်မဝေးဘူးဆိုတော့ နည်းနည်းတော့ ဝေးနေမှာပေါ့ ဟုတ်ရဲ့လား"

တင်မောင်လတ်က ချိုသာစွာ နှစ်လိုဖွယ်မေးတယ်။ နောက်ပြီး သူ့အကြည့်ဟာ ရုံးခန်းထဲတစ်ချက် ဝေ့ခနဲကြည့်လိုက်တယ်။ တင်မောင်လတ်က သူ့အကြည့်ကို တရားခံမောင်ယုဇင်ထံမှာ ရပ်သွားတယ်။ ပြီးတော့ ဦးဘာဘာကို ပြန်ကြည့်တယ်။

"ကဲ...ခင်ဗျား အခုရပ်နေတဲ့ နေရာကနေ၊ ဟောဟိုက တရားခံရှိတဲ့



နေရာလောက်အထိ ဝေးသလား"

"ကျွန်တော် သေချာ မပြောနိုင်ဘူး"

"အဲ့ဒီ အကွာအဝေးလောက် မဟုတ်ဘူးလား၊ ဟုတ်သလား ဦးဘာဘာ"

တင်မောင်လတ်ရဲ့ မေးခွန်းသံက ကြာပွတ်သံတစ်ချက်လို မှတ်ထင်လိုက်ရတယ်၊ ဦးဘာဘာ ကိုယ်ကို ဆတ်ခနဲ မတ်လိုက်တယ်၊ နှာရိုးပေါ်မှာ လျှောကျနေတဲ့ မျက်မှန်ကို မျက်စိနဲ့ တည့်တည့်အထိ ပင့်တင်လိုက်တယ်။

"ဟုတ်ပါတယ်"

ဦးဘာဘာ ရုတ်တရက် ပြောလိုက်တယ်။

"ကောင်းပါပြီ ဦးဘာဘာ၊ အဲဒီညက ခင်ဗျား ဘတ်စ်ကားစောင့်နေတဲ့ နေရာနဲ့ မီးပွိုင့်ရဲ့ အကွာအဝေးဟာ အခု ခင်ဗျားရှိတဲ့ နေရာနဲ့၊ မောင်ယုဇင်အခုထိုင်နေတဲ့ အကွာအဝေးလောက်ပဲရှိတယ်ဆိုတာ မှန်ပါတယ်နော်"

"ဟုတ်ကဲ့ ခင်ဗျာ"

"သိပ်ကောင်းတာပေါ့ဗျာ၊ ကဲ အဲ့ဒီလို ကားမှတ်တိုင်မှာ စောင့်နေတုန်း ဘာဖြစ်သလဲ ဆက်ပြောပါ"

ဦးဘာဘာက စဉ်းစဉ်းစားစားနဲ့ ဆက်လက်ပြောပြနေတယ်၊ ညှိမိက တရားရုံးခန်းထဲမှာရှိတဲ့ ပရိသတ်နဲ့အတူ နားထောင်နေတယ်၊ ဒါပေမယ့် ဝတ်လုံတော်ရ တင်မောင်လတ်က အလေးအနက် နားထောင်ခြင်းမပြုဘဲ သူမေးရမယ့် မေးခွန်းကိုသာ ပြင်ဆင်နေတယ်၊ ဦးဘာဘာပြောဆိုချက် ပြီးဆုံးသွားတဲ့ အခါကျမှ တင်မောင်လတ်က–

"ဦးဘာဘာ ကျွန်တော့်ကို တစ်ခုလောက် ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် တိတိကျကျ ပြေပေးစေချင်ပါတယ်၊ ခင်ဗျားပြောသွားတဲ့ အထဲမှာ ကားတိုက်မခံရခင် အချိန်အတော်အတွင်းက ဒေါ်မေရီကို မတွေ့ရဘူးလို့ ပြောခဲ့တယ်၊ ခင်ဗျားဘတ်စ်ကားစောင့်ရင်း မှတ်တိုင်က ခုံပေါ်မှာ ထိုင်နေတယ်၊ ဒေါ်မေရီက အရှေ့အရပ်ဘက်ကနေ မီးပွိုင့်ရှိရာကို ရောက်လာတယ်"



အဲ့ဒီအခိုက်အတန့်မှာ ခုံသမာဓိနဲ့ တရားသူကြီးတို့ မြင်ရအောင် ဆေးနက်သုတ်ထားတဲ့ သစ်သားသင်ပုန်းကြီး blackboard ပေါ်မှာ လမ်းဆုံမီးပွင့်တည်ရှိတဲ့နေရာ၊ ဦးဘာဘာ ထိုင်ခဲ့တဲ့ ဘတ်စ်ကားမှတ်တိုင်က ထိုင်ခုံ၊ ကားတိုက်မှု ဖြစ်ပွားခဲ့တဲ့နေရာ စသည်တို့ကို ကြက်ခြေခတ် အမှတ်အသားတွေနဲ့ ရှင်းရှင်းလင်းလင်း၊ ထင်ထင်ရှားရှား ရေးဆွဲထားတယ်။

ဒီနောက် ဝတ်လုံတော်ရတင်မောင်လတ်က မီးပွိုင့်ရှိရာကို ဒေါ်မေရီ ချဉ်းကပ် ရောက်ရှိသွားတဲ့ နေရာကို နောက်ထပ် ကြက်ခြေအမှတ်အသား တစ်ခု ဖြည့်စွက်ရေးဆွဲစေတယ်။

"ဒီပုံကို ကြည့်ခြင်းအားဖြင့် သေဆုံးသူ ဒေါ်မေရီက အရှေ့ဘက်က လာကြောင်း သိရှိနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရဲတပ်ဖွဲ့ရဲ့ စုံစမ်းစစ်ဆေးချက်အရ ကျွန်တော်တို့ သိထားရတာက ဒေါ်မေရီဟာ ဖျားနေတဲ့ သူ့မြေးလေးကို သွားကြည့်ပြီး သူ့အိမ်ကို ပြန်လာခဲ့တာ ဖြစ်ပါတယ်၊ သူ့မြေးဟာ အဖျားကျပြီး နေကောင်းသွားလို့ အိပ်ပျော်သွားချိန်မှာ ပြန်လာခဲ့တာ ဖြစ်ပါတယ်၊ သူ့မြေးရှိတဲ့အိမ်နဲ့ ဒေါ်မေရီရဲ့အိမ်ဟာ အိမ်ကွက်ခြောက်ကွက်လောက်ပဲ ဝေးပါတယ်၊ ဒေါ်မေရီက ဆူပြီးတဲ့ ခန္ဓာကိုယ်ရှိသူဖြစ်တဲ့အတွက် သူ့ပင်ကိုသဘာဝအတိုင်း နှေးနှေးကွေးကွေး လျှောက်လာခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီအမျိုးသမီးကြီး တစ်ယောက်လုံး မီးပွိုင့်အနီးအထိ လျှောက်လာတာကို ဦးဘာဘာ ထိုင်နေတဲ့နေရာက ကြိုတင်ပြီး ခြေသံလဲမကြားခဲ့ဘူး၊ မြင်လဲမမြင်ခဲ့ဘူးဆိုတာ ဘယ်လိုနားလည်ရမလဲဗျာ"

တင်မောင်လတ်စကားကြောင့် ဦးဘာဘာ ဇဝေဇဝါဖြစ်သွားပုံရတယ်။ သူ့မေးစေ့ကို သူ့ဟာသူလက်ဝါးနဲ့ ပွတ်သပ်လိုက်တယ်။ တရားရုံးခန်းပြူတင်းက ဝင်ရောက်နေတဲ့ နေရောင်ခြည်ဟာ သူ့မျက်မှန်ထူထူ လာဟပ်လိုက်တဲ့အတွက် ဖျတ်ခနဲ လက်သွားတယ်။ သူရှိရာကို တရားသူကြီးအပါအဝင် ခုံသမာဓိလူကြီးတွေနဲ့ ပရိတ်သတ်အားလုံးရဲ့ မျက်လုံးအကြည့်တွေဟာ သူ့တစ်ယောက်တည်းရဲ့အပေါ်ကို စူးစိုက်ကျရောက်နေကြတယ်။ ဒါကြောင့် သူ စိတ်ကျဉ်းကြပ်လာတယ်၊ စိတ်အိုက်လာတယ်၊ တရားရုံးအတွေ့အကြုံဆိုလို့ ဒီတစ်ခါဟာ ပထမဆုံးအကြိမ် ဖြစ်နေတယ်။



ဖြစ်နိုင်ရင် တရားရုံးခန်းထဲက ထွက်သွားချင်စိတ် ဖြစ်နေပုံရတယ်။

"အဲ့ဒီ အမျိုးသမီးရဲ့ ခြေသံကို မကြားရဘူးလို့ ကျွန်တော် မပြောခဲ့မိပါဘူးဗျာ"

ဦးဘာဘာက လေးလေးပင်ပင်ကြီး ပြေလိုက်တယ်။

"ဒါဆိုရင် အဲဒီအမျိုးသမီးကြီး လျှောက်လာတဲ့ ခြေသံကို ခင်ဗျား ကြားလိုက်ရတယ်ပေါ့ ဟုတ်လား"

"ကျွန်တော် အဲဒီလိုသဘောမျိုး ပြောတာမဟုတ်ပါဘူး၊ ကြားကောင်းကြားလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်သေချာမမှတ်မိဘူး၊ ကျွန်တော့်အလုပ်မှာ ပင်ပင်ပန်းပန်း လုပ်လာခဲ့ရလို့ ပင်ပန်းနွမ်းနယ်နေပါတယ်"

"ဪဒီသျှ အရာရှိတစ်ယောက်ရဲ့အိမ်မှာ စားပွဲထိုးလုပ်ခဲ့ရတယ်ဆိုပါတော့၊ ဒါဆိုရင် သန်းကောင်ကျော်အထိ စားပွဲထိုးလုပ်ခဲ့ရသလားဗျာ"

"ဟုတ်ပါတယ်၊ သူတို့ ဒင်နာပါတီလုပ်တာ သန်းကောင်အထိပေါ့၊ ကျွန်တော်က ပါတီပွဲပြီးမှ ထွက်လာတာ၊ အဲ့ဒီ ဘတ်စ်ကားမှတ်တိုင် နေရာကိုရောက်တော့ နာရီပြန်တစ်ချက်လောက်ရှိနေပြီ ထင်ပါတယ်"

အကယ်၍ ကားတိုက်မှုဟာ နေ့အချိန်မှာ ဖြစ်ခဲ့တာဆိုရင် မျက်မြင်သက်သေတွေက တစ်ယောက်မက ရှိနိုင်မှာပါ။ ဒါပေမယ့် ညဉ့်နက်သန်းခေါင် ဖြစ်တဲ့အတွက် ဦးဘာဘာတစ်ယောက်တည်းပဲ ရှိနေခဲ့တာ ဖြစ်ပါတယ်။

"ခင်ဗျား ဘယ်သူနဲ့နေလဲ ဦးဘာဘာ"

"အစကတော့ ကျွန်တော့်မိန်းမနဲ့ အတူတူနေခဲ့ပါတယ်၊ သူဆုံးသွားတာ သုံးနှစ်လောက်ရှိပါပြီ၊ အခုတော့ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း နေပါတယ်"

"ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ မိန်းမဆုံးသွားပြီး သုံးနှစ်လုံးလုံး တစ်ယောက်တည်းနေရတာ ငြီးငွေ့စရာကြီးပေါ့နော်၊ ခင်ဗျား တစ်ခါတလေ ညဥ့်အဖော်လေးဘာလေးရော မတွေ့မိဘူးလား"

တင်မောင်လတ်ရဲ့ စကားအဆုံးတွင် တရားလိုရှေ့နေက ထ ရပ်

လိုက်သည်။

"တရားသူကြီးမင်းခင်ဗျာ အဲ့ဒီမေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်၊ ကျွန်တော့်သက်သေရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး နှိုက်နှိုက်ချွတ်ချွတ် ထည့်သွင်း မေးခွန်းထုတ်နေတဲ့အတွက် ကန့်ကွက်ရခြင်း ဖြစ်ပါတယ်"

တင်မောင်လတ်က တရားလို ရှေ့နေကို အပြုံးမပျက် မျက်နှာချင်း ဆိုင်လိုက်တယ်။

"ဒီမေးခွန်းဟာ ကန့်ကွက်စရာ မရှိပါဘူးဗျာ၊ ကျွန်တော့်အမှုသည်နဲ့ မျက်မြင်သက်သေ ဦးဘာဘာတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ထွက်ဆိုချက်ချင်း မတူညီကြပါဘူး၊ တစ်ယောက်ယောက် လိမ်လည်ထွက်ဆိုထားတယ်လို့ ယူဆနိုင်ပါတယ်၊ ဒါကြောင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကိုယ်ရေးကိုယ်တာကို အပြင်ဘန်းအနေနဲ့ သတိထားဖို့ လိုအပ်ပါတယ်၊ ဒါပေမဲ့ အခု တရားလိုရဲ့ ရှေ့နေကြီးက သူ့သက်သေရဲ့ အကျင့်စာရိတ္တကို ဖော်ထုတ်မှာစိုးလို့ ကန့်ကွက်တားမြစ်တာကို ကျွန်တော် နားလည်မှုရှိပါတယ်၊ ဒါကြောင့် တခြားမေးခွန်းကိုပဲ ဆက်လက်မေးမြန်းပါ့မယ်"

တကယ်တော့ တင်မောင်လတ်က ပါးပါးနပ်နပ်နဲ့ အလျော့ပေးသလိုလို၊ သိက္ခာချလိုက်တာပါပဲ၊ ဒီတစ်ချက်ဟာ ဦးဘာဘာရဲ့ အကျင့်စာရိတ္တကို ဖော်ထုတ်မေးမြန်းတာထက် ပိုပြီး ထိရောက်သွားပါတယ်၊ တင်မောင်လတ်က ဦးဘာဘာကို ပြန်လည်မျက်နှာမူလိုက်တယ်။

"သေဆုံးသူ ဒေါ်မေရီက မီးပွိုင့်ရှိရာကို အရှေ့အရပ်က လာတာဖြစ်တဲ့အတွက် ခင်ဗျားနောက်ကျောဘက်က လာတာ ဖြစ်မှာပေါ့ ဟုတ်ရဲ့လား ဦးဘာဘာ"

"ဟုတ်ပါတယ်"

ဦးဘာဘာ ချက်ချင်း ဖြေလိုက်တယ်။

"ဟုတ်တာပေါ့နော်၊ ဟောဒီ ဘလက်ဘုတ်ပေါ်မှာ မြင်နေရတာပဲ၊ ခင်ဗျား ထိုင်နေတဲ့ ထိုင်ခုံဟာ ကားလမ်းနဲ့ မျဉ်းပြိုင်ဖြစ်နေတယ်၊ အဲ့ဒီ ထိုင်ခုံရဲ့ တည်နေရာဟာ မီးပွိုင့်ရဲ့ အရှေ့တောင်ထောင့်မှာ ရှိတယ်၊



ကျွန်တော့် အမှုသည်ရဲ့ကားက ဒေါ်မေရီကို တိုက်မိချိန်မှာ မီးပွိုင့်က - အနီရောင် ပြနေတယ်လို့ ခင်ဗျားထွက်ဆိုခဲ့တယ်နော်၊ ကားတိုက်မိတဲ့နေရာနဲ့ ခင်ဗျားထိုင်နေတဲ့ ထိုင်ခုံဟာ မြောက်ဘက် ဆယ်ပေခန့်အကွာမှာ ဖြစ်တယ်၊ ခင်ဗျားက ကားလမ်းဘက်ကို မျက်နှာမူပြီး ထိုင်နေတာဖြစ်တဲ့အတွက် ကားတိုက်မိတဲ့နေရာဟာ ခင်ဗျားရဲ့ ညာဘက်ဖြစ်မှာပေါ့ ဟုတ်လား..."

ဦးဘာဘာက နားတဲပေါ်က လျှောကျနေသော မျက်မှန်ကို မျက်စိနဲ့ တည့်တည့်ထိ ဆွဲတင်လိုက်တယ်၊ နောက်တော့ တင်မောင်လတ် ညွှန်ပြနေတဲ့ ဘလက်ဘုတ်ပေါ် စူးစိုက်ကြည့်ရှုပြီး ဖြေတယ်။

"အဲဒါ မှန်ပါတယ်"

"ခင်ဗျားခုံပေါ်မှာ ထိုင်နေချိန်က ညဉ့်နက်သန်းကောင်အထိ၊ လှုပ်လှုပ်ရှားရှား လုပ်ခဲ့ရလို့ ပင်ပန်းနွမ်းနယ်နေတယ်လို့ ခင်ဗျားဖြေတယ်နော်"

"မှန်ပါတယ်ဗျာ"

"တစ်ယောက်တည်း ထိုင်နေတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘတ်စ်ကား ရောက်လာတဲ့အခါ ခင်ဗျားတစ်ယောက်တည်း အထီးကျန်နေထိုင်ရတဲ့အိမ်ကို ပြန်ရမှာပေါ့နော်၊ ဟုတ်ရဲ့လား"

အဲဒီမေးခွန်းကို ဦးဘာဘာချက်ချင်းမဖြေ၊ နဖူးရေတွန့်ပြီး ခဏစဉ်းစားပြီးမှ ခေါင်းညိတ်တယ်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါ့ထက် မီးပွိုင့်ကို ကြည့်လိုက်ရတော့ နီနေတာကို မြင်လိုက်ရတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အဲ့ဒီ အနီရောင်က အစိမ်းရောင်ကို မပြောင်းခင် ကျွပ်အမှုသည်ရဲ့ကားက မီးပွိုင့်ကို ဖြတ်မောင်းသွားခဲ့တယ်၊ အဲဒီလို မောင်းသွားရင်းနဲ့ အရင်က ခင်ဗျားမမြင်လိုက်မိတဲ့ ဒေါ်မေရီကို ဝင်တိုက်သွားတယ်၊



အဲ့ဒါက နည်းနည်းတော့ ထူးခြားနေတယ်".

တင်မောင်လတ်က ခေတ္တရပ်ပြီးမှ ဆက်ပြောတယ်။

"ခင်ဗျားက ညာဘက်ကို ဦးခေါင်းလှည့်ပြီး ကြည့်လိုက်ချိန်မှာ မီးနီ ပြနေတာကိုတော့ မြင်လိုက်တယ်၊ ဒါပေမဲ့ မီးပွိုင့်ရှေ့က ဖြတ်သွားဖို့ ကားလမ်းပေါ်ဆင်းလျှောက်လိုက်တဲ့ ဒေါ်မေရီကို ဘာကြောင့် မမြင်လိုက်တာလဲ"

တင်မောင်လတ်ရဲ့ မေးခွန်းအဆုံးမှာ တရားရုံးခန်းမထဲက ပရိသတ်ရဲ့ တီးတိုးတီးတိုး စကားသံတွေ ထွက်ပေါ်လာတယ်။ တင်မောင်လတ်ဟာ နည်းပရိယာယ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုဖို့ စတင်ကိုင်တွယ်လိုက်ပြီဆိုတာကို တချို့က နားလည်သဘောပေါက်သွားပုံမျိုးပဲ၊ သည်ပရိသတ်ထဲမှာ မှုခင်းစာနယ်ဇင်းသမားအချို့လည်း ရောက်နေကြတယ်၊ သူတို့က မကြာခဏ တင်မောင်လတ်ရဲ့ လျှောက်လဲပုံတွေကို စိတ်ဝင်စားစွာ နားထောင်ဖူးသူတွေ ဖြစ်နေကြတယ်။

"ကျွန်တော် သေချာ မသိလိုက်ဘူး၊ ကျွန်တော် မီးပွိုင့်ကိုကြည့်လိုက်တဲ့အချိန်မှာ အဲ့ဒီအမျိုးသမီးဟာ ကားလမ်းကို ဖြတ်ကူးဖို့ မရောက်သေးဘူး ထင်တာပဲ"

"ဒါပြင့် မီးပွိုင့်ကိုကြည့်ပြီးမှ အဲ့ဒီ အမျိုးသမီးကို လှည့်ကြည့်ဖို့ အချိန်နည်းနည်းတော့ ယူရမှာပေါ့နော်"

တင်မောင်လတ်ကို ချက်ချင်းမဖြေ၊ ခဏလောက် တုံ့ဆိုင်းနေတယ်။ သူ့အတွက် ထောင်ချောက်ဆင်နေပြီလို့ ခံစားသိလိုက်ပုံမျိုး ဖြစ်နေတယ်။ ဒါကြောင့် ဦးဘာဘာက ခိုင်ခိုင်မာမာ ပြောလိုက်ပြန်တယ်။

"မီးပွိုင့်မှာ နီနေတာ သေချာပါတယ်"

"ဒါပေမဲ့ ဒေါ်မေရီကို ခင်ဗျားမမြင်လိုက်ဘူးလို့ ထွက်ဆိုခဲ့တယ်လေ"

"အဲ့ဒီနေရာက နည်းနည်းမှောင်နေလို့ပါ"

"မီးပွိုင့် တပ်ဆင်ထားတဲ့ နေရာမှာ လမ်းမီးထွန်းထားတယ် မဟုတ်လား၊ ခင်ဗျား သေချာစဉ်းစားကြည့်ပါဦး ဦးဘာဘာ"

"ဟုတ်ပါတယ်၊ လမ်းမီးထွန်းထားပေမယ့် အလင်းရောင်က ခပ်



လှမ်းလှမ်းအထိ မရောက်ဘူး၊ ဒါကြောင့် အဲ့ဒီအနားမှာ နည်းနည်းအမှောင်ရိပ်ကျနေတယ်လို့ ပြောတာပါ"

ဦးဘာဘာ သူပြောပြီးသွားတဲ့စကားကို ပြန်လည်အဖတ်ဆယ်တယ်။ သူ့အနေနဲ့ ဝတ်လုံတော်ရ ဦးတင်မောင်လတ်ရဲ့ ကျော့ကွင်းကို ရှောင်တိမ်းနိုင်ပြီလို့ ထင်မြင်ယူဆမိတယ်။

"ဒါဆိုရင် ဒေါ်မေရီဟာ အလင်းရောင်ထဲကို မရောက်သေးဘူးဆိုတဲ့ သဘောမျိုးလား၊ မီးပွိုင့်နီနေတာရယ်၊ ကားဖြတ်မောင်းသွားချိန်နဲ့ ဒေါ်မေရီ လမ်းဖြတ်ကူးတာက တစ်ချိန်တည်း မဟုတ်ဘူးလား"

တင်မောင်လတ်ရဲ့ အမေးက သွက်လက်မြန်ဆန်တယ်။

မဟုတ်ဘူး ဟုတ်တယ် တစ်ခွန်းတည်းနဲ့ ဖြေလို့မရနိုင်။

"ကျွန်တော်ထင်တာက အဲဒီအမျိုးသမီးဟာ မီးပွိုင့်နီချိန်မှာ ရုတ်တရက် လှစ်ခနဲ ဖြတ်ပြေးသွားတာမျိုး ဖြစ်နိုင်တယ်"

ဦးဘာဘာက စဉ်းစဉ်းစားစားဖြေတယ်။

"ပြေးသွားတယ် ဟုတ်လား..."

တင်မောင်လတ်က အဲဒီစကားလုံးကို အမိအရ ဖမ်းဆုပ်ကိုင်တွယ်ပြီး ဆက်လက်မေးမြန်းတယ်။

"ကောင်းပြီ၊ ဒေါ်မေရီ ဘာကြောင့် ပြေးသွားတာလဲ ဦးဘာဘာ၊ အချိန်က ညဉ့်နက်သန်းခေါင် ဖြစ်နေပြီ၊ သူ့ခမျာ လူမမာဖြစ်တဲ့မြေးလေးကို တစ်ချိန်လုံး ထိုင်ကြည့်ခဲ့ရတယ်၊ နောက်ပြီး ဝဖြိုးနေတဲ့ ခန္ဓာကိုယ်ကြီးကိုသယ်ပြီး နှေးနှေးကွေးကွေး၊ လေးလေးကန်ကန်သွားနေတဲ့ အမျိုးသမီးက ဘာအကြောင်းကြောင့် ပြေးတာလဲ"

ဦးဘာဘာက တရားလိုရှေ့နေဘက်ကို အကူအညီ ရလိုရငြား လှမ်းကြည့်တယ်။ ဒါပေမယ့် တရားလိုရှေ့နေက အဲဒီမေးခွန်းကို ဝင်ရောက်ဟန့်တားစရာအကြောင်းဆိုလို့ လုံးဝမရှိပါ။ ဒါကြောင့် ဆက်ဖြေပါဆိုတဲ့ သဘောမျိုး ခေါင်းညိတ်ပြလိုက်တယ်။

"သူ ကြောက်လို့ပြေးတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"သူက ဘာကိုကြောက်စရာရှိလို့လဲ"

"ညဥ့်နက်သန်းခေါင်ကျော်အချိန်မှာ မိန်းမသားတစ်ယောက်တည်း ဆိုတော့ စိတ်မချရဘူး မဟုတ်လား၊ ခင်ဗျား သတင်းစာဖတ်ရင် အဲ့ဒီ အကြောင်းတွေ သိနိုင်တာပဲ"

ဦးဘာဘာရဲ့အဖြေကို တင်မောင်လတ်က နားစိုက်ထောင်လိုက်တယ်။

ထိုနည်းတူ တရားရုံးခန်းမထဲက ပရိသတ်ကလည်း သေချာနားစွင့်နေကြတယ်။

"ကျွန်တော် သတင်းစာ ဖတ်ပါတယ်၊ ဘယ်အကြောင်းတွေကို သိနိုင်မှာလဲ"

"ကျွန်တော်ဆိုလိုတာက အဲဒီအကြောင်းတွေကို ဘယ်သူမဆို ဖတ်ကြတာပဲ"

"ခင်ဗျားဆိုလိုတဲ့ အကြောင်းတွေဆိုတာ ဘာတွေလဲ ဦးဘာဘာ၊ ပွင့်ပွင့်လင်းလင်း ရှင်းပြပါဦး"

"လုယက်မှုတို့၊ အဓမ္မမှုတို့၊ အမျိုးသမီးကို အနိုင်အထက် ကျူးလွန်မှု"

ဦးဘာဘာက သူ့စကားကို အဆုံးမသတ်ဘဲ ရပ်တန့်လိုက်တယ်။

"ဪ...ဒါဆို ခင်ဗျားက အဲဒီလိုအကြောင်းအရာတွေကို အမြဲတမ်း ဖတ်ခဲ့တာကိုး၊ ဒါကြောင့် ညဥ့်နက်သန်းခေါင် အချိန်မတော်မှာ အမျိုးသမီးတွေ တစ်ယောက်တည်းသွားရင်၊ ဆိုးဆိုးဝါးဝါး ဖြစ်ရပ်တွေ ဖြစ်တတ်တယ်ဆိုတဲ့ အတွေးမျိုး ဝင်နေတာကိုး၊ နောက်ပြီး အဲ့ဒီအချိန်မှ ခင်ဗျားက လဲ တစ်ယောက်တည်းသမားဖြစ်နေတယ်၊ နေရာကလဲ လူပြတ်တဲ့နေရာမှာ၊ ခင်ဗျားနောက်ကလာနေတဲ့ အမျိုးသမီးကို ခင်ဗျား လှည့်မကြည့်မိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား ခင်ဗျာ၊ သူ့ကို အနည်းဆုံး စိုးရိမ်တဲ့ စကား တစ်ခွန်းလောက်တော့ ပြောမိမှာပေါ့၊ ဥပမာ ညဥ့်အချိန်မတော်ကြီး မိန်း မသားတစ်ယောက်တည်းသွားတာ အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့ စကားမျိုး ပေါ့နော်"

"ကျွန်တော် အဲ့ဒီအမျိုးသမီးကို စကားတစ်ခွန်းမှ မပြောမိဘူး"



ဦးဘာဘာ အသံတိမ်တိမ်နဲ့ ပြောလိုက်တယ်။

"ဪ... ဒါဖြင့် စကားတစ်ခွန်းမှ မပြောဘဲ အမျိုးသမီးနားကို ချဉ်းကပ်သွားခဲ့တာပေါ့ ဟုတ်လား"

"မဟုတ်ဘူး၊ ကျွန်တော် ထိုင်ခုံနားက တစ်ဖဝါးမှ မခွာခဲ့ဘူး"

"ခင်ဗျား ထိုင်ခုံနားက မခွာဘူး၊ အဲ့ဒီအချိန်မှာ မော်တော်ကား တစ်စီး ရှေ့မီးနှစ်လုံး ထိန်လင်းနေအောင်ထွန်းပြီး အရှိန်နဲ့ မောင်းလာတာကို ဒေါ်မေရီဆိုတဲ့ အမျိုးသမီးက မမြင်ဘဲနေမှာမဟုတ်ဘူး၊ ဒါတောင်မှ လမ်းဘေးကနေ ကားလမ်းပေါ်ကိုဆင်းပြီး ဖြတ်ပြေးသွားတာ ဘာအကြောင်း ကြောင့်များ ဖြစ်နိုင်မလဲ၊ အဲဒီလို ပြေးသွားချိန်တုန်းက အဲ့ဒီပတ်ဝန်းကျင်မှာ တခြား ဘယ်သူများ ရှိနေသေးလဲ"

"မရှိပါဘူး"

"ဒါဆိုရင် ဒေါ်မေရီကို အထိတ်တလန့်နဲ့ ကားလမ်းဖြတ်ကူးသွားအောင် လုပ်လိုက်တာ တခြားဘယ်သူမှ မဖြစ်နိုင်ဘူး၊ အနီးအနားမှာ ခင်ဗျားတစ်ယောက်တည်းပဲ ရှိနေတာ မဟုတ်လား"

"အဲ့ဒီအမျိုးသမီး အထိတ်တလန့် ဖြစ်သွားတယ်လို့ ကျွန်တော် မပြောခဲ့ပါဘူး"

"ဒါပေမဲ့ ခင်ဗျား စောစောက ပြောခဲ့တဲ့စကားထဲမှာ ရုတ်တရက် လှစ်ခနဲ ဖြတ်ပြေးသွားတာမျိုး ဖြစ်နိုင်တယ်လို့ပါတယ်၊ အဲ့ဒီစကားက စိတ်ဝင်စားစရာ အချက်တစ်ခုဖြစ်နေပြီ၊ အဲဒီ ပတ်ဝန်းကျင်မှာလည်း ခင်ဗျားကလွဲလို့ ဘယ်သူမှ မရှိဘူး၊ ဒါကြောင့်လဲ ခင်ဗျားက ကိုယ့်သဘောနဲ့ကိုယ် မျက်မြင်သက်သေအဖြစ် ဆောင်ရွက်ခဲ့တာ မဟုတ်လား၊ မီးပွိုင့်အနီးမှာ ဒေါ်မေရီ သေဆုံးရတဲ့ အကြောင်းရင်းဟာ ဘာကြောင့်လဲ၊ ကားမောင်းလာချိန်မှာ ကားလမ်းပေါ်က စွတ်ပြီးပြေးသွားလို့ တိုက်မိတာဖြစ်ကြောင်း ခင်ဗျားရဲ့ အဖြေထဲမှာ ပါနေတယ်၊ ခင်ဗျား သက်သေထွက်ချက် မပေးခင် ကျမ်းသစ္စာ ပြုခဲ့တယ်မဟုတ်လား၊ ဒါကြောင့် အမှန်အတိုင်း ထွက်ဆိုတယ်လို့ ယူဆရမယ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်၊ ကျွန်တော် အမှန်အတိုင်း ထွက်ဆိုခဲ့တာပါ"



"ကျေးဇူးတင်ပါတယ်၊ ဦးဘာဘာ"

တင်မောင်လတ်က နောက်ကို ကျောလှည့်ပြီး ခြေတစ်လှမ်းဆုတ်လိုက်တယ်၊ မျက်မြင်သက်သေ ဦးဘာဘာအတွက် ချည်နှောင်ထားတဲ့ ကြိုးကို လျှော့လိုက်တယ်လို့ ထင်မြင်စရာရှိတယ်၊ ဒါပေမယ့် ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်ပြီး အရှိန်ယူတာမျိုးပါပဲ။ ချာခနဲ လှည့်ကြည့်ပြီး

"ဦးဘာဘာ"

လို့ ခေါ်လိုက်တဲ့ တင်မောင်လတ်ရဲ့ အသံဟာ ဦးဘာဘာကို ထိတ်ခနဲ ဖြစ်သွားစေတယ်။

"ခင်ဗျား အဲဒီ ဗြိတိသျှ အရာရှိအိမ်မှာ စားပွဲထိုးလုပ်တာ ဘယ်လောက်ကြာပြီလဲ"

ဒီမေးခွန်းဟာ နည်းဗျူဟာကို ပြောင်းလိုက်တာမျိုး ဖြစ်နိုင်ပါတယ်။

"ဆယ်လ ရှိပါပြီ"

သူ့ကို ဘာကြောင့် အဲဒီမေးခွန်းမေးတယ်ဆိုတာ ဦးဘာဘာသဘော မပေါက်မိဘူး၊ ဒါပေမယ့် နောက်ထပ်ထောင်ချောက်တစ်ခု ထပ်လုပ်တာ ဖြစ်နေမလားလို့ သံသယဖြစ်နေတယ်။

"ခင်ဗျားရဲ့လစာ သိပ်တော့ များမှာမဟုတ်ဘူးပေါ့နော်"

"ဒါပေမဲ့ ကျွန်တော်က တစ်ယောက်တည်းသမား ဖြစ်တဲ့အတွက် လုံလောက်ပါတယ်"

"ကောင်းပါပြီ၊ ကျွန်တော် တစ်ခုသိချင်တာက ခင်ဗျားဟာ တစ်ချိန်က မစ်ရှင်ဟိုက်စကူးကျောင်းမှာ သချာင်္ဘာသာနဲ့ စက်မှုဆိုင်ရာ ပုံဆွဲဆရာ ဖြစ်ခဲ့ဖူးတယ်၊ ဒါနဲ့တောင်မှ အခုလို မျက်နှာဖြူအိမ်မှာ သိမ်သိမ်ငယ်ငယ်နဲ့ စားပွဲထိုး၊ ပန်းကန်ဆေး၊ တံမြက်လှဲ အလုပ်မျိုး ပြောင်းလုပ်ခဲ့တယ်၊ အဲ့ဒါ ဘာကြောင့်လဲဆိုတာ ပြောပြနိုင်မလား ဦးဘာဘာ"

တင်မောင်လတ်ရဲ့အသံက ကရုဏာသံမျိုး ဖြစ်နေတယ်။

တင်မောင်လတ်ရဲ့ လှုပ်ရှားမှုကို ဦးဘာဘာက ကြိုပြီးသတိမထား မိလိုက်ဘူး၊ ဦးဘာဘာရဲ့ မျက်လုံးရှေ့မှာ တပ်ထားတဲ့ မျက်မှန်ကို သူက ဖျတ်ခနဲ ဆွဲဖြုတ်လိုက်တယ်၊ ဦးဘာဘာ ပြန်လည်ဆွဲယူဖို့ လှမ်းဆုပ်လိုက်



ပေမယ့် လေကိုသာ ဆုပ်ကိုင်မိသွားတယ်။

"ကျွန်တော့်မျက်မှန်ကို ဘာဖြစ်လို့..."

ဦးဘာဘာက ရုတ်တရက် အံ့အားသင့်ပြီး ရင်ထဲမှာ လှိုက်ဖိုနေလို့ စကားကို ဆုံးအောင်မပြောမိလိုက်ဘူး။

"ခင်ဗျားမျက်စိအခြေအနေက အတော်ဆိုးနေပါလား၊ ဒါကြောင့် ခင်ဗျား ကျွမ်းကျင်တဲ့ စက်မှုပုံဆွဲနည်းပြအလုပ်ကို စွန့်လွှတ်ခဲ့ရတာကိုး၊ အမြင်အာရုံ ရှစ်ဆယ့်ငါးရာနိုင်နှုန်း ချို့ယွင်းနေလို့ လွန်ခဲ့တဲ့ ရှစ်လတုန်းက မျက်စိခွဲစိတ်ကုသခဲ့ရတယ်နော်၊ ခင်ဗျားမျက်လုံးက လုံးဝ အရောင် ကန်းခဲ့တယ် မဟုတ်လား"

ထိုမေးခွန်းကို မေးလိုက်တဲ့အတွက် တင်မောင်လတ် အောင်နိုင်သူ ဖြစ်တော့မယ်လို့ ညီမီ သဘောပေါက်လိုက်မိတယ်။ အဲ့ဒီအချိန်မှာ တရားရုံးတော်ထဲက ပရိသတ်က တီးတိုးတီးတိုး စကားသံတွေထွက်ပေါ် လာတယ်၊ ဦးဘာဘာက သူ့မျက်လုံးတစ်ဖက်ကို ခွဲစိတ်ကုသပြီးချိန်မှာ အကောင်းပကတိ ဖြစ်နေကြောင်းနဲ့ ကျန်တဲ့ မျက်လုံးတစ်ဖက်ကို ထပ်ခွဲဖို့ တစ်နှစ်ပြည့်အောင် စောင့်ဆိုင်းနေကြောင်း ရှင်းပြနေတယ်။ ဒါပေမယ့် သူရှင်းပြတာကို ပရိသတ်ထဲက လူတချို့ကသာ ကြားလိုက်ရတယ်။

"နောက်ထပ် ခွဲပြီးရင် ကျွန်တော့်မျက်စိနှစ်ဖက်စလုံး ပြန်ကောင်းလာတော့မှာပါ၊ ဒါဆိုရင် ကျွန်တော့် စက်မှုပုံဆွဲအလုပ်ပါ ပြန်ရတော့မှာဗျ"

ဦးဘာဘာက အားရပါးရ ပြောလိုက်တယ်။

"ဒါပေမဲ့ အခုထက်ထိ ခင်ဗျားမျက်လုံးနှစ်ဖက်စလုံး မကောင်းသေးဘူးမဟုတ်လား၊ ဒါကြောင့် ကျုပ်အမှုသည်ရဲ့ ကားဖြတ်မောင်းသွားချိန်မှာ မီးပွိုင့်က မီးနီပြနေတယ်လို့ ပြောခဲ့တာပဲ"

"ကျွန်တော် မျက်မှန်တပ်ထားရင် အရောင်ကို မြင်နိုင်ပါတယ်"

"အရောင်ကို မြင်နိုင်တာ ဘယ်မျက်စိလဲ"

"လက်ဝဲဘက် မျက်စိက ခွဲစိတ်ပြီးကတည်းက အကောင်းပကတိ

ပြန်ဖြစ်နေပါပြီ”

“မီးပွိုင့်က ခင်ဗျားရဲ့ လက်ယာဘက်မှာ ရှိတာမဟုတ်လား”

“ကျွန်တော့်ခေါင်းကို လှည့်ကြည့်လို့ မြင်ရတာပါ”

“ဒါနဲ့ ခင်ဗျား ခုနကပြောတော့ ဒေါ်မေရီကို မမြင်ဘူးဆို”

“ကျွန်တော့် လက်ဝဲဘက်မျက်စိ ခွဲစိတ်ကုသထားပေမယ့် ရှေ့တည့်တည့်ကိုသာ မြင်နိုင်သေးတယ် ဘေးဖက်ကိုသာ မမြင်နိုင်တာပါ”

“ရှေ့တည့်တည့်ပဲ မြင်နိုင်တယ် ဟုတ်လား၊ ရှေ့တည့်တည့် ဘယ်လောက်အကွာအဝေးအထိ မြင်နိုင်တာလဲ ဦးဘာဘာ၊ ခင်ဗျား အခုရပ်နေတဲ့ နေရာကနေ ဟောဟို ကျွန်တော့်အမှုသည် ထိုင်နေတဲ့နေရာ အထိပေါ့ ဟုတ်လား၊ ခင်ဗျားပဲ စောစောက ပြောခဲ့တာလေ”

ဦးဘာဘာက အူကြောင်ကြောင် အမူအရာနဲ့ သူ့ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ပြီး လှမ်းကြည့်လိုက်တယ်။ ဒါပေမယ့် မြင်ကွင်းထဲမှာ မြူနှင်းတွေ ဆိုင်းနေတယ်လို့ ထင်ရတယ်၊ ဒါကြောင့် မြူနှင်းတွေကို လက်နဲ့ ဖယ်ရှားသလို လုပ်ကြည့်နေတယ်။

“လေးစားအပ်သော တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်အနေနဲ့ ဒီ တရားလိုပြ သက်သေအဖြစ်နဲ့ရော၊ သူ့ရဲ့ထွက်ချက်ကိုပါ ပယ်ဖျက်ခွင့်ပြုပေးပါ ခင်ဗျား၊ ဘာကြောင့်လဲဆိုတော့ ဟောဒီ တရားရုံးခန်းမထဲမှာ တရားသူကြီးမင်း အမှူးထားပြီး ရှိရှိသမျှ ဥပဒေပညာရှင်တွေ အပါအဝင် ပရိတ်သတ်အားလုံး သိနေကြပါပြီ၊ ဒီသက်သေဟာ သူ့ရဲ့အမြင်အာရုံ မှားယွင်းအားနည်းမှုကြောင့် သူ့ထွက်ချက်အားလုံးဟာ ယုံကြည်စိတ်ချရလောက်တဲ့ သက်သေခံချက် မဖြစ်နိုင်တော့ပါဘူး၊ ဦးဘာဘာဟာ ကျမ်းသစ္စာပြုပြီး ထွက်ဆိုခဲ့တဲ့ ပဓာနကျတဲ့ အချက်တစ်ခု တင်ပြပါ့မယ်၊ ကားတိုက်မှု ဖြစ်ပွားခဲ့တဲ့ မီးပွိုင့်နဲ့ ကားဂိတ်မှာ သူထိုင်ခဲ့တဲ့ ထိုင်ခုံရဲ့ အကွာအဝေးဟာ ဟောဒီ တရားရုံးခန်းမထဲမှာ လက်ရှိ သူရပ်နေတဲ့ နေရာနဲ့ ကျွန်တော့်အမှုသည် မောင်ယုဇင်ထိုင်နေတဲ့ နေရာလောက်ပဲ ကွာဝေးတယ်လို့ ထွက်ဆိုခဲ့တာကို အားလုံး ကြားသိကြပြီး ဖြစ်ပါတယ်၊ ဟောဒီရုံးခန်းထဲ သူ့မှန်းဆချက် အကွာအဝေးဟာ ပေသုံးဆယ်ထက်



မပိုပါဘူး၊ အခင်းဖြစ်ပွားခဲ့တဲ့ မီးပွိုင့်တည်ရှိတာနဲ့ သူထိုင်ခဲ့တဲ့ ဘတ်စ်ကားမှတ်တိုင်က ထိုင်ခုံရဲ့ အကွာအဝေးကို ကျွန်တော် ကြိုတင် စစ်ဆေးတိုင်းတာခဲ့တဲ့အခါမှာ...”

ဝတ်လုံတော်ရ တင်မောင်လတ်က ခဏ ရပ်နားပြီးမှ ဆက်ပြောလိုက်တယ်။

“ခုံသမာဓိ လူကြီးမင်းများနဲ့ လေးစားအပ်ပါသော တရားသူကြီးမင်း ခင်ဗျား၊ တိတိကျကျ ကျွန်တော်ကိုယ်တိုင် တိုင်းတာခဲ့တာဟာ ခြောက်ဆယ့်ရှစ်ပေတိတိ ဖြစ်ပါတယ်၊ ဒါကြောင့် မျက်မြင်သက်သေ ဦးဘာဘာဟာ colour blind အရောင်ကန်းသူ ဖြစ်နေရုံမျှမကဘဲ မျက်စိရဲ့ ဘေးတိုက်အမြင်ဟာလဲ ချို့ယွင်းနေတယ်လို့ သူကိုယ်တိုင်ထွက်ဆိုခဲ့ပါတယ်၊ နောက်ပြီး သာမန်အကွာအဝေး ခန့်မှန်းချက်ဟာလဲ လုံးလုံးလျားလျား လွဲမှားနေပါတယ်၊ ဒါကြောင့် သူ့ထွက်ဆိုချက် အားလုံးဟာ အမြင်အာရုံ လွဲမှားချွတ်ယွင်းခဲ့တာ မဟုတ်ခဲ့ရင်တော့ တမင်သက်သက် လိမ်လည်ထွက်ဆိုတာပဲ ဖြစ်ပါတယ်၊ သေသူ ဒေါ်မေရီဟာ ဘာကြောင့် မောင်းလာတဲ့ ကားရှေ့ကို အထိတ်တလန့် စွတ်ပြေးပြီး ကားကို လူကဝင်တိုက်လိုက်သလို ဖြစ်သွားတယ်ဆိုတာတော့ သက်သေ ဦးဘာဘာကလွဲလို့ တခြားဘယ်သူမှ မသိနိုင်ပါဘူး၊ တကယ်တော့ ဦးဘာဘာဟာ သူ့ဘဝမှာ ကြေကွဲစရာဖြစ်ရပ်နှစ်မျိုးကို ကြုံတွေ့ခဲ့ရသူ တစ်ယောက်ပါ၊ သူ့ဇနီး ဆုံးရှုံးခဲ့ရသလို သူ့အမြင်အာရုံဟာလဲ ချို့ယွင်းဆုံးရှုံးခဲ့ရသူ ဖြစ်နေပါတယ်၊ ဒါကြောင့် တရားရုံးတော်မှာ သက်သေခံချက် ပေးနိုင်လောက်အောင် မသင့်တော်သူ ဖြစ်ကြောင်း သိသာထင်ရှားနေပါပြီ တရားသူကြီးမင်းခင်ဗျား၊ သူ့ကို သက်သေစာရင်းက လုံးလုံးလျားလျား ပယ်ဖျက်ပြီး သူ့ထွက်ချက်ကိုပါ ဖယ်ရှားဖို့ တင်ပြ အစီရင်ခံပါတယ် ခင်ဗျား”

•

တရားရုံးတော်ခန်းမထဲတွင် တစ်စတစ်စနှင့် ပရိသတ်များ ရှင်းသွားလေပြီ။ ဝတ်လုံတော်ရ ဦးတင်မောင်လတ်၏ အရည်အသွေးကို မှုခင်း



သတင်းထောက်များနှင့် ပရိသတ်က အသိအမှတ် ပြုသွားကြသည်။ လုပ်ဖော်ကိုင်ဖက်များက ချီးကျူးကြသည်။ နောက်ထပ် ဆယ့်ငါးမိနစ်မျှ အကြာတွင် တင်မောင်လတ်က တရားရုံးထဲမှ ထွက်လာသည်။ အဝင်အထွက် တံခါးပေါက်ဝတွင် ညိုမိနှင့် တွေ့ကြသည်။

“ရှင့်ရည်မှန်းချက် အောင်မြင်ဖို့အတွက် လူတစ်ယောက်ရဲ့ သက်သေခံချက်ကို ပယ်ဖျက်နိုင်တာကို ပြောစရာ မရှိပါဘူး၊ ဒါပေမဲ့ အဲ့ဒီ သက်သေရဲ့ အကျင့်သိက္ခာကိုပါ စောင်းပါးရိပ်ခြည် ထိပါးခဲ့တာကတော့ ဆိုးပါတယ်၊ ဒီအတိုင်းဆိုရင် သူ ကျွမ်းကျင်တဲ့ စက်မှုပုံဆွဲအလုပ်ကိုတောင်မှ ပြန်ရဖို့ မလွယ်တော့ဘူးဆိုတာ ရှင် သဘောပေါက်သင့်ပါတယ်”

“အဲ့ဒါ သူ့ပြဿနာလေ၊ ငါ့ပြဿနာမှ မဟုတ်ဘဲ”

တင်မောင်လတ် ကိုယ်လွတ်ရုန်းသည့် အဖြေမျိုး ပြောလိုက်သည်။

“ဒါဖြင့် မယားကြီးကို အိမ်မှာ ချောင်ထိုးပြီး တခြားအမျိုးသမီးနဲ့ ဓာတ်လမ်းရှုပ်နေတဲ့ ရှင့်ပြဿနာကျတော့ကော ဘယ်လိုရှင်းမှာလဲ”

“အဲ့ဒါ ရှင်းစရာမလိုတဲ့ ပြဿနာပဲ၊ ဒီအတိုင်း ထားလိုက်ယုံပေါ့”

စကားဆုံးသည်နှင့် တင်မောင်လတ်က ရှေ့မှ ခပ်သွက်သွက်လျှောက်သွားသည်။ ညိုမိသည် ဒေါသထောင်းခနဲ ဖြစ်ပေါ်လျက် တောက်တစ်ချက်ခေါက်၍ အံကြိတ်လိုက်သည်။

တင်မောင်လတ် ဆက်လျှောက်သွားသော လမ်းဘေး ပလက်ဖောင်း ကားမှတ်တိုင်ရှေ့တွင် သက်သေအဖြစ်မှ ပယ်ဖျက်ခံလိုက်ရသော ဦးဘာဘာက ဘတ်စ်ကားစောင့်နေသည်။ တင်မောင်လတ်က ဦးဘာဘာကို လှည့်မကြည့်ဘဲ ထိုနေရာနှင့် မျက်နှာချင်းဆိုင်ဘက်ရှိ ကားပတ်ကင်တွင် ရပ်ထားသော သူ၏ ကားရှိရာသို့ လျှောက်သွားသည်။

ထိုအခိုက်အတန့်တွင် ကားပတ်ကင်ထဲမှ ညိုမိမောင်းထွက်လာသော ဆီဒင်ကားကို မြင်လိုက်ရသည်။ တင်မောင်လတ်က ဘေးသို့ ခုန်ရှောင်ချိန် မရလိုက်။ သူ့မျက်နှာကြီးတွင် အကြီးအကျယ် အံ့အားသင့်သွားသော အသွင်သဏ္ဌာန်ဖြင့် ကားဆောင့်မိလိုက်သော အရှိန်ကြောင့် မြေပြင်ပေါ်သို့ ပစ်ကျသွားသည်။ ညိုမိက ချက်ချင်းပင် ကားဘရိတ်ကို ဖိနင်းလိုက်သော



ကြောင့် တုံ့ခနဲ ကားရပ်သွားသည်။

တရားရုံး မျက်နှာစာတွင် အခင်းဖြစ်ပွားခဲ့သောကြောင့် တာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှင့် ရဲအရာရှိ တစ်ဦးက တစ်မိနစ်အတွင်း ရောက်လာကြသည်။ သူတို့က တင်မောင်လတ်၏ ခန္ဓာကိုယ်ကို ကားရှေ့ဘီးအောက်မှ ခက်ခက်ခဲခဲ ဆွဲထုတ်ကြရသည်။

ညိုမိက ရဲအရာရှိကို ရှင်းပြနေသည်။

“ကျွန်မအမှားပါ၊ ကားပတ်ကင်ထဲကို သူဝင်လာတာကို တခြား ကားတစ်စီးကွယ်နေလို့ မမြင်မိပါဘူး၊ ရုတ်တရက် သူ့ကိုမြင်လိုက်တဲ့ အချိန်မှာ ဘရိတ်ကို နင်းလိုက်ပေမယ့် တိုက်မိပြီးသား ဖြစ်နေပါပြီ”

ထိုအချိန်တွင် အနီးပတ်ဝန်းကျင်မှ လူအချို့ ဝိုင်းအုံလာကြသည်။

ကားတိုက်မှု ဖြစ်ပွားသောနေရာတွင် မျက်မြင်သက်သေဟူ၍ ဘတ်စ်ကားမှတ်တိုင်တွင် ရပ်စောင့်နေသော ဦးဘာဘာတစ်ယောက်သာလျှင် ရှိနေသည်။ ရဲအရာရှိက ရဲတပ်ဖွဲ့ဝင်ကို ဆေးရုံကားခေါ်၍ လူနာကို တင်ဆောင်ရန် မှာကြားပြီးနောက် သူက ဦးဘာဘာထံသို့ လျှောက်သွားသည်။ ညိုမိက ရဲအရာရှိနောက်မှ ခပ်ယို့ယို့ လိုက်ပါသွားသည်။

“သူ့ယောကျ်ားကို သူ့ဇနီးဖြစ်သူက ကားနဲ့ တိုက်မိသွားတယ်၊ ခင်ဗျားက ဒီနားမှာ အနီးဆုံးမျက်မြင်သက်သေ ဖြစ်နေတဲ့အတွက် ခင်ဗျား မြင်တာကို အမှန်အတိုင်း ပြောပြပါ”

“ကားနဲ့တိုက်မိတဲ့ အမျိုးသမီးက အတိုက်ခံရသူရဲ့ ဇနီးမယားဖြစ်နေတယ် ဟုတ်လား၊ ဒါဆိုရင် အဲဒီအမျိုးသမီးပြောတာ အမှန်ပဲ ဖြစ်မှာပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်မြင်တာ အရေးမကြီးတော့ပါဘူး”

ဦးဘာဘာ တပ်ထားသော မျက်မှန်ကိုချွတ်၍ လက်ကိုင်ပဝါဖြင့် မှုတ်သုတ်လိုက်သည်။

သူ့မြင်ကွင်းတစ်ခုလုံး မြူဆိုင်းနေသလို မြင်နေရသည်။

“တရားဝင်ပြောရမယ်ဆိုရင် ကျုပ်ဟာ တရားရုံးတော်မှာ သက်သေခံချက် ပေးနိုင်လောက်အောင် သင့်တော်သူ မဟုတ်တော့ပါဘူးဗျာ၊ ဒါကြောင့် ကျုပ် ဘာမှပြောစရာမရှိတော့ပါဘူး”

ဦးဘာဘာ စိတ်ပျက်လက်ပျက်ကြီး ပြောလိုက်သည်။

ထို့နောက် မျက်မှန်ကို တပ်လိုက်စဉ် ဘတ်စ်ကားတစ်စီး ကားမှတ်တိုင်တွင်ရောက်ရှိ ရပ်တန့်လိုက်သည်။ ခရီးသည်တစ်ယောက်နှစ်ယောက် ဆင်းပြီးချိန်တွင် ဦးဘာဘာက ဘတ်စ်ကားပေါ်သို့ တက်သွားသည်။

မိနစ်ပိုင်းအတွင်း ဘတ်စ်ကားထွက်သွားသည်။

ရဲအရာရှိက နောက်ထပ် မေးခွန်းများမေး၍ စစ်ဆေးရန် ညိုမိဘက်သို့ မျက်နှာမူလေသည်။ ထိုအချိန်တွင် ဆေးရုံကားတစ်စီးက ဥသြသံပေးလျက် ရောက်လာလေသည်။

ဆွေမြင့်



# သရဲမ ပြုလိုက်သောတရား

## ဝေယံလင်းခေါင်

"သားတို့ ကျောင်းသွား၊ ကျောင်းပြန်ကို နင့်ဦးလေးလှတို့အိမ်နားက မသွားကြနဲ့နော်"

ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ကျောင်းသွားခါနီး တစ်နေ့တွင် အမေက ထူးထူးခြားခြား စကားဆိုသည်။

"ဘာဖြစ်လို့လဲ အမေ"

ခါတိုင်းသွားနေကျလမ်းက မသွားရဆိုသဖြင့် ကိုကြီးထွန်းက အမေ့ကိုမေး၏။

"နင်တို့ ကျောင်းသွားကျောင်းပြန်ကို မြင်ရင် နင့်ဦးလေးလှက သူ့သားကို ပိုပြီး သတိရနေမှာစိုးလို့၊ မလေးကလဲ သားတို့ကိုမြင်တိုင်း သူ့သားကို သတိရလို့ ငိုချည်းနေတော့ အမေတို့လဲ စိတ်မချမ်းသာဘူး။ အဲဒါကြောင့် သားတို့ကျောင်းသွားကျောင်းပြန်ရင် ကန်ပြင်ဘက်ကပဲ လှည့်ပြန်ကြပါကွယ်"

အမေပြောလိုက်မှ ကျွန်တော်တို့ ညီအစ်ကိုတွေလည်း ကိုအောင်မြင့်ကို သတိရသွားကြပြီး စိတ်မကောင်း ဖြစ်သွားကြသည်။

ဦးလေးဖြူလှနှင့်အမေက ညီအစ်ကိုအရင်း။ ဦးလေးဖြူလှ၏ သား



ကိုအောင်မြင့် အသဲရောင် အသားဝါ ရောဂါနှင့် ဆုံးပါးသွားသည်မှာ တစ်လကျော်လောက်ရှိပြီး ကိုအောင်မြင့်မှာ ကိုကြီးထွန်းနှင့် အသက်အတူတူ။ ၁၃ နှစ်သားအရွယ် ဖြစ်သည်။

ယခင်က ညီအစ်ကိုဝမ်းကွဲတွေမို့ ကိုအောင်မြင့်နှင့် ကျွန်တော်တို့မှာ ကျောင်းသွားကျောင်းပြန် အတူတူ။ ယခုတော့ ကိုအောင်မြင့် ဆုံးပါးသွားသည်မှာ တစ်လကျော်ရှိပြီ။

တစ်ဦးတည်းသောသားကို ဦးလေးဦးဖြူလှနှင့် ဒေါ်လေးမတို့က မည်မျှ ချစ်ခဲ့ကြမည်ကို မိဘတိုင်း ခံစားသိရှိနိုင်ကြသည်။ ကိုအောင်မြင့် သေသွားသည်မှာ တစ်လကျော်ရှိပြီ ဖြစ်သော်လည်း ဒေါ်လေးမသည် ကျွန်တော်တို့ ညီအစ်ကိုကိုမြင်တိုင်း သူ့သားကို သတိရ၍ နေ့တိုင်းငိုသည်။ အထူးသဖြင့် ကျွန်တော်တို့ ညီအစ်ကိုတွေ ကျောင်းသွားကျောင်းပြန်ဆိုလျှင် ပိုဆိုးသည်။

သို့သော် ဒေါ်လေးမငိုသည်က သူ့အိမ်ထဲ၌ ကြိတ်ငိုနေသဖြင့် ပြဿနာမရှိ။ ဦးလေးလှ လုပ်နေပုံကိုတော့ ဆွေမျိုးတွေနှင့်တကွ တစ်ရွာလုံးကပင် ရူးသွားပြီဟု ပြောနေကြသည်။ ဦးလေးလှသည် ညနေတိုင်း သချိုင်းကုန်းကို သွားပြီး သူ့သား ကိုအောင်မြင့်အား အသက်ထင်ရှားရှိစဉ်က ကိုအောင်မြင့် ကြိုက်တတ်သော မုန့်ပဲသရေစာနှင့် ထမင်းဟင်း သွားသွားပို့နေသည်မှာ တစ်လကျော်လောက် ရှိပြီ။ သူ့ယောကျ်ားက သူ့သားအတွက် ထမင်းသွားပို့နိုင်ရန်အတွက် ဒေါ်လေးမကလည်း သူ့သား ကြိုက်တတ်သော အစားအစာများကို နေ့တိုင်း ချက်ပြုတ်ပေးနေသည်။

သူတို့လင်မယားကို ဆွေမျိုးများနှင့်တစ်ရွာလုံးက တရားချ ဖျောင်းဖျပြောဆိုကြသော်လည်း ဘယ်လိုမှပြောမရ။ ညနေကျလျှင် ဒေါ်လေးမ သူ့သားအတွက် ချက်ပြုတ်ပေးထားသော ထမင်းဟင်းနှင့် မုန့်ပဲသရေစာ ငှက်ပျောသီး၊ ပိန္နဲသီးကအစ ဦးလေးလှက သချိုင်းကုန်းကိုသွားပြီး ကိုအောင်မြင့်နာမည်ကို အော်ခေါ်ကာ ထမင်းကျွေးတတ်သည်။

ဆွေမျိုးတွေနှင့်တကွ တစ်ရွာလုံးတွင် ဩဇာရှိပြီး မောင်နှမများထဲ၌လည်း အကြီးဆုံးဖြစ်သော အမေက ဦးလေးလှကို

"မင်း သချိုင်းကုန်းကိုသွားပြီး ထမင်းသွားသွားပို့နေတာတော့ ဟုတ်ပါပြီ၊ မောင်အောင်မြင့်ကို သချိုင်းကုန်းမှာ မင်း တွေ့ခဲ့ရလို့လား၊ မင်းသွားပို့တဲ့ ထမင်းဟင်းကိုကော မောင်အောင်မြင့် လာစားတာ မင်း တွေ့လို့လား ငါ့ညီ"

ဟု မေးသည်။

"သား...သားကို သချိုင်းမှာတော့ တစ်နေ့မှမတွေ့ပါဘူး အစ်ကို၊ ဒါပေမဲ့ ကျွန်တော် ညည အိပ်နေရင် သားက ကျွန်တော့်အနားလာပြီး သူကျောင်းနေတုန်းက ကျောင်းအပြန်မှာ ပြောတတ်သလို ထမင်းဆာတယ် အဖေရာဆိုတဲ့ အသံကို ကျွန်တော့်နားထဲ ကြားကြားနေရသလိုပဲ အစ်ကိုကြီးရာ"

ဦးလေးလှ ရှိုက်သံနှင့် ပြောသည်။

"မင်းကွာ... ရဟန်းဝတ်နဲ့လဲ လေးငါးဝါအထိ နေလာခဲ့ဖူးပြီ၊ စာပေကျမ်းဂန်တွေလဲ အစ်ကိုတို့ထက် သင်လာခဲ့ရသူပါ၊ တကယ်လို့ မင်းသား မကျွတ်မလွှတ်ဘဲ ပြိတ္တာဘဝရောက်နေတယ်ပဲထားပါဦး၊ ဒီလို သွားသွား ပေးကျွေးနေလို့ကော မင်းသား မောင်အောင်မြင့်က စားရမှာတဲ့လား၊ အလှူပေးအမျှဝေမှ သူတို့ပြိတ္တာဘုံသားတွေက စားကြ သောက်ကြရမှာ၊ မင်းတို့ငါတို့ဆီးဝေတဲ့ ကုသိုလ်ဒါန အမျှအတန်းကိုရမှ ကောင်းရာ သုဂတိ ရောက်တတ်ကြတယ်ဆိုတာ ဆရာတော်လဲ ဟောပြပြီးပြီ၊ မင်းလဲ သိပါတယ်၊ ခု တို့သားကြီး မောင်အောင်မြင့်အတွက် မင်းကုသိုလ်လုပ် အမျှပေးဝေနေတာလဲ တစ်လကျော်အတွင်းမှာကို သုံးလေးခါရှိနေပြီ၊ အိမ်ကအကောင်တွေနဲ့ မောင်အောင်မြင့်က ကျောင်းသွားကျောင်းပြန် အတူတူဆိုတော့ ငါသားတွေကို ငါလဲ မေးကြည့်ပါတယ်၊ မောင်အောင်မြင့်နဲ့ ပတ်သက်လို့ ဘာမှ သံသယဖြစ်စရာ သူတို့ မတွေ့ရပါဘူး၊ မမြင်ရပါဘူး ပြောကြတာပဲ၊ ညီအစ်ကို ဝမ်းကွဲတွေဆိုပေမယ့် အရင်းလို ချစ်ကြတော့ မြင်ရင်မြင်တယ်၊ တွေ့ရင်တွေ့တယ် ပြောကြမှာပေါ့၊ ငါ့ညီ အယူမှားနေပြီ၊ မင်းသချိုင်းကုန်းသွားသွားပြီး မောင်အောင်မြင့်ကို ညနေတိုင်း ထမင်းသွားသွားကျွေးနေတာက အကြောင်းမဟုတ်ဘူး၊ အတော်



ကြာ မိုးချုပ်နေဝင် သချိုင်းကုန်းက ရွာထဲဝင်လာတော့ မကောင်းဆိုးရွားတွေ ကပ်ပါလာမယ်၊ ဘာမယ်နဲ့ ရွာကလူတွေကလဲ ငါ့ကို ပြောလာကြတယ်၊ မင်း အယူမမှားပါနဲ့၊ တို့သားကြီး မောင်အောင်မြင့်က ရှင်သာမဏေလဲ ပြုပြီးသားပါ၊ လိမ္မာယဉ်ကျေးတဲ့ ကလေးမို့ ကောင်းရာသုဂတိရောက်သွားမယ့် ကလေးပါ၊ မင်းစိတ်ကို တရားနဲ့ဖြေပါ ငါ့ညီ"

အမှန်က အဖေသာမဟုတ်၊ ဦးလေးဖြူရှာကို တစ်ဆွေလုံးတစ်မျိုးလုံး တစ်ရွာလုံးမက ကျောင်းကြီးဆရာတော်ကပါ သိသွားပြီး ဘုရားရှင်လက်ထက်တော်အခါက ကိသာဂေါတမီ သားသေ၍ ဘုရားဆီတွင် ပြန်ရှင်အောင်ဆေးလာတောင်းရာ ဘုရားရှင်က လူသေကိုပြန်ရှင်လာအောင် ဆေးဖော်ပေးရန် လူမသေဖူးသော အိမ်က မုန်ညင်းစေ့ ရှာခိုင်းသော ပုံဝတ္ထုသာစကာတွေနှင့်လည်း တရားချ ဟောပြောပြီးပြီ။

သို့သော် ဘယ်လူပြောပြော၊ ဘယ်လူဟောဟော ဦးလေးလှကမူ သူ့သား အသက်ထင်ရှားရှိနေသေးသည်ဟုချည်း ထင်နေသလားမသိ။ ညနေကျလျှင် သူ့သားအား ထမင်းဟင်းပို့ရန် သချိုင်းကုန်းသို့ သွားပြီ။

နောက်တော့ သူ့ကို အားလုံးက သနားကရုဏာသက်စွာနှင့် ခွင့်လွှတ်ထားလိုက်ကြသည်။ အဖေကလည်း

"အနာတက်နိုက် ဆေးမလိုက်ဘူးတဲ့ဗျို့၊ ဒီကောင် သူ့သားအတွက် သိပ်ပြီး သောကပရိဒေဝမီးတွေ တောက်လောင်နေတယ်၊ တောက်ပါစေ၊ လောင်ပါစေဦး၊ ကြာတော့မှ အချိန်ကာလက သူ့ကို ကုစားသွားပါလိမ့်မယ်"

ဟု ခွင့်လွှတ်စကားဆိုထားသည်။

ထို့ကြောင့် ဦးလေးဖြူလှနှင့် ပတ်သက်၍ မည်သူကမျှ မပြောမဆိုကြတော့။ အရူးတစ်ယောက်အား ခွင့်လွှတ်ထားသလိုသာ ထားလိုက်ကြသည်။

သည်လိုနှင့် တစ်နေ့တွင် ရွာမြောက်ဖျားက နာတာရှည် ရောဂါဖြစ်နေသော အသက်ခြောက်ဆယ်ကျော်အရွယ် ဒေါ်တရုတ်မ ဆုံးပါးသွားသည်။ ထုံးစံအတိုင်း သက်ပျောက်ဆွမ်းကျွေး၍ ဗုဒ္ဓဘာသာတို့၏



ထုံးတမ်းစဉ်လာအရ ဒေါ်တရုတ်မကို သဂြိုဟ်ကြသည်။ သပိတ်သွတ် ရက်လည်ဆွမ်းကျွေးကြသည်။ ထိုအချိန်ထိ ဦးလေးလှလည်း သူ့သား ကိုအောင်မြင့်ကို ညနေတိုင်း သချိုင်းကုန်းသွားပြီး ထမင်းသွားပို့၊ ထမင်းသွားကျွေးနေတုန်း။

တစ်နေ့ညနေ မှောင်ရီပျိုးစအချိန်မှာဦးလေးလှ မျက်စိပျက်၊ မျက်နှာပျက်နှင့် ကျွန်တော်တို့အိမ်သို့ ပြေးဝင်လာသည်။ ဝတ်လာသော လုံချည်အဟောင်းမှာလည်း နောက်ကကွဲလာသည်။ အင်္ကျီတစ်ထည်လုံးမှာလည်း အစွန်းအထင်း၊ အပေအရေတွေနှင့်မို့ ကျွန်တော်တို့ တစ်အိမ်သားလုံးမှာ အံ့သြကြီးစွာနှင့် ဦးလေးလှကို ငေးကြည့်ကာ မင်တက်မိနေကြသည်။ ဦးလေးလှသည် ဤတစ်ခါတော့ အများပြောကြသလို ရူးများသွားပြီလားဟုလည်း စိုးရိမ်သွားကြသည်။ ထို့ကြောင့် ရုတ်တရက် ဦးလေးလှအား ဘာမေး၍ ဘာပြောရမှန်း မသိဖြစ်နေကြစဉ်–

ညနေစာ ထမင်းစားနေသော အဖေကတော့ သူ့ညီ ဦးလေးလှကို တစ်ချက်လှမ်းကြည့်သည်။ အမှန်က မေးစရာလည်းမလို။ ဤအချိန်သည် ဦးလေးလှ သူ့သား ကိုအောင်မြင့်အား ထမင်းသွားကျွေးပြီး ပြန်လာချိန်ဆိုသည်ကို အားလုံးသိနေကြသည်။

ဦးလေးလှသည် ညနေစာ ထမင်းစားနေသော အဖေ့အနားကို ပြူးတူးပြဲတဲနှင့် တိုးကပ်၍ လာထိုင်သည်။ ထူးထူးခြားခြား သူ့အနားလာထိုင်သော ဦးလေးလှကို အဖေက နှုတ်နှင့်မမေး။ "ဘာလဲ" ဟူသော သဘောနှင့်သာ မေးတစ်ချက် ဆတ်ပြလိုက်သည်။

ကျွန်တော်တို့က ရူးနေသော ဦးလေးလှ အဖေ့ကို ဘာများကပ်ကာ ပြောမည်နည်းဟု စောင့်ကြည့်နေကြ၏။

"ကျွန်တော်... ကျွန်တော် ကြောက်လိုက်တာ အစ်ကိုကြီးရာ"

"ဟင်...မင်း...မင်း သချိုင်းကုန်းမှာ မောင်အောင်မြင့်ကို တွေ့ခဲ့ပြီ..."

"ဟာ...မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ခုလေးတင်ပဲ သားကို ထမင်းသွားကျွေးပြီး အပြန်မှာ မတရုတ်မရယ်ဗျာ ရွာထဲလိုက်ပါရစေဆိုပြီး



ကျွန်တော့်နောက် အတင်းပြေးလိုက်လာလို့ အလဲလဲ အပြိုပြို မနည်းကို လွတ်အောင် ပြေး...ပြေးလာခဲ့ရတယ်၊ ကြောက်စရာကောင်းလိုက်တာ"

"အေး...ဟုတ်မယ်၊ မတရုတ်မ သရဲဖြစ်နေတယ်၊ သူ့လယ်ထဲက နွားတင်းကုပ်မှာ ညနေညနေ သူ့နွားတွေကို လာလာကြည့်တယ်၊ ခြောက်တယ်လို့ ငါလဲ ပြောသံကြားတယ်၊ မင်း သချိုင်းကုန်းကို ကြပ်ကြပ်သွား၊ တစ်နေ့ ဒုက္ခရောက်လိမ့်မယ်"

"ကျွန်တော် နောက် မသွားတော့ပါဘူး အစ်ကိုကြီးရယ်၊ သားကြီး မောင်အောင်မြင့် သရဲတစ္ဆေဖြစ်မနေဘူးဆိုတာလဲ ကျွန်တော် ယုံသွားပါပြီ၊ တကယ်လို့ သားသာ သရဲတစ္ဆေဖြစ်နေခဲ့ရင် ကျွန်တော် နေ့တိုင်း သချိုင်းကုန်းမှာ ထမင်းသွားသွားကျွေးနေတာ ကိုယ်ထင်ပြမှာပေါ့၊ တွေ့ရမှာပေါ့၊ ခု မတရုတ်မသေတာ ဘာကြာသေးလို့လဲ၊ ခုလေးတင် ကျွန်တော် တွေ့လာခဲ့ပြီ"

"အေးပေါ့ကွ၊ တို့သားကြီးက ရှင်လဲပြုပြီးသား၊ မင်းလုပ်တဲ့ အလှူဒါနကလဲ နည်းနည်းနောနောလား၊ ဘယ်လိုလုပ် သားကြီးက သရဲတစ္ဆေဘဝ ရောက်ရမှာလဲ၊ ကောင်းရာသုဂတိပဲ ရောက်မှာပေါ့၊ တကယ်လို့ တို့သားကြီး နတ်ပြည်နတ်ရပ်မှာသာ ဖြစ်နေခဲ့ရင်တော့ မင်းအရူးထနေတာကို ကြည့်တောင်ရယ်နေမလား မသိဘူး"

ဦးလေးလှ ရှက်ရှက်နှင့် ခေါင်းငုံ့ပြန်သွားသောအခါ အဖေက–

"ကျောင်းဆရာတော် ကိသာဂေါတမီ ပုံဝတ္ထုနဲ့တောင် တရားပြမရတဲ့အကောင်၊ ခုတော့ မတရုတ်မသရဲမ တရားပြလိုက်တော့မှ ချက်ချင်း ကျွတ်တန်းဝင်တော့တယ်"

ဟု မှတ်ချက်ချလိုက်လေသည်။

စေယံလင်းခေါင်




# အသွေးတူ အရောင်ကွဲ

ဘသက်ဆွေ

လူတူမရှား နာမည်တူမရှားဆိုသည့် စကားက ပြောလို့သာ ကြားကောင်းလှပါသည်။ တကယ်တူရသူများအဖို့ တစ်ခါတရံ နာမည်တူရခြင်း၊ ရုပ်ချင်းတူရခြင်းတို့ကြောင့် အတော်ပင် စိတ်အနှောက်အယှက် ဖြစ်ရတတ်သည်။ ကသိကအောက် ဖြစ်ရတတ်သည်။ ထို့ထက်ပို၍ အန္တရာယ်ကျရောက်ကြရတတ်သည်။

လူချင်း ရုပ်တူရခြင်း၊ နာမည်တူရခြင်းတို့ကြောင့် ကောင်းကျိုးမပေးဘဲ ဆိုးကျိုးကိုသာ ရရှိလာသောအခါ၊ ကြုံလာရသောအခါ "ငါ့ရုပ်ရည်ဒီလူနဲ့မှ တူတတ်ပလေ"ဟု ညည်းညူမိကြပေသည်။ ထိုမှ "ဘယ်သူနဲ့မှ ငါနဲ့ မတူပါစေနဲ့"ရုပ်ဖြစ်ဖြစ်၊ နာမည်ဖြစ်ဖြစ် ငါဟာ သီးခြားဖြစ်နေပါစေဟု ဆုတောင်းမိကြပေသည်။

သို့သော် ထိုဆုတောင်းသည် လူတိုင်းအတွက် မပြည့်နိုင်ပါ။ လူချင်း ရုပ်တူသူ၊ အမည်တူသူများကတော့ ရှိနေကြလေသည်။ နာမည်တူသည်ထက် ရုပ်ရည်ချင်းတူသည်က ပို၍ဆိုးမည်ဟု ကျွန်တော်ထင်သည်။ ရုပ်ချင်းတူသူ တစ်ဦးနှင့် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရသောအခါ ကြောက်စရာ အန္တရာယ်ကို ယခုပြန်တွေးမိတိုင်း ကျောချမ်းလျက် နေမိသေးသည်။



မမျှော်လင့်ဘဲ သူနှင့်တွေ့ဆုံရသောအခါ ကျွန်တော့်ကိုယ်ကျွန်တော်ပင် အံ့သြသွားရသည်။

သူနှင့် တွေ့ဆုံရသည့် နေရာက ဗိုလ်ချုပ်ဈေး ကျောက်အရောင်းအဝယ်များလုပ်သည့် ကျောက်တန်း။ ကျွန်တော်နှင့် ဘာမျှမဆိုင်သောနေရာ၊ ကျွန်တော်သည် ကျောက်အကြောင်း ဘာမျှနားမလည်သော မဂ္ဂဇင်းတစ်စောင်မှ အယ်ဒီတာတစ်ယောက်၊ စာရေးဆရာတစ်ယောက်၊ သူကတော့ ကျောက်ပွဲစား၊ တခြားပွဲစားလုပ်ငန်းများ လုပ်နေသူ။

သူ့နာမည် ကိုစိန်တင်။ လူရည်လည်သည်။ ခေတ်ဆန်သည်။ အပြောကောင်း။ ကျွန်တော်နှင့်တော့ လုံးဝ ဆန့်ကျင်သည်။ စရိုက်ချင်းကွာသည်။ စိတ်နေချင်းလည်း ကွာပေသည်။ သို့သော် ရုပ်ရည်ချင်းကခွဲမရအောင် တူနေသည်။ ထိုအချက်က ခက်နေ၏။

သူနှင့် တွေ့ရပုံမှာ–

ကျွန်တော့်မိတ်ဆွေတစ်ယောက် ကျောက်အရောင်းအဝယ်ကိစ္စနှင့် ဗိုလ်ချုပ်ဈေး ကျောက်တန်းကိုသွားစဉ် ကျွန်တော့်အား အဖော်ခေါ်၍ လိုက်သွားမိရာက ဖြစ်သည်။ ကျောက်စိမ်းတုံးလေးများ ပါလာ၍ သွားရောင်းခြင်းဖြစ်သည်။ ကိုတင်အောင်သန်းနှင့် နဂိုကပင် သိကျွမ်းခဲ့ဟန်တူသော ကျောက်ပွဲစားတစ်ဦးဖြစ်သူ ကိုချစ်အောင်က ကိုတင်အောင်သန်းနှင့် ကျွန်တော်ပါလာသောအခါ ဆီးကြို၍ ကျွန်တော့်ကို ပြုံးပြနှုတ်ဆက်ရင်း ပြောလာသည်။

"ကိုတင်အောင်သန်းဗျာ အတော်နောက်တဲ့လူ၊ ကိုစိန်တင်တစ်ယောက်လုံး ပါလာပြီး ကျုပ်ကို ကျောက်လာရောင်းခိုင်းနေတယ်ဗျာ"

"ဟင်..."

"ဗျာ..."

ကျွန်တော်ရော ကိုတင်အောင်သန်းပါ အံ့အားသင့်သွားရသည်။ နောက်မှ ကိုတင်အောင်သန်းက ကိုချစ်အောင် ကျွန်တော့်ကို လူမှားနေမှန်း နားလည်သွားကာ–

"ဟေ့လူ ကိုချစ်အောင်၊ ဒါ ခင်ဗျားပြောတဲ့ ကိုစိန်တင်မဟုတ်



ပါဘူးဗျာ၊ ကျုပ်မိတ်ဆွေ စာရေးဆရာ နန္ဒကျော်ပါ၊ ခင်ဗျားလူက ဘာလုပ်လဲ၊ သူနဲ့အတော်တူလား"

"ဟာဗျာ ခင်ဗျား နောက်တာမဟုတ်ပါဘူးနော်"

"ဒါ နောက်စရာလားဗျာ"

"ပြောတော့ ယုံရပြီပေါ့ဗျာ၊ ကိုစိန်တင်မှ တကယ့်ချွတ်စွတ်ပဲ၊ ကိုစိန်တင်က ဘာလုပ်ရမလဲဗျာ၊ ကျုပ်လိုပဲ ပွဲစားပေါ့၊ အင်း တစ်ခုတော့ မတူတာ ကျုပ် အခုမှ သတိထားမိတယ်၊ ကိုစိန်တင်က ဘယ်အခါမဆို ဘောင်းဘီ၊ စပို့ရှပ် ဝတ်လေ့ရှိတယ်ဗျာ၊ အဲ အစ်ကို ကိုကျော်နန္ဒ ဆရာကတော့ တိုက်ပုံအမြဲဝတ်ပုံရတယ်"

"ဟုတ်တယ်၊ ကျွန်တော့်လိုင်းက တိုက်ပုံလိုင်းဆိုပါတော့ဗျာ၊ ဒါနဲ့ ခင်ဗျားပြောတဲ့ ကိုစိန်တင်ကို ကျွန်တော်တွေ့ချင်တယ်ဗျာ"

ကျွန်တော်က ကိုချစ်အောင်စကားကိုထောက်ပေးရင်း ရင်ထဲရှိသည့်ဆန္ဒကိုပါ ထုတ်ဖော်ပြောလိုက်မိသည်။

"တွေ့ရမှာပေါ့ဗျာ၊ ဟော ပြောရင်း ဟိုမှာလာနေပါပြီ၊ ဟောလူ ကိုစိန်တင် ဒီကိုခဏ"

"ဟင်..."

ကိုချစ်အောင် လှမ်းခေါ်၍ ကျွန်တော်တို့ဖက်နှင့် ဆန့်ကျင်ဘက် လျှောက်နေရာမှ ပြန်လှည့်လိုက်သော ကိုစိန်တင်ဆိုသူကို တွေ့လိုက်ရသောအခါ ကျွန်တော် အလွန် အံ့သြသွားသည်။ ကျွန်တော့်ရုပ်သွင်ကို မှန်မှာ ပြန်မြင်လိုက်ရသကဲ့သို့ပင် ဖြစ်နေ၍ အံ့သြရခြင်းပင်။ ထို့အတူပင် ကိုစိန်တင်ကလည်း ကျွန်တော့်ကို အံ့အားသင့်စွာ ကြည့်ပေးရင်း အနီးသို့ လျှောက်လာသည်။

"ကိုချစ်အောင် ကဲ ဘယ့်နယ့်လဲ၊ ကျုပ်ပြောတာမဟုတ်ဘူးလား"

ဆိုသည့် သဘောမျိုး ပြုံးစေ့စေ့နှင့် ကိုတင်အောင်သန်းကို မေးဆတ်ပြလိုက်ခြင်းပင်။

ကိုတင်အောင်သန်းမှာ ကျွန်တော်နှင့် ကိုစိန်တင်ကို တစ်လှည့်စီ ကြည့်ပြီး

"ကိုချစ်အောင်ပြောတာ ဟုတ်တယ်၊ ဒီလူနှစ်ယောက်ဟာ အသက်ချင်းရော၊ အရွယ်အစား၊ အချိုးအစားရော၊ ရုပ်ချင်းရော၊ ချွတ်စွပ်တူလိုက်တာဗျာ၊ လာဗျာ လက်ဖက်ရည်ဆိုင်မှာ စကားပြောရင်း ခင်ဗျားတို့နှစ်ယောက်လဲ မိတ်ဆက်၊ ကျုပ်တို့အရောင်းအဝယ်လဲ လုပ်ကြရအောင်"

သို့ဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်မိကြသည်။

ဆိုင်ထဲရောက်သည်နှင့် ကိုချစ်အောင်ကပင် ကျွန်တော်နှင့် ကိုစိန်တင်ကို မိတ်ဆက်ပေးသည်။ ကျွန်တော်တို့နှစ်ယောက် စကားပြောဖြစ်ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက်မေးမြန်းစပ်စုမိကြသည်။ သူနှင့် ကျွန်တော်သည် ဆွေမျိုး လုံးဝမစပ်ပါ။ သူသည် အထက်အညာမုံရွာသားဖြစ်ပြီး ကျွန်တော်က မြစ်ဝကျွန်းပေါ်သား ဖြစ်နေသည်။ ဇာတိက ထိုမျှ ကွာခြားရုံမက ကျွန်တော်တို့နှစ်ဦး လုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းများနှင့် လက်ရှိ လုပ်နေဆဲ အလုပ်အကိုင်တို့မှာလည်း တခြားစီပင်ဖြစ်သည်။ တစ်ခု သတိထားမိသည်မှာ ကိုစိန်တင်သည် ကျွန်တော့်ထက် နယ်စုံသည်။ လူပေါင်းစုံ၊ အလွှာစုံ ကျင်လည်ဖူးသည်။ လူရေလည်သည်ဆိုသော အချက်ပင် ဖြစ်သည်။

ထိုနေ့က ကိုတင်အောင်သန်း၏ ကျောက်အရောင်းအဝယ်ကိစ္စ အလုပ်ဖြစ်သွားသည်။

"နောက်ကြုံရင် ဝင်ခဲ့ပေါ့ဗျာ၊ ကျွန်တော်တို့စာပေတိုက်က ၃၁ လမ်းမှာရှိတယ်လေ၊ လာပါ ရပါတယ်၊ ကျွန်တော့နာမည် မေးလိုက်ပေါ့"

"ဟုတ်ကဲ့ ကျွန်တော်ကတော့ ဒီ ဗိုလ်ချုပ်ဈေးကျောက်တန်းမှာပဲဗျ အဟဲ"

ထိုသို့ အပြန်အလှန်မိတ်ဆေါ်ရင်း လူချင်းခွဲလိုက်ကြသည်။ ထိုစဉ်က ထိုသို့ ရုပ်ချင်းတူသူနှင့် ဆုံမိခြင်းသည် ဘာမှအကြောင်းမဟုတ်ဟု ထင်ခဲ့မိသည်။

ကိုချစ်အောင်က ကျွန်တော့်မိတ်ဆွေ ကိုတင်အောင်သန်းနှင့် ဟိုးတုန်းကပင် အတော်ရင်းနှီးပုံပေါက်သည်။ ကိုတင်အောင်သန်း နယ်သို့မပြန်သေးသော ရက်များတွင် ကိုချစ်အောင် နေ့စဉ်လာသည်။ ကျွန်တော်ကလည်း



ကိုတင်အောင်သန်းနှင့် အမြဲရှိနေတော့ လူချင်းပေါင်းမိတာ မကြာပေမယ့် စကားပြောပွင့်လင်းသူများဖြစ်၍ ရင်းနှီးမှု မြန်ဆန်လှသည်။ အထူးသဖြင့် ညနေပိုင်းတွင် ကျွန်တော်တို့ သုံးယောက်သည် စားသောက်ဆိုင်တစ်ခုခုသို့ ရောက်သွားကာ ယမကာပိုင်း ဖွဲ့လေ့ရှိသော်ကြောင့် ပိုမိုရင်းနှီးမှု ရှိလာကြသည်။

ကိုချစ်အောင်က ကိုတင်အောင်သန်းနှင့် အကြောင်းပြု ခင်မင်ရသော်လည်း လူရင်းတွေလို သဘောထားပြီး သူ့ထံ အလည်အပတ်လာရန် လိုအပ်သော အကူအညီများရှိက တောင်းရန် ပြောပါသည်။ ကျွန်တော်ကလည်း မိတ်ဆွေသစ် ကိုချစ်အောင်ကို လူရင်းစာရင်း သွင်းမိပါသည်။

ကိုချစ်အောင်ထံမှပင် ကိုစိန်တင်အကြောင်းများကို လေ့လာသိရှိရသည်။

"ကိုစိန်တင်က စိတ်ရင်းတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ပွဲစားဆိုတော့ လူတွေက ခင်ဗျားလဲ သဘောပေါက်မှာပါ၊ ရမယ်ဆိုရင် သားအဖချင်းတောင် ကလိမ်ကျချင်ကြတာဗျ၊ ခက်နေတာက သူက ကျုပ်တို့လို ကျောက်တစ်မျိုးတည်းကိုင်တာမဟုတ်ဘူး၊ လိုင်းကစုံနေတယ်၊ အဲဒီတော့ လူတကာနဲ့ပေါင်းပြီး ငွေရပေါက်ဆို အကုန်လုပ်တယ်လို့ ပြောရမှာပေါ့ဗျာ၊ သူ့မှာ အမြဲ ငွေလိုနေတတ်တယ်၊ လိုမှာပေါ့ မိန်းမက နှစ်ယောက်ဗျ၊ သူနဲ့ ပတ်သက်တဲ့ ပြဿနာ သေးတာရောကြီးတာတွေပါ ဈေးထဲကို ရောက်ရောက်လာတတ်တယ်ဗျ၊ ဒါပေမဲ့ ဒီလူက တော်ပါတယ်၊ ဘယ်လိုရှင်းတယ်မသိဘူး၊ ဘယ်လိုပြဿနာဖြစ်ဖြစ် သူနဲ့တွေ့ပြီးရင် ပြေလည်သွားကြတာချည်းပဲ"

"သူနေတော့ကော ဘယ်မှာလဲဗျ"

"အင်း အဲ့ဒါလဲ ပြောရခက်တယ်၊ မယားကြီးက သယ်န်းကျွန်းမှာ၊ အငယ်က တာမွေမှာဗျာ၊ အငယ်ဆီမှာ အနေများမှာပါ"

ကိုချစ်အောင်နှင့် ကျွန်တော် ရင်းနှီးသည့် ကာလအတိုကလေးမှာပင် ကိုစိန်တင်နှင့်လည်း ရင်းနှီးခဲ့ရပါသည်။

ကိုစိန်တင်သည် ကိုချစ်အောင်လိုပင် ကျွန်တော့်ဆီ ရောက်ရောက်



လာတတ်သည်။ ကျွန်တော်နှင့် ပတ်သက်၍သော စာပေအပေါင်းအသင်းများက ကျွန်တော်ဟု ထင်မှတ်ကာ သူ့ကို မကြာခဏ လူမှားကြောင်း ပြောပြ၏။ ဟုတ်ပေမည်။ ကျွန်တော်ဗိုလ်ချုပ်ဈေးဘက် လမ်းလျှောက်မိတိုင်း ကျွန်တော့်ကိုလည်း ကိုစိန်တင်ဟုသော အမည်ခေါ်၍ နှုတ်ဆက်သူများ၊ ကျောက်အကြောင်း တရင်းတနှီး လာပြောသူများနှင့် ကြုံရပါသည်။ တစ်ခါတရံ လူမှားကြောင်း ရှင်းပြပြီး တစ်ခါတစ်လေတော့ ကျွန်တော် ရှင်းမပြနေတော့ဘဲ ကိုစိန်တင်လုပ်၍ ရောချလိုက်ပါသည်။

"ခင်ဗျားနဲ့ ကျုပ် အနုလောက်တူတော့ လူတွေ အမြှာလို့ထင်ကြမှာပဲဗျ၊ ကျုပ်သာ တိုက်ပုံဝတ်လိုက်ရင် လူတွေ ခွဲမရအောင် ဖြစ်သွားမယ်"

"အေးဗျာ၊ ဘယ်ရှေးရေစက်လဲ မသိပါဘူး"

ထိုစကားပြောပြီးနောက်ပိုင်းတွင် ကိုစိန်တင် တိုက်ပုံဝတ်ပါသည်။ ကျွန်တော်နှင့် အလွန်တူသည်မှာ ခွဲမရတော့ပါ။ စာပေတိုက်တွင်ရှိသော အလုပ်သမားများနှင့် ကျွန်တော့်လက်ထောက် စာတည်းအဖွဲ့ဝင်များပင် ရုတ်တရက် မသိကြတော့ပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်မလာသောနေ့တစ်နေ့တွင် ကိုစိန်တင်က ကျွန်တော့်ဆီလာရင်း စောင့်ရင်းမှာပင် ကျွန်တော့်ကိုယ်စား စာတည်းအဖွဲ့မှာ တစ်နေ့လုံး ထိုင်သွားသည်ကို စာပေတိုက်တစ်တိုက်လုံး မသိလိုက်ကြသောကြောင့် ဖြစ်သည်။

နှစ်ယောက်စလုံး တိုက်ပုံနှင့် ပုဆိုးနှင့် ကိုချစ်အောင်ဆီ ကျွန်တော် အလည်သွားမိရာမှ ကိုချစ်အောင်ကိုယ်တိုင် ကျွန်တော့်ကို ကိုစိန်တင်မှတ်၍ ကျောက်ကိစ္စ ပြောနေသည်။ ကျွန်တော်ကရောလိုက်နေပြီး ပြန်ခါနီးမှ

"ဟေ့လူ ကျုပ် စိန်တင်မဟုတ်ပါဘူးဗျ"

"ဟင် ...ခင်ဗျားက စာရေးဆရာပီပီ အတော် လူလည်လုပ်တဲ့လူပဲ၊ ကျုပ်ကတော့ ကိုစိန်တင်မှတ်ပြီး အရောင်းအဝယ် အကွက်အကြောင်းတွေ ပြောနေတာ"

"ဟော ဟိုမှာ ကိုစိန်တင်လာပါပြီဗျာ၊ ကျုပ်ပြန်မယ်"

"ကိုနန္ဒကျော် မနက်ဖြန်ညနေ တစ်ပွဲလောက် ဆုံရအောင်ဗျာ၊



ကိုစိန်တင်ပါ ခေါ်ခဲ့မယ်"

"ဘာလဲဗျ"

ကိုစိန်တင်ရောက်လာပြီး မေး၏။ ကျွန်တော်က ကိုချစ်အောင်ဘက် လှည့်ကာ ပြုံး၍

"ကိုချစ်အောင် စီစဉ်လိမ့်မယ်ဗျာ၊ အလုပ်တွေ စားပွဲမှာပုံနေတယ်၊ လုပ်ဦးမှ"

ကျွန်တော်က အချိန်းအချက်လုပ်ပြီး ထွက်လာခဲ့သည်။

နောက်တစ်နေ့ ညနေတွင် ကျွန်တော်တို့သုံးယောက်ဆုံကာ ဒဂုံဟိုတယ်ကို သွားကြသည်။

အမှန်မှာ ထိုပိုင်းအတွက် ကိုချစ်အောင်က ချိန်းဆိုသည်ဖြစ်၍ သူပင် တာကာခံရန် ဖြစ်သည်။ သို့သော် ကိုစိန်တင်က သဒ္ဒါပေါက်၍ ပြောလာ၏။

"ကိုချစ်အောင် ခင်ဗျားပိုင်းကို ကျုပ်ရှင်းလိုက်မယ်နော်၊ ကြိုတုန်းနို့ပါ"

"ဟေ့လူ ကျုပ်က ဆရာကိုနန္ဒကျော်ကို တမင်ချိန်းပြီး ပြုစုတာပါ၊ ခင်ဗျားက ဘယ်လိုကြားဖြတ်ပြီး ဝင်လာရတာလဲ"

"အဟဲ ကြုံတောင့်ကြုံခဲမို့ပါဗျာ၊ မနေ့ကပဲ ကျုပ် အတော်မြတ်မြတ်ကလေး အကွက်ဆိုက်လိုက်လို့ ဒကာခံချင်တဲ့ သဒ္ဒါ ပေါက်သွားတယ် ဆိုပါတော့ ဟဲ ... ဟဲ"

"ဒါဆို ရပါတယ်ဗျာ၊ ရပါတယ်..."

ဝိုင်းကလေးမှာ စိုပြည်သွားသည်။ ကျွန်တော်တို့သုံးယောက်သည် အရက်သောက်ရင်း ဟိုရောက် ဒီရောက် စကားပြောရင်း အချိန်ကို ဖြုန်းနေကြသည်။ ကိုချစ်အောင်နှင့် ကိုစိန်တင်တို့က အရောင်းအဝယ်စကားများ တစ်ခါတစ်လေ ဖောက်လာသည်ကိုတော့ ကျွန်တော် နားမလည်၍ ဝင်မပြောပါ။

ဝိုင်းရှည်လာသောအခါ ကိုစိန်တင်သည် တစ်စုံတစ်ယောက်ကို မျှော်သလို ဝရံတာမှနေ၍ လမ်းပေါ်ကို ထွက်ထွက်ကြည့်တတ်သည်။

"ကိုစိန်တင် ဘာတွေ ကြည့်နေတာလဲဗျ"

"လူတစ်ယောက်ပါဗျာ၊ သူက ဒီကိုလာနေကျ၊ ရောက်လာမလား လို့၊ သူလာရင် ဝိုင်းထဲတစ်ခါတည်း သွင်းရအောင်ပါ"

မကြာခဏလမ်းပေါ်ကို ကြည့်သော ကိုစိန်တင်သည် နောက်ဆုံး တစ်ကြိမ်ကြည့်ပြီး ဝိုင်း၌ ပြန်အထိုင်တွင်

"ကျုပ် အရေးတကြီး ကိစ္စ ပေါ်လာပြီဗျ၊ တွေ့ရမယ့်လူကို သွား တွေ့မှဖြစ်မယ်၊ ခင်ဗျားတို့ပဲ ကြည့်ရှင်းလိုက်ကြဗျာ၊ ရော့ဒီမှာ"

ပြောပြောဆိုဆို ငွေတစ်ထောင်အုပ် တစ်အုပ်ချ၍ ဒရောသောပါး ဆိုင်ထဲမှ ပြေးဆင်းသွားသည်။

"ဒီလူ ဘယ်လိုဖြစ်သွားပါလိမ့်"

ကျွန်တော်ရော ကိုချစ်အောင်ပါ ကိုစိန်တင်၏ ရုတ်တရက် ပြောင်းလဲသွားသော ဟန်ပန်အမူအရာကို နားမလည်စွာ ဝရံတာမှနေ၍ ကျောက်လမ်းမပေါ်သို့ လှမ်းကြည့်မိသည်။ ထူးထူးခြားခြား မတွေ့ရပါ။ အနီရောင် (SE) ကားတစ်စီးသာ ရပ်နေသည်ကို တွေ့ရသည်။

အချိန်က တဖြည်းဖြည်း ကုန်လာသည်။ ဆယ်နာရီ ဝန်းကျင်လောက် ဖြစ်လာသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်လည်း ဝိုင်းသိမ်း၍ ဆိုင်ပေါ်က ဆင်းလိုက်ကြသည်။

လမ်းမပေါ်ရောက်သည်နှင့် ကျွန်တော်နှင့် ကိုချစ်အောင် ပြိုင်တူ နှုတ်ဆက်မိကြပြီး ကိုချစ်အောင်က ဗိုလ်ချုပ်လမ်းဘက် ထွက်သွားကာ လေးဘီးကား ငှားသွားလေ၏။ ကျွန်တော်ကမူ အရက်ရှိန်တက်တက်နှင့် လျှောက်သည်။ အနော်ရထာလမ်းပေါ်ရောက်မှ ကားငှားမည်ဟု စိတ်ကူး ထားသည်။

ထိုစဉ် ရုတ်တရက် ကျွန်တော့်အင်္ကျီကော်လံနောက်ဖက်ကို ဆွဲ၍ လှုပ်ခါခြင်းကို ခံလိုက်ရ၍ ကျွန်တော်၏ ကိုယ်ဟန်အနေအထား ပျက်သွား ရပြီး မျက်နှာသစ်တစ်ခုနှင့် အနီးကပ် ဆုံတွေ့လိုက်ရ၏။ ထိုမှ တစ်ဆက် တည်း ထိုမျက်နှာပိုင်ရှင်၏ အကြမ်းအမောင်းကိုပါ ခံလိုက်ရတော့သည်။

"ဒီမှာ ကိုစိန်တင် ခင်ဗျား ရှောင်နေလို့ မရပါဘူးဗျာ၊ လာ ကား



ပေါ်တက်၊ ကျုပ်တို့နဲ့ ခင်ဗျား ရှင်းမှဖြစ်မယ်"

"ဟော့... ဟော့လူ ခင်ဗျား လူမှားနေပြီ၊ ကျုပ်က စိန်တင်မဟုတ် ပါဘူးဗျာ"

"ဘာမဟုတ်ရမှာလဲ၊ လူလိမ် လာခဲ့"

"မလာဘူးဗျာ"

ကျွန်တော်သည် ကျွန်တော့်အား ချုပ်သလို ကိုင်ထားပြီး ကားပေါ် အတင်းဆွဲတင်နေသော ထိုသူလက်ထဲမှ အတင်းရုန်းထွက်လိုက်သည်။ ကျွန်တော့် ရှပ်အင်္ကျီ ကြယ်သီးနှစ်လုံး ပြုတ်ထွက်သွားတော့မှ သူ့လက် ထဲက လွတ်သွားရသည်။

"ဒီလူကို ရအောင်ခေါ်ချေ၊ ကျနိတာ ကျုပ်တာဝန်ထားလိုက်"

ကားထဲမှ လူတစ်ယောက်က လှမ်းပြောရင်း ကားတံခါးကို ဖွင့် ဆင်းလာသည့် သူတို့နှစ်ယောက်သည် ကျွန်တော့်အား ဝိုင်းရံသော အနေအထားမရောက်မီ ကျွန်တော် နောက်ဆုတ်လိုက်သည်။

"ခင်ဗျားတို့ လူမှားနေပြီနော်၊ ကျုပ် ကိုစိန်တင် မဟုတ်ဘူး"

ကျွန်တော်သည် ထိုသို့ပြောရင်းကပင် ထိုလူနှစ်ယောက်၏ ပုံပန်း ရုပ်ရည်ကို စိတ်မှတ်ထဲမှာ သတိပြုနေသည်။ ထို့အတူပင် ကားနံပါတ် ကိုပါ မှတ်ထားမိသည်။ တစ်စုံတစ်ခု ထူးခြားနေသည်ဟုထင်သောကြောင့် ပင်။

ကျွန်တော့်ကို ဝိုင်းရံဖို့ ကြိုးစားနေသူ ထိုနှစ်ယောက် အလုပ်မဖြစ် လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် ဒဂုံစားသောက်ဆိုင်ပေါ်မှ ဆင်းလာသော လူစုနှင့် ရောထွေးသွားသောကြောင့် ဖြစ်သည်။ အရက်ရှိန်ရလာပြီး ဟို တယ်က ဆင်းလာသော လူစုက ငါးယောက်ခြောက်ယောက်၊ အရက် တန်ခိုးကြောင့် ရိုးရိုးမနေဘဲစပ်စုလိုက်သည်။

"ဘာဖြစ်နေကြတာလဲ ဆွဲလားရမ်းလားနဲ့ပါလား"

"ဘယ်လိုဖြစ်ချင်ကြလို့လဲ"

"ဘယ်လိုသဘောတွေလဲ"

ထိုသို့သော ဘာတာညာညာ အမေးစကားများကြောင့် ကျွန်တော်



နှင့် ထိုလူနှစ်ယောက် လူချင်းကွဲသွားတုန်း ကျွန်တော် ထိုနေရာမှ လစ်ထွက်ခဲ့ရလေသည်။

အိမ်ကို ဘယ်ပုံဘယ်နည်း ရောက်လာသည်မသိ။ ကားစီးလာသည်၊ အငှားကားပင် ဖြစ်မည်ထင်သည်။ တစ်ရေးနိုးတော့မှ ပြန်တွေးကြည့်တော့ ကျွန်တော်ကြုံခဲ့ရသော အဖြစ်သည် ကိုစိန်တင်အတွက် စဉ်းစားစရာ။ ကိုစိန်တင် ဘာတွေလုပ်ခဲ့သလဲ။ (SE)ကားနှင့်လာစောင့်နေသူ နှစ်ယောက် သည် ကိုစိန်တင် ဒဂုံဟိုတယ်ပေါ်မှာရှိမှန်း သိနေပုံရသည်။ သူတို့ ချိတ် ဆက်က ဘယ်လိုလဲ၊ ဘာကြောင့် ကျွန်တော့်ကို ရန်မူသည့်ဟန်ပန်နှင့် ခေါ်နေရသနည်း။ ကိုစိန်တင်မှာ အန္တရာယ်ရှိနေသည်မှာ မလွဲပင်ဖြစ်မည် ဟုတော့ သိနေလေသည်။

ကျွန်တော် အလုပ်စားပွဲမှာ ထိုင်လိုက်ရုံရှိသေးသည်။ ကိုချစ်အောင် ရောက်လာပြီး အရေးကြီးတယ် ခဗျာဟု ခေါ်၍ အပြင်ထွက်လိုက်လာမိ သည်။ ကိုချစ်အောင်က လက်ဖက်ရည်ဆိုင်ကို ခေါ်လာပြီး ဆိုင်ထဲရောက် မှ စကားစလိုက်သည်။

"ဒီလိုဗျ ညက ကိုစိန်တင်နဲ့ ကျုပ်တို့ အတူအရက်သောက်ကြ တယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လို့လဲ ဗျ"

"အပြန်မှာ ကိုစိန်တင် ကားတိုက်ခံရပြီး ဆုံးပြီလေ"

"ဗျာ"

"ကျုပ်ကတော့ ကိုစိန်တင် မူးလို့ ကားတိုက်ခံရတာမဟုတ်ဘူး၊ တမင်တိုက်လိုက်တာလို့ ထင်တယ်"

ကျွန်တော့်အတွေးထဲမှာ ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်သည် ချက်ချင်းရောက်ရှိလာ၏။ ထို့ကြောင့် ကိုချစ်အောင်စကားကို စိတ်ဝင် တစား နားစိုက်နေမိသည်။

"ညက သူပြောသွားတယ်၊ သူကျန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်း က အစိမ်းတစ်လုံး ပြောင်ထားပြီး တခြားကျောက်တွေနဲ့ ဈေးရောငွေရော ငွေချေလုံးကျ လုပ်လိုက်တာ သုံးသိန်းလောက် သူ့ဗိုကျန်တယ်တဲ့၊ အဲဒါ



ရှောင်းတဲ့ကုန်သည်က ကျေနပ်ပုံ မပေါ်ဘူးတဲ့၊ သူ့ကို နောက်ကလိုက် ချောင်းနေတယ် ကြားတယ်တဲ့ဗျ"

"ဟင်...ဟုတ်လား၊ ဒါဆိုရင် အရင်ညက တွေ့ခဲ့တဲ့ လူနှစ်ယောက် ဟာ"

"ဘယ်လူတွေလဲဗျာ ပြောစမ်းပါဦး"

ထိုအခါ ကျွန်တော်က ကိုစိန်တင်နှင့် ကျွန်တော့်အားမှား၍ လူ နှစ်ယောက်က ကျွန်တော့်ကို ချုပ်ခေါ်သည့်အကြောင်း ပြောပြလိုက်၏။

"ဒါဆို ဟုတ်ပြီ၊ ဒါပေမဲ့ ဒီလူတွေဟာ ဘယ်သူမှန်းမသိတော့ ခက်တယ် ကိုနန္ဒကျော်ရဲ့"

"ဘာခက်မှာလဲဗျာ၊ တရားဥပဒေ ရှိပါတယ်ဗျာ၊ ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး၊ ဒီလူနှစ်ယောက်ကို ကျုပ် ကောင်းကောင်းမှတ်မိတယ်၊ နောက်ပြီး သူတို့စီးလာတဲ့ ကားနံပါတ်လဲ မှတ်မိတယ်ဗျာ၊ သက်ဆိုင်ရာကို အကြောင်းကြားလိုက်ရင် ရက်ပိုင်းအတွင်း ပေါ်လာမှာပါ"

"အင်း"

ကျွန်တော်သည် ပြောသည့်အတိုင်း ဆောင်ရွက်၍ ကိုစိန်တင်အား သတ်သည့်အမှုကို ပေါ်အောင်လုပ်မည်ဟု စိတ်ထဲမှာ ဆုံးဖြတ်ချက်ချထား လိုက်သည်။

ဘယ်ကိုပြေးမလဲ။ ပြေးလို့ကော သူတို့လွတ်ပါ့မလား။ ကျွန်တော် နှင့် ရုပ်ချင်းတူသော ကိုစိန်တင်အတွက် ကျွန်တော်ကတော့ ကြိုးပမ်းတော့ မည်ပင် ဖြစ်၏။

ဘသက်ဆွေ

# တက္ကသိုလ် လွှမ်းမြင့်ဝေ

## အရောင်အရိပ် အတိတ်အနာဂတ်



# အရောင် အရိပ် အတိတ် အနာဂတ်

## တက္ကသိုလ်လွှမ်းမြင့်ဝေ

(တစ်)

"စာရေးဆရာ ကောင်းမြတ်ရှင်းတစ်ယောက် သူ့ကိုယ်သူ သတ်သေသွားတာပါ" လို့ ကံသေကံမ မပြောနိုင်သလို "မတော်တဆ ထိခိုက်ပြီး သေဆုံးခဲ့တာပါ" လို့လည်း တပ်အပ်သေချာ မဆုံးဖြတ်နိုင်ပါ။ ယခု ဖော်ပြမည့် ဖြစ်ရပ်တစ်ခုလုံး၌ 'တစ်စုံတစ်ရာသော ဆန်းကြယ်မှု'သည် စကန် မုချပင် ရှိနေပါလေ၏။

အင်းလေ သည်လောကကြီးမှာ လူသားတွေ မဖြေရှင်းနိုင်သေးတဲ့ သိပ္ပံထက် ဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်ဆန်းတွေ အဖြေညီမရသေးတဲ့ ပဟေဠိတွေက အနမတဂ္ဂ ရှိနေချေသည်ပဲ မဟုတ်လား?။

(နှစ်)

တကယ်တော့ သူ့အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေ ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာတွေ၊ အတွေ့အကြုံတွေကို ကုန်ကြမ်းအဖြစ်ရယူပြီး ဝတ္ထုဇာတ်လမ်းဆင်ကာ မရေးဘဲ မနေနိုင်ခြင်းကြောင့်ပင် သည်ဖြစ်ရပ်တွေ ပေါ်ပေါက်လာရခြင်း ဖြစ်ပါ၏။



မှတ်မှတ်ရရ သည်ဖြစ်ရပ်တွေကို ဇွဲဆော်ဦး အစပျိုးခဲ့သူက သူ့သူငယ်ချင်း 'မျိုးကျော်သက်' ရယ်လေ။ မျိုးကျော်သက်ဆိုသည်က အောင်မြင်နေသော စီးပွားရေးသမား၊ ကုမ္ပဏီပိုင်ရှင်တစ်ဦး။

သူတို့နှစ်ယောက် လူချင်းမတွေ့ရသည်ပင် ကာလအတန်ကြာခဲ့ပြီ။

အမှတ်မထင် ရုံးကြီးတစ်ရုံး၏ လှေကားအတက်အဆင်းမှာ ပက်ပင်းတိုးကြရင်းက မျိုးကျော်သက်ကပင် စတင်ပြီး မြို့စွန်ရှိ 'လပ်ကီးစတားစားတော်ဆက်'မှာ စားသောက်ရင်း စကားစမြည်ပြောကြဖို့ ဖိတ်မန္တကပြုလာသည်။ သူ၏ ဆန်နီပစ်ကတ်ကားလေးဖြင့် မြင်းခြံမြို့၏ မြောက်ဘက်တူရှသို့ မောင်းလာခဲ့ကြသည်။

မတွေ့တာ ကြာပြီဖြစ်သော သူငယ်ချင်းတို့ ထုံးစံအတိုင်း 'ဗိုက်လေဘယ်' တစ်လုံးကို အတူမြိုကြရင်း စကားတွေ ဖောင်ဖောင်ကျဲကြသည်။ အများဆုံးပြောသူက မျိုးကျော်သက်။ အင်းလေ သူက ဘဝမှာ အစစအောင်မြင်နေသူကိုး။ ကောင်းမြတ်ရှင်းဆိုသည်က မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုကလေးတွေကို ကြိုကြားကြိုကြားသာ ပါနေသေးသည့် စာပေခရီးလမ်းမှာ စမ်းတဝါးဝါး သွားနေရသော ဝတ္ထုတိုစာရေးဆရာ။ သည်တော့လည်း အပြောထက် အတွေးကို ဦးစားပေးခြင်းက သူ့အကျင့်လို ဖြစ်နေသည်။

"မင်းလဲ သိသားပဲ ကောင်းမြတ်ရှင်း၊ ခုဆို 'အေးသီလှိုင်'နဲ့ ငါ အိမ်ထောင်ကျခဲ့တာ ဆယ်နှစ်ပြည့်သွားပြီ၊ ကျောင်းပြီးလို့ ဘွဲ့ရတာနဲ့ ငါတို့ လက်ထပ်ခဲ့ကြတာပဲလေ၊ အေး...လှိုင့်ကို ဘာအလုပ်မှ မခိုင်းဘဲ အိမ်ထောင်ထိန်းသိမ်းဖို့ပဲ တာဝန်ယူနိုင်းခဲ့တယ်၊ စီးပွားရှာတဲ့ အလုပ်က ငါ့တာဝန်လေ"

"လှိုင်ဟာ ဇနီးကောင်းတစ်ယောက်၊ အိမ်ရှင်မကောင်း တစ်ဦးဆိုတာ ငါ ဝန်ခံပါတယ်၊ အိမ်ထောင်သက် ဆယ်နှစ်လုံးလုံး သားသမီးမထွန်းကားတာကလွဲရင် လှိုင့်မှာ ဘာမှ အပြစ်ဆိုစရာမရှိဘူး၊ အင်းလေ သားသမီးဆိုတာကလဲ လိုချင်တိုင်း ရတာမှ မဟုတ်ဘဲ၊ သူ့ကို အပြစ်မတင်ပါဘူး၊ အခု ငါတွေ့နေရတဲ့ ပြဿနာက တခြားမဟုတ်ဘူး သူငယ်ချင်း..."

"ငါ့ကုမ္ပဏီက စက္ကူဌာနမှူးရီမလေး 'ယုနန္ဒာကျော်'နဲ့ ငါ မေတ္တာမျှ



နေကြတယ်၊ မပြုံးပါနဲ့ သူငယ်ချင်း၊ သာမန် တွေ့နေမြင်နေကျ လူမှုရေးဖောက်ပြန်တဲ့ ဇာတ်လမ်းမျိုး မဟုတ်ပါဘူး၊ တို့နှစ်ယောက် တကယ့်ကို နှစ်နှစ်ကာကာ ချစ်နေကြတာ၊ ခက်တာက လှိုင့်ကို ကွာရှင်းပြတ်စဲဖို့ ငါ ဖွင့်မပြောရဲဘူး၊ ငါ လိပ်ပြာမလုံဘူး၊ သူ့မှာ အပြစ်ပြောစရာ ဘာတစ်ခုမှ မရှိဘဲကိုး"

"ဒီတော့ ငါရင်ဆိုင်နေရတဲ့ အကျပ်အတည်းက လက်ရှိပုံစံအတိုင်း ပိုနေမြဲ ကျားနေမြဲပဲ နေလိုက်ပြီး နန္ဒာရော ငါပါ စိတ်ဆင်းရဲ ခံကြမလား?၊ ဒါမှမဟုတ် အပြစ်ကင်းမဲ့တဲ့ လှိုင့်ကိုပဲ တို့နှစ်ယောက် စိတ်ချမ်းသာမှုအတွက် စတေးရမလားဆိုတာ ဝေခွဲမရ ဖြစ်နေတာပဲ သူငယ်ချင်း"

သည်တုန်းက ကောင်းမြတ်ရှင်းသည် နားထောင်ရုံ သက်သက်ပဲ နားထောင်ခဲ့ပါသည်။ ဘာတစ်ခွန်းမှ ဝေဖန်ခြင်း၊ အကြံပေးခြင်း မပြုလုပ်ခဲ့ပါ။ သို့ဖြင့် ဗိုက်လေဘယ် ပုလင်းလည်း ထန်းလည်ဆစ်ကျိုး ဖြစ်ခဲ့ပြီ။ လက်ကီးစတား စားဖိုမှူး၏ လက်ရာကောင်း တရုတ်အစားအစာတွေလည်း အစာအိမ်ထဲမှာ အပြည့်အနင့် နေရာယူခဲ့ပြီ။ အရက်ကြောင့်လည်း ခေါင်းထဲမှာ ရီဝေဝေ။ အဆီအဆိမ့် အစားအသောက်တွေကြောင့်လည်း ခန္ဓာကိုယ်က လေးတွဲတွဲ။

မျိုးကျော်သက်က အေးကျင်းရပ်ထဲရှိ သူ့အိမ်ပေါက်ဝမှာ ချပေးပြီး ကားမောင်းထွက်သွားသည်အထိ ကောင်းမြတ်ရှင်းသည် ဘာတစ်ခွန်းမှ စကားမဆိုပါလေ။

အံ့စရာတော့ အကောင်းသား။

ရီတီတီ၊ ဝေတေတေဖြင့်ပင် သူသည် စာရေးစားပွဲဆီသို့ တန်းသွားသည်။ ကုလားထိုင်မှာ ဝင်ထိုင်ပြီး စာရွက်ဖြူတစ်ထပ်ကို ဆွဲယူလိုက်သည်။ အိတ်ထဲမှ ဘောလ်ပင်ကို ဆွဲထုတ်ပြီး စာကြည့်မီးအိမ်ခလုတ်ကို ဖွင့်လိုက်ပါလေ၏။

သို့ဖြင့် ကောင်းမြတ်ရှင်းသည် ဝတ္ထုတိုတစ်ပုဒ်ကို စတင်ရေးသားပါတော့သည်။ အစောပိုင်းတုန်းက လပ်ကီးစတားမှာ မျိုးကျော်သက်ပြောခဲ့သမျှကို ဇာတ်လမ်းကျောရိုးအဖြစ် ယူလိုက်သည်။ သို့တစေ မျိုးကျော်

သက်၏ ဇာတ်လမ်းက မဆုံးသေး။ ကိစ္စမရှိ၊ ကျန်နိဂုံးပိုင်းကို သူ့စိတ်ကူးဖြင့် ပေါင်းစပ်ရေးဖွဲ့သည်။ ရေးရသည်မှာ လက်တွေ့လိုက်သည့် ဖြစ်ခြင်း။ ရှာန်ဝင်လိုက်သည့် ဖြစ်ခြင်း။ သူ့ကလောင်ကလည်း သွက်မှသွက်၊ ထက်မှထက်။

ဇာတ်လမ်းက သည်လို...

သူ့ဇာတ်ကောင်သည် အိမ်ထောင်သည်တစ်ဦး၊ ဇနီးသည်က သူနှင့်အတူ တက္ကသိုလ်မှာတက်ရင်း ချစ်ရည်တွနှစ်ကိုယ်မျှခဲ့သူ။ ကျောင်းပြီးတော့ နှစ်ဦးသား လက်ထပ်ခဲ့ကြသည်။ ခုဆို အိမ်ထောင်သက် ဆယ်နှစ်တင်းတင်းပြည့်ခဲ့ပြီ။ သူ့ဇာတ်ကောင်သည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်။ ဇနီးသည်ကို ဘာလုပ်ငန်းမှ မလုပ်စေဘဲ အိမ်ထောင်ထိန်းသိမ်းဖို့ပဲ တာဝန်ယူစေသည်။ ဇနီးသည် အလိမ္မာကလည်း သားသမီး မထွန်းကားသည်မှအပ အိမ်ထောင်ရှင်မကောင်းတစ်ယောက်၊ ဇနီးကောင်းတစ်ဦးပဲ ဖြစ်သည်။ ပြဿနာက သူ့ဇာတ်ကောင်သည် သူ့ရုံးမှ အတွင်းရေးမှူးမလေး(စက္ကရီ)နှင့် ငြိစွန်းသွားခြင်း ဖြစ်ပါ၏။ သာမန်အပျော်အပါးမဟုတ်ဘဲ တကယ့်ကို ရင်ထဲမှာနှစ်နှစ်ကာကာ မြတ်နိုးမိခြင်းပင် ဖြစ်သည်။ ခက်သည်က သူသည် အိမ်ထောင်သည်။ ဘာအပြစ်မှမရှိသော ဇနီးသည်ကိုလည်း မကွာရှင်းရက်။ အခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာ။

သို့တမင့်ပြား သူ့ဇာတ်ကောင်သည် နောက်ဆုံးတော့ ဇနီးသည်အား ကွာရှင်းခွင့် တောင်းခဲ့သည်။ ဇနီးသည်က မျက်နှာတစ်ချက်မှ မပျက်ဘဲ ကြည်ကြည်ဖြူဖြူပင် ကွာရှင်းပေးခဲ့သည်။ စာချုပ်မှာ လက်မှတ်ရေးထိုးပေးခဲ့သည်။ သူလည်း အတွင်းရေးမှူးမလေးနှင့် လက်ထပ်နိုင်ခဲ့သည်။ ဇနီးဟောင်းနှင့်လည်း အခေါ်မပျက်၊ မိတ်ဆွေတစ်ယောက်လို ဆက်ဆံခဲ့သည်။ ဇနီးဟောင်းက အထည်စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်နေသည်။ တစ်ရက် သူ့ဇာတ်ကောင်သည် ဇနီးဟောင်း အလုပ်လုပ်နေသော စက်ရုံသို့ အလည်ရောက်သွားခဲ့သည်။

"အံ့ရောပဲ သူငယ်ချင်း၊ ငါ့ဇနီးဟောင်းကို ကြည့်ရတာ သူ့အလုပ်



သူ သိပ်ကျေနပ် ဂုဏ်ယူနေပုံပဲ၊ တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ်နဲ့၊ ဒါကြောင့်လဲ အချိန်တိုလေးအတွင်းမှာ အောင်မြင်တဲ့ 'ဒီဇိုင်နာ'တစ်ယောက်ဖြစ်လာတာပဲ ထင်ပါရဲ့၊ ငါလဲ ခုမှပဲ သဘောပေါက်တော့တယ်၊ တကယ်တော့ ငါဟာသူ့ကို အိမ်ထောင်ရေး အကျဉ်းထောင်မှာ ဆယ်နှစ်လုံးလုံး အကျဉ်းချထားခဲ့တာပဲကလား၊ သူ့ပင်ကို အရည်အသွေးတွေကို မှေးမှိန် ဖျော့တော့စေခဲ့တာကလား၊ ငါ့အလိုကျ အတွင်းရေးမှူး မိန်းကလေးနဲ့ လက်ထပ်ခွင့်ရလို့ ပျော်တဲ့အပျော်ဟာ သူ့အပျော်နဲ့ ယှဉ်လိုက်တော့ နေလာနှင်းပျောက်ပဲ သူငယ်ချင်း၊ သူ့ကို စိတ်ထဲမှာ မနာလိုဖြစ်မိပါသေးရဲ့"

ကောင်းမြတ်ရှင်က အထက်ပါအတိုင်း သူ့ဇာတ်ကောင်၏ အပြောဖြင့် အဆုံးသတ်လိုက်သည်။ သေသပ်လှပသော ဝတ္ထုတိုလေးတစ်ပုဒ်ပဲ ဖြစ်ပါ၏။ ကောင်းမြတ်ရှင်သည် ဝတ္ထုကို မဂ္ဂဇင်းတိုက်တစ်တိုက်သို့ ပို့လိုက်သည်။ အယ်ဒီတာချုပ် အကြိုက်တွေ့သွားသည်ပဲထင့်။ မဆိုင်းမတွ မဂ္ဂဇင်းမှာ ရွေးချယ်ဖော်ပြပေးခဲ့သည်။

မဂ္ဂဇင်းတိုက်မှ စာအုပ်နှင့် စာမူခရောက်လာသည့်နေ့က်များ ကောင်းမြတ်ရှင်းတစ်ယောက် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ မျိုးကျော်သက်အားသည်အကြောင်း ပြောပြချင်လိုက်သည်မှာ လျှာကိုယားလို့။ မအောင့်နိုင်တော့သည့်အဆုံး မျိုးကျော်သက်ရှိရာ ကုမ္ပဏီရုံးခန်းသို့ ထွက်လာခဲ့သည်။ သူ့ကိုမြင်တော့ မျိုးကျော်သက်က ဝမ်းသာအားရဆီးကြိုသည်။ သူဘာစကားတစ်ခွန်းမှ မဟရသေးမီ မျိုးကျော်သက်ကပင်–

"ငါ့ကိစ္စကတော့ အဆင်ပြေသွားပြီ သူငယ်ချင်းရေ"

ကောင်းမြတ်ရှင်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးမှ–

"မင်းဟာက ဆိုင်းမပါ၊ ဗုံမဆင့်နဲ့ ဘာကိစ္စ အဆင်ပြေသွားတာလဲကွ"

"ဟိုတစ်ခေါက် မင်းကို ငါပြောခဲ့တဲ့ လှိုင်နဲ့ငါ့ကိစ္စလေကွာ၊ အဲဒါအခု အဆင်ပြေသွားပြီ။ လှိုင်က ပြီးခဲ့တဲ့လထဲကပဲ ငါ့ကို ကွာရှင်းစာချုပ်မှာ ကျေကျေနပ်နပ်၊ ကြည်ကြည်ဖြူဖြူ လက်မှတ်ထိုးပေးလိုက်တယ်။



အဲ့ဒီနောက် တစ်ပတ်အတွင်း ယုနန္ဒာကျော်နဲ့ ငါ တရားရုံးမှာ လက်ထပ်လိုက်ကြတယ်။ လှိုင်လဲ အခုဆို အထည်ချုပ်စက်ရုံမှာ အလုပ်ဝင်လုပ်နေလေရဲ့၊ ငါနဲ့ ကွာရှင်းလိုက်ပေမယ့် မိတ်ဆွေတစ်ယောက်လို အခေါ်အပြောမပျက်ပါဘူး...

"ပြီးခဲ့တဲ့အပတ်က လမ်းကြုံတာနဲ့ သူအလုပ်လုပ်တဲ့ အထည်ချုပ်စက်ရုံကိုတောင် ဝင်ခဲ့သေးတယ်၊ အံ့စရာပဲ သူငယ်ချင်း၊ လှိုင့်ကိုကြည့်ရတာ သူ့အလုပ်သူ သိပ်ကျေနပ်ဂုဏ်ယူနေပုံပဲ၊ တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ်နဲ့၊ ဒါကြောင့်လဲ အချိန်တိုအတွင်းမှာ အောင်မြင်တဲ့ 'ဒီဇိုင်နာ'တစ်ယောက် ဖြစ်လာတာ ထင်ပါရဲ့၊ ငါလဲခုမှ သဘောပေါက်တော့တယ်၊ တကယ်တော့ ငါဟာ သူ့ကို အိမ်ထောင်ရေးအကျဉ်းထောင်မှာ ဆယ်နှစ်လုံးလုံး အကျဉ်းချထားခဲ့တာပဲကလား၊ သူ့ပင်ကိုအရည်အသွေးကို မှေးမှိန်ဖျော့တော့စေခဲ့တာကလား၊ ငါ့အလိုကျ ယုနန္ဒာကျော်နဲ့ လက်ထပ်ခွင့်ရလို့ ပျော်တဲ့အပျော်ဟာ သူ့အပျော်နဲ့ ယှဉ်လိုက်တော့ နေလာနှင်းပျောက်ပဲ သူငယ်ချင်း၊ သူ့ကိုတောင် စိတ်ထဲမှာ မနာလို ဖြစ်မိပါသေးရဲ့"

ကောင်းမြတ်ရှင်ခမျာ ဘာစကားမှ မဆိုနိုင်ပါလေတော့။ သူ့ဝတ္ထုအကြောင်းကိုလည်း မျိုးကျော်သက်အား မပြောမိပါလေတော့။ မျိုးကျော်သက်ကိုသာ ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်နေမိပါလေသည်။ ခု မျိုးကျော်သက် ပြောလိုက်သည့် စကားတွေက ဝတ္ထုထဲမှ သူ့ဇာတ်ကောင် ပြောသည့်အတိုင်း ထပ်တူထပ်မျှ တစ်သဝေမတိမ်းလေ။ ၍၊ သည်၊ ၏ မလွဲလေ...။

•

(သုံး)

မဖြစ်နိုင်ပါ။

လုံးဝမဖြစ်နိုင်ပါ။

စင်စစ် တိုက်ဆိုင်မှု သက်သက်သာ ဖြစ်ပါလိမ့်မည်။ တိုက်ဆိုင်



မှုပဲဆိုစေ၊ တိုက်– တိုက်ဆိုင်လွန်းလှချည့်လို့ သြချရမည့် အဖြစ်မျိုး။

အိမ်ပြန်ရောက်သည်အထိ အတွေးမျှင်က မပြတ်သေး။ ခေါင်းထဲမှာ နောက်ကျိနေသည်။ အိမ်ရှင်အမျိုးသမီးဖွင့်ပေးသော တံခါးမှ လှမ်းဝင်လာခဲ့သည်။ ကောင်းမြတ်ရှင်က အပေါ်ထပ်မှာ ငှားနေပြီး အိမ်ရှင်လင်မယားက အောက်ထပ်မှာနေကြသည်။ အိမ်ရှင်အမျိုးသား နာမည်က 'ရဲနောင်ဦး' အမျိုးသမီးက 'နှင်းနှင်းထွေး' လင်မယားနှစ်ယောက်စလုံး အသက်သုံးဆယ်ဝန်းကျင်ပဲ ရှိကြသေးသည်။

ကောင်းမြတ်ရှင်း ရောက်ကတည်းက အိမ်ရှင်ရဲနောင်ဦးသည် ဘာအလုပ်ကိုမှ မည်မည်ရရလုပ်သည်ဟူ၍မတွေ့ရ။ အချိန်ရှိသရွေ့ သူ့ရာတောမှာ ပျော်မောနေသော အရက်အိုးသမား။ နှင်းနှင်းထွေးက ဈေးထဲမှာ ဆိုင်ထွက်သည်။ ဆိုင်သိမ်းပြီး အိမ်ပြန်ရောက်လာတော့လည်း ချက်ဟယ်၊ ပြုတ်ဟယ်၊ ဖွတ်ဟယ်နှင့် ဇယ်ဆက်သလို အလုပ်လုပ်သူ။

နှင်းနှင်းထွေးသည် ကောင်းမြတ်ရှင်းနှင့်အတူ အိမ်ထဲသို့လိုက်ဝင်လာရင်း...

"လောကမှာ ကျွန်မလောက် လင်ရက်ဆိုးတဲ့ မိန်းမ ရှိမယ်မထင်တော့ပါဘူး ဆရာရယ်၊ ဆရာမြင်တဲ့အတိုင်း ကျွန်မကတော့ ဈေးလဲပြေးလိုက်ရ၊ အိမ်တာဟီရလဲလုပ်ရနဲ့ အားတယ်ကို မရှိဘူး၊ အခုလဲကြည့်လေ၊ ကိုယ်တော်မြတ်ကတော့ ဆက်ရက်မင်းစည်းစိမ်နဲ့ စက်တော်ခေါ်နေလိုက်တာများ သိုးလို့၊ ကျွန်မကသာ မနက်ဈေးထွက်ချိန်အမီ ရောင်းနိုင်ဖို့ ပြင်ဆင်နေရတာ"

ပြန်လာကတည်းက ခေါင်းထဲ နောက်ကျိနေသည်မို့ ကောင်းမြတ်ရှင်းသည် နှင်းနှင်းထွေးစကားကို ဘာတစ်ခုမှ ထင်မြင်ချက် မပေးပါလေခဲ့။ အပေါ်ထပ်သို့သာ တန်းတက်လာခဲ့သည်။ နှင်းနှင်းထွေးစကားတွေကတော့ သူ့နောက်မှာ ကပ်ပါလာဘိသို့ ရှိသည်။

သူ့ခြေထောက်တွေက စာရေးစားပွဲဆီသို့ သူ့ကိုဆွဲခေါ်လာခဲ့သည်။ ကုလားထိုင်မှာ အကျအန နေရာယူမိသည်နှင့် သူ့လက်တွေက ဝတ္ထုတိုတစ်ပုဒ်ကို ရေးဖွဲ့နေပြန်ချေပြီ။ ရေးသည့်အကြောင်းအရာက သူ့ခေါင်းထဲ

မှာ ပုပုနွေးနွေးလောလောလတ်လတ်ရှိနေသော အိမ်ရှင်လင်မယားအကြောင်းပဲဖြစ်ပါ၏။

သူ့ဝတ္ထုထဲမှာ အိမ်ရှင်အမျိုးသားသည် အရက်သောက်များပြီး အသည်းကြွပ်နာဖြင့် သေဆုံးသွားခဲ့သည်။ သိပ်မကြာလှသော ကာလများမှာ အရွယ်ရှိသေးသော အမျိုးသမီးက နောက်အိမ်ထောင်ပြုလိုက်သည်။ သည်တစ်ခါ အမျိုးသားကတော့ ပထမအိမ်ထောင်ဖက်နှင့် ဆန့်ကျင်ဖီလာ ဓနီးကို ဘာတစ်ခုမှ အလုပ်မခိုင်းဘဲ ဈေးအရောင်းအဝယ်ရော၊ အိမ်မှုကိစ္စတွေပါ သူ့တစ်ယောက်တည်း ဒိုင်ခံလုပ်သည်။ အစပိုင်းမှာတော့ အမျိုးသမီးမျာ ကျေနပ်သလိုလို အရှိသား။ သို့တစေ ကြာလာတော့ ငုတ်တုတ်ထိုင်နေရသည်ကိုငြီးငွေ့လာသည်။ သွားလေသူ အမျိုးသားနှင့် နေခဲ့စဉ်က တစ်အိမ်လုံး သူ့ခြေ၊ သူ့လက်ဖြင့် လုပ်ကိုင်ခဲ့ရသည်များကို ပြန်လည်အမှတ်ရ မြင်ယောင်လာမိသည်။ ထိုကာလအပိုင်းအခြားကလေးကို မက်မောတမ်းတလာမိသည်။ နောက်ဆုံးတွင် အမျိုးသမီးက အိမ်ဌားဖြစ်သော စားရေးဆရာထံ သွားရောက် ရင်ဖွင့်ပြီး ညည်းညူမိပါလေသည်။

"ကျွန်မတော့ အရင်အိမ်ထောင်နဲ့တုန်းက တစ်အိမ်လုံး ကိုယ့်ခြေ၊ ကိုယ့်လက် လုပ်ကိုင်လာခဲ့ရတာတွေကိုပဲ ပြန်ပြီး တမ်းတနေမိတယ်၊ အရင်ယောကျ်ားတုန်းက ဝဋ်တွေများ ပြန်လည်နေသလားပဲ၊ ခု ကိုယ်တော်မြတ်က တစ်အိမ်လုံး သူ့ခြေ၊ သူ့လက် မင်းမူနေတော့တာ၊ ကျွန်မကိုတော့ အရုပ်လေးတစ်ရုပ်လောက် သဘောထားနေပုံ ရပါရဲ့"

ကောင်းမြတ်ရှင်းသည် အမျိုးသမီးရဲ့ ညည်းတွား ရေရွတ်မှုပြင့်ပင် ဝတ္ထုကို အဆုံးသတ်လိုက်သည်။ သူက ဝတ္ထုကို ပြန်ဖတ်ကြည့်သည်။ မဆိုးပါ။ သူအကြိုက်တွေ့သော ဝတ္ထုလေးပဲဖြစ်ပါ၏။ ကောင်းမြတ်ရှင်းက စာမူကို သေသေသပ်သပ်ခေါက်ပြီး စာအိတ်ရှည်တစ်လုံးတွင် ထည့်ကာ မဂ္ဂဇင်းတိုက်သို့ ပို့လိုက်ပါလေသည်။

ရင်ထဲမှာလည်း ကိုယ့်ဝတ္ထုအပေါ် ကျေနပ်အားရနေမိသည်။ ကြည်နူးဝမ်းသာနေမိသည်။

သို့ ... တ ... ခေ ...



သူ့ရင်မှ ကျေနပ်အားရမှုတွေ ကြည်နူးမှုတွေက တာမရှည်ပါလေခဲ့။

မကြာခင်မှာပင် အိမ်ရှင်ရဲနောင်ဦးသည် အရက်ကို အလွန်အကျွံသောက်သူတို့ ထုံးစံအတိုင်း အသည်းကြွပ်နာဖြင့် အနိစ္စရောက်သွားသည်။ သည့်နောက် မကြာခင်မှာပင် နှင်းနှင်းထွေးသည် နောက်အိမ်ထောင်ပြုလိုက်သည်။ အမျိုးသားက သူ့ထက်ငယ်ရွယ်ပြီး လုံ့လ ဝီရိယရှိသည်။ နှင်းနှင်းထွေး ဘာမှပြန်လှည့်မကြည့်ရအောင် ဈေးကိစ္စရော၊ အိမ်လုပ်ငန်းတွေကိုပါ ဇယ်ဆက်သလို ဒိုင်ခံလုပ်သွားသည်။ နှင်းနှင်းထွေးကို ဘာမှမလုပ်စေရ။ အစပိုင်းတော့ နှင်းနှင်းထွေးသည် ကျေနပ်သဘောကျမိသလိုရှိသည်။ သို့ရာတွင် ကြာလာတော့ နှင်းနှင်းထွေး စိတ်ပျက်ငြီးငွေ့လာသည်။ ယခင် ရဲနောင်ဦးနှင့်အတူနေစဉ်က အစစစီမံခန့်ခွဲပြီး လုပ်ကိုင်ခဲ့ရသည်များကို အမှတ်ရ မြင်ယောင်လာမိသည်အဆုံး နှင်းနှင်းထွေးသည် တစ်ရက်တွင် ကောင်းမြတ်ရှင်းရှိရာ အိမ်ပေါ်ထပ်သို့ တက်လာပြီး ညည်းညူရင်ဖွင့်ခဲ့ရှာသည်။

"ကျွန်မတော့ ကိုရဲနောင်ဦးနဲ့တုန်းက တစ်အိမ်လုံး ကိုယ့်ခြေ၊ ကိုယ့်လက် လုပ်ကိုင်လာခဲ့တာတွေကိုပဲ ပြန်ပြီးတမ်းတနေမိတယ်၊ ကိုရဲနောင်ဦးတုန်းက ဝဋ်တွေများ ပြန်လည်နေသလားပဲ၊ ခု ကိုယ်တော်မြတ်က တစ်အိမ်လုံး သူ့လက်သူ့ခြေ မင်းမူနေတော့တာ၊ ကျွန်မကိုတော့ အရုပ်လေးတစ်ရုပ်လောက် သဘောထားနေပုံရပါရဲ့"

'ကြားရ ကြားရ နားဝမသက်သာ'ဆိုသည်မှာဒါမျိုးပဲထင်၏။ ကောင်းမြတ်ရှင်းခမျာ ရူးသွပ်သွားတော့မည်သို့ ရှိသည်။ တုန်လှုပ်ချောက်ချားမှုက နှိုင်းယှဉ်စရာပင် မရှိပါလေတော့။ ပထမအကြိမ်တုန်းကတော့ တိုက်ဆိုင်မှုရယ်လို့ ယူဆနိုင်သေးသည်။

ခုဟာက ဒုတိယမို့ နောက်တစ်ကျော့၊ နောက်တစ်ကြိမ်ရယ်လေ။

•



(လေး)

ခုတလော ကောင်းမြတ်ရှင်း အခန်းအောင်းနေရသည်။

အပြင်ထွက်ရမည်ကို ဝန်လေးနေမိသည်။ အပြင်ထွက်သည်နှင့် သူ့အသိ မိတ်ဆွေတွေထဲမှ တစ်ဦးမဟုတ် တစ်ဦးနှင့် တွေ့ရတော့မည်သာ။ တွေ့သည်နှင့် သူတို့၏ ဘဝအမောတွေ၊ အတွေ့အကြုံတွေကို ပြောပြကြလိမ့်မည်။ ခက်သည်က သူတို့ပြောပြသည့် အကြောင်းအရာတွေအပေါ် ဇာတ်အိမ်တည်ပြီး ဝတ္ထုအဖြစ် မရေးဘဲမနေနိုင်ခြင်း ဖြစ်ပါ၏။ ပသို့သော တန်ခိုးရှင်များ သူ့အား ကြီးစိုးလွှမ်းမိုးထားလေသည်မသိ။ ဝတ္ထု၏ ပထမပိုင်းကို သူပြောပြသည့်အပေါ် အခြေခံရေးဖွဲ့ပြီး 'အဆုံးသတ်နိဂုံးပိုင်း'ကို မိမိဖာသာ ဖန်တီးရေးဖွဲ့လိုက်သည်။ အခုတော့ သူ့စိတ်ကူးဖြင့် ဖန်တီးခဲ့သမျှတွေက အပြင်လောကမှာ တကယ်ပင် ဖြစ်နေသည်။

အခန်းအောင်းနေသည့်ရက်တွေအတွင်း တကယ် ပြင်ပလောကမှာလည်း ဖြစ်လာဖို့ မခဲယဉ်းသည့် ဖြစ်ရပ်တွေ။ သည်တော့လည်း စိတ်ကူးနှင့် လက်တွေ့ တစ်ထပ်တည်းကျသည်မှာ ဆန်းသည်ဟု မဆိုသာ။ တိုက်ဆိုင်မှုသက်သက်ကို သူ အစိုးရိမ်လွန်ခြင်းလည်း ဖြစ်နိုင်သည်။

တွေးရင်းမှ ကောင်းမြတ်ရှင်းသည် စိတ်ကူးတစ်ခု ရလာသည်။

တခြားမဟုတ် ... ။

သည်ဖြစ်ရပ်တွေအားလုံး တိုက်ဆိုင်မှု ဟုတ် မဟုတ် လက်တွေ့စမ်းသပ်ကြည့်ဖို့ပဲ ဖြစ်သည်။

သည်တစ်ခါ သူရေးမည့်ဇာတ်လမ်းက ပြင်ပလောကမှာ မည်သို့မျှ မဖြစ်နိုင်သည့် ဇာတ်လမ်းမျိုး။

ဟုတ်ပြီ။ အတွေးနှင့်အတူ သူပျော်သွားသည်။

အိပ်ရာမှ လူးလဲထပြီး အဝတ်အစားလဲကာ မြို့ထဲသို့ ထွက်လာခဲ့သည်။

သည်အချိန်လောက်ဆို 'ဝေဖြိုးမောင်'တစ်ယောက် 'ကိုမောင်ကို–မလေးလေးနွယ်'တို့၏ စားသောက်ဆိုင်မှာ ရှိနေမည်ကို သူ အတပ်သိပြီးသား။ သည်စားသောက်ဆိုင်က ဆိုင်နာမည်မရှိ 'မောင်ကိုဆိုင်'ဟုပဲလွှယ်



လွယ်ခေါ်လိုက်ကြသည်။ လင်ရော မယားပါ ဆက်ဆံရေးကောင်းကြသည်။ အစားအသောက်ကလည်း သန့်ရှင်းသပ်ရပ်သည်။ အထူးသဖြင့် လေးလေးနွယ် ပြင်ပေးသော အုမကြီးသုပ်၊ ဝက်နံကင်နှင့် အသားသုပ်က ကောင်းမှကောင်း။ သည်တော့လည်း သူ့ယောကျ်ားကို ကိုမောင်ကိုသာမက ဖောက်သည်တွေကပါ 'လေးနွယ်ကို ဘေးဖယ်မထားရဲ'ပါလေတော့။

ဝေဖြိုးမောင် ဆိုသည်က သည်ဆိုင်၏ ဖောက်သည်တစ်ဦးလေ။ ကောင်းမြတ်ရှင်းနှင့်က စာပေမိတ်ဆွေတစ်ဦး ဖြစ်ရုံသာမက ပုလင်းတူဘူးဆိုလေ။

ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် စားပွဲတစ်လုံးမှာ ရမ်နစ်ပက်၊ အုမကြီးသုပ်တစ်ပွဲနှင့် စည်းစိမ်ခံနေသော ဝေဖြိုးမောင်က လှမ်းခေါ်သည်။

"လာဟေ့ ကောင်းမြတ်ရှင်း၊ ငါတစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ"

ကောင်းမြတ်ရှင်းက ဝေဖြိုးမောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်သည်။ အသားဖြူဖြူ၊ လှပုံချောချောနှင့် သဘောကောင်း၊ ဖော်ရွေသော ဆိုင်ရှင် 'ကိုမောင်ကို'က "ဘာသုံးဆောင်မလဲ" ဟု မေးလာသည်။ ဝေဖြိုးမောင်က ရမ်နစ်ပက် မှာလိုက်သည်။

နှစ်ယောက်သား စာအကြောင်းပေအကြောင်းပြောရာမှ အရှိန်ကရလာတော့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေ ရင်ဖွင့်ပြောလာသည်။ ထုံးစံအတိုင်း ကောင်းမြတ်ရှင်းက နားထောင်သမား သက်သက်။

ဝေဖြိုးမောင်က စိုးနှင့်အပြိုင် ညည်းညည်းတွားတွား ပြောလာသည်။ သမီးကြီး 'ဆုစန္ဒီဇော်'အကြောင်းပဲ ဖြစ်ပါလေ၏။ ဆုစန္ဒီဇော်က သူ့သဘောမကျသည့် 'အေးမြင့်ထွန်း'ဆိုသော ကောင်လေးတစ်ယောက်နှင့် ရည်ငံနေသည့်အကြောင်း၊ မကြာခဏ ချိန်းတွေ့နေကြသည်ကို သိနေကြားနေရကြောင်း၊ 'သမီးတစ်ကောင် နွားတစ်ထောင်'ဆိုသော စကားအဓိပ္ပာယ်ကို ကိုယ်တွေ့ကြုံမှ သဘောပေါက် နားလည်လာရတော့ကြောင်း စသည် စသည်...

ကောင်းမြတ်ရှင်းက ဝေဖြိုးမောင်ပြောသမျှကို နားစိုက်ထောင်နေရင်း

ရှမ်းတစ်ကျိုက် စုပ်ယူလိုက်၊ အမြည်းဝါးလိုက်ရှိနေသည်။ ဘာတစ်လုံးမှ စကားဝင်မထောက်ပါလေခဲ့။

ရေချိန်ကိုက်သွားကြပြီဆိုတော့ ကိုယ့်အိမ်ကို ပြန်လာခဲ့ကြသည်။

ရောက်သည်နှင့် ကောင်းမြတ်ရှင်းသည် စားရေးစားပွဲမှာ ဝင်ထိုင်လိုက်သည်။

'သမီးတစ်ယောက်အတွက် စိုးရိမ် ပူပန်နေသော ဖခင်တစ်ယောက်၏ သောက'ကို ရေးဖွဲ့သည်။ သို့တမင့်ငြား ဝတ္ထုအဆုံးပိုင်းမှာတော့ သမီးအတွက် စိတ်ပူနေသော သူ့ဇာတ်ကောင်ခမျာ ဇနီးသည်၌ ရှင်သွေးတစ်ဦးကို ကိုယ်ဝန်ဆောင်ထားရကြောင်း အံ့သြတုန်လှုပ်စွာ သိလိုက်ရသည်နှင့် အဆုံးသတ်ထားသည်။

"ဒါဟာ ကိုယ့်ကလေးမဟုတ်ဘူးဆိုတာ ကိုယ့်ကိုကိုယ် အသိဆုံးပေါ့ သူငယ်ချင်း၊ ဒါပေမဲ့ သူ့ကိုလဲ ကိုယ် အပြစ်မတင်ရက်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ကိုယ် မွေးမှာပါ"

ဝေဖြိုးမောင်၏ဇနီး 'ခင်သင်းသင်းဦး'အကြောင်းကို ကောင်းမြတ်ရှင်းတို့ အပေါင်းအသင်းတွေ အားလုံးသိပြီးသား။ ရုပ်မွန်သည်။ မော်ရွှေသည်။ သဘောကောင်းသည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး တည်ကြည်ရင့်ကျက်သော ဣန္ဒြေနှင့်လည်း ပြည့်စုံသည်။ ယောကျ်ားကို ချစ်သည့်နေရာမှာလည်း တော်လေးဝတာရင်းမှာ နောက်ဆက်တွဲအဖြစ် ထည့်နိုင်လောက်သည့် စံပြဇနီးသည်။ သည်လိုအမျိုးသမီးတစ်ယောက်က အပြင်လောကမှာ တခြားယောကျ်ားတစ်ဦးနှင့် ဖောက်ပြန်ပြီး ကိုယ်ဝန်ရှိဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်သည် ကိစ္စမျိုး...။

ကောင်းမြတ်ရှင်းသည် ဝတ္ထုကိုအဆုံးသတ်လိုက်ပြီး စိတ်လက်ပေါ့ပါးစွာ မဂ္ဂဇင်းတိုက်သို့ ပို့လိုက်ပါလေ၏။

ကဲ... ဘာတတ်နိုင်သေးလဲ? တန်ခိုးရှင်...။

သူက ရင်ကော့ခေါင်းမော့ပြီး လက်မထောင်ကာ စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။

သို့ဖြင့် သူ့ဝတ္ထုတိုကလေးမှာ မဂ္ဂဇင်းမှာ ပါလာသည်။ သူက



မဂ္ဂဇင်းစာအုပ်ကိုကိုင်ပြီး 'မောင်ကိုစားသောက်ဆိုင်'သို့ ထွက်လာခဲ့သည်။ စင်စစ် သူရောက်သောအချိန်သည် နောက်မကျပါ၊ စောလည်းမစောပါ။ ဝေဖြိုးမောင် ရောက်နေကျအချိန်ကိုမှန်းပြီး သူ ထွက်လာခဲ့ခြင်း ဖြစ်ပါ၏။ သူရောက်သွားတော့ ဝေဖြိုးမောင်က ရောက်နှင့်နေပြီ။ ဘယ်အချိန်ကရောက်လို့ ဘယ်လောက်များ သောက်ထားလေသည်လည်း မသိ။ ရေချိန်လွန်ပြီး ခေါင်းလုလု။

ရောက်မဆိုက်ပင် ကောင်းမြတ်ရှင်းက ဘာတစ်ခွန်းမှ မပြောရသေး။ ဝေဖြိုးမောင်က အာလေးလျှာလေးဖြင့် ရင်ဖွင့်လာသည်။

"ထိုင်ကွာ ကောင်းမြတ်ရှင်း၊ မောင်ကိုကို ကြိုက်သလောက်မှာသောက်၊ ငါတော့ ခေါင်းနေပြီ၊ လောကကြီးက မတရားဘူးကွာ၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ငါ့အဖြစ်မှ အစစ်။ **Misfortune never comes alone** လေ၊ ဘယ်နှယ့်ကွာ သမီးအတွက် စိတ်ပူလို့မှ မဆုံးသေးဘူး၊ ဟင်း... ဟင်း"

စကားကို တစ်ဝက်တစ်ပျက်နှင့်ဖြတ်ပြီး ဘေးလူတွေမကြားစေရန် ကောင်းမြတ်ရှင်းနားနားသို့ တစ်စုံတစ်ခု တီးတိုးကပ်ပြောလာသည်။

"အဲဒါပဲ ကောင်းမြတ်ရှင်း။ ဒါဟာ ကိုယ့်ကလေးမဟုတ်ဘူးဆိုတာ ကိုယ့်ကိုကိုယ် အသိဆုံးပေါ့ သူငယ်ချင်း၊ ဒါပေမဲ့ သင်းသင်းကိုလဲ ကိုယ် အပြစ်မတင်ရက်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ကိုယ် မွေးမှာပါ"

ကိုင်း. ဘယ့်နှယ့်ရှိစ မောင်ကောင်းမြတ်ရှင်း...။

မလှုပ်ပါလေတော့။ ကောင်းမြတ်ရှင်းခမျာ တုပ်တုပ်မှ မလှုပ်ပါလေတော့။ ရေငုံနှုတ်ပိတ် တိတ်တိတ်လေးသာ ငြိမ်ကျသွားသည်။ လက်ထဲမှ မဂ္ဂဇင်းစာအုပ်ပင် လွတ်ကျသွားသည်။ စာအုပ်ကို ကုန်းကောက်လိုက်တော့ သူ့ဝတ္ထုကို သရုပ်ဖော်ရေးဆွဲထားသော ဇာတ်ကောင်ကပင် သူ့အား သရော်လှောင်ပြောင်နေသလိုလို။

*



(ငါး)

မပြေးသော် ကန်ရာရှိပြီပဲ ဖြစ်ပါ၏။

သည်အခြေကျမှတော့ 'တန်ပါအမိတို့ရယ်'လို့လည်း ဘွာခတ်၍မရပါလေတော့။

သည်ဖြစ်ရပ် တစ်ခုလုံးမှာ တစ်စုံတစ်ရာသော ဆန်းကြယ်မှုကတော့ ကေန်မုချ ရှိနေပါချေပြီ။ ခု ဖြစ်နေသည်က သူ့အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေအားလုံး သူ့ကလောင်သွား၏ သားကောင်တွေ ဖြစ်နေပြီ။ သူတို့၏အနာဂတ်ကို မိမိက ပိုင်းစိုးနေဘိသို့ရှိသည်။ သူတို့ခမျာ သူကြိုးဆွဲရာကရသော အရုပ်ကလေးများ။

ဒါက ယေဘုယျ အမြင်ပဲဖြစ်သည်။

စင်စစ် မမြင်ရသော တန်ခိုးရှင်တစ်ယောက်က မိမိဦးနှောက်ကို လွှမ်းမိုးပြီး မိမိလက်တွေကို စေစား၊ ခိုင်းစေနေမှန်း သူ့ကိုယ်သူအသိဆုံး။ အပေါင်းအသင်းတွေပြောသော အကြောင်းအရာတွေကို ဝတ္ထုအဖြစ် မရေးရမနေနိုင်တာဘဲကြည့်။ တကယ်တော့ သူကိုယ်တိုင်ပင် တန်ခိုးရှင်၏ စေသည့်ကျွန်၊ ထွန်သည့်နွား။

အခြေအနေက မလွယ်ကြောမှ တကယ့်မလွယ်ကြော၊ တကယ့်ကျွဲးထဲကျပ်ထဲ။

တန်ခိုးရှင်၏ ဆန္ဒကို လွန်ဆန်ပြီး အပေါင်းအသင်းတွေနှင့်မတွေ့အောင် ရှောင်နေဖို့ဆိုရင်ကော။

မဖြစ်နိုင်၊ လုံးဝမဖြစ်နိုင်။ လူတစ်ယောက်ဖြစ်သော သူသည် လူတွေနှင့် ကင်းကွာ၍မရ။ ထို့ပြင် သူသည် ကလောင်တစ်ချောင်းကို ကိုင်စွဲခွင့်ရထားသော စာရေးဆရာ။ လူတွေ၏ စရိုက်၊ သဘာဝနှင့် ဘဝသရုပ်ကို ပီပြင်အောင်ရေးဖွဲ့ဖို့ ကြိုးစားနေသည့် ကလောင်ရှင်။ လူတွေနှင့် တွေ့ရမည်သာ။ လူတောထဲသို့ တိုးဝင်ရမည်သာ။

ကောင်းမြတ်ရှင်းသည် အခြေအနေကို အထပ်ထပ် အပြန်ပြန်စဉ်းစားသည်။ သူဘာလုပ်ရမည်ကို အလေးအနက်တွေးဆသည်။ နောက်ဆုံးတွင် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်သည်။



ရဲတင်း စွန့်စားလွန်းလှသော ဆုံးဖြတ်ချက်ပဲဖြစ်ပါ၏။

သူ ဝတ္ထုတစ်ပုဒ်ရေးမည်။

သည်တစ်ခါ ရေးမည့်ဇာတ်ကောင်က သူ။

ဇာတ်လမ်းက အနာဂတ်ကြို ဝတ္ထုတွေကို ရေးသားနေသော စာရေးဆရာတစ်ယောက်အကြောင်း။ အပေါင်းအသင်းတွေ ပြောပြသော အကြောင်းအရာတွေကို အခြေခံပြီး ဝတ္ထုနိဂုံး အဆုံးပိုင်းမှာ သူ့စိတ်ကူးဖြင့်ဖြည့်စွက်ရေးသားနေသော စာရေးဆရာ။ သူရေးလိုက်သည့် ဝတ္ထုနိဂုံး အဆုံးသတ်အတိုင်း ပြင်ပမှာ တကယ်ဖြစ်လာသည့်အကြောင်း။

ဇာတ်သိမ်းပိုင်း နိဂုံးချုပ်မှာတော့ စာရေးဆရာသည် မတော်တဆ ထိခိုက်မှုတစ်ခုခုဖြင့် ကြုံတွေ့ကာ သေဆုံးသွားခဲ့သည်... လို့။

ကောင်းမြတ်ရှင်းသည် အချိန်ဆိုင်းမနေတော့ဘဲ ဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည်။ စာရေးစားပွဲမှာထိုင်ပြီး ဝတ္ထုကို စတင်ရေးသည်။

သူ့ဝတ္ထုအမည်က 'ဟီးရိုး'။

လွယ်တော့မလွယ်လှ။ သည်ဝတ္ထုရေးသည့် ရက်တွေအတွင်း ကောင်းမြတ်ရှင်းမှာ စိုးတထိတ်ထိတ်၊ စိတ်တထင့်ထင့်၊ ကားအသွားအလာ၊ ယာဉ်အကူးအသန်းထူထပ်သော လမ်းမကြီးတွေကို ဖြတ်ကူးရသည့်အခါတိုင်း ဘုရားတနေရသည်။

တော်ပါသေးရဲ့။ ဝတ္ထုသာ အဆုံးသတ်သွားသည်။ သူ့မှာ အနာတရသားမရှိ။

ဝတ္ထုအဆုံးမှာ သူ့ကလောင်နာမည်ကို ရေးထိုးပြီးသည်နှင့် ကောင်းမြတ်ရှင်းသည် စာအိတ်ရှည်တစ်လုံးမှာ ဝတ္ထုစာမူကိုထည့် ပိတ်လိုက်သည်။ စာအိတ်ပေါ်မှာ အယ်ဒီတာထံ လိပ်စာရေးပြီး စာတိုက်သို့ သူထွက်လာခဲ့သည်။

ကောင်းမြတ်ရှင်းအိမ်က 'အေးကျင်းရပ်'ထဲမှာ ရှိသည်။ စာတိုက်ကိုသွားဖို့ ဘုတာကြီးကို သူဖြတ်သွားရမည်။ ကားလမ်းနှင့် ရထားလမ်းဆုံသို့ ရောက်လာသည်။ ရထားတစ်စင်း၏ ဥသြသံ စူးရှရှက သူ့နားစည်

အမြေးပါးကို ရိုက်ခတ်လာသည်။

'မန္တလေး– ပုဂံရထား'တောင် ဆိုက်လာပါပကော။

သူ့စိတ်ထဲမှာ တွေးလိုက်ပြီး ရထားဖြတ်သွားသည်အထိ ကားလမ်းပေါ် သံလမ်းဘေးမှာ သူရပ်စောင့်လိုက်သည်။

သူ့လိုပင် ရထားဖြတ်အသွားကို စောင့်နေကြသူ သုံးလေးယောက်ရှိသည်။ သံလမ်းကူး မောင်းတံကလည်း ပိတ်ဆီးထားပြီးသား။ ရထားက သူတို့မြင်ကွင်းထဲ ပေါ်လာပြီး စက္ကန့်အတွင်း သူ့ရှေ့မှ ဖြတ်သွားတော့မည်။

သည်အခိုက်အတန့်မှာပဲ ဖြစ်ပါလေ၏။ သည်တစ်ဒင်္ဂအတွင်းမှာပဲ ဖြစ်ပါလေ၏။

ကောင်းမြတ်ရှင်းသည် တစ်စုံတစ်ယောက်က သူ့ကို နောက်မှဆောင့်တွန်းခဲလိုက်ရဘိသို့ ရှိသည်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး ခန္ဓာကိုယ်သည် ရှေ့သို့ငိုက်စိုက် ဟပ်ထိုး လဲကျသွားပါလေ၏။

သူ့နားထဲ ထိတ်လန့်တကြား အော်ဟစ်သံတွေ ပွက်ပွက်ညံသွားသည်။

ဒါသည်ပင် သတိတရားနှင့် ခန္ဓာတို့ လွင့်စင်ပြတ်တောက်မသွားမီ ကောင်းမြတ်ရှင်း နောက်ဆုံးသိခွင့်ရလိုက်သော အသိလေ။

•

(ခြောက်)

'ရင်မသည်းဖို' မဂ္ဂဇင်း အယ်ဒီတာချုပ် 'ချမ်းမြေ့ထွန်း'၏ စားပွဲပေါ်သို့ အညိုရောင် စာအိတ်ရှည်တစ်လုံး ရောက်လာသည်။ စာအိတ်ရှည်နှင့်အတူ စာတိုလေးတစ်စောင်လည်း တွဲလျက်သား။

မြင်းခြံမြို့ အမှတ်(၁) ရဲစခန်းမှူး 'ရဲအုပ်ဇော်မိုးထက်'၏ စာပဲဖြစ်ပါ၏။ စာအကြောင်းအရာက လွန်ခဲ့သော သုံးရက်လောက်က လူတစ်ယောက် ရထားကြိတ်ခံရ၍ သေဆုံးသွားကြောင်း။ သေသူ၏ လွယ်အိတ်ထဲမှ ဆရာချမ်းမြေ့ထွန်းထံ လိပ်မူထားသော စာအိတ်ရှည်တစ်လုံးတွေ့သဖြင့်



ယခုပေးပို့လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ချမ်းမြေ့ထွန်းက စာအိတ်ရှည်ကို ဖွင့်ဖောက်လိုက်သည်။ အထဲမှ စာမူတစ်ထပ်ကို ဆွဲထုတ်ဖတ်ကြည့်လိုက်သည်။

ကောင်းမြတ်ရှင်း၏ 'ဟီးရိုး'အမည် တပ်ထားသော ဝတ္ထုစာမူပဲ ဖြစ်ပါ၏။

ဝတ္ထုအစမှာ ကောင်းမြတ်ရှင်း၏ သေသပ်ပိုင်းစက်သောလက်ရေးဖြင့် ရေးထားသည်က ...

'စာရေးဆရာ ကောင်းမြတ်ရှင်း တစ်ယောက် သူ့ကိုယ်သူ သတ်သေသွားတာပါ' လို့ ကံသေကံမ မပြောနိုင်သလို 'မတော်တဆ ထိခိုက်ပြီး သေဆုံးခဲ့တာပါ'လို့လည်း တပ်အပ်သေချာမဆုံးဖြတ်နိုင်ပါ။ ယခု ဖော်ပြမည် ဖြစ်ရပ်တစ်ခုလုံး၌ 'တစ်စုံတစ်ရာသော ဆန်းကြယ်မှု'သည် ကိန်းမှုရှိ ရှိနေပါလေ၏။

"အင်းလေ ...သည်လောကကြီးမှာ လူသားတွေ မဖြေရှင်းနိုင်သေးတဲ့ သိပ္ပံထက်ဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်ဆန်းတွေ အဖြေညှိမရသေးတဲ့ ပဟေဠိတွေက အနမတဂ္ဂရှိနေချေသည်ပဲမဟုတ်လား? ... "တဲ့။

ထာဝရသစ္စာတည်လျက်
တက္ကသိုလ်လှမ်းမြင့်စေ




စုံထောက်ကြီး ရှားလော့ဟုမ်းဖော်ထုတ်ဖြေရှင်းရသော ...

# ထော့ကျိုးဟူးဘုန်းအမှု

## ဇော်ထက်

မစ္စတာအိုင်ဆာဝစ်တနေသည် မူးယစ်ဆေးစွဲကျင့် ရှိနေရကား ထိုအကျင့်ကို မဖျောက်ဖျက်နိုင်ဘဲ ရှိနေလေ၏။ ဟိုယခင်က လူကောင်းတစ်ယောက်ဖြစ်ခဲ့သော်လည်း ယခုအခါ ကျန်းမာရေး ချို့ညဲ့နေကာ အသားအရေ ဝါကျန်ကျန်တို့ဖြင့် လူများတကာ ဝိုင်းကရုဏာသက်ရမည့် ကံဆိုးသူလူတစ်ဦးအဖြစ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ရလေတော့၏။ သူ့ကို မိန်းမောသာယာမှုတွေ ပေးနေခဲ့သော မူးယစ်ဆေးဝါးသည် သူ့ဘဝကို ပျက်စီးစေလေပြီဖြစ်၏။

ဇွန်လ၏ တစ်ခုသော ညဦးနက်နက်အချိန် အိပ်ရာဝင်လုလုဆဲဆဲ့ နေနိုက်မှာပင် ကျွန်ုပ်တို့၏ အခန်းတံခါးဝမှ လူခေါ်ဘဲလ်သံ မြည်လာလေ၏။ ကျွန်ုပ်က ထိုင်ခုံတစ်လုံးတွင် ထိုင်နေ၍ ကျွန်ုပ်၏ ဇနီးကတော့ အပ်ချုပ်တစ်ထည် ချုပ်နေလေရာ ခေါင်းလောင်းမြည်သံကြောင့် ဇနီးမေရီမှာ စိတ်အနှောင့်အယှက်ဝင်သွားသလို အကျီကို ဘေးသို့ဖယ်ချထားလိုက်သည်။

"ဒီအချိန်ကြီး လူနာရောဂါထလို့ လာပင့်တာများလား မသိဘူး"

ဟူ၍ မေရီက ထင်ကြေးပေးလေသည်။

ကျွန်ုပ်၏ အိမ်ဖော် တံခါးဖွင့်ပေးနေသံနှင့် တစ်စုံတစ်ယောက်ကို စကားဆိုမြည်နေသံများ တစ်ပြိုင်နက်မှာပင် ကြားလိုက်ရချေသည်။ သို့နှင့် မိနစ်အတန်ငယ်အကြာမှာပင် ကျွန်ုပ်တို့၏ ဧည့်ခန်းတံခါးချပ်ကို တွန်းဖွင့်လျက် မိန်းမဖြတ်တစ်ဦးပုံစံ မိန်းမသားတစ်ဦး အထဲသို့ဝင်လာခဲ့သည်။ ထိုလေဒီကြီးသည် မျက်နှာထက်၌ မည်းမှောင်သော ဇာပဝါဖြင့် ကွယ်ကာထားသည်။

"အချိန်မတော် လာအနှောင့်အယှက် ပေးမိတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ကြပါရှင်"

ဟူ၍ လေဒီကြီးက တောင်းပန်စကားစတင်ဆိုသည်။ သူမသည် ပြည့်သိပ်လာရသော ခံစားချက်များပေါ် ဆက်လက်အောင့်မထားနိုင်တော့သလိုပင် မေရီ့ထံသို့ ကသောကမျောလေးပင် လှမ်းသွားရာက လည်ပင်းကို ဖွဲ့ဖက်လျက် ပခုံးပေါ်မေးတင်ကာ ခါးသီးနေသော ငိုရှိုက်မှုကိုအထူးအဆန်းပင် ပြုလာခဲ့လေသည်။

"အို…ကျွန်မရဲ့ သောကမီးကြီးက မတန်တဆလွန်းအောင် တောက်လောင်နေလို့ပါ… ကျွန်မကို ကယ်ကြပါရှင်" ဟူ၍ပါ တတွတ်တွတ်ဆိုနေလေတော့၏။

"ဘယ်လိုဖြစ်လို့လဲ" ဟု ကျွန်ုပ်၏ဇနီး မေရီက မေးမေးပြောပြောနှင့်လုပ်ရင်း အသာတွန်းဖယ်ရာက လေဒီကြီး၏ ဇာပဝါကို ဖယ်ကြည့်လိုက်ရာ

"ဟင် ကေ့သ်ဝစ်တနေပါလား…အိုကွယ် ယှဉ့်ပုံစံကအိုင်ကို မထိတ်သာမလန့်သာ ဖြစ်စေလွန်းလှပါလား ကေ့သ်ရယ်၊ ရုတ်တရက်ဝင်လာတော့ တို့က ညည်းဖြစ်နေမှန်းတောင် မသိလိုက်တာ အံ့ပါရဲ့" ဟု မေရီက ဆိုချေသည်။

"ကျွန်မလဲ ခြေမကိုင်မိ လက်မကိုင်မိနဲ့ မရှုသာမကယ်သာရှိလွန်းလို့ မေရီ့ဆီ တန်းလာမိတာပါရှင်"

ကျွန်ုပ်၏ ဇနီးကား ခုက္ခသည်ကို ဆီးကြိုနေသည့် ခုက္ခသည်စခန်းလိုပင် ဓာတဓာတကြီးနေရ၏။ သူတို့တစ္ဆေ ပြဿနာထက်၌ ခုက္ခတစ်ခုခု



ကျုံပြီဆိုလျှင် ကျွန်ုပ်၏ ဇနီး မေရီထံ ရောက်လာပုံကား ငှက်ကလေးတွေမီးပြတိုက်ဆီသို့ ပျံသန်းလာပုံနှင့် တူလွန်းပေစွ။

"တို့ကတော့ ယှဉ့်ကို ဝမ်းပန်းတသာ ဆီးကြိုပါတယ်ကွယ်" ဟူ၍ မေရီက ဆို၏။ "ကိုင်း… တို့ဆီရောက်လာမှတော့ အေးအေးသက်သာထိုင်ပြီး ဝိုင်နဲ့ရေကို အမောပြေ သုံးဆောင်လိုက်ဦး၊ ပြီးတော့ ဘာတွေဖြစ်လာတာလဲဆိုတာတွေကို တို့ကိုပြောပြပါလား၊ တို့ခင်ပွန်းရှေ့မှာ အပြောရခက်နေရင် သူ့ကို အိပ်ရာဝင်ခိုင်းလိုက်မယ်လေ"

"မလိုပါဘူးရှင်…မလိုပါဘူး၊ ကျွန်မခုလာတဲ့ ကိစ္စမှာ ဒေါက်တာ့ရဲ့အကြံဉာဏ်ကော၊ အကူအညီပါ လိုအပ်တာလဲတစ်ကြောင်းမို့ပါ၊ အခု ကျွန်မခင်ပွန်း အိုင်ဆာနဲ့ ပတ်သက်နေတဲ့ ကိစ္စပါရှင်၊ အိမ်ကိုသူပြန်ရောက်မလာတာ နှစ်ရက်တောင်မှ ရှိနေပြီလေ ရှင်၊ ကျွန်မခု သူ့အတွက် စိုးကြောက်စိတ်တွေ ဝင်နေမိပြီကောရှင်"

သူမ၏ခင်ပွန်း အဆိုးဘက်သို့ ဖက်နေသည့် အကြောင်းများအား လာရောက်တိုင်တန်းတတ်သည်မှာ ခုမှမဟုတ်ပါ။ အကြိမ်ကြိမ်ရှိပြီဖြစ်သည်။ တကယ်တော့ သူမနှင့် ကျွန်ုပ်၏ဇနီး မေရီဆိုသည်ကလည်း ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။ ကျွန်ုပ်တို့အဖို့ ကေ့သ်ကို စိတ်အေးအေးထားနိုင်စေအောင် အကောင်းဆုံး နှစ်သိမ့်ရတော့မည်တည်း။

"သူ ဘယ်သွား၊ ဘယ်လာလုပ်တတ်တယ်ဆိုတာကိုကော အမိဝင်းစားမိသေးလား" ဟူ၍ ကျွန်ုပ်က စကားကြောင်းလိုက်လေသည်။

"ဟုတ်ကဲ့ရှင့်" ဟု သူမကဖြေသည်။ "လန်ဒန်မြို့ အရှေ့မြစ်ဆိပ်နားက 'ရွှေဘား'လို့ခေါ်တဲ့ဆိုင်မှာပဲ ရောက်ရောက်နေလောက်မယ်လို့ ကျွန်မ တွေးမိတယ်လေ၊ အဲဒီဆိုင်ဟာ ဆွမ်ဒမ်အထက်လမ်းမဘက်မှာဖွင့်ထားတယ်၊ ပြောမယ်ဆို ဆေးခြောက်သမားတွေ အထိုင်ကျနေတဲ့နေရာတစ်ခုပေါ့၊ အိုင်ဆာ အရင်က ဓာတဓာတသွားနေကြပေမယ် ဒါဟာ ပထမဦးဆုံးအကြိမ် အကြာဆုံးလို ဖြစ်နေတယ်၊ တစ်ရက်တောင် ကျော်လာခဲ့ပြီပဲရှင်"

ကျွန်ုပ်ကား သမ၏ ခင်ပွန်း အိုင်ဆာဝစ်တနေကိုဆေးကုနေသည့်



ဆရာဝန်တစ်ဦး ဖြစ်နေလေရာ ကျွန်ုပ်သွားရောက် ဖျောင်းဖျ၍ခေါ်လိုက်လျှင်တော့ ကျွန်ုပ်၏စကားပေါ် နားထောင်လိမ့်မည် ထင်မိ၏။

"ကျုပ် အဲဒီနေရာကို သွားပြီး ရှိမရှိ စုံစမ်းပေးမယ်၊ ရှိရင်တော့ ကားပေါ်တင်ပြီး အမိဆီ ပြန်လွှတ်ပေးမယ်၊ ကြာလှနောက်ထပ် နှစ်နာရီပေါ့"

ကျွန်ုပ်လည်း နောက်ထပ် ငါးမိနစ်သာသာခန့်အကြာမှာပင် ပက်လက်ကုလားထိုင်မှထ၍ ဧည့်ခန်းထဲက ထွက်ခဲ့ကာ အရှေ့သို့တူရှုပြုသော အမြန်ကားတစ်စီးပေါ်တွင် ထိုင်လိုက်ခဲ့လေ၏။

ဆွမ်ဒမ်အထက်လမ်းမဆိုသည်မှာ မြစ်ဆိပ်နှင့် မြောက်ဘက်မြေပုံကျလျက် လန်ဒန်ဘရစ်ချ်၏ အရှေ့ဘက်သို့ ကျနေသည်။ 'ရွှေဘား'သည် လမ်းနှင့်တစ်ပြေးတည်းရှိမည့် မြေညီထပ်တွင် ဖြစ်ပေမယ့် မတ်စောက်သောလှေကားတချို့မှာ ဝင်ပေါက်သို့ စိုက်ဆင်းနေ၍ လိုဏ်တစ်ခု၏ ဂူပေါက်ဝနှင့် တူနေပေသေးတော့။ တံခါးချပ်ပေါ်တွင်မူကား ရေနံဆီမှန်မီးအိမ်တစ်လုံး ချိတ်ဆွဲထား၏။ ကျွန်ုပ်က အငှားယာဉ်မောင်းအား စောင့်နေဖို့မှာခဲ့ပြီး မြေအောက်လှေခါးအတိုင်း ဆင်းရောက်လာခဲ့သည်။

အောက်ထပ်၌ အထဲသို့ အမြင့်မတိုးပေါက်သာအောင်ပင် ဘိန်းရှူမီးခိုးငွေ့များ တထောင်းထောင်းမွှန်ထူအောင် ထနေလျက် ဘိန်းခန်းတစ်ခု၏ သရုပ်သကန်ကို ကောင်းစွာ သရုပ်ဖော်နေခဲ့ပေ၏။ အခန်းမှာ မျက်နှာကျက်နိမ့်နေလျက် ရှည်ရှည်မျောမျောနှင့် ရှိလှသည်။ အထဲတွင် အိပ်စင်များနှင့် တူလွန်းချေသည်။ အထဲမှာ အိပ်စင်…အိပ်စင်တွေ ပေါမှ ပေါလွန်းပါဘိ။ တစ်ဝက်တပျက်သာလင်းအားရှိနေသော မီးရောင်အောက်ငယ် အိပ်ရာထဲ၌လဲလျောင်းနေသော လူသားတို့၏ ထူးဆန်းလှသော ကိုယ်နေသွင်ပြင်များကို မြင်နေရလေသည်။ ဘိန်းပိုက်တံထက်က အိုးတွေကို မီးညှိစေမည့် မီးကျီတည့်အိုးကလေးများကလည်း စက်ဝိုင်းသဏ္ဍာန် ဝိုင်းပတ်လျက်ရှိလေသည်။ တချို့ကား တစ်ယောက်ထီးတည်း တတွတ်တွတ်စကားဆိုမြည်နေသလို မြင်ရ၏။ သူတို့နှင့်မလှမ်းမဝေး အခန်းထောင့်တစ်ခု၏ အနီးတွင် မီးလင်းဖိုကြီး ရှိနေကာ မီးသွေးခဲများ နီရဲအောင် တောက်လောင်နေတော့၏။



ဗိန်ဗိန်ပါးပါး အရပ်ရှည်ရှည် အသက်ခပ်ကြီးကြီးပိုင်းတစ်ယောက် မီးလင်းဖိုကြီးရှေ့ထိုင်နေကာ မီးသွေးခဲတွေဆီသို့ ကြည့်နေလေသည်။

မလေးလူမျိုး အခြွေအရံတစ်ဦး ဘိန်းရှူအိုးနှင့် ပိုက်တံကိုကိုင်ရင်း ကျွန်ုပ်အားပေးဖို့ အနီးသို့ရောက်လာခဲ့သည်။ တစ်ဆက်တည်းမှာပဲ ကျွန်ုပ်အား အိပ်စင်တစ်ခုဆီသို့ လက်ညှိုးထိုးပြလေတော့၏။

"ဟင့်အင်း…ကျုပ် ရှူဖို့လာခဲ့တာမဟုတ်ဘူး" ဟု ကျွန်ုပ်က ပြောလိုက်ရင်း "မိတ်ဆွေတစ်ယောက် ဒီကိုရောက်နေတယ်ကြားလို့ လာရှာတာပါ…မစ္စတာအိုင်ဆာဝစ်တနေပါ၊ သူနဲ့ ပြောစရာလေးရှိနေလို့လာတွေ့တာပါ" ဟု ဆိုလိုက်လေ၏။

သည်စဉ် အိပ်စင်တစ်ခုထက်က လူတစ်ယောက် ရုတ်တရက်ထထိုင်လာခဲ့လေရာ ထိုသူမှာ အိုင်ဆာဝစ်တနေပင်ဖြစ်ကြောင်း ကျွန်ုပ်မှတ်မိလိုက်လေ၏။ ယခုအချိန်၌ မျက်နှာပိုမို ဖြူဖျော့နေကာ မသပ်မရပ်ရှိပြီး အကြည့်ရိုင်းတွေ ဆောင်နေပေတော့သည်။

"ဝက်ဆန်ပါလား" သူက အသံကျယ်ကျယ်နှင့်ပင် "ဝက်ဆန်ရေ ကျုပ်ကိုပြောပြစမ်းပါဦး၊ ခု ဘယ်အချိန်ရှိနေပြီလဲဆိုတာကို" ဟု မေးလာလေ၏။

"၁၁ နာရီ ထိုးတော့မယ်"

"ရက်ကကောဗျ"။

"၁၉ရက် ဇွန်လ သောကြာနေ့"

"အို…ဘုရား…ဘုရား၊ ကျုပ်က ခုမှ ဗုဒ္ဓဟူးနေ့ပဲရှိသေးတယ်အောက်မေ့နေတာ"

"ဘယ်ဟုတ်ပါ့မလဲ၊ ခု သောကြာနေ့လေ၊ ဒါကြောင့် ခင်ဗျားကို ခင်ဗျားမိန်းမ အိမ်ကနေ ထိုင်မျှော်နေခဲ့တာ နှစ်ရက်တောင် ရှိသွားပြီဗျ၊ ခင်ဗျားကိုယ့်ကိုကိုယ် ရှက်သင့်ပြီ"

သူ့ထံမှ ငိုရှိုက်သံနှင့်အတူ…

"ကျွန်တော့်စိတ်ထဲမှာ နာရီလောက်ပဲ ကြာလှပေါ့ထင်ပြီး စိတ်အေးလက်အေးဖြစ်နေတာ၊ ကျွန်တော် ဒေါက်တာနဲ့အတူ ပြန်လိုက်မှာပါ၊ ကျွန်တော့်မိန်းမကို ဒီထက်ချောက်ချားအောင် မလုပ်ချင်တော့ပါဘူးလေ၊

ကော့သ်ဟာ သိပ်သနားဖို့ကောင်းနေတဲ့ မိန်းမတစ်ယောက်ပါဗျာ၊ ကျွန်တော့်ကို လက်ကမ်းပြီး ဆွဲထူပေးစမ်းပါဦး၊ ကျွန်တော့်ဖာသာလှုပ်ရှားသွားဖို့ အားမရှိတော့လို့ပါ၊ ခင်ဗျား ကားငှားပြီး လာခဲ့ဟာလား"

"ဟုတ်တယ်၊ အခု အပြင်မှာတောင် ကားကိုစောင့်ခိုင်းထားခဲ့သေးတယ်"

"အဆင်ပြေတာပေါ့လေ၊ သူတို့ကို ကျွန်တော်ပေးဖို့ ကျန်ချင်ကျန်မယ်... ဘယ်လောက် ကျန်မကျန်ဆိုတာ သွားမေးကြည့်လိုက်ဦးနော် ဝက်ဆန်"

သို့နှင့် ကျွန်ုပ်လည်း ကျူဘိန်းစခန်း၏ မန်နေဂျာအား မေးဖို့ရာစကြြီ အတိုင်း လျှောက်စဉ် မီးလင်းဖိုအနီးမှအဖြတ်၌ ကျွန်ုပ်၏ အင်္ကျီလက်တစ်ဖက်ကို တစ်ယောက်ယောက် လှမ်းဆွဲလိုက်သည်သို့ ခံစားလိုက်ရလေရာ လှည့်ကြည့်မိသွားသည်တွင် မီးလင်းဖိုထဲသို့ ကြည့်နေဆဲရှိသော အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးနှင့် အဘိုးကြီးကို တွေ့လိုက်ရချေသည်။ ထိုသူ့ပုံစံကမောပန်း၍ ခါးကြီးကုန်းနေသည့်သဖွယ် ရှိနေသည်။ အဘိုးကြီးက ရုတ်တရက်ဆိုသလိုပဲ ကျွန်ုပ်ထံသို့မော့ကြည့်ပြီး ပြုံးပြလာလေတော့ရာ ကျွန်ုပ်လည်း အဘိုးကြီးကို ကြည့်မိစဉ်တွင်ပင် ရုပ်ဖျက်ထားသော ကျွန်ုပ်မိတ်ဆွေကြီး ခုံထောက်ရှားလော့ဟုမ်းဖြစ်နေမှန်း ချက်ချင်းပင် မှတ်မိသွားရ၏။

"ဟာ...ဟုမ်းပါလား၊ ခင်ဗျား ဒီလောက်စက်ဆုပ်ရွံရှာစရာကောင်းတဲ့နေရာကိုများ ဘာလာလုပ်နေသတုန်း" ကျွန်ုပ်က လေသံကို တိုးနိုင်သမျှတိုးမေးလိုက်၏။

"ဒီ့ထက် လေကိုတိုးစမ်းပါဦးလား ဝက်ဆန်ရဲ့၊ ကျုပ်ဆီမှာ နားတွေ အကောင်းပကတိရှိပါတယ်၊ တစ်ဆိတ်လောက် ခင်ဗျားရဲ့ သူငယ်ချင်းကို ရှောင်ခိုင်းလိုက်ဦးမယ်၊ ကျုပ် ခင်ဗျားနဲ့ ပြောစရာရှိတယ်"

"အပြင်မှာ ကျုပ်ကို ကားတစ်စီးစောင့်နေသေးတယ် ဟုမ်းရဲ့"

"ဒါဖြင့် ခင်ဗျားလာရှာတဲ့လူကိုပဲ ကားပေါ်တင်ပြီး ပို့ခိုင်းလိုက်တော့၊ တစ်ဆက်တည်း အဲဒီဒရိုင်ဘာနဲ့ ခင်ဗျားမိန်းမဆီ စာတစ်စောင်ပို့ခိုင်းလိုက်၊ ခင်ဗျားကျုပ်နဲ့ လိုက်သွားပြီလို့ စာနဲ့အကြောင်းကြားပေါ့၊ ကဲ ကျုပ်ကို



အပြင်ကပဲစောင့်၊ နောက် ငါးမိနစ်ကြာရင် ကျုပ်ခင်ဗျားဆီ ရောက်လာခဲ့မယ်"

မိနစ်အနည်းငယ်အတွင်းမှာပဲ ကျွန်ုပ်သည် ဘိန်းရှုခန်းမန်နေဂျာအား အိုင်ဆာဝင်တနေ၏ သင့်ငွေကိုရှင်းပေးလိုက်ခြင်း...၊ ကျွန်ုပ်၏ဇနီးထံ အကြောင်းကြားစာ ရေးသားခြင်း၊ ပြီးနောက် အိုင်ဆာဝစ်တနေအားတက္ကစီကားပေါ်သို့ပို့ခြင်း၊ ကျွန်ုပ်၏ ဒရိုင်ဘာအား စာကိုလမ်းကြုံပို့နိုင်းလိုက်ခြင်းများ ပြုလုပ်ပြီးသကာလမှာပဲ ကားနှင့်ထွက်ခွာတော့မည့် ဒရိုင်ဘာအား "မင်္ဂလာညပဲဗျို့" ဟု နှုတ်ဆက်လိုက်လေတော့သည်။ ထိုခဏမှာပဲ ရှားလော့ဟုမ်းထွက်လာလေတော့ရာ ကျွန်ုပ်တို့နှစ်ယောက်လည်း ရွှေဘားအနီးမှ လမ်းလျှောက်လာခဲ့ကြလေသည်။ အစဦးသော် ဟုမ်းက ခါးကုန်းကြီးတစ်ယောက်ဟန်ပန်ဖြင့် ယိမ်းယိုင်စွာ လျှောက်လှမ်းလိုက်ပြီး အူလှိုက်သည်းလှိုက်ကြီး ရယ်ချလိုက်၏။

"ခင်ဗျားတော့ ကျုပ်ကို ဘိန်းခန်းကိုရောက်နေတဲ့ ဘိန်းရှုသမားအဘိုးကြီးတစ်ယောက်လို့ ထင်မိမှာပဲနော် ဝက်ဆန်ရေ"

"အဲဒါတွေထက် ခင်ဗျား ဒီဘိန်းရှုခန်းထဲရောက်နေတဲ့ပေါ် အထွေးရစက်ကြီးဖြစ်နေတာက ပိုမယ်ထင်ပါရဲ့ ဟုမ်း"

"အင်း...ကျုပ်လဲ ခင်ဗျား ဒီအခန်းထဲရောက်လာတာကို အံ့သြမိပါရဲ့"

"ကျုပ်က မိတ်ဆွေဆီ လာခဲ့တာလေ"

"ကျုပ်ကတော့ ရန်သူဆီ လာခဲ့တာဆိုပါတော့"

"ဗျာ... ရန်သူ ဟုတ်လား"

"ဟုတ်တယ် သဘာဝရန်သူလေ၊ ရာဇဝတ်ကောင်တစ်ယောက်ကိုပေါ့၊ ကျုပ်ရဲ့ အမှုတစ်ခုနဲ့ ပတ်သက်ပြီး ဒီအခန်းထဲရောက်လာခဲ့ရတာပါ ဝက်ဆန်၊ ရွှေဘားဘိန်းရှုခန်းထဲကို မနွတာနီးဗီးလ်စိန်ကလဲရားဆိုတဲ့လူဝင်သွားပြီးမှ အသက်နဲ့အိုးစားမကွဲ ပြန်မထွက်နိုင်မှာကို စိုးရိမ်ပြီး ဝင်လောက်လှမ်းကြည့်ခဲ့တာပါ၊ အဲဒီ ဘိန်းရှုခန်းထဲမှာ မြစ်ဖက်ကိုထွက်နိုင်မယ့် တခြားတံခါးပေါက်တစ်ခုကလဲ ရှိနေသေးတယ်လေ၊ ကျုပ်စိတ်ထဲ



မှာ ခံစားမိတာ တစ်ခုကတော့ လူတော်တော်များများ အသတ်ခံရပြီး အဲဒီတံခါးပေါက်ကနေ သယ်ထုတ်သွားနေမလားလို့ပဲ ဝက်ဆန်ရေ... ကျုပ် ဘိန်းရှုခန်းထဲရောက်နေတုန်းက 'ရွှေဘား'ပိုင်ရှင် လုယုတ်မာကောင် သဘောသားကြီးကသာ ကျုပ်ကိုမှတ်မိသွားခဲ့ရင် ကျုပ်ပါ အသတ်ခံရပြီမှတ်ရော၊ ကျုပ်ရည်ရွယ်ချက်နဲ့ ကျုပ် အဲဒီအခန်းထဲ မကြာခဏ ရောက်ခဲ့တုန်းကလဲ ဘိန်းသမားတွေ ပြောကြဆိုကြတဲ့ စကားသံတွေထဲကနေ ယဲလွန်စလိုလိုပဲ တွေ့ခဲ့ရသေးတယ်၊ ကျုပ် ဒီလိုသဲလွန်စတွေ ရထားခဲ့မှန်းရယ်သာ ဒီအခန်းပိုင်ရှင် သိလို့ကတော့ ကျုပ်ကို ကောင်းကောင်းလက်တုံ့ပြန်ဖို့ ကြိမ်းဝါးတော့မှာ မလွဲဘူး" ဟု ဆိုနေရာက ဟုမ်းက ရုတ်တရက်လေချွန်လိုက်ပြီး "ရထားလုံးတစ်စီးတော့ ခုပဲ ရောက်လာတော့မယ်ဗျ"

သည်ခဏ၌ ခပ်လှမ်းလှမ်းဆီက လေပြန်ချွန်လိုက်သံ ကြားလိုက်ရရင်း ခဏအကြာ မီးအလင်းဝါဝါတို့ ထွန်းညှိထားသည့် ရထားလုံးသေးသေးလေးတစ်စင်း ကျွန်ုပ်တို့အနီးသို့ လာရပ်လေတော့၏။

ဟုမ်းက မြင်းရထားလုံး၏ နောက်တွဲခန်းထဲ တက်ထိုင်ပြီးမှ...

"ဘယ့်နှယ့်လဲ ဝက်ဆန်ရေ၊ ခင်ဗျား ကျုပ်နဲ့လိုက်ဖို့ ပိုင်းဖြတ်ပြီးပြီလား"

"ခင်ဗျားအတွက် ကျုပ် အသုံးဝင်နေရင်တော့ ကျုပ်လိုက်ရမှာပဲပေါ့လေ"

"ဘယ်နှယ်ပြောလိုက်တာလဲဝက်ဆန်ရေ၊ မိတ်ဆွေတစ်ယောက်ဆိုတာ တစ်ယောက်အတွက် အမြဲအသုံးဝင်နေတာချည်းပဲပေါ့၊ ကျုပ် အခုရောက်နေတဲ့ စိန်ကလဲရားမှာလဲ အိပ်စရာနှစ်နေရာစာရှိပြီးသားပဲဗျ"

"ဘယ်လိုဗျ၊ အခု စိန်ကလဲရားကို သွားကြမှာလား"

"ဟုတ်တယ်၊ ကျုပ် အခုအမှုကို ဖြေရှင်းနေတုန်းတော့ အဲဒီမှာပဲ အခြေချနေရမယ့် သဘောရှိတယ်"

"အဲဒီနေရာကကော ဘယ်မှာမို့လို့လဲ"

"ကဲ့န့်ထဲက 'လီ'အနီးမှာ ရှိတာလေ၊ ခုနစ်မိုင်လောက်တော့ဝေးမယ်၊ ကဲပါဗျာ တက်စမ်းပါ"



"ဒါပေမဲ့ ခင်ဗျား ဘာအမှုကိုလိုက်နေမှန်း ကျုပ်မှမသိပါလားဗျ"

"ထားပါလေ၊ ခင်ဗျား ခုမသိလဲ နောက်သိလာရမှာပဲ ဦးစွာ၊ ကဲ ခုန်တက်လိုက်စမ်းပါဗျာ" ဟု ဆိုပြီးသကာလ "ကဲ...ဟာဂိုးဂ်ရေ ခင်ဗျား လိုက်ပို့ပေးစရာမလိုတော့ဘူး" ထို့နောက် မြင်းလှည်းသမားကို ငွေဒင်္ဂါး တစ်ပြားထုတ်ပေးလိုက်၏။ "မနက်ဖြန်မနက် ရှစ်နာရီကျမှ ကျုပ်ကိုလာတွေ့ဗျို့၊ မင်္ဂလာညပဲဗျို့"

ကျွန်ုပ်တို့နှစ်ဦးသား မြင်းလှည်းမောင်းပြီး ထွက်ခွာလာစဉ် အစပထမသော် ဟုမ်းသည် ငြိမ်ရုက်သားကောင်းနေလွန်း၍ ကျွန်ုပ်သည် သူစတင်လာတော့မည့်အချိန်ကို စိတ်ရှည်ရှည်ထားပြီး စောင့်နေမိ၏။

"အင်း...ကျုပ်ကို အပေါက်ဝမှာ ထွက်ကြိုနေမယ့် မိန်းကလေးကိုတော့ ဘယ်လိုရှင်းပြရမယ်တောင် မသိတော့ပါဘူးလေ" ဟု ကျွန်ုပ်၏မိတ်ဆွေကြီး ဟုမ်းက စကားစတင်လာပြီးသကာလ "ကျုပ် အခုပြောတဲ့ မိန်းကလေးဆိုတာ ကျုပ်အမှုသည်ရဲ့မိန်းမဖြစ်တဲ့ မစ္စစ်စိန့်ကလဲရားကိုပြောတာလေ"

"နီးဗီးလ်စိန်ကလဲရားဆိုတဲ့လူ 'လီ'အနားက အိမ်မှာ အခြေစိုက်လာခဲ့တာ ငါးနှစ်ရှိပြီ ဆိုပါတော့လေ၊ သူဟာ အိမ်ကြီးရှိုင်တစ်လုံးကို ရွေးလိုက်ပြီး အဲဒီကတည်းက သူဌေးကြီးတစ်ယောက်လို နေထိုင်လာခဲ့တယ်၊ သူဟာ ပတ်ဝန်းကျင်နဲ့ သိပ်မရောနှောဘဲ အလိုက်အထိုက်ပဲ နေခဲ့တယ်ဆိုပါတော့လေ၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျမှပဲ အဲဒီဒေသက မွေးမြူရေးသမားကြီးတစ်ဦးရဲ့ သမီးနဲ့ အိမ်ထောင်သွားကျဖြစ်တယ်၊ နီးဗီးလ်ကလဲရားကတော့ လန်ဒန်မြို့ကြီးမှာပဲ စီးပွားရေးလုပ်ကိုင်တယ်၊ သူဟာ မနက်တိုင်း ရထားနဲ့ပဲ မြို့ကိုထွက်တတ်ပြီး ညနေရထားကို ၅နာရီ ၁၄မိနစ် အမီလိုက်ပြီး ကဲန်ဒွန်လမ်းဘူတာရုံကနေ လိုက်လာတတ်တယ်လေ၊ သူဟာ ကုမ္ပဏီအတော်များများထဲမှာလဲ ရှယ်ယာဝင်ထားသေးတယ်၊ သူဟာ ခုချိန်ထိအသက်နဲ့ကိုယ် အိုးစားမကွဲသေးရင်တော့ သူ့အသက်က ၃၇နှစ်လောက်ရှိတော့မယ်၊ သူ့မှာ စာရိတ္တဆိုးလောက်မယ့် အကျင့်ပိုင်း ဘာတစ်ခုမှမရှိခဲ့ဘူး...၊ မိန်းမအတွက် ခင်ပွန်းကောင်းတစ်ယောက်၊ သားသမီးအဖို့

တွေ တစ်ခုခုမေးတိုင်းပဲ ရယ်စရာဆန်တဲ့အဖြေတွေကို ချက်ချင်း အာဝဇ္ဇန်း ရွှင်ရွှင်နဲ့ ပေးတတ်တာတွေလေ"

"ဒါဆို သူ့လို ထော့ကျိုးတစ်ဦးက မစ္စတာနီးဗီးလ်စိန့်ကလဲရားလို လူကို သတ်ဖြတ်တာမျိုးကော လုပ်နိုင်ပါ့မလား"ဟူ၍ ကျွန်ုပ်က ထောက်ပြမိ၏။

"မယ့ာ့ကျိုးဟူးဘုန်းဟာ အရုပ်ဆိုး၊ အကျည်းတန်ပြီး ခါးသာကုန်း နေခဲ့တာဗျ"ဟု ကျွန်ုပ်၏ မိတ်ဆွေကြီးက ပြောလာရာက "ဒါပေမဲ့ အား ကောင်းမောင်းသန်တစ်ဦးရဲ့ ပုံစံမျိုး ရှိတာလေ၊ ဒီလိုခုက္ခိတလို လူမျိုး တွေဟာ မကြာခဏ လူစွမ်းလူသန်တွေ ဖြစ်နေတာ ခင်ဗျားလဲမြင်ဖူးသား ပဲလေ၊ ကဲ...ကြည့်စမ်း ရဲတွေလဲ စစ်ဆေးရော ထော့ကျိုးဟူးဘုန်းကြီးရဲ့ အင်္ကျီလက်မောင်းတစ်ဖက်ပေါ်မှာ သွေးစွန်းထားတဲ့ အစက်တွေ သွားမြင် ခဲ့ရတယ်လေ၊ ဒါပေမဲ့ သူ့လက်ချောင်းတစ်ခုမှာရှိတဲ့ ရှအရာတစ်ခုကို ပြခဲ့ပြီး အဲဒီကထွက်လာတဲ့ သွေးနီစက်တွေ စွန်းထင်သွားရတာပါလို့ သက်သေပြခဲ့တယ်၊ ပြီးတော့ သူကိုယ်တိုင် ပြတင်းပေါက်ဖက်မှာ သွား ရပ်ကြည့်မိခဲ့လို့ အဲဒီတောင့်ပေါ်က သွေးစက်တွေဟာ သူ့လက်ချောင်းကနေ ကျသွားတာပဲ ဖြစ်နိုင်မယ်လို့ ဆိုနေသေးတယ်။ နောက်ပြီး အိပ်ခန်းထဲက သွေးစက်တွေပါ အဲဒီသဘောပဲ ဖြစ်မယ်လို့ အကြောင်းပြနေသေးတယ်၊ မစ္စတာနီးဗီးလ်စိန့်ကလဲရားဆိုတဲ့လူကို တစ်ခါမှ မမြင်ဖူးပါဘူးတဲ့၊ လိုက် ကာနောက်က ပစ္စည်းတွေ တွေ့လာရတာကိုတော့ ရဲတွေအံ့တွေးခက်ရ သလိုပဲ၊ သူကိုယ်တိုင်လဲပဲ အတွေးရခက်မိပါသတဲ့လို့ ဆိုခဲ့တယ်လေ... ဝက်ဆန်... ပထမထပ်က ၊ ပြတင်းပေါက်ဝမှာ မစ္စစ်စိန့်ကလဲရား သူ့ယောကျ်ား ရပ်နေတာကို မြင်လိုက်ရတာဟာ အိပ်မက်မက်နေတာလဲ ဖြစ်ကောင်း ဖြစ်မယ်၊ ဒါမှမဟုတ် ရူးကြောင်ပြီး မြင်မိမြင်ရာ မြင်မိတာမျိုးလဲ ဖြစ် နိုင်တာပဲလေ၊ ထော့ကျိုးဟူးဘုန်းကို ရဲစခန်းခေါ်ခဲ့ပြီး အမျိုးမျိုးစစ်ခဲ့တာ တောင် သူက ဒီလိုငြင်းမြဲနဲ့ အော်ငြင်းနေတုန်း...

"ဒီရေတွေ ကမ်းထက်ကနေ ပြန်ကျသွားရော ရဲတွေဟာ မစ္စတာ နီးဗီးလ်စိန့်ကလဲရားရဲ့ အလောင်းများ ရွံ့ထဲက တွေ့လာလေမလားလို့



လဲ သွားကြည့်ဖြစ်ခဲ့သေးတယ်၊ ဒါပေမဲ့ အပေါ်ကုတ်အင်္ကျီကိုပဲ ရွှံ့ထဲက သွားတွေ့လာခဲ့ရတယ်၊ ကုတ်အင်္ကျီရဲ့ အိတ်တိုင်းမှာလဲ ပိုက်ဆံအကြွေ စေ့တွေ လေးရာနှစ်ဆယ်တစ်ပဲနိနဲ့အတူ ပဲနိဝက်က နှစ်ရာခုနစ်ဆယ်လောက် ရှာတွေ့ခဲ့ရတယ်...၊ ဒီအလေးချိန်တွေကြောင့်လဲပဲ ဒီရေပြန်အဆင်းမှာ ကုတ်အင်္ကျီပါ အတူမျောမပါသွားခဲ့ရတာဟာ ဘာမှမဆန်းတဲ့ သဘော ရှိတယ်၊ ဒါပေမယ့် လုံးတီးကိုယ်ခန္ဓာဆိုရင်တော့ ပါသွားဖွယ်ရှိမယ်၊ ထော့ကျိုး ဟူးဘုန်းကိုယ်တိုင်ကလဲ ပြတင်းပေါက်ကနေ မြစ်ထဲတွန်းချ လိုက်ပြီး အဝတ်အစားတွေ ဖျောက်ဖျက်ပစ်ဖို့ လုပ်နေတာလဲ ဖြစ်နိုင်တာ ပဲလေ၊ အဝတ်အစားနဲ့ ပစ္စည်းတွေကိုတော့ ရေထဲကို စိတ်ချလက်ချနဲ့ မြုပ်ပစ်နိုင်ဖို့အတွက် ဖယ်ထားခဲ့တဲ့သဘောလဲ ဖြစ်နိုင်မယ်...၊ ရဲတွေအတွက် သဲလွန်စအဖြစ် မကျန်အောင်လို့လေ... ကုတ်အင်္ကျီက အကြွေပဲနိတွေ ဆိုတာလဲ သူတောင်းရမ်းထားခဲ့တဲ့ငွေတွေ ဖြစ်နိုင်တာပဲ၊ ကျန်တဲ့ ပစ္စည်း တွေပါ ဖျောက်ပစ်ဖို့ လုပ်နေတုန်း ရဲတပ်ဖွဲ့တွေ ဝရုန်းသုန်းကား ရောက် လာတဲ့အတွက် အချိန်မရလိုက်တဲ့သဘောနဲ့ လိုက်ကာနောက်ခန်း ကမန်း ကတန်း ဝှက်ထားလိုက်တာ ဖြစ်ရမယ်...

"တကယ်တော့ ထော့ကျိုးဟူးဘုန်းဟာ လမ်းပေါ်မှာ တောင်းရမ်း နေတာကြာခဲ့ပြီ၊ ခုလို ရဲတွေနဲ့ မကင်းနိုင်မယ့် အပြစ်မျိုးလဲ မကျူးလွန် ခဲ့ဘူး၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ဥပဒေနဲ့ခပ်ကင်းကင်းနေရင်း တောင်း ရမ်းစားသောက်နေတာမျိုးပဲ ရှိခဲ့တယ်လေ"

"ကျုပ်မှာကတော့ မစ္စတာနီးဗီးလ်စိန့်ကလဲရား အဲဒီအိမ်ထဲမှာ ဘာတွေဖြစ်ပျက်သွားခဲ့သလဲ၊ အခုကော ဘယ်ကိုရောက်နေသလဲ... သူပျောက်တဲ့အကြောင်းမှာ ထော့ကျိုးဟူးဘုန်းရဲ့ ပယောဂကကော ဘယ် အနေအထားကနေ ပါဝင်ပတ်သက်နေသလဲဆိုတာ စုံစမ်းဖော်ထုတ်ရမယ့် တာဝန်ရှိနေပြီလေ၊ အစတုန်းကတော့ ဒီပြဿနာကို လွယ်လွယ်နဲ့ ဖော် ထုတ်နိုင်မယ်လို့ ထင်မိသားလေ၊ စုမှ ထင်သလောက်မလွယ်နိုင်မှန်း တစ်စတစ်စ သိလာရပြီဆိုပါတော့ဗျာ..."

"အဲ...ခင်ဗျား ပြောဟိုသစ်ပင်တွေကြားက မှန်အိမ်မီးအလင်းရောင်



တချို့ကို တွေ့တယ်မဟုတ်လား ဝက်ဆန်၊ အဲဒါဟာ မစ္စစ်စိန့်ကလဲရား တို့ရဲ့ နေအိမ်ပဲပေါ့၊ အဲဒီမီးအိမ်အလင်းရောင်ရဲ့ဘေးမှာ မိန်းမသားတစ် ယောက် ထိုင်နေရင်းကပဲ စိုးရိမ်ပူပန်နေတဲ့စိတ်တွေနဲ့ အသံတစ်ခုခု နားစွင့်နေကောင်း နားစွင့်နေလိမ့်မယ်လေ၊ အဲဒီနားစွင့်နေမယ့် အသံကလဲ ကျုပ်တို့ အခုမောင်းနှင်နေတဲ့ ရထားဆီက ထွက်ပေါ်လာမယ့် မြင်းရဲ့ ပြေးလွှားနေတဲ့ မြင်းခွာသံ ညီးညီးညံညံကိုပဲ ဖြစ်လိမ့်မပေါ့"

သို့နှင့် ကျွန်ုပ်တို့၏ မြင်းရထားလည်း မစ္စစ်စိန့်ကလဲရားတို့ လင် မယားပိုင်ဆိုင်သော ဝင်းအတွင်းသို့လှိမ့်ဝင်လာခဲ့ပြီး ကြီးမားသည့် အဆောက် အအုံတစ်ခုရှေ့သို့ ရပ်ဆိုက်လိုက်လေတော့သည်။ ကျွန်ုပ်တို့၏မြင်းကို ဖြုတ်သိမ်းဖို့အတွက် အိမ်အတွင်းဖက်မှ အစေအပါးတစ်ဦးက ကပျာကသီ ရောက်လာခဲ့လေ၏။ ကျွန်ုပ်တို့တတွေ တံခါးအနီးသို့ မရောက်မီမှာပင် ပွင့်လာခဲ့ပြီး ပန်းနုရောင်အဝတ်အစားများနှင့် အမျိုးသမီးတစ်ဦး ကသော ကမျော ထွက်လာခဲ့ပြီး ကျွန်ုပ်တို့အား အဝမှ ဆီးကြိုလာ၏။

"သူက ကျုပ်ရဲ့ မိတ်ဆွေ ဒေါက်တာဝက်ဆန်ပါ၊ ကျုပ်အောင်မြင် တဲ့ အမှုတော်တော်များများမှာလဲ သူ့အကူအညီ အများဆုံးပဲ ပါခဲ့တယ် လေ၊ ဒီညနေ ကျုပ် သူ့ကိုပါ အတူခေါ်လာနိုင်ခဲ့တာကိုက ကုသိုလ်ကံ ကောင်းမှုရဲ့ မျက်နှာသာပေးမှုတစ်ခုလို့လဲ ဆိုနိုင်မယ်လေ"

"ခုလို တွေ့ရတာ ဝမ်းသာပါတယ်ရှင်"ဟု ဆိုရင်း လက်ကမ်းလာ ခဲ့ရာက ကျွန်ုပ်လက်တစ်ဖက်ကို အားပါးတရပင် ဆုပ်ကိုင်လာခဲ့လေတော့ ၏။ လက်ဝါးမှာ နွေးနွေးထွေးထွေးနှင့် ရှိပါဘိသည်။ ထို့နောက် ကျွန်ုပ် တို့နှစ်ယောက်သားအား သာယာမိန်းမူးဖွယ်ရှိသည့် ညစာစားပွဲဆီသို့ မစ္စစ်စိန့်ကလဲရားက ဦးဆောင်၍ ခေါ်လာခဲ့လေ၏။ အစားအသောက်တွေ မှာ အဆင်သင့်ပြင်ဆင်ပြီးထားသော်လည်း အေးစက်သည့် အခြေအနေသို့ ပင်ရောက်နေခဲ့ချေသည်။ "အဲ... မစ္စတာရှားလော့ဟုမ်းရှင်၊ ကျွန်မ မေးခွန်းတစ်ခုနှစ်ခုလောက် မေးချင်တယ်၊ ကျွန်မ သိချင်တာကို မစ္စတာ ရှားလော့ဟုမ်းကလဲမှန်ရာပဲ ပြောပါရှင်"

"မှန်ရာပဲ ပြောမှာပေါ့ မစ္စစ်စိန့်ကလဲရားရဲ့"



"ကျွန်မသိချင်တာကို မေးမယ်၊ အမှန်ပဲ တွေးတွေးဆဆ ပြောပါနော်"

"မေးလေ... ဘာသိချင်နေလို့လဲ"

"ကျွန်မခင်ပွန်း နီးဗီးလ်ခုချိန်ထိ အသက်ရှင်နေနိုင်မယ်လို့ မစ္စတာ ဟုမ်း ထင်နိုင်ရဲ့လားဟင်"

ကျွန်ုပ်၏မိတ်ဆွေ စုံထောက်ကြီး ရှားလော့ဟုမ်းသည် ထိုမေးခွန်း ကို ဖြေချင်နေဟန် မတူပြီ၊ သို့မို့ကြောင့် ရှေ့သို့ကိုင်းနေရာက နောက် ကျောသို့ မှီထိုင်သွားလေ၏။ ထိုအခါ မစ္စစ်စိန့်ကလဲရားက...

"ကျွန်မကို အမှန်အတိုင်း ပြောပြဖို့ ခက်နေလို့လား"

"ကျုပ်ကိုယ်တိုင်လဲ ပြောဖို့ခက်နေသေးလို့ပါ"

"ဒါဖြင့် သေပြီလို့ ခံစားမိနေပြီဆိုပါတော့ရှင်"

"ဟုတ်တယ်"

"ဒါဆို အသတ်ခံထားရပြီဆိုတဲ့ သဘောပဲလား"

"သေသေချာချာတော့ ပြောလို့မရဘူး၊ ဖြစ်ချင်လဲ ဖြစ်မှာပဲပေါ့"

"ဒီလိုဆို ဘယ်နေ့က သေသွားတာဖြစ်နေမလဲ"

"တနင်္လာနေ့ကပေါ့"

"ဟင်...အဲ့သလိုဆိုရင် သူ့ဆီက ဒီနေ့ရောက်လာတဲ့စာကိုကျတော့ ဘယ်လိုယူဆမလဲ"

ထိုစကားကြောင့် ဟုမ်း၏ ကိုယ်ခန္ဓာ တွန့်လိန်ကာ လှုပ်ရှားသွား ရင်း "ဘယ်လို"ဟု လွှတ်ခနဲ အံ့အားသင့်သံဖြင့် ဆိုလိုက်သည်ကို မြင်ရ တော့သည်။

"ဟုတ်တယ်၊ ဒီစာကို ဒီကနေ့ပဲ ရလိုက်တာလေ"

သူမက ပြုံးရင်း စာအိတ်တစ်ခုကို ထောင်ပြခဲ့၏။

"ကျုပ်ကြည့်လို့ ဖြစ်နိုင်မလား"

"ဖြစ်ပါတယ်"

ကျွန်ုပ်မိတ်ဆွေကြီး ဟုမ်းသည် အားတက်သရောပုံစံဖြစ်သွားရာက စာအိတ်ကိုကမန်းကတမ်း လှမ်းယူ၏။ ထို့နောက် ကိုင်ပြီး စားပွဲပေါ်သို့ ဖြန့်ပြန့်ရန့်ရန့်ရှိစေအောင် စာအိတ်အား လက်ဖဝါးဖြင့် ပွတ်ဖြန့်လိုက်

လေတော့သည်။ ရှားလော့ဟုမ်းက စာအိတ်ကို စူးစိုက်ကြည့်နေခိုက် ကျွန်ုပ်က သူ့ပခုံးပေါ်က ငုံ့ကျော်၍ ဖတ်ရှုကြည့်မိချေ၏။ တကယ်တော့ စာရေးပို့သူမှာ အပေါ်စားစာအိတ်အတွင်းထည့်၍ ပို့သလိုမျိုးရှိ၏။ ဂရေ့(ဗ်)ဆဲန်းစာတိုက်တံဆိပ်နှင့်ပို့သော စာဖြစ်လျက် မကြာမီကမှ ပို့ခဲ့ကြောင်း သိရလေသည်။

"စာအိတ်ပေါ်က လက်ရေးလက်သားကတော့ ကြမ်းသော်ရှပ်ထွေးနေတာပဲ၊ မစ္စစ်စိန့်ကလဲရားရဲ့ ခင်ပွန်းလက်ရေးက ဒါလောက်ထိရှုပ်ပါ့မလား"ဟူ၍ ဟုမ်းက စူးစမ်းခဲ့ချေသည်။

"မဟုတ်ပါဘူးရှင်၊ အထဲကစာပေါ်က လက်ရေးလက်သားကသာ သူ့ လက်ရေးပါ"

"အင်း... ကျုပ်ထင်တာ မလွဲပါဘူး၊ ဒီစာအိတ်ပေါ်က လက်ရေးလက်သားပိုင်ရှင်ကလဲ မစ္စစ်စိန့်ကလဲရားတို့ရဲ့ လိပ်စာကိုသိအောင်စုံစမ်းပြီးမှ ရေးပုံတူပါတယ်"

"မစ္စတာဟုမ်းက ဒါကို ဘယ်လိုကြောင့် အတပ်ပြောနိုင်တာပါလဲရှင်"

"ပထမဦးဆုံး ခင်ဗျားနာမည်ကို အရင် မင်အနက်နဲ့ရေးခဲ့လိမ့်မယ်၊ နောက် လိပ်စာမသိတာနဲ့ ပထမ စုံစမ်းပြီးမှ အဲဒီအောက်ကလိပ်စာထိုးလိုက်တော့ မင်အရောင်ဟာ အနက်ချင်းတူတာတောင် တစ်ခုက အခြောက်ခံခဲ့ရလို့ မီးခိုးရောင်လို ဖျော့သွားရပြီး တစ်ခုက နောက်မှရေးခဲ့တာမို့ ပိုနက်နေတဲ့သဘောကို မြင်နေရတယ်၊ ကဲ... ဟောဒီမှာကြည့်၊ သူဟာ လိပ်စာကိုအရင်မသိသေးဘဲ လူနာမည်ကို အရင်ရေးကြည့်ခဲ့တဲ့ သဘော သက်ရောက်မသွားနိုင်ဘူးတဲ့လား၊ အင်း...ပြီးတော့ အထဲကစာရွက်နဲ့အတူ ပစ္စည်းတစ်ခုခုကိုပါ ရောထည့်ပို့လိုက်ပုံရတယ်၊ အဲဒါ ဘာဖြစ်နိုင်မလဲ"

"ကျွန်မခင်ပွန်း နီဗီးလ်ရဲ့ လက်စွပ်ပါရှင်"

"အထဲက စာကရော ခင်ဗျားခင်ပွန်း နီးဗီးလ်ရဲ့ လက်ရေးလက်သားနဲ့ ရေးခဲ့တာ ဟုတ်နိုင်ပါ့မလား"



"လက်ရေးကတော့ သူ့လက်ရေးပါ၊ ဒါပေမဲ့ အလောသုံးဆယ်နဲ့ ရေးထားပုံပေါ်နေတယ်"

စာရွက်ပေါ်တွင် ရေးသားထားသည်များကတော့ ဤသို့ဖြစ်နေလေ၏။

ချစ်သောအိုလီဗာ (မစ္စစ်စိန့်ကလဲရား၏ နာမည်ရင်း)ရေ၊ တောင်တောင်အီအီတွေးပြီး ကြောက်မနေနဲ့နော်ကွယ်... အရာခပ်သိမ်းကောင်းလာတော့မှာပါ၊ ကိုယ်ကျူးလွန်ထားခဲ့တဲ့ အမှားတစ်ရပ်ဟာ အချိန်တန်မှပဲ အမှန်ကို ဖြစ်လာနိုင်မှာမို့ အချိန်မတိုင်သေးတဲ့သဘောမှာ သက်ဝင်နေတုန်းရှိတယ်၊ စိတ်ရှည်ရှည်နဲ့ စောင့်ပါဦးနော်ကွယ်...

ဒါပါပဲ

နီဗီးလ်

"ဒီစာရွက်ကလဲ စာအုပ်တစ်ခုခုထဲကနေ ဖြတ်ပြီးမှ ရေးထားပုံပဲ၊ တံဆိပ်ခေါင်းကပ်တဲ့လူရဲ့လက်မကလဲ ညစ်ပတ်ပေရေနေခဲ့တယ်၊ ပြီးတော့ စာအိတ်ကိုပိတ်တဲ့လူရဲ့ ပါးစပ်ကလဲ ဆေးရွက်ကြီး ငုံထားခဲ့တာအမှန်ပဲ၊ ဘာပဲပြောပြော ဒီစာအိတ်ကတော့ သဲလွန်စရဖို့အကြောင်းအတွက် တော်တော်ချည်း အထောက်အကူရနေပြီ ပြောရမယ်၊ ဒါပေမဲ့ အခု ရာယ်တစ်ခုခုကနေ အလျှဉ်းသင့်လွတ်မြောက်သွားခဲ့ပြီလို့တော့ စိတ်ချလို့မဖြစ်နိုင်ဘူး ဆိုပါတော့"ဟူ၍ ဟုမ်းကသတ္တုချလေ၏။

"ဒါပေမဲ့ ကျွန်မခင်ပွန်း နီဗီးလ်အသက်ရှင်ရက်ရှိနေပြီလို့ကော ယူဆလို့ မရနိုင်သေးဘူးလားရှင်"

"ဒီလက်ရေးလက်သားကို အတုဝိဇ္ဇာတစ်ဦးဦးရဲ့ ဖန်တီးမှုမပါဝင်ခဲ့ရင်တော့ ခင်ဗျားပြောသလို ယူဆလို့ ဖြစ်နိုင်မှာပေါ့လေ၊ လက်စွပ်ပါလာတာကိုတော့ ထည့်တွက်လို့ မဖြစ်ဘူးလေ၊ တစ်ယောက်ယောက်က ခင်ဗျားယောကျ်ားဆီက ချွတ်ပြီးထည့်လိုက်လဲ ဖြစ်နိုင်မှာပဲ မဟုတ်လား"

"ဒီလက်ရေးလက်သားက တုပပြီး ရေးသားထားပုံ လုံးဝမဟုတ်နိုင်ဘူး၊ သူ့လက်ရေးမှ သူ့လက်ရေးပဲရှင်"



"စာက တနင်္လာနေ့ကပဲ ရေးထားခဲ့တာလေ၊ ဒီနေ့ရောက်တာကို ထည့်မပြောနဲ့"

"သူရေးလိုက်တာပဲ ဖြစ်မှာပါ"

"အင်း...သူရေးတာပဲ ထားပါတော့၊ ဒီရက်အတွင်း နောက်ထပ်အကြောင်းတွေ ပေါ်မလာနိုင်ဘူးလို့ စိတ်ချရပါ့မလား"

"အို...မစ္စတာရှားလော့ဟုမ်းရယ်၊ ကျွန်မကို စိတ်ဓာတ်ညှိုးမှိန်အောင် မလုပ်ပါနဲ့လားရှင်၊ ကျွန်မ ခင်ပွန်းနီဗီးလ်ဘာမှ မဖြစ်စေရဘူးလို့ ကျွန်မယုံတယ်၊ သူ့တစ်ခုခုဖြစ်တော့မယ်ဆိုတာနဲ့ ကျွန်မအာရုံယာကနေ အလိုလိုသိတတ်တယ်၊ တစ်ခါတုန်းကလဲ သူမတော်တဆ ဓားရှသလို စိတ်ထဲထင့်မိတာနဲ့ အပေါ်လဲတက်ကြည့်မိရော ထင်တဲ့အတိုင်း တကယ်ဖြစ်နေတာကို တွေ့မိဖူးခဲ့တယ်လေ၊ ခုလဲပဲ သူ့ဘာမှမဖြစ်နိုင်ဘူးလို့ ကျွန်မအာရုံစိတ်က အကြွင်းမဲ့ ယုံနေတယ်ဆိုပါတော့"

"ကဲ... ထားပါ၊ သူမသေသေးဘူးပဲထား၊ စာတောင်မှရေးပို့နိုင်ခဲ့သေးတာပဲဟာ၊ ခုလို လာမတွေ့ဘဲ တိမ်းရှောင်ရှောင် လုပ်နေတာကကော ဘာသဘောလဲ"

"ဒါတော့ ကျွန်မလဲ ဘယ်တွေးတတ်ပါ့မလဲ"

"တနင်္လာနေ့ မနက် သူထွက်သွားဖို့လုပ်တုန်းကတော့ တစ်ခါမှ မပြောဖူးခဲ့တဲ့ စကားမျိုးတွေ ပြောမိဖူးတာကိုကော သတိထားမိလိုက်သေးလား"

"ဟင့်အင်း"

"ဆွမ်ဒင်အထက်လမ်းမက ပထမထပ်မှာ သူ့ကို မမျှော်လင့်ဘဲနဲ့ မြင်တွေ့လိုက်မိတုန်းကကော ခင်ဗျား အံ့အားသင့်မိသေးလား"

"ဟုတ်တယ်၊ အရမ်းအံ့သြမိလိုက်တာပေါ့"

"ပြတင်းတံခါးက ဖွင့်ထားတာနော်"

"ဟုတ်တယ်လေ"

"ဒါဆို သူစကားပြောချင်လို့ကော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပဲပေါ့ရှင်၊ ဒါပေမဲ့ သူအော်လိုက်ပုံရတယ်၊ တစ်ယောက်



ယောက်ကို လာကယ်ဖို့ အကူအညီတောင်းလိုက်ပုံရတယ်၊ ပြီးတော့ လက်လှုပ်ပြသွားသေးတယ်"

"ဒါဆို ခင်ဗျား မတရားတုန်လှုပ်မိမှာပေါ့၊ သူ့ဘက်ကလဲ ခင်ဗျားကို တွေ့လိုက်ရလို့ မမျှော်လင့်ဘဲ ခံစားချက်နဲ့ လက်ကိုလှုပ်လိုက်မိတဲ့အထိ လှမ်းပြမိသွားတာလဲ ဖြစ်နိုင်မှာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မထင်တယ်၊ သူ ကျွန်မကို သေသေချာချာ လှမ်းမခေါ်နိုင်ခင် တစ်ယောက်ယောက်ဟာ အခဲကို အတင်းပဲဆွဲသွင်းသွားသလို ရှိတယ်"

"သူ့ဘာသာ အနောက်ကို ပြန်ခုန်သွားတာလဲ ဖြစ်နိုင်တာပဲလေ၊ နို...စဉ်းစားကြည့်လေ၊ အဲ့ဒီအချိန်တုန်းက သူ့အပြင် တခြားတစ်ယောက်ကို ခင်ဗျားမှ မြင်လိုက်ရတာ မဟုတ်ဘဲ"

"အို...မမြင်ရတာတော့မှန်တယ်၊ ဒါပေမဲ့ ရုပ်ဆိုးထော့ကျိုးကြီးက အဲဒီအချိန်တုန်းက အဲဒီအခန်းထဲမှာ ရောက်နေတာမဟုတ်လား၊ အခန်းပိုင်ရှင် အင်ဒီယန်းကလဲ အောက်လှေခါးကနေ ဆီးကြိုရန်လုပ်ခဲ့တယ်"

"နို...အဲ့ဒီတုန်းက ခင်ဗျားခင်ပွန်းသည်ကရော သူ့ရဲ့ ရိုးရိုးပုံစံနဲ့ အဝတ်အစားတွေဝတ်ထားခဲ့တဲ့ သွင်ပြင်မျိုးနဲ့ပဲလား"

"ဟုတ်တယ်၊ ဒါပေမဲ့ အင်္ကျီကော်လံနဲ့ လည်စည်းတွေကိုတော့ ကျွန်မ မမြင်လိုက်ရတာ အမှန်ပဲ၊ သူ့လည်ပင်းပိုင်းကိုတောင် ထင်းထင်းလင်းလင်းနဲ့ မြင်မိလိုက်သလိုပဲလေ"

"သူ့ပါးစပ်ကနေကော တစ်ခါလောက်များ ဆွမ်ဒင်အထက်လမ်းမအကြောင်း ပြောဖူးတာမျိုး ကြားမိသေးလား"

"ဟင့်အင်း... တစ်ခါမှတော့ မကြားဖူးဘူး"

"ဆေးခြောက်မူးတဲ့ ပုံစံမျိုးကိုကော တစ်ခါလောက် မြင်မိဖူးလား"

"အို... မမြင်ဖူးခဲ့ပါဘူးရှင်"

"ကျေးဇူးပဲ... မစ္စစ်စိန့်ကလဲရားရေ၊ ကျုပ်တို့နှစ်ယောက် ဒိုက်ကိုနည်းနည်းပြည့်ပြီး အိပ်ရာဝင်တော့မယ်၊ မနက်ဖြန် အများကြီးလှုပ်ရှားရဦးမယ့်အကြောင်းတွေအတွက် ကြိုတင်အားမွေးထားရဦးမယ်လေ"

သို့ရာတွင် ဟုမ်းသည် ထိုညတုန်းက အိပ်ရာမဝင်ခဲ့ချေ။ အမှုကို လိုက်ရသည့် နေ့ရက်များထဲတွင် ရံဖန်ရံခါ တစ်ပတ်လုံးလုံး တစ်မှေးမျှပင် မအိပ်ဘဲ အမှုပေါ်သာ စိတ်ကစားနေသည့် အခါမျိုးတွေလည်း ရှိခဲ့ဖူးသေးချေသည်။ ငုက်သိုက်သဖွယ် အုံဖွဲ့နေသော ကုရှင်လုံးများအကြားတွင် နစ်မြုပ်နေရင်း ဆေးတံမီးတဖြိုက်ဖြိုက် ရှိုတတ်သေး၏။ အဲသည်နောက် တင်ပလ္လင်ခွေ ချိတ်ထိုင်ပြီး အပေါ်မျက်နှာကျက်ဆီ စိုက်ကြည့်နေလေ့ရှိသည်။ ထိုအချိန် ကျွန်ုပ်က အိပ်ရာထက် ရောက်နေတတ်သလို အိပ်မောတွေတောင် ကျခဲ့ရသည်။

ယခုလည်း ဤသို့ပင် ဖြစ်တော့သည်။

မနက်ဖက် ကျွန်ုပ်အိပ်ရာက နိုးလေသောအခါ ဆေးတံကို မီးညှိပြီး ဖွာနေတုန်းပဲ ရှိသေးသည့် ကျွန်ုပ်၏မိတ်ဆွေကြီးအား မြင်တွေ့လိုက်ရလေသည်။ တောက်ပနေသော နံနက်ပင် ဖြစ်ချေ၏။ သို့ရာတွင် အခန်းတစ်ခုလုံးကား ရှားလော့ဟုမ်း၏ ဆေးတံဆီမှ မီးခိုးငွေ့များ ထောင်းထောင်းထနေတော့၏။

"နိုးပြီလားဗျို့ ဝက်ဆန်"

"ဟုတ်ကဲ့ နိုးပြီလေ"

"ဒီနေ့မနက် မြင်းလှည်းစီး မထွက်ချင်ဘူးလား"

"အင်း... ကောင်းသားပဲ"

"ဒါဖြင့်လဲ အဝတ်အစားလဲတော့ဗျို့၊ တစ်ယောက်တောင်မှတော့ အိပ်ရာက မနိုးကြသေးဘူး၊ ဒါပေမဲ့ အိပ်ပျော်နေမယ့် မြင်ကွင်းတွေကို ဒီအိမ်အစေအပါးတွေ ဘယ်နေရာမှာ ထိန်းသိမ်းစောင့်ရှောက်ထားမလဲ ဆိုတာတော့ ကျုပ်သိတယ်လေ၊ ကျုပ်တို့တတွေ မကြာမီအတောအတွင်း မှာပဲမြင်ရထားလုံးကို လမ်းပေါ်တက်မောင်းဖို့လုပ်နိုင်တော့မှာဗျို့" ဟု၍ ဟုမ်းက ဆိုလျက် သူ့ဘာသာ ပြန်သဘောကျမိသွားသလိုပင် အော်ရယ်တော့၏။ သူ့အသွင်မှာ မနေ့ညတုန်းက ရှားလော့ဟုမ်းနှင့် ဒီကနေ့မနက်တွေ့ရသည့် ရှားလော့ဟုမ်း မတူတော့သလိုပင် ပြောင်းလဲနေတော့၏။

ကျွန်ုပ်သည် အဝတ်အစား လဲလှယ်နေရင်းကပင် လက်ပေါ်ကနာရီ



ကိုကြည့်လိုက်မိလေသည်။ တစ်ယောက်သော်မျှ မတွေ့နိုင်ဘဲ ရှိကြခြင်းသည် အဆန်းမဟုတ်ချေ။ အကြောင်းသော်မူ ယခုမှ နံနက် ၄နာရီ ၂၅မိနစ်သာ ရှိသေးသည်။ ဧကာအကြာမှာပင် ဟုမ်းဝင်ရောက်လာကာ မြင်းရထားလုံး အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ပြောလေ၏။

"ကျုပ်ရဲ့ အတွေးအပယူအဆလွဲမလွဲဆိုတာ နည်းနည်းလောက်တော့ စမ်းသပ်ကြည့်ချင်သေးတယ်လေ" ဟု၍ ဖိနပ်ကိုစွပ်နေရာက ဆိုလေ၏။ "ကျုပ်တော့ဗျာ ဥရောပမှာ အရူးဆုံးလူဟာ ကျုပ်ပဲလို့ ထင်တောင်ထင်ချင်လာပြီဗျ၊ ကျုပ်ဆိုတဲ့ကောင်က လန်ဒန်မြို့ထဲ လွင့်ပြီး ကျသွားအောင် အကန်ခံသင့်တယ်၊ ဒါပေမဲ့ ခုကျတော့မှ နီဗီးလ်စိန့်ကလဲရားဆိုတဲ့လူ ဘာကြောင့် ပျောက်သွားရလဲဆိုတာကို ပြောပြနိုင်မယ့် အထောက်အထား ရှိလာပြီ... လျှို့ဝှက်ချက်ကြီးကို တွေ့လာပြီ ဆိုပါတော့လေ"

"အဲဒီ လျှို့ဝှက်ချက်ကြီးကို ဘယ်ကရလာတာလဲ"

"ရေချိုးခန်းထဲကလေ ဟဲဟဲ... ရေချိုးခန်းထဲကနေ ရလာတယ်ဆိုလို့ ခင်ဗျား နောက်နေတယ် မထင်နဲ့၊ ကဲ... အဲဒီ ဖော်ထုတ်မယ့်ပစ္စည်းကိုလဲ ကျုပ်အိတ်ထဲမှာ ခုထည့်သွင်းထားလိုက်ပြီ ဆိုပါတော့၊ ကိုင်း... သွားကြရအောင်၊ ကျုပ်ထင်တဲ့အတိုင်း မှန်မမှန် သွားလေ့လာကြည့်ရအောင်လေ"

တောက်ပလာသော နံနက်ခင်းနေရောင်ခြည်အောက်တွင် ကျွန်ုပ်တို့အား မြင်းရထားလုံးက စောင့်နေချေသည်။ ကျွန်ုပ်တို့က ခုန်တက်လိုက်သည်ဆိုလျှင် လန်ဒန်လမ်းမတစ်လျှောက် မြင်းလှည်းက တရမန်းကြမ်းပင် ပြေးနေလေ၏။ ထိုနေ့နံနက်၌ လန်ဒန်မြို့၏ ဈေးတန်းဆီသို့ ပို့ဆောင်ဖို့ ရောက်လာသော သစ်သီးတွန်းလှည်း အနည်းငယ်တို့လောက်သာ မြင်နေရ၏။ သို့ရာတွင် လမ်းတစ်ဖက်တစ်ချက်က အိမ်တို့ကမူ အိပ်မက်ထဲက ကဲ့သို့ သက်ဝင်မှုမရှိအောင် ဆိတ်ငြိမ်လွန်းလှသည်။

"အို... ကျုပ်ဟာ တယ်လဲ ကန်းလှပါလား ဝက်ဆန်ရေ" ဟု ဟုမ်းက ရုတ်တရက် ထဆို၏။ "ဒါပေမဲ့ အချိန်နှောင်းမှ အသိဉာဏ်ရတာ ဟာ လုံးဝမရတာနဲ့စာရင် တော်သေးရဲ့လို့ ဆိုထားတယ် မဟုတ်လား"



ကျွန်ုပ်တို့၏ မြင်းရထား မြို့၏ တောင်ဘက်ပိုင်းမှ ဖြတ်မောင်းလာစဉ် လန်ဒန်မြို့၏ အိပ်ချင်မူးတူး လူတန်းစားအလွှာအသီးသီးတို့မှာ ပြတင်းပေါက်များ ထဖွင့်စအချိန်လေးပင် ရှိနေပေသေး၏။ ကျွန်ုပ်တို့သည် ဝါတာလူးတံတား လမ်းမောက်သို့ ရှေ့ရှုလိုက်ပြီး မြစ်ကိုဖြတ်တက်လိုက်၏။ ထို့နောက် ဝဲလင်တန် လမ်းမအတိုင်း ဆက်နှင်လာခဲ့သည်။ ကျွန်ုပ်တို့၏ မြင်းရထားလုံးလေးက ဘိုးလမ်းရဲဌာနရှေ့တွင် ရပ်သွားခဲ့ပေ၏။ ရဲဌာနအဝမှ ရဲယူနီဖောင်းနှစ်ယောက်သည် ဟုမ်းကိုတွေ့သည်နှင့် ဦးထုပ်များ ချွတ်ခွာလျက် အရိုအသေပြုခဲ့ကြသည်။ ဟုမ်းကား ထိုစခန်းတွင် အထူးကျော်ကြားသူတစ်ဦးပင် ဖြစ်ချေသည်။ တစ်ဦးသောရဲက ကျွန်ုပ်တို့၏ မြင်းခေါင်းထက် လာရောက်ကိုင်သလို နောက်တစ်ဦးကမူ ကျွန်ုပ်တို့အား ရဲစခန်းအတွင်း တောက်လျှောက် ဦးဆောင်ခေါ်လာချေသည်။

"ဒီမနက် တာဝန်ကျအရာရှိက ဘယ်သူလဲ" ဟု၍ ဟုမ်းက စူးစမ်းလိုက်၏။

"မစ္စတာ ဘရက်(တ်)စတရီပါဆရာ"

ထိုစဉ်တစ်ခဏမှပင် အရပ်မြင့်မြင့် လူဝကြီးတစ်ယောက် စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့လေ၏။

"ဗျို့ ဘရက်(တ်)စတရီ ကျန်းခမ်းသာတော်မူစ" ဟု လှမ်းနှုတ်ဆက်လိုက်သည်။ "ကျုပ် ခင်ဗျားနဲ့ ပြောစရာစကားအချို့ ရှိနေလို့ လာတာဗျို့"

"ကဲ... ပြောကြတာပေါ့၊ ကိုင်း ကျုပ်အခန်းထဲ သွားကြရအောင်"

ဘရက်(တ်)စတရီ၏ ရုံးခန်းမှာ သေးငယ်၍ စားပွဲတစ်လုံး ဖုန်းတစ်လုံး သာရှိချေ၏။ ဘရက်(တ်)စတရီက ခုံတစ်လုံးတွင် ထိုင်ခဲ့၏။

"ကျုပ် ဘာဆောင်ရွက်ပေးရမလဲဆိုတာ ပြောပါဦး ဟုမ်း"

"ကျုပ် အခုရောက်လာတဲ့ ကိစ္စက ဟူးဘုန်းနဲ့ ပတ်သက်နေတယ် ဆိုပါတော့လေ၊ မစ္စရာနီဗီးလ်စိန့်ကလဲရားနဲ့ ပတ်သက်ပြီး ပျောက်ဆုံးမှုမှာ အမှုအဖွင့်ခံထားရတဲ့ တောင်းရမ်းစားတဲ့လူလေ..."

"သြော်... ဟုတ်ပါရဲ့၊ ခင်ဗျားတာဝန်ယူ လိုက်နေတဲ့ အမှုမဟုတ်လား"



"မှန်တယ်၊ ခုသူ့ကို ဒီမှာချုပ်ထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒီမှာပဲ ချုပ်ထားတယ်"

"သူ ငြိမ်ကော ငြိမ်ရဲ့လား"

"ငြိမ်ပါတယ်၊ ဒါပေမဲ့ ညစ်ပတ်လွန်းတဲ့ ဇာတိပဲဗျာ"

"ညစ်ပတ်လို့လား"

"ဟုတ်တယ်၊ လက်ကလေးဘာလေးတောင် ဆေးဖို့စိတ်ကူး မရှိဘူး၊ မျက်နှာကလဲ ကျောက်မီးသွေးမိုင်းတွင်းထဲက ထွက်လာတဲ့အတိုင်း မည်းညစ်လိုက်တာလေ၊ သူ့ကို အမိန့်ချထောင်ထဲ အရောက်ပို့ပြီးမှပဲ ထောင်ရေနဲ့ဆေးကျောပစ်ရတော့မယ်"

"ကျုပ် သူ့ကို အရမ်းတွေ့ချင်လိုက်တာလေ"

"ခင်ဗျားက တွေ့ချင်သေးသတဲ့လား၊ ရပါတယ်၊ စီစဉ်ပေးရမှာပေါ့လေ၊ ကဲ... ကျုပ်နဲ့လိုက်ခဲ့ပေါ့၊ ခင်ဗျားအိတ်ကို ဒီမှာပဲချထားလို့ ရတယ်"

"နေပါစေ၊ ဒီအိတ်ကိုယူဖို့ သင့်မယ် အောက်မေ့တာပဲ"

"ကောင်းပြီ၊ တစ်ဆိတ်လောက် ကျုပ်နဲ့လိုက်ခဲ့ပါ"

သူက ကျွန်ုပ်တို့နှစ်ယောက်အား စင်္ကြံလမ်းအတိုင်း ခေါ်လာခဲ့ပြီး အချုပ်ခန်းရှေ့ ရပ်လိုက်လေသည်။ ထို့နောက် သံတိုင်တံခါးတစ်ခုဖွင့်လိုက်ရင်းက လှေကားတစ်ခုကို တက်စေ၍ နောက်ထပ်သော စင်္ကြံလမ်း တစ်ခုထက်သို့ လျှောက်စေခဲ့ပြန်သည်။ စင်္ကြံအဖြူချည်း သုတ်ထားကာ တစ်ဖက်တစ်ချက်မှာလည်း အချုပ်ခန်းများ စီတန်းလို့နေ၏။

"တတိယမြောက် တံခါးက သူ့အခန်းပဲ" ဟု၍ ဘရက်(တ်)စတရီက ကျွန်ုပ်တို့အား ပြောပြသည်။ "သူ့ကို အပြင်ကမြင်ချင်ရင် ဒီနေရာကနေကြည့်" ဟု တံခါးချက်ပေါ်က လေးထောင့်ချောင်းကြည့်ပေါက်လေးကိုပါ ပြ၏။

"ခု သူအိပ်ပျော်နေပုံရတယ်၊ ခင်ဗျားတို့လဲ မြင်ချင်ရင် ကြည့်ကြပေါ့"

သို့ဖြင့် ကျွန်ုပ်နှင့် ဟုမ်းတို့က ချောင်းကြည့်ပေါက်လေးထဲမှပင် ကြည့်ဖြစ်ခဲ့လေသည်။ အကျဉ်းသားသည် ကျွန်ုပ်တို့ဖက် မျက်နှာမူကာ အိပ်မောတွေ ကောင်းစွာကျနေပုံရသည်။ အသက် ဖြည်းဖြည်းရှူသွင်းလိုက်

လေးလေးကြီး မှတ်ထုတ်လိုက်နှင့် အသံတွေပင် ဖြစ်ပေါ်နေသည်။ အလော တော် အရုပ်အမြင့်ရှိ၏။ ကြမ်းထော်သော အဝတ်အစား၊ စုတ်ပြဲသော ကုတ်အင်္ကျီနှင့်အတူ ရှပ်အင်္ကျီအနီရောင်ကို ဝတ်ထားလျက် ပေရေမည့်ပုံ ရ၏။ အပေါ်နှုတ်ခမ်းတစ်ဖက်က ရှုံ့စောင်းထော်လန်နေ၏။ သို့မို့ကြောင့် အပေါ်သွားသုံးချောင်းကပါ အစဉ်လိုပေါ်လွင်နေမည့် ဟန်ရှိသည်။ သူ့ ပုံစံကား မာန်ဖီနေသည့် ခွေးတစ်ကောင်နှင့်ပင် တူရှုသယောင်ယောင်၊ သူ့ဆံပင်နီနီတို့မှာ ရှည်လျားတောက်လက်လှသလို မျက်လုံးတွေကိုပင် ဖုံးကွယ်တော့မလိုလို ရှိနေလေသည်တကား။

"ဘယ့်နှယ့်လဲ ကိုယ့်လူက လှလွန်းဆွေ တစ်ယောက်မဟုတ်လား"

ဘရက်(တ်)စတရိက ငေါ့သလိုပြောလေသည်။

"ဒီပုံစံအတိုင်းဆို သူ့မျက်နှာဟာ ဆေးကျောသုတ်သင်ပစ်ဖို့ တကယ် လိုအပ်နေပြီလေ"ဟု ဟုမ်းက ပြောသည်။ "ကျုပ်လဲ သူ့မှာ ညစ်ညစ် ပတ်ပတ်ရှိမှာပဲဆိုပြီး စိတ်ကူးတစ်ခု ရလိုက်တာနဲ့ ဒါကြီးကို ထည့်ယူလာ ခဲ့တယ်လေ"ဟုဆိုကာ အိတ်ထဲမှ စိုစွတ်လျက်ရှိသော မျက်နှာသုတ်ပဝါ သဘက်ကို ထုတ်ပြခြင်း ပြုလေ၏။

"စံပဲဗျာ၊ ခင်ဗျားကတော့ တကယ်ရယ်ရတဲ့လူပါပဲဗျာ"

ပြောပြောဆိုဆို ဘရက်(တ်)စတရိက တစ်ချက် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"ကဲ...တစ်ဆိတ်လောက် ဘရက်(တ်)စတရိရေ၊ တံခါးအသံမမြည် အောင် ခပ်ဖြည်းဖြည်းပဲ ဖွင့်စမ်းပါ"

"ကောင်းပြီလေ"

ဘရက်(တ်)စတရိက သော့ချောင်းတစ်ခုကို ,ပိတ်ထားသည့်သော့ ခလောက်ထဲထိုးသွင်း၏။ သို့နှင့် ပွင့်သွားသော တံခါးပေါက်အတွင်းသို့ ကျွန်ုပ်တို့အားလုံး တိတ်ဆိတ်စွာ ဝင်လိုက်ကြ၏။ အိပ်နေသူက တစ်ဝက်တပျက် စောင်းနေရာက ဟိုဘက်နံစောင်းသို့ လှည့်တော့မည်ဟု ပြင်စဉ် ဟုမ်းက သွက်သွက်နှင့်ပင် ရေစိုမျက်နှာသုတ်ပဝါဖြင့် မျက်နှာ ညစ်မည်းမည်းကို ပွတ်ချလိုက်တော့သည်။ တစ်ဆက်တည်း...



"ကဲ... ကဲန့်မြို့လီအရပ်က နီးဗီးလ်စိန့်ကလဲရားရေ ကျုပ်ကိုယ် ကျုပ်ပဲ မိတ်ဆက်ပါရစေ"ဟု ဟုမ်းက ဆိုလိုက်လေတော့၏။

ဟုမ်း၏ ရေစိုမျက်နှာသုတ်ပဝါ၏ အစွမ်းက ထူးထူးခြားခြားပင် အကျိုးသက်ရောက်ခဲ့ရချေသည်။ မျက်နှာပေါ်က အညစ်အပေများ ဖယ်ရှား ကုန်ကာ စက္ကူဖြူနယ် အသားအရေက ဝင်းတောက်လာသည်ကို မြင်လိုက် ရလေ၏။ ထို့ပြင် လန်တက်နေသော အပေါ်နှုတ်ခမ်းသွင်ပြင်ကို ရေစို အဝတ်နှင့်အတူ ပြောင်းလဲပျောက်ပျက်စေခဲ့ရသည်။ ဟုမ်းက ညစ်လျက် ကပိုကသီ ရှိနေသည့် ဆံပင်နီ ဘုတ်သိုက်ကို လက်ကြီးဖြင့် ဆုပ်ကိုင်၍ ဆွဲတ်ခွာလိုက်လေတော့၏။ ထိုရောအခါမှာတော့ အကျည်းတန်အရုပ်ဆိုး နေသည့် တောင်းရမ်းစားသောက်နေသူ အဖြစ်မှသည် လူကြီးလူကောင်း တစ်ယောက်သွင်ပြင်သို့ ပြောင်းသွားကာ ဆံပင်တွေကပါ နက်မှောင်ကျော့ ရှင်းနေတော့၏။ အသားလတ်လတ်နှင့် လှပုံချောချောတစ်ယောက် အဖြစ် သို့ ပြောင်းနေ၏။ ထိုသူက ကမန်းကတန်း ထထိုင်ခဲ့ပြီး မျက်ချေးတွေ မွှတ်သုတ်နေရာက မကြည်မလင်သေးသော အိပ်ချင်မူးတူး မျက်လုံးတို့ နှင့်အတူ သူ့ဝန်းကျင်ဆီ စူးစမ်းလေ့လာလေ၏။ ထို့နောက် သူ့အဖြစ် ကိုသူ စောကျောမိသွားသည့်နှယ် တရှိက်ရှိက် ငိုကြွေးလာခဲ့ပြီး လက်ဖဝါး တွေထဲ သူ့မျက်နှာကို ဝှက်အပ်ထားချေတော့သည်။

"အို... ဘုရားရေ၊ ဒီလူက ပျောက်နေတဲ့လူပါပဲလား၊ သူ့ရုပ်ကို ကျုပ် သတင်းစာထဲမှာ မြင်ဖူးခဲ့လို့ ကောင်းကောင်းမှတ်မိတယ်လေ"ဟု ဘရက်(တ်)စတရိက ရွတ်လေသည်။

အကျဉ်းသားသည် ထိုခဏမှာပင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်လာခဲ့ ဟန်ဖြင့်...

"ဒါထက် နေစမ်းပါဦး၊ ကျွန်တော့်ကို ဘာပုဒ်မတပ်ပြီး ဖမ်းကြ တော့မှာလဲ"ဟု စောဒကတက်လာလေ၏။

"မစ္စတာနီဗီးလ်စိန့်ကလဲရားကို အပျောက်ရိုက်ဖို့ ကြံစည်နေတဲ့ အမှုအတွက်လေ" ဘရက်(တ်)စတရိက ဆိုချေ၏။ "ဒါပေမဲ့ အဲဒီအမှုနဲ့ ကတော့ ခင်ဗျားတို့ ပုဒ်မတပ်လို့ မဖြစ်သေးပါဘူး၊ အမှန်ပြောရရင်



ကျုပ် ရဲဘက်အမှုထမ်းခဲ့တာ ၂၇နှစ်တောင် ရှိနေပြီ၊ ဒါမျိုးတစ်ခါမှကြုံ ...မကြုံဖူးပေါင်"

"ကျွန်တော် နီဗီးလ်စိန့်ကလဲရားပြန်ဖြစ်ပြီ၊ ခင်ဗျားတို့ ဘာပုဒ်မနဲ့ မှ ဖမ်းနေစရာ အကြောင်းမရှိတော့ဘူး၊ ကျွန်တော့်ကို ဒီလိုဒီမှာသွင်း ထားတာနဲ့ပတ်သက်လို့ ခင်ဗျားတို့ကိုတောင် ပြန်ပြီး တရားစွဲလို့ရနေပြီ သိလား"

"ကိုရင့်ကို ဘာမှမပတ်သက်စေရတော့ပါဘူး၊ ကိုရင့်အနေနဲ့ ကိုယ်ယူ ထားခဲ့တဲ့ မိန်းမကို ငှကွက်ညှာတာဖို့ ကောင်းနေပြီ"ဟူ၍ ဟုမ်းကပြော လိုက်လေတော့ရာ...

"ကျွန်တော့်မိန်းမအတွက် ကျွန်တော် ဒါလောက်မစံစားမိဘူး၊ သားသမီးတွေအတွက်ပါ၊ ကျွန်တော့်လို ဖခင်ဆိုးကြောင့် သူတို့ရဲ့ရင်တွေ မှာ အရှက်တကွဲအကျိုးနည်းကုန်မှာကို ကျွန်တော်စိုးရိမ်တာပါပဲ၊ ကျွန်တော် အခု ဘာများကော တတ်နိုင်တော့မှာလဲ"

ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းက နီဗီးလ်စိန့်ကလဲရား၏ နံဘေးက ခုတင်လွတ်တွင် တင်ပါးလွှဲဝင်ထိုင်ခဲ့ပြီး ထိုသူ၏ ပခုံးတစ်ဖက်ကို ကရုဏာပါပါ အသာတကြည် ကိုင်လိုက်သည်ကို မြင်ရ၏။

"ကျုပ် ကိုရင့်ကို အကြံပြုချင်တာကတော့ မစ္စတာဘရက်(တ်)စတရိ ကို စာတ်စုံအကုန် ဖွင့်ပြောပြလိုက်ပါလား၊ ဒါဆို ကိုရင့်ကိုဖမ်းထားခဲ့တဲ့ အမှုက တရားခွင်ထိရောက်ဖို့အကြောင်းရှိမှာမဟုတ်ဘူး၊ ကိုရင့်ရဲ့ နှုတ်က ထွက်လာတဲ့ အကြောင်းအရာတွေလဲ သတင်းစာရဲ့ စာမျက်နှာပေါ်ရောက် စရာအကြောင်း မရှိတော့မှာ သေချာသွားပြီလေ"

သည်တော့မှပင် နီဗီးလ်စိန့်ကလဲရား၏ သွင်ပြင်မှာ ကျေနပ်မှုအတန် အသင့်ရသွားသည့် အမူအရာဆောင်ယူလာခဲ့သည်။

"ကောင်းပြီ...ကျွန်တော့်ဇာတ်လမ်းကို နောက်ကြောင်းပြန်ပြောရ တော့မှာပေါ့...

"ကျွန်တော့်ဖခင်ကြီးဟာ ချက်စတာဖီးလ်မှာ ကျောင်းဆရာတစ် ယောက် လုပ်ခဲ့ဖူးတယ်၊ ကျွန်တော်လဲ အဲဒီကျောင်းမှာ နေထိုင်ရင်း



ထူးချွန်တဲ့ ကျောင်းသားတစ်ယောက်ဘဝ ရောက်ခဲ့ရတယ်၊ ကျွန်တော် ကျောင်းကထွက်လာပြီး အချိန်မှာ အရောင်းအဝယ်နဲ့ ကုန်ကူးတဲ့အလုပ် အကြီးအကျယ် လုပ်ခဲ့တယ်၊ တစ်ချိန်က သရုပ်ဆောင်မင်းသားအလုပ် ကိုပါ ကြုံကြုံသလို ဝင်လုပ်ကြည့်သေးတယ်၊ အဲဒီနောက် လန်ဒန်ညနေထုတ် သတင်းစာတိုက်မှာ အခစား သတင်းထောက်အဖြစ်နဲ့ ပါဝင်လုပ်ကိုင်တယ်၊ ဒီလိုနဲ့ တစ်နေ့ကျတော့ သတင်းစာတိုက်ပိုင်က လန်ဒန်မှာရှိနေတဲ့ တောင်း ရမ်းစားသောက်သူတွေရဲ့အကြောင်းကို ကွင်းဆင်းလေ့လာပြီး သတင်းစာမှာ ဆောင်းပါးရေးဖို့ ကျွန်တော့်ကို တာဝန်ပေးလာတယ်၊ အဲဒီလိုတာဝန်ပေး ခံရတာက အစပြုလို့ ကျွန်တော့်ရဲ့ အဲဒီစွန့်စားခန်းတွေ ပေါ်ခဲ့ရတာပါပဲ လေ၊ တောင်းရမ်းစားသောက်သူတွေရဲ့ ဘဝကို သိဖို့ဆိုတာ ကိုယ်တိုင် သူတို့ရဲ့ဘဝထဲဝင်ကြည့်မှ သိနိုင်ဖို့အကြောင်းရှိမယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားမိပြီး တောင်းရမ်းစားသောက်နေကြတဲ့လူတွေရဲ့ နယ်ပယ်ကို တစ်နေ့ တာ အယောင်ဆောင်ကြည့်ဖို့ စိတ်ကူးမိသွားခဲ့တယ်ပေါ့လေ။ ကျွန်တော့ မှာ နဂိုကတည်းက သရုပ်ဆောင်မင်းသားလုပ်တဲ့ အခြေခံကျွမ်းကျင်မှု ရှိထားတော့ မိတ်ကပ်ပညာနဲ့ ရုပ်ဖျက်ဖို့ ဘာမှအခက်အခဲ မရှိခဲ့ဘူး... ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုက လာအသုံးတည့်နေပြီ...မျက်နှာကိုရုပ်ဖျက်၊ အပေါ်နှုတ်ခမ်းကို အထက်မှာ နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ရှုံ့ရှုံ့စောင်း စောင်းကြီး ရှိအောင်ပြုပြင်ပြီး လမ်းသွားလမ်းလာတွေရဲ့ စိတ်မှာ ကရုဏာ သက်လာအောင် ဖန်တီးလိုက်တယ် ဆိုပါတော့၊ ဆံပင်အနီတု တပ်ဆင် ထားဖို့လုပ်ရတာတွေ အဝတ်အစားရုပ်ဖျက်ဆင်းမျက်နဲ့ ရှိသွားအောင် လုပ်ရတာတွေကတော့ တခြားအကြောင်းပေါ့လေ၊ အားလုံး အဆင်သင့် ဖြစ်သွားတာနဲ့ပဲ ကျွန်တော်ဟာ လန်ဒန်မြို့မှာ ထိုင်တောင်းရမ်းနိုင်မယ့် စားကျက်ရှာလိုက်တယ်၊ လူတွေ အလွန်အင်မတန် စည်ကြမယ့် အကွက် အကွင်းမှာပေါ့လေ...၊ ကျွန်တော်က မီးခြစ်ရောင်းသလို ဖိန့်သုံးကြည့်သေး တယ်၊ အမှန်က တောင်းရမ်းသူသက်သက်...အဲဒီမှာ ခုနစ်နာရီထိထိုင်ကြည့် ခဲ့တယ်၊ အိမ်ပြန်ရောက်တဲ့ ညနေမှ ကျွန်တော်တောင်းလို့ရတာတွေ ရေ တွက်ကြည့်ဖြစ်တော့ မယုံနိုင်လောက်အောင် များလွန်းလှတဲ့အဖြစ်ကို

# သစ္စာ

## ကျော်မင်းညွှန့် (လှည်းကူး)

(တစ်)

ယနေ့မှ၊ ယနေ့မှ နှင်းပိုကျသည်ထင်သည်။

တောင်ခိုးနှင့် တိမ် ရောယှက်လိမ်၍ တိမ်နှင့်တောင်ခိုး ခေါင်ကို မိုး၏ ဟူသော (ဆရာကြီး– မင်းသုဝဏ်)၏ ကဗျာအတိုင်း။

လွယ်ဆမ်ဆစ်တောင်ကြောတစ်လျှောက် မိုးပေါက်ခနဲ ဆီးနှင်းများ တဖွဲဖွဲ။ တောင်များမှ မှုတ်လွှတ်လျက်ရှိသည့် တောင်ခိုးများက မှိုင်းလုံးကြီးများသဖွယ်။ တောင်ခြေတွင် မြူများဆိုင်းလျက်။

မြင်ကွင်းက လုံး၀မကွဲ။

သို့နှင့်…။

အောင်လတ်က လွယ်ဆမ်ဆစ် တောင်ကြော၏ အမြင့်ဆုံးတောင် ထိပ်တွင်ရှိ ထပ်ဆင့်(ရပ်/သဲ)လွှင့် မျှော်စင်ကို ကြည့်ပြစ်အောင် ကြည့်လိုက်သည်။

တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း နှင်းတံတိုင်းရံထား၍ လုံး၀မမြင်။ ယာဉ်မောင်း စိုင်းအောင်ထွန်းပင် နှင်းခွဲမီး(ဝါ)ဟွန်းသံ တတီတီပေး၍ တောင်ကြောကို ကွေ့ပတ်တက်ဆဲ။



"ကိုလတ် အေးရင် ပြတင်းတံခါး ပိတ်လိုက်လေ၊ ကနေ့ ခင်ဗျား ကြည့်ရတာ မျက်နှာ ဖြူဖတ်ဖြူလျော်နဲ့၊ ဘာလဲ နေမကောင်းဘူးလား၊ ရော့ ဒါလေးမော့လိုက်"

စိုင်းအောင်ထွန်းပြောမှ နှင်းငွေ့မြူမှုန်တို့ ရောယှက်ဝင်လာသော ကားပြတင်းခလုတ်နှိပ်၍ မှန်တင်လိုက်မိသည်။

မြောက်ပိုင်း ရှမ်းပြည်နယ်၏ အေးစိမ့်သော ရင်ခွင်ကိုပင် အောင်လတ် သတိမထားမိ။

'သူ့'တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲနေသည်။

"ရုပ်ထဲကအပူ ဘယ်သူမှ နားမလည်ပါလား၊ အေးလေ နားမလည်တာဘဲ ကောင်းပါတယ်"

အောင်လတ်ရင်တွင်းမှ တစ်ချက်ညည်းလိုက်ပြီး စိုင်းအောင်ထွန်း ပေးလာသော (BLACKCAT)ဝီစကီပုလင်းပြားဖွင့်၍ လက်နှစ်လုံးခန့် မော့ချလိုက်သည်။


ဝမ်းကျင်တစ်ခုလုံး နှင်းမြူတံတိုင်းအောက် နှစ်မြုပ်လျက်။

နီဆန်း(အယ်လ်စစ်–၃၆၀)အမျိုးအစား(၁၂)ဘီးကားကြီးက အတက် ခရီးအား အမှတ်တစ်ဂီယာကို တဘိုအင်ဂျင်၏ အကူအညီဖြင့် ကြိတ်ရုန်း နေဆဲ။

သည်တစ်ခေါက် ခရီးစဉ်က အားလုံးအဆင်ပြေသည် ဆိုရမတတ်။ ကုမ္ပဏီမှ အအေးခန်းများတွင် သိုလှောင်ထားသော ရေခဲစိမ်ပုစွန်များကို စက်ရုံမန်နေဂျာ Export မန်နေဂျာ၊ မွေးရေ ဝန်ထမ်းများ၏ စစ်ဆေး စိစစ်မှုဖြင့် (၁၂)ဘီးကားတစ်စီးစာတင်ပြီး ထွက်လာခဲ့ပြီ။

သည်တစ်ခေါက် ပုစွန်ဘူး (MASTER CARTON) ၁၄၆၂ဘူး။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲကျော်။

ဘူးနှင့် ပေါက်ဈေးက များသဖြင့် ကုမ္ပဏီ၏ ပို့ဆောင်ရေးမန်နေဂျာ အောင်လတ်ကိုယ်တိုင် တရုတ်ပြည် သွားပို့ရမည်။



# ကျော်မင်းညွှန့် (လှည်းကူး)

သစ္စာ



မှာဆိုတော့' အချိန်ရှိတုန်းလေး မနက်စာစားသောက်ရရင် ကောင်းမယ် ထင်တယ်…ဘယ့်နှယ့်လဲဗျ" ရယ်လို့ ကျွန်ုပ်၏သဘောထားအား ကောင်း ခံလာလေတော့သတည်း။

မေတ္တာရည်လျက်
ဇော်ထက်

**Ref: The Man With the Twisted lip By Sir Arthur Conan Doyle.**

အောင်လတ်က Export ကုမ္ပဏီတစ်ခုဖြစ်သော ဝမ်ကျားဂေဟာ ကုမ္ပဏီတွင် ပို့ဆောင်ရေးမန်နေဂျာ။

သည်တစ်ခေါက် အောင်လတ်ကိုယ်တိုင် လိုက်ပို့ပေးရန် (MD) မစ္စတာဝမ်က တောင်းဆိုလာ၍ အောင်လတ်ထွက်ခဲ့ရခြင်း။

သည်လမ်း၊ သည်ခရီးက အောင်လတ်အတွက် မစိမ်း၊ ရန်ကုန်-မှဆယ် သုံးရက်အရောက်။

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ငါးဦးစီးဌာန(တိုင်း)တွင် မျှော်လဲ ပြင်ဦးလွင်၊ သိန္နီ(ရေပူ)နှင့် နောက်ဆုံး(၁၀၅ မိုင်)၊ မိုင်းယုတို့တွင် စစ်ဆေးခံ၍ ကြူကုတ်၊ ပန်ဆိုင်းမှတစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်မြို့ရှိ အအေးခန်းတွင် တစ်ဘက်နိုင်ငံ ကုမ္ပဏီခွဲ(MD) မစ္စတာလူရှောင်ဖုန်းထံ အပ်နှံရုံပင်။

ဒါက ပုံမှန်လုပ်နေသွားနေကျ ခရီးစဉ်။

ရေခဲစိမ် ပုစွန်ဘူး (MC) များ တန်ဖိုးကလည်းမသေး။ ယခု ကားပေါ်ပါလာသည်က 10.8 KGS ဘူးများနှင့် 14.4 KGS ဘူးများ။

နှစ်မျိုးတည်းသာ။

10.8 KGS ဘူးတွင်ရေခဲစိမ် ပုစွန်တုံး ခြောက်တုံးပါ၍ 14.4KGS ဘူးတွင် ရေခဲစိမ်ပုစွန်တုံး ရှစ်တုံးစီပါရှိသည်။

10.8KGS ဆိုသော်လည်း ရေခဲအလေးချိန်*ပါဝင်ပြီး ခြောက်တုံးဘူး၏ အလေးချိန်က 17.20KGS ဖြစ်သွားပြီ။

14.4 KGS ဘူးရှစ်တုံးမှာလည်း ရေခဲအလေးချိန်နှင့်ဆိုလျှင် 112.9 KGS ဖြစ်သွားသည်။

ပုစွန်ဆိုသည်ကလည်း ရေချိုပုစွန် (FREGH WATER PRAWN) နှင့် ရေငန်ပုစွန် (SEA WATER PRAWN) ဟူ၍ နှစ်မျိုးနှစ်စားရှိပြန်သေးသည်။

စိုင်းအောင်ထွန်းကမူ သူကျွမ်းကျင်သော မြောက်ပိုင်းရှမ်းဒေသဖြစ်၍ စိုင်းဆိုင်မောဓ၏ (မှဆယ်၊ နမ့်ခမ်းလမ်း)သီချင်းကိုဖွင့်၍ ညည်းညူ နေသည်။

မညည်းနိုင် မရှင်နိုင်သည်က ပို့ဆောင်ရေးမန်နေဂျာ အောင်လတ်။



(နှစ်)

အအေးခန်းစက်ရုံမှ ကုန်တင်၍ ထွက်လာတော့ ညဉ့် ၁း၃၀နာရီ။

အမှတ်(၃) လမ်းမကြီးအတိုင်း ကားကမောင်းလာသည်။

အောင်လတ်က ယာဉ်မောင်းနောက်ကျောရှိ အိပ်ရာတွင် မှေးလျက်။

ထိုစဉ် ...

"တီ... တီ... တီ"

အိတ်တွင်းမှ ဆယ်လူလာဖုန်းသံကြား၍ အောင်လတ်ထုတ်ယူနားထောင်လိုက်သည်။

"ဝေး... ကိုအောင်လတ်လား"

"ဟုတ်ပါတယ် MD"

"အခု ဘယ်နားရောက်နေပြီလဲ"

"အဲ အခု အမှတ်(၃) လမ်းမကြီးပေါ်ရောက်နေပြီ"

"ကိုအောင်လတ် သေသေချာချာ နားထောင်ပါ၊ ညွှန်ကြားချက်အသစ်၊ အခု ခင်ဗျားရောက်နေတဲ့ အမှတ်(၃) လမ်းမကြီးအတိုင်းဆက်သွားရင် (TOLL GATE) တွေ့မယ်နော်"

"ဒါ အဆန်းလား" ဟု အောင်လတ်တွေးပြီး နှုတ်မှ

"ဆက်အမိန့်ရှိပါ MD"

"အဲဒီ (TOLL GATE) မရောက်မီ တစ်မိုင်လောက်အလိုမှာ ကျွန်တော်တို့စောင့်နေမယ်၊ ရုံးက (VAN) ကားနဲ့ ကျွန်တော့် (မာစီးဒီး) စောင့်နေမယ် ဒါပဲ"

"ဘာလဲဟာ၊ ကြောင်တာပဲ၊ ဒါ ပုံမှန်မဟုတ်ဘူး" အောင်လတ်ရင်တွင်းမှ တစ်ချက်ညည်းလိုက်မိသည်။

ကုမ္ပဏီဝန်ထမ်းပဲလေ၊ သူ့ဆန္ဒစားရဲ့ နိုင်းတာလုပ်ပေါ့။

ညွှန်ကြားချက်ကို ယာဉ်မောင်းစိုင်းအောင်ထွန်းအား ထပ်ဆင့် ညွှန်ကြား၍ ဆုံမှတ်ကို အာရုံပြုလိုက်သည်။



အမှောင်ထဲမှ (TOLL GATE) ကို လျှပ်စစ်မီးထိန်ထိန်ဖြင့် လှမ်းမြင်နေရသည်။

"ကိုလတ် ရှေ့ညာဘက်က (SIGNAL) ပြနေတယ်"

မှန်သည်။ ရှေ့မှ(VAN) ကားက မီးကိုဖွင့်ချိမှိတ်ချိ။ မာစီဒီးရှေ့တွင်ရပ်နေသော မစ္စတာဝမ်နှင့် ဝန်ထမ်းများ။

"ကိုအောင်လတ် အခုတစ်ခေါက်ပို့တာ 10.8KGS နဲ့ 14.4 KGS တွေပဲ၊ ဒါပေမဲ့ စောစောက (Fax) ဝင်လာပြီး (PINK PUD-GP) 14.4KGS နှစ်လုံးနဲ့ (TIGER CHIL) 10.8 KGS တစ်လုံးထပ်ထည့်ပေးဖို့ ပြောလာတယ်"

မဟုတ်တော့၊ မရိုးသားတော့။

တစ်နေရာတွင် တစ်ခုတော့ မှားယွင်းစပြုလာပြီ။

အောင်လတ် ဘာမှမပြော၊ သူ့လက်တွင်းမှ စာရွက်စာတမ်းများ မစ္စတာဝမ်ထံ လှမ်းရင်းမှ-

"ဒီလိုမလုပ်ရဘူးလေ MD၊ အစဉ်အလာလဲ မဟုတ်ဘူး၊ ငါးလုပ်ငန်းဦးစီးနဲ့ တိုင်းဦးစီးရဲ့ သတ်မှတ်ချက်အောက်ထဲကပဲ သွားရမယ်လေ၊ Export လုပ်တယ်ဆိုတာ လိုရင်းသာလက်ခံပြီး အပိုလုံးဝမရှိစေရဘူးလေ၊ ဒါ စည်းကမ်းပဲ"

မစ္စတာဝမ်က ပြုံးရွှင်သော မျက်နှာနှင့် အောင်လတ်အားကြည့်ပြီး

"ဒါတွေ ကျွန်တော်သိပါတယ်၊ အခုလဲ အလေးချိန်တူညီတဲ့ (WHITE PUG) သုံးလုံးချပြီး နောက်သုံးလုံးတင်တာပါ၊ ပြဿနာမရှိပါဘူး၊ အဲ မှတ်မိအောင် နောက်တင်မယ့်သုံးလုံးကို ကျွန်တော်ကြိုးဝါနဲ့ ချုပ်ထားတယ်၊ ကျန်တာတွေက ကြိုးမည်းတွေ၊ ဪ... လမ်းမှာသုံးဖို့ ဒါလေး ထပ်ယူသွားဗျာ"

အရေအတွက် အတော်များသော တစ်ထောင်တန်အထုပ်။

အောင်လတ် ငြင်းခုန်မနေတော့။

ဘူး(MC) အရေအတွက်ပြည့်လျှင် ကိစ္စမရှိ။

သို့သော်...



နောက်ထပ်တင်သည့် နိုင်လွန်ကြိုးပြား အဝါရောင်သုံးထုပ် နောက်ခန်း၏ မည်သည့်အထပ်၊ မည်သည့်အဆင့်၊ ဘယ်နှစ်လုံးမြောက်နေရာဆိုသည်ကိုတော့ အတွေ့အကြုံအရ မှတ်ထားလိုက်သည်။

အားလုံးတင်ပြီး အမိုးအကာများ ချည်ပြီးတုပ်ပြီး ကားထွက်ရန် အသင့်။

မစ္စတာဝမ်က အောင်လတ်အား လက်ဆွဲနှုတ်ဆက်ရင်း။

"ဒီတစ်ခေါက်ပြန်လာရင် ကိုလတ် မင်္ဂလာဆောင်နိုင်ပါပြီ၊ လမ်းမှာငွေလိုရင် လှရှင်ဖုန်းဆီ ချက်ချင်းဆက်၊ ပြဿနာဖြစ်မခံပါနဲ့၊ (ဝူကျီသောက်) ကိစ္စမရှိပါဘူး၊ ကျွန်တော်သွားမယ် ရှဲရှဲ(ကျေးဇူးပဲ)"

အောင်လတ် မစ္စတာဝမ်၏ မာစီဒီးကားနောက်မီးကို ငေးလျက်ကျန်ခဲ့သည်။ သည်ကိစ္စမရိုးသားဟု ထင်သည်။

အောင်လတ် မစ္စတာဝမ်ပေးထားခဲ့သော ငွေကို ရေတွက်ကြည့်လိုက်မိသည်။

ကျပ်ငါးသိန်းတိတိ။

အောင်လတ်ရင်ခုန်သွားသည်။

နဘဲပင်ကျေးရွာမှ လယ်သမား အမိ၊ အဖ၏အိမ်။

မိမိလစာ တစ်လ ကျပ်သုံးသောင်း။

လက်ထပ်ရန် နားပူနားဆာလုပ်နေသော ချစ်ရသူ နီလာ။

ပြန်လာလျှင် မိမိ မင်္ဂလာဆောင်နိုင်ပြီတဲ့၊ ဘာတွေလဲ။

အောင်လတ် မတွေးတော့။

သည်ကွေ့ သည်တက်နှင့်လော်၊ ဟိုကွေ့ ဟိုတက်နှင့်လော်မည်။ ဆန့်စင်ရာ ကျည်မွေ့မလိုက်နိုင်။

ကိုယ့်အလုပ် ကိုယ်ဆက်လုပ်။

စိုင်းအောင်ထွန်း၏ ကက်ဆက်မှ စန္ဒရားထွန်းညွန့်၏ အောင်မြင်ခြင်းအတုတု ဘယ်သူမြတ်သည်လဲတဲ့။

(သုံး)

ပြင်ဦးလွင် (၂၄)မိုင် ရာဇဝတ်မှုရေးဂိတ်နှင့် သိန္နီ(ရေပူ)ဂိတ်တို့ကို ဖြတ်ကျော်လာခဲ့ပြီ။ နောက်ဆုံးတစ်ဂိတ်ပဲ ကျန်တော့သည်။

(၂၄)မိုင်နှင့် ရေပူဂိတ်များက ပစ္စည်းများအားလုံး အောက်မချရဘဲ အမိုးဖွင့် ကားကြမ်းခင်းအထိ အထုပ်(MC) များဖယ်၍ စစ်ဆေးသည်။ တစ်တန်းလျှင် စုနစ်ထုပ်၊ အတန်းမည်မျှ၊ အမိုးပိတ်မည်မျှ မြောက်ကြည့်။ (MC) ဘူး ကွက်တိ၊ ပြဿနာမရှိ။

နောက်ဆုံး (CHECK POINT) မိုင်းယုကို ကျော်နိုင်မည်လော။ မသေချာ။

သေချာသည်က မိုင်းယု (၁၀၅)မိုင် စစ်ဆေးရေးဂိတ်က ပြတ်သည်။ ကားအမိုးဖွင့်၊ ပစ္စည်းအားလုံးချ တွက်ရာစုပုံ။

ဘူးအရေအတွက်၊ ပုစ္ဆန်အမျိုးအစား ကွက်တိဖြစ်နေရမည်။

မသက်လျှင် ချက်ချင်းဖွင့်ဖောက်စစ်။

တစ်လမ်းလုံး လေချွန်လာခဲ့သောအောင်လတ်၊ လေမချွန်နိုင်တော့။

သည်ကြားထဲ မစ္စတာဝမ်က တစ်မှောင့်။

"ဘယ်ရောက်နေပြီလဲ၊ အခြေအနေ"တဲ့။

အောင်လတ် ဆယ်လူလာကို ပေါက်ခွဲပစ်ချင်လာသည်။

မစ္စတာဝမ်လို ချစ်တီးက သူ့ကို ငွေငါးသိန်းပေး၊ မင်္ဂလာဆောင်ရမည်ဟု မက်လုံးပေး၊ ဖြစ်လာလျှင် ကိုယ်ခံ၊ လှည့်ပင်ကြည့်မည်မဟုတ်။

စင်စစ် မိမိသည် အငှားတရားခံ။

တရားဝင်ပစ္စည်းများကြား တရားမဝင်ပစ္စည်းများ ထည့်ပေးလိုက်ခြင်း။

ကံကောင်း၍ လွတ်သွားလျှင် မစ္စတာဝမ် ကျပ်သိန်းထောင်ချီရနိုင်ပြီ၊ ဝေးစာခံ မိမိလ အမြီးကိုက်ရုံအဆင့်။

လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်များကလည်း မျက်နှာသိသွားနေကျမို့၊ ပုံမှန် တရားဝင်လုပ်ငန်းဖြစ်နေပြီးနိုင်ငံတော်အတွက် ခေါ်လာရှာပေးသောအလုပ်။ အရေပျော်မခံသော ပစ္စည်းဖြစ်၍ တန်ဖိုးနှင့်



ခွင့်ပြုခဲ့ခြင်းပင်။

မည်သည့်တန်ဖိုး လက်ဆောင်မှ မပေးရ။

"အို…လွတ်သွားရင်လဲ လက်ထဲမှာ ငွေသား ငါးသိန်း၊ ဘာပဲဖြစ်ဖြစ် မစ္စတာဝမ်က မုန့်ဖိုးထပ်ပေး၊ နောက်ပြီး လုကြောင်ဖုန်းဆီက ငါးသိန်းထပ်တောင်း၊ ဒါဆို နီလာနဲ့ အတူနေလို့ရပြီ"

တစ်ယောက်တည်း စိတ်နှင့်ရုပ် ပြဿနာတက်နေသည့်အောင်လတ်။

တစ်ဖန်…

"ဒို့မြန်မာလူမျိုးဆိုတာ တစ်ပါးကျွန်အဖြစ် ဘယ်တော့မှ အရိုပ်မခိုခဲ့ဘူး၊ ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူးဆိုတဲ့ စိတ်ထားကြတယ်၊ အမျိုးသားသစ္စာဖောက်ဆိုတာကတော့ ခေတ်တိုင်းမှာရှိတာပဲ၊ ဒီလောက်ကောင်လက်တစ်ဆုပ်စာကြောင့် သူများနစ်နာရတာ၊ အမျိုးသားသစ္စာဖောက်ဆိုတဲ့ ဝေါဟာရ မင်းတို့နဲ့ မင်းတို့ရဲ့ မျိုးဆက်ရာဇဝင်မှာ ဘယ်တော့မှ မရှိစေနဲ့၊ အမျိုးသားသစ္စာဖောက်ဆိုတာ အောက်တန်းကျ ယုတ်ညံ့မိမစစ်၊ ဘမစစ်ပေါက်လာတဲ့ ခုက္ခ၊ တိုင်းပြည်ကြီး ကိုယ်ကြောင့်နာမည်မတက်ချင်နေပစေ ကိုယ့်ကြောင့် တိုင်းပြည် မနစ်နာ၊ နာမည်မပျက်ပါစေနဲ့၊ မြန်မာဆိုတာ ကမ္ဘာတည်သရွေ့ တည်နေမယ့်လူမျိုး၊ မြန်မာနိုင်ငံဆိုတာလဲ ကမ္ဘာတည်သရွေ့ တည်နေမယ့်နိုင်ငံ၊ မင်း အမျိုးသားသစ္စာဖောက်ဖြစ်နေပြီလားဆိုတာ ပြန်စစ်"

ဖခင်ဖြစ်သူ ကျောင်းဆရာကြီး ဦးတိုးမြင့်(သမိုင်း)၏ တပည့်များအား ဆုံးမစကားကို ကြားယောင်မိသည်။

ယခု ကိုတိုးမြင့်သား အောင်လတ်လေး အမဲရိုးကိုက်တော့မည်လား။

နောက်ဆုံး…

သက်ပြင်းတစ်ချက်နှင့်အတူ တိကျပီပြင်သော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်တော့သည်။

•



မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်။

အောင်လတ် (AIR MANDALAY) လေယာဉ်ပြတင်းပေါက်အနီးတွင် ထိုင်လိုက်သည်။

သူ့လက်ျာဘက်ခုံက လွတ်နေဆဲ။

လေယာဉ်ထွက်တော့မည်။ ယခုတိုင် သူ့ဘေးခုံက လွတ်နေမြဲ။

အောင်လတ်က မျက်စိမှိတ်၍ ဖြစ်စဉ်များကို ပြန်တွေးနေသည်။

မိုင်းယု (၁၀၅)မိုင်တွင် ပစ္စည်းများ စစ်ဆေးပြီး(GATE PASS) ယူကာ ကြူကုတ်၊ ပန်ဆိုင်သို့ ထွက်လာခဲ့ပြီး တရုတ်နိုင်ငံ ဝမ်တိန်မြို့ အအေးခန်းတွင် ပစ္စည်းများ မစ္စတာ လုရှောင်ဖုန်းထံ လွှဲအပ်သည်။

အောင်လတ်က လူလည်။

မိုင်းယု(၁၀၅)မိုင်တွင် စစ်ဆေးပြီး ကုန်များပြန်တင်နေခိုက် ရွှေလီမြို့ရှိ မစ္စတာ လုရှောင်ဖုန်းထံ ဖုန်းဆက်၍ ငွေ စုနစ်သိန်းတောင်းသည်။

သူကိုယ်တိုင် ဂျယ်ခေါင် အဝင်ဂိတ်တွင် သွားယူပြီး မူဆယ်ရှိ မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် ရန်ကုန်ရှိ ဘဏ် (ACCOUNT)သို့ လွှဲအပ်လိုက်သည်။

သူ စိတ်ရောကိုယ်ပါ လန်းဆန်းနေသည် အမှန်။

ဝမ်ထိန်ကျမှ နည်းနည်းစိတ်ညစ်ရသည်။

လုရှောင်ဖုန်းနှင့် သူ့အတွင်းရေးမှူးမလေး တန်စုမေတို့ရောက်လာပြီး အမှတ်အသားပါ (MC) ဘူး သုံးလုံးကို ထုတ်ယူသည်။

တန်စုမေက ရန်ကုန်တက္ကသိုလ်မှာ မဟာဘွဲ့ကို မြန်မာစာနှင့် ယူထားသည်ဟု ဆို၏။

အောင်လတ်အား ခေတ်ပြိုင်မြန်မာစာရေးဆရာများအား ခေါင်းစဉ်တပ် ဆွေးနွေးနေသည်။

အောင်လတ် စိတ်မရှည်။

လုရှောင်ဖုန်းတို့ ပစ္စည်းလာထုတ်နေပြီ။ သူတို့ပြောသည့် (SHADOW)ဆိုတာ အရိပ်အယောင်မျှမမြင်မိ။ စိတ်တိုတိုနှင့် မယ်စပ်စုတန်စုမေအား ဘုတောကာ ပေါက်စီတစ်လုံးနှင့် ကော်ဖီသောက်၍



တောမိလုပ်ပြလိုက်သည်။

ဒါတောင် မစပ်စုက သူ့လိပ်စာတောင်းနေ၍ ပေးလိုက်ရသည်။

သူ သတင်းအလဟဿ ဖြစ်သွားပြီလား။

•

လေယာဉ်ထွက်တော့မည်။

အောင်လတ် ခါးပတ်ပတ်လိုက်ပြီး ပြတင်းပေါက်မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ငေးနေမိသည်။

ပြည်တွင်းခရီးစဉ်၊ ပြည်ပ (နိုင်ငံတကာ)လေကြောင်းလိုင်းမှ လေယာဉ်ကြီးများက ပဇင်းများနားနေသည့်နှယ်၊ အစီအရီ။

သူ့ဘေးထိုင်ခုံသို့ ခရီးသည်အား လေယာဉ်မယ်လေးက လိုက်ပို့ပြီး ခါးပတ်ပတ်ထားရန် ပြောကြားသွားသည်။

လေယာဉ်ထွက်ပြီ။

အောင်လတ်က မြေပြင်ရှိ မြစ်ကြီးဧရာဝတီ၊ မန္တလေးတောင်၊ စစ်ကိုင်း၊ ပြင်ဦးလွင်တို့ကိုကြည့်၍ အမိနိုင်ငံတော်ကိုချစ်စိတ်၊ လွတ်လပ်ရေး၏ ရသတို့ကို နှစ်သိမ့်ကြည်နူးစွာ ခံစားရင်း တစ်ဖက်သို့ လှည့်လိုက်မိသည်။

"ဟယ်… စပ်စုမ"

အောင်လတ်နှုတ်မှ အာမေဍိတ်အသံ ထွက်သွားသည်။ စပ်စုမတန်စုမေက သူ့အားပြုံး၍ ကြည့်လိုက်ပြီး။

"ဒီထက်အံ့ဩစရာတွေ ရှိပါသေးတယ် အောင်၊ မြန်မာနိုင်ငံဘက်က သတင်းပို့ချက်ရတာနဲ့ ကျွန်မတို့ဘက်ကလဲ အသင့်ပါအောင်၊ ကျွန်မက လူရိုးကြီးအောင် ပစ္စည်းတွေ လုရှောင်ဖုန်းနောက် ပါသွားတာ အားမလိုအားမရနဲ့ အံကြိတ်ပြီး ကျန်ခဲ့တာ၊ ကျွန်မကိုလဲ အရေးထဲ အရာမေါ်ဆိုတဲ့အကြည့်နဲ့ စကားဖြတ်၊ အဲဒီမြင်ကွင်း ကျွန်မမမေ့ဘူး အောင်"

"ဗုဒ္ဓေါ…"

အောင်လတ် ဘုရားတမိသည်။ မတ၍မဖြစ်။

တကယ့်မစပ်စု။ သူ့အကြောင်းတွေပင် သိနေပြီ။

မစပ်စုက ခေါင်းကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီးမှ "အောင် အံ့သြနေသလား၊ အောင်လေ ကားပေါ်ပါတဲ့ ပစ္စည်းတွေစာရင်းနဲ့ သတင်းကို သက်ဆိုင်ရာဆီသတင်းပို့၊ ကျွန်မတို့ဘက်က နယ်စပ်ဖြက်ကျော် မူးခင်၊ ပေါင်းတပ်ဖွဲ့နဲ့ဆက်၊ နောက်ပြီး လုရောင်ဖုန်းယူသွားတဲ့ MCဘူးတွေသိမ်း၊ နှစ်ဖက်ဆက်စပ် တရားခံတွေကို အချိန်မီ ထိန်းသိမ်းပြီးပြီရှင့်၊ ကျွန်မက လုရောင်ဖုန်းရဲ့ အနီးကပ်တာဝန်ယူရတယ်လေ၊ သူ့ကို မသင်္ကာရုံရှိတယ်၊ လက်ပူးလက်ကြပ် တစ်ခါမှမမိဘူး၊ အခုတော့ အောင့်ရဲ့ သတင်းပေးမှုကြောင့် အပိုင်ဖမ်းမိရပြီလေ၊ အောင်မျှော်လင့်နေတဲ့ အဲဒီအချိန်က (SHADOW) ဟာတန်စုမေပါအောင်"

အောင်လတ် ခုတိယမ္ဗိ ဗုဒ္ဓေါ။

စပ်စုမက ဆက်၍...။

"လုရောင်ဖုန်းဆီ ပါသွားတာ ဘာပစ္စည်းတွေလဲဆိုတာ အောင် သိချင်လားဟင်"

အောင်လတ်ပုတ်သင်ညို။

မစပ်စုက...။

"သိပ်တန်ဖိုးရှိတဲ့ မိုးကုတ်ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲတွေ၊ ဒေါ်လာ သန်းချီတန်ဖိုးရှိတယ်၊ အောင်ရဲ့ ဆိုင်ရာကိုသတင်းပေး၊ တာဝန်သိတတ်မှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းတွေ မဆုံးရှုံးတော့ဘူးပေါ့ အောင်၊ ဒီအတွက် တန်စုမေ ဂုဏ်ယူပါတယ် အောင်"

အောင်လတ်က ကမ်းလင့်လာသော တန်စုမေ၏ လက်ဝါးနုနုလေးကို အသာဖျစ်၍ ပြန်လည် ဂုဏ်ပြုလိုက်သည်။

(လေး)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေယာဉ်ဆင်းတော့မည်။ လေယာဉ်ဝမ်းဗိုက်အောက်တွင် မျက်စိတစ်ဆုံး စိမ်းလန်းနေသော ရှုခင်းကိုကြည့်၍ တန်စုမေက...။



"အောင်တို့မြန်မာပြည်က သိပ်သာယာတာပဲနော် အောင်"

တန်စုမေက အောင်လတ်အား နှစ်လိုဖွယ်အပြုံးဖြင့်။

"တစ်လမ်းလုံး စပ်စုမကပဲ စကားပြောနေတယ်၊ ကိုတေမိကြီးက ဘာမှမမေး၊ မပြောဘူးနော်၊ မစပ်စု ဘာလာလုပ်ကယ်ဆိုတာ မမေးတော့ဘူးလား အောင်"

"အဲ...ဟိုဒင်း၊ အောင်ကမေးမလို့ပါ၊ မစပ်စုက စကားတွေချည်း ပြောနေလို့ပါ"

တကယ်ရှပ်ပျက်ဆင်းပျက်အောင်လတ်။

စပ်စုမက။

"နယ်စပ်ဖြတ်ကျော် ရတနာမှောင်ခိုဂိုဏ်းကြီးကို ဖော်ထုတ်မိတဲ့အတွက် သတင်းပေးသူ မြန်မာလူမျိုး အောင့်ကို စပ်စုမတို့ နိုင်ငံဘက်က ဒေါ်လာတစ်သိန်းနဲ့ ဂုဏ်ပြုလက်မှတ်ကို မြန်မာအာဏာပိုင်တွေဆီ လာပို့ရင်း ရန်ကုန်တက္ကသိုလ်မှာ မဟာဝိဇ္ဇာတွဲ(မြန်မာစာ) ယူမယ်လေ အောင်ရယ်"

ဒေါ်လာတစ်သိန်းကို မြန်မာငွေနှင့် ညှိလိုက်သည်။

အောင်လတ်ဝမ်းသာမဆုံး။

တစ်ခုပဲရှိသည်။

မစ္စတာဝမ်နှင့် လုရောင်ဖုန်းတို့ဆီမှ ငွေငါးသိန်းကို အများဝန်ခံ၍ ပြန်အပ်မည်။ သိမ့်ခနဲအတွေးနှင့်အတူ လေယာဉ်ကြီးက ပြေးလမ်းပေါ်တွင် ပြေးနေပြီး တဖြည်းဖြည်း ငြိမ်သွားသည်။

အောင်လတ်–အမိအဖနှင့် ချစ်သောနီလာ၊ ချစ်သောမြန်မာပြည် ပြန်ရောက်ပြီ။ တကယ့် သားရွှေအိုး ထမ်းလာသည့်ကိန်း။...

ဝမ်းသာမှုကို မျှဝေခံစား ပီတိဖြစ်နေသူက တန်စုမေ(သို့)မစပ်စု။

ကျော်မင်းညွန့် (လှည်းကူး)




# မြို့ဟောင်းကိုယ်တော်ကြီးနှင့် ကြိုဂိုဏ်းသားများ

တက္ကသိုလ်အောင်တင့်

'တနင်္ဂနွေနေ့ဖြစ်သည်'

ကျွန်ုပ်သည် ယခင်က ကျွန်ုပ်၏ မွေးနေ့ဖြစ်သော 'တနင်္ဂနွေနေ့' တိုင်း ရွှေတိဂုံဘုရားသို့ သွားနေကျ၊ သက်စေ့ပုတီးစိပ်နေကျ၊ ထိုအခါတွင် ဓမ္မမိတ်ဆွေကြီး ဦးဘကျော်နှင့် တွေ့ဆုံနေကျ။

ကျွန်ုပ်တို့နှစ်ယောက်သည် အဓိဋ္ဌာန်ပုတီးစိပ်ပြီးသော် တရားဆွေးနွေးကြ၏။ 'ဘဝဇာတ်နေညိုပိုင်း'သို့ ရောက်ရှိလာပြီဖြစ်သော ကျွန်ုပ်တို့နှစ်ဦးသည် လောကုတ္တရာဘက်နွယ်သော စကားများကိုသာ ဆွေးနွေးကြသည်။

တနင်္ဂနွေတစ်ရက် ဘုရားမှပြန်ကြမည်ရှိသောအခါ "ဆရာ နောက်အပတ်ကျရင် ကျွန်တော်မလာဘူး၊ ကျွန်တော်တို့ရွာမှာ ရဟန္တာဓာတ်တော်ပွဲရှိတယ်၊ အဲဒီပွဲတော်မှာ ကျွန်တော်က ဥက္ကဋ္ဌလေ၊ ဒီတော့ မဏ္ဍပ်မှာ အချိန်ပြည့်နေပေးနေရတယ်၊ ဖြစ်နိုင်ရင် ဆရာလဲ လာဖူးစေချင်တယ်" ဟု ဆိုလိုက်လေသည်။

"ဟုတ်လား...ဒါဆိုရင် ကျွန်တော်လာခဲ့မယ်၊ ဆရာ့အိမ်ကိုရှာရတာ လွယ်တယ်မဟုတ်လား"

"လွယ်ပါတယ် ဆရာ၊ ကျွန်တော်တို့ ဒီမှာနေခဲ့တာ ကြာလှပြီ"

ဦးဘကျော်ကပြောသဖြင့် ကျွန်ုပ်က ဘာမှထွေထွေထူးထူး ဆက်မမေးတော့ဘဲ လူချင်းခွဲလိုက်ကြသည်။

နောက်အပတ် တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် ဦးဘကျော်နေထိုင်ရာ (ကော့မှူး)ရွာသို့ ရောက်လာခဲ့သည်။

အိမ်ကို သိပ်မမေးရပါ။ ဦးဘကျော်တို့ မိသားစုက 'ရွာမျက်နှာဖုံး' များပေပဲ။

*

ဦးဘကျော်က ဘုန်းကြီးကျောင်းမှာ ထမင်းပြန်စားမည်ဟု ပြောခဲ့ပြီး မကွာပ်ရှိရာ ရွာအရှေ့ပိုင်းသို့ လာခဲ့ကြသည်။

နံနက်စာပြန်စားသောအခါ အိမ်တွင် အသက် ၂၀နှင့် ၂၅နှစ် ဝန်းကျင်ခန့်အရွယ်ရှိသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။

ဦးဘကျော်ကိုတွေ့သော် လူငယ်နှစ်ယောက်က ပြေးလာသည်။ သူတို့အနားရောက်သည်နှင့် ဦးဘကျော်က ကျွန်ုပ်ကို မိတ်ဆက်ပေး၏။

"ဆရာ ဒါ ကျွန်တော့်သားနဲ့သမီးပဲ၊ သမိုင်းအဓိကနဲ့ ဝိဇ္ဇာဘွဲ့ရပြီး မဟာဆက်တက်နေတယ်၊ ရန်ကုန်ဘက်ကမ်းက ကျွန်တော့်ညီအိမ်မှာ နေကြတယ်၊ တစ်ပတ်တစ်ခါ ပြန်လာကြတယ်"

လူငယ်နှစ်ယောက်က ကျွန်ုပ်အား ဦးညွှတ်၍ နှုတ်ဆက်လိုက်ကြသလို ကျွန်ုပ်ကလည်း ပြန်ပြုံးပြလိုက်သည်။ အတန်ကြာစကားမပြောဘဲ နေကြသဖြင့် တစ်ခဏမျှ တိတ်ဆိတ်ခြင်းက မင်းမူသွားသည်။

ထိုတိတ်ဆိတ်ခြင်းကို ကောင်မလေးက ဖြိုခွင်းလိုက်၏။

"မဟာဝိဇ္ဇာ ရေးဖြေစာမေးပွဲအောင်စာရင်း ပြီးခဲ့တဲ့ တနင်္လာနေ့ကထွက်တယ်၊ သမီးတို့မောင်နှမနှစ်ယောက်လုံး အောင်တယ်၊ အဲဒါ



ဒီနှစ်မကုန်ခင် ကျမ်းပြုစုတင်ပြရမယ်"

"ဟုတ်လား... ဝမ်းသာလိုက်တာကွယ်၊ ဒါနဲ့ ကျမ်းပြုရမယ့် အကြောင်းအရာကိုရော သိရပြီလား"

"သိရပါပြီ ဖေဖေ၊ သမီးက လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ တိုင်းရင်းသားခေါင်းဆောင်များ အကြောင်းရေးရပါမယ်၊ ကိုကိုက ကိုလိုနီခေတ် မြန်မာ့ခေါင်းဆောင်များကဏ္ဍကို ရေးရပါမယ်"

"ကောင်းပါမေ့ကွယ်၊ သမီးတို့ကျမ်းပြုရမယ့်ခေါင်းစဉ်တွေကို ကြားရတော့ ဒီ ကော့မှူးရွာကို အခြေခံထားပြီး ဘာသာ၊ သာသနာအတွက် နယ်ချဲ့မိစ္ဆာကုလား(ဇေင်ကာ) တော်လှန်ခဲ့တဲ့ မြန်မာ့ခေါင်းဆောင်ကြီးတစ်ယောက်ကို သွားသတိရသကွယ်၊ သူ့အကြောင်းကို သားတို့သမီးတို့ မှတ်တမ်းထိုးထားသင့်တယ်"

"ဒီ... ကော့မှူးရွာကဆိုတော့ ဘယ်သူလဲ ဖေဖေ"

"အဲဒီခေတ်ကတော့ သူပါ ဒီရွာသားပေါ့ကွာ၊ နာမည်က ဘယကျော်သူတဲ့"

ဦးဘကျော်က စကားဆက်မပြောသေးဘဲ အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။ မျက်လုံးများမှာ ရီဝေကာ မှုန်မှိုင်းနေ၏။

ထိုစဉ် တစ်ချိန်လုံး နားထောင်သမားလုပ်နေသော ဦးဘကျော်၏ သား မောင်ခင်ဇော်ထံမှ စကားသံပေါ်လာသည်။

"ဖေဖေသိသလောက် သားကို ပြောပြပါလား၊ မဟာဝိဇ္ဇာဘွဲ့ရပြီးရင် သား စာရေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ အဲဒီအခါကျရင် ဒီအကြောင်းဟာ သားရဲ့ ပထမဆုံးစာအုပ် ဖြစ်မှာပဲ"

"ကောင်းတယ်သား ဖေဖေပြောပြမယ်၊ ရေးလဲရေးသင့်ပါတယ်၊ ပြီးတော့လဲ သူက တခြားသူမဟုတ်ဘူး၊ သားရဲ့ အဘေးကြီးလေ"

*



(၁)

မြန်မာဘုရင် အနောက်ဘက်လွန်မင်းတရားး၏ အထူးယုံကြည်အားထားရသော အတွင်းဝန်မင်းနေမျိုးစက္ကူဘွဲ့ရ ဦးနန္ဒ၏အိမ်တော်– ထိုခေတ်က ဖွဲ့စည်းပုံအရ သူသည် အကောက်တော်များကို တာဝန်ယူ အုပ်ချုပ်ရသည့်သူဖြစ်သည်။

မနေ့ညက အကောက်တော်ဒေဝထံသို့ အောက်မြန်မာပြည် ကော့မှူးကျေးရွာမှ ရွာစားဘယကျော်သူ ရောက်လာသည်။ ရောက်ရောက်ချင်း ရွာစားဘယကျော်သူက ဤသို့ပြောလိုက်သည်။ သူတို့နှစ်ယောက်မှာ ယခင်ကပင် ရင်းနှီးပြီးသား။

"ကျုပ် အချိန်ရက်အား သိပ်မရဲဘူးဗျ အထောက်တော်မင်းရဲ့ သံလျင်မှာ မိစ္ဆာကုလား ဇေင်ကာဟာ ဘာသာ၊ သာသနာကို စော်ကားနေတဲ့အကြောင်း ဘုရင်မင်းမြတ်ကို သိစေချင်ပါတယ်၊ အဲဒါ သံတော်ဦးတင်ချင်တာပါပဲ၊ ပြီးရင် ကျုပ်ပြန်မယ်၊ ကော့မှူးမှာလဲ ကျုပ်မရှိလို့မဖြစ်ပြန်ဘူး၊ ရွာထိပ်က အကောက်ရဲ့အရက်ဆိုင်ကို ဇေင်ကာတပ်က ပေါ်တူဂီကောင်တွေ ရောက်လာတတ်တယ်၊ အဲဒီအခါ ကျုပ်ရဲ့ကဏ္ဍက အရေးကြီးလာပြီလေ၊ ပေါ်တူဂီစကားတတ်တာဆိုလို့ ကျုပ်ပဲရှိတာ မဟုတ်လား၊ သူတို့ကလဲ မြန်မာ့သဘောထားကို လေ့လာကြသလို ကျုပ်ကလဲ ဒင်းတို့ရဲ့ ခြေလှမ်းသိရအောင် စကားနှိုက်ရတာပဗျာ"

အကောက်တော် ဒေဝက စကားမပြောဘဲ အတန်ကြာ စဉ်းစားပြီးမှ

"ဘုရင်မင်းမြတ်ကို တိုက်ရိုက်သံတော်ဦးတင်ဖို့ဆိုတာတော့ မလွယ်ဘူးဗျာ၊ အစဉ်အလာမရှိပေဘူး၊ ဒီကိစ္စကို အတွင်းဝန်မင်းဆီဝင်ပြီး သံတော်ဦးတင်ရမယ်၊ သူက ညွှန်ကြားလိမ့်မယ်၊ အတွင်းဝန်ပြီး လွှတ်တော်ကမှတစ်ဆင့် ဘုရင်ဆီတင်ရတာကိုး၊ ဒါပေမဲ့ ဘုရင်မင်းမြတ်က အတွင်းဝန်မင်းကို သိပ်ယုံကြည်လေတော့ ရှေ့တော်ကို တိုက်ရိုက်ခစားခွင့် ပေးထားတယ်"

"ဒါဖြင့်လဲ ဝန်မင်းဆီ အခုပဲ ဝင်ရအောင်ဗျာ"

ဤသို့ဖြင့် သူတို့နှစ်ယောက် ဝန်မင်းရှေ့မှောက် ရောက်နေကြခြင်း



ဖြစ်သည်။

"ဇေင်ကာကို ဖွင်ကာကူဒါမှမဟုတ် ဒီဘရစ်တိုလို့လဲ ခေါ်တယ် မဟုတ်လား မောင်မင်း"ဟု အတွင်းဝန်မင်းက ကော့မှူးရွာစားကို စတင်မေးလိုက်သည်။

"မှန်ပါ့ဘုရား"

"အဲဒီ အသုံးအနှုန်းတွေ မသုံးပါနဲ့ရွာစားရယ်၊ ကျုပ်တို့က အမျိုး၊ ဘာသာ၊ သာသနာအတွက်ကြိုးပမ်းနေရတဲ့ ရဲဘော်ရဲဘက်တွေပဲ၊ ဒီတော့ လိုရင်းကိုသာ ပြောပါတော့"

"အမှားပါရင်လဲ ခွင့်လွှတ်ပါ၊ သံလျင်ကို ခြေကုပ်ယူပြီး ဒီကုလားက ဘာသာ၊ သာသနာကို စော်ကားနေပါပြီ၊ ဘုန်းကြီးတွေကို မထေမဲ့မြင်ပြုလုပ်ပါတယ်၊ ကြေးဆင်းတုတွေ၊ ခေါင်းလောင်းတွေကို ဖြုတ်ယူကာ အရေကျိုပြီး အမြောက်သွန်းပါတယ်၊ ဘုရားဌာပနာတွေ ဖောက်ယူပါတယ်၊ မြန်မာအမျိုးသမီးတွေ၊ မွန်အမျိုးသမီးတွေကို စော်ကားပါတယ်"

"ဒါဖြင့် အခြေအနေတွေ တော်တော်ဆိုးနေပြီပေါ့၊ ဒါပေမဲ့ စစ်ရေးအမြင်အရ ပြောရမယ်ဆိုရင် ဇေင်ကာရဲ့စစ်တပ်အင်အား၊ ရှေ့လုပ်ငန်းစဉ် နေ့စဉ်လှုပ်ရှားမှုစသည်တို့ကို သိဖို့အတွက် အလွန်အရေးကြီးတယ်၊ ခုန ရွာစားပြောတာတွေက အကာပဲ၊ ကျုပ်တို့က အနှစ်ကိုရအောင် နှိုက်ရပေမယ်ဗျ"

အတွင်းဝန်မင်း ခေတ္တရပ်လိုက်သည်။ တစ်စုံတစ်ရာကို စဉ်းစားနေဟန်တူ၏။ အတန်ကြာမှ ဆက်ပြောသည်။

"ဒီတော့...တပ်တွင်းကို သူလျှိုအဖြစ်ဝင်ပြီး သတင်းယူရမယ်ဗျာ၊ ကော့မှူးမှာ အမာခံတပ်တွေ ဖွဲ့ရမယ်ဗျ၊ ပြောင်ပြောင်တင်းတင်းလုပ်ရပ်လိုတော့ မဖြစ်ဘူး၊ ဒီတော့ အထောက်တော်ဒေဝက ပေါ်တူဂီစကားကျွမ်းတော့ ဒေသျှောင်တစ်လုံးအဆုံးခံပြီး သူ့တပ်ထဲဝင် အမှုထမ်းရမယ်၊ တပ်တွင်း အခြေအနေတွေကို ကော့မှူးက ဘယကျော်ရွာစားဆီ သတင်းပို့ရမယ်၊ သူက ခြံနှစ်ချုပ်တာဝန်ခံဆိုတော့ အမာခံလက်ရွေးစင်တပ်သားသုံးပြီး ကျုပ်ဆီကို ဆက်ပြီး သတင်းပို့ရမယ်၊ ရွှေနန်းရှင်နှင့် ကျုပ်က ဇေင်ကာနှိမ်နင်းရေး

(ဆီရယ်နသည် ပေါ်တူဂီဘုရင်ခံနေထိုင်သော ဂိုအာမြို့မှ ရောက်လာသော အင်ဂျင်နီယာစိုလ်ဖြစ်သည်။ ဇေင်ကာသည် သန်လျင်ကို အကောက်ရုံးအဖြစ် ပြန်လည်ပြုပြင်ရာတွင် ဆီရယ်နက ဆောင်ရွက်ပေးရသဖြင့် ဇေင်ကာက ဆီရယ်နမှ ဆီရယံ (SYRIAM)ယင်းကမှ သန်လျင်အမည်ပေးခဲ့သည်ဟု မှတ်တမ်း (ပေါ်တူဂီ) ရာဇဝင်တွင် ဖော်ပြထားသည်။ ။ စကားချပ်)

•

ကျောက်မှုံးရွာ ရွာစား ဘယကျော်သူ၏ အိမ်၊ အသက် ၁၅နှစ်မှ ၂၀၊ ၃၀ခန့် လူရွယ်များသည် တပွဲပွဲရောက်ရှိလာနေကြသည်။

"လာကြဟေ့ တိုက်မောင်းတို့၊ ကျော်ရှင်းတို့၊ သစ်တို့"ဟု ရွာစားမင်းက လှမ်းခေါ်လိုက်သည်။

လူဦးရေ ၃၀ ခန့်ရှိသောအခါ ရွာစားမင်းက ဤသို့ပြောလိုက်သည်။

"မင်းတို့ကို ခေါ်တာ အကြောင်းရှိလို့ကွ၊ ဒီမှာက လုံခြုံမှုမရှိဘူး၊ ဘုန်းကြီးကျောင်းဝင်းထဲ သွားကြမယ်"

သူက ဦးဆောင်ကာ ကျောင်းဝင်းထဲသို့ ဝင်သွားပြီး ဆရာတော်ကိုအကျိုးအကြောင်းပြောပြကာ ကျောင်းအောက်တွင် စည်းဝေးခွင့်တောင်းထားလိုက်သည်။

ခဏချင်းမှာခင်း၍ လူငယ်များက ထိုင်ကြသည်။ ရွာစားက စားပွဲတစ်လုံးပေါ်တွင် ထိုင်နေသည်။ အခြား ကုလားထိုင်တွင် လူမရှိ။ ဆရာတော်က ကျောင်းပေါ်မှ ဦးပဇင်းတစ်ပါး၊ ကိုရင်နှစ်ပါး တို့နှင့်အတူ ကြွလာပြီး လူလွတ်နေသော ကုလားထိုင်ကို ညွှန်ပြ၍

"တကာတော်ရွာစား ဒါက ဘယ်သူ့အတွက်လဲဗျ"

"ဖိတ်ထားတဲ့ ဧည့်သည်အတွက်ပါ၊ မကြာခင်ရောက်လာပါလိမ့်မယ်"

"ဘယ်က ဘယ်သူလဲဗျ"

"ဇေင်ကာတပ်ထဲက တပ်သားတစ်ယောက်ပါ"



ဆရာတော်မျက်နှာ တင်းခနဲဖြစ်သွားကာ

"ဘယ်လို ဇေင်ကာတပ်ထဲက စစ်သားကိုဖိတ်တယ် ဟုတ်လား" ဟု ခပ်ငေါက်ငေါက်မေးလိုက်၏။

"ခွင့်လွှတ်ပါဘုရား၊ မြန်မာဘုရင်ရဲ့ အထောက်တော်ပါ၊ စစ်သားအဖြစ် သူလျှိုဝင်လုပ်နေတာပါ"

"ဩော်... ဒီလိုလား"

ဆရာတော်က

"ဟဲ့ကိုရင်နှစ်ပါး...မင်းတို့က ရွာတွင်းက ကျောင်းဝင်ပေါက်ကိုစောင့်၊ ဦးပဇင်းက ကပ္ပိယ ဘိုးတော်နဲ့အတူ ရွာပြင်က ကျောင်းဝင်ပေါက်ကိုစောင့်၊ ဘယ်သူမှ မဝင်စေနဲ့"ဟု တာဝန်ချထားလိုက်သည်။

ဆရာတော်တာဝန်ချထားပြီး ကျောင်းဝင်ပေါက်နှစ်ပေါက်သို့ ကိုရင်နှင့် ဦးပဇင်းများ ထွက်ကြသည်။

များမကြာမီ ကိုရင်တစ်ပါးသည် ရွာစားဆီသို့ ပြန်ရောက်လာသည်။

"တကာကြီး မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်က ခွင့်တောင်းနေလို့ဗျို့"

"ဘယ်ကလဲ"

"မိန်းမကတော့ ရွာစားရဲ့ မိန်းမပဲ၊ဟိုလူကိုတော့ မသိဘူး၊ ဘိုဆံတောက်နဲ့ဗျ"

ထိုစဉ် မနီးမဝေးသို့ ရောက်လာသောဆရာတော်က

"ကိုရင်သုန္ဒရယ်၊ တကာမကြီးကို မသိလို့လား"

"ဆရာတော်ပဲ ဘယ်သူမှ မဝင်စေနဲ့ဆို ဘုရား"

"တကာမကြီးဆိုရင်တော့ လွှတ်လိုက်ပေါ့ကွာ"

ဆရာတော်က ခေါင်းရမ်းလိုက်ရာ အားလုံး ဝိုင်းရယ်ကြသည်။

ရွာစား ဘယကျော်သူသည် ထိုင်နေရာမှထပြီး ကိုရင်လေးကိုခေါ်၍ ကျောင်းဝင်ပေါက်ဆီသို့သွားကာ တားဆီးခံနေရသူနှစ်ယောက်အားခေါ်လိုက်သည်။ ဧည့်သည်ကိုလူစိမ်းက ရွာသားများဘက်လှည့်၍

"ခွင့်လွှတ်ကြပါ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်၊ တပ်က



ထွက်ခါနီးကျမှ ဗိုလ်မှူးဆီရယ်နက လေရှည်နေလို့၊ တနင်္ဂနွေနေ့ဆိုရင် ကျုပ်က သူ့ဆီသွားရတယ်လေ" ဟု ပြောလိုက်ရာ

ရွာစား ဘယကျော်သူက ရွာသားများဘက်လှည့်၍

"ဒီပုဂ္ဂိုလ်က နေပြည်တော်ကရောက်နေတဲ့ အထောက်တော်ဒေဝပါ၊ အခု ဇေင်ကာတပ်ထဲမှာဝင်ပြီး အမှုထမ်းနေတယ်၊ သူလျှိုသဘောပေါ့၊ ဒီနေ့ ဒီမှာအမာခံအဖွဲ့ဖွဲ့မယ်ဆိုတဲ့အတွက် လာခဲ့တာပါ၊ အဖွဲ့အကြောင်း သူက ပြောပြပါလိမ့်မယ်"ဟု ပြောလိုက်၏။

မြန်မာမင်း၏ နေပြည်တော်မှ အထောက်တော်တစ်ယောက်ကို တွေ့ရသဖြင့် ရွာသားများမှာ အားတက်လာကြလေသတည်း။

•

ခင်မောင်လတ်က မတ်တတ်ရပ်ကာ အောက်ပါအတိုင်း လိုရင်းကို ပြောလိုက်သည်။

"ကျုပ်တို့ရဲ့ အဓိကတာဝန်က နှစ်ချက်ရှိတယ်၊ တစ်အချက်က ဇေင်ကာကို ချေမှုန်းပြီး သန်လျင်ကို ပြန်သိမ်းဖို့၊ နှစ်အချက်က ဇေင်ကာဆီရောက်နေတဲ့ နတ်လျှင်နောင်ကိုယ်တော်လေးကို ပြန်ကယ်ဖို့၊ မကြာခင်မင်းတရားကြီးလာပြီး မြို့သိမ်းပွဲဆင်နွှဲမယ်၊ အဲဒီမှာကျုပ်တို့ သွေးသောက်တို့ ပါဝင်ဆင်နွှဲရမယ်"

"အခု ကျုပ်တို့ အမာခံအဖွဲ့ဖွဲ့မယ်"

"အဖွဲ့အမည်က ရတနာသုံးပါး၊ တစ်နည်းအားဖြင့် ပါဝင်တဲ့ရဖိုင်၊ ကရင်၊ မွန် စသူတွေကို ကိုယ်စားပြုပြီး တြိဂံဏ်းလို့ခေါ်မယ်၊ အဲဒီစာကို လက်ကောက်ဝတ်မှာ ထိုးထားမယ်၊ အဲဒီတံဆိပ်ပြပြီး အချင်းချင်း ဆက်သွယ်မယ် ဒါပဲ"

ထိုသို့ပြောပြီး အဖွဲ့ဝင်များကို ဆေးထိုးပေးသည်။ ပြောက်ကျားစနစ်ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် ဝါသနာကို ကာကွယ်ပါဟုပြောပြီး လူချင်းခွဲလိုက်ကြတော့သည်။

•



ကျောက်မှုံးရွာထိပ်ရှိ အကောက်၏ အရက်ဆိုင်။

ဆိုင်ထဲသို့ ပေါ်တူဂီတပ်သားသုံးယောက်ဝင်လာသည်။ အချင်းချင်း ပေါ်တူဂီစကားဖြင့်ပြောကြပြီး တစ်ယောက်က

"ဘာအမြည်းရသလဲဟေ့၊ ဟို့ အချိန်သိပ်မရဘူး၊ ခေါက်ဆွဲကျော်ပေးကွာ" ဟု ပြောလိုက်သည်။

သူတို့ကို တစ်ဖက်စားပွဲမှ လူငယ်သုံးယောက်က မကျေမနပ်ကြည့်နေကြသည်။ ဗမာစကားတတ်သော ပေါ်တူဂီတပ်သားက ရုတ်တရက် ထလာပြီး

"မီးတစ်တို့လောက်ပေးပါ၊ မီးတစ်တို့ကို ရွှေဂါး ဘယ်လောက်ပေးရလဲ ကိုယ့်လူတို့"ဟု ပြောလိုက်ရာ လူငယ်များက ဗိုဇ္ဈ ရှုးရှုးရှဲရှဲဖြစ်သွားသည်။ ၎င်းတို့က သုံးယောက်ချင်းမို့ သတ်ပုတ်ရန် ထလိုက်သောအခါ ထိုစစ်သားက တြိဟု ဆိုလိုက်သည်။

ထိုစစ်သားက ဆေးလိပ်မီးညှိရင်း သူ၏လက်မောင်းကို ပင့်တင်လိုက်ကာ တြိဟူသောစာတန်းကို ပြလိုက်ပြန်သည်။

ပြီးနောက် ထိုသူက နားနားကပ်၍

"ထွက်ရင် လမ်းမှာ ဟိုနှစ်ယောက်ကို အပြတ်ရှင်း၊ ရွှေဂါးတွေ ဘယကျော်သူဆီပို့"ဟု လေသံဖြင့် ပြောလိုက်သည်။

•

ပေါ်တူဂီစစ်သားများ အရက်သောက်ကြသည်။ ခေါက်ဆွဲစားကြသည်။ ဆေးလိပ်မီးညှိသော ပေါ်တူဂီစစ်သားက နောက်ဖေးဘက်သို့ ဝင်သွားရင်း–

"အရက်ပိုပို့ပေး၊ မူးအောင်လုပ်"ဟု လေသံဖြင့်ပြောကာ အိမ်သာထဲဝင်ထိုင်နေသည်။ အတန်ကြာမှ သူပြန်ရောက်လာသောအခါ ပေါ်တူဂီနှစ်ယောက်အတူ အတော်မူးနေပြီ။ အားလုံးစားသောက်ပြီးသောအခါ

ကော့မှူးရွာ ရေဆိပ်သို့လာခဲ့ကြသည်။

လမ်းတစ်ဝက်ခန့်တွင် မှောင်ရိပ်တစ်ခုသို့အရောက် ပေါ်တူဂီနှစ်ယောက်ကို လူတစ်စု ဝိုင်းရိုက်ကာ ပါလာသော ရွှေဒင်္ဂါးများကို ယူပြေးလေသည်။

ခင်မောင်လတ်သည် ဇေင်ကာသို့ အကျိုးအကြောင်းပြောကာ ရှင်းပြနေ၏။

ဇေင်ကာက ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"ဟိုတစ်လောက ကျုပ် ခင်မောင်လတ်ကိုခေါ်ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကိုသွားတယ်၊ ကြေဆင်းတု ငါးဆူတွေ့တယ်၊ ခင်မောင်လတ်က ကျုပ်ကို နောက်မှယူဖို့ပြောတာနဲ့ နောက်နေ့မှာ ကျော်သာဝေဆိုတဲ့ ရခိုင်ကို ယူခိုင်းတော့ မရှိတော့ဘူးလို့ သိရတယ်၊ ကျုပ်က ရှိစေတော့ ဆိုပြီး နှုတ်ဆိတ်နေလိုက်တယ်၊ ဒါပေမဲ့ တယ်တော့ဘဝင်မကျဘူး၊ ကျုပ်တို့ထဲမှာသူလျှိုရှိနေပြီ၊ ခုကိစ္စမှာတော့ တော်တော်ရှင်းတယ်၊ ပေါ်တူဂီစစ်သားသုံးယောက်သွားတယ်၊ နှစ်ယောက်က ပေါ်တူဂီစစ်သားအစစ်တွေ၊ တစ်ယောက်က ဗမာ၊ အဲဒါ ပေါ်တူဂီအစစ်နှစ်ယောက်ပဲ အသတ်ခံရသတဲ့၊ ခင်မောင်လတ်ကိုချုပ်လိုက်၊ ခုင်းကို မသက်ဘူး"

"တစ်ခါတည်း သတ်လိုက်ပါလား"ဟု ပေါ်တူဂီတစ်ယောက်က ပြောလိုက်ရာ "မဖြစ်သေးဘူး၊ ဒီကောင်က ပညာတော်တယ်၊ နောက်မှစိတ်ကြိုက်စစ်ဆေးရမယ်၊ အဲဒီကျမှ သတ်သင့်ရင်လဲ သတ်ရတာပေါ့ကွာ"ဟု ဇေင်ကာက ပြောလိုက်လေ၏။

•

ဘာသိုလိုဒိုင်းယပ်သည် မိမိတပ်ထဲရှိ ကုလားများမှအပ ကျန်မွန်၊ ရခိုင်၊ ကရင်များကို ဖမ်းဆီးရန် ကြံ့ပမ်းသောအခါ တစ်ယောက်မှ မရှိကြတော့ပေ။



သူတို့ ဘယ်ရောက်ကုန်ပြီနည်း။

ထိုအတွင်း ကင်းစောင့်တာဝန်ကျနေသော ပေါ်တူဂီတစ်ယောက်က အော်လိုက်သည်။ မြန်မာဘာသာဖြင့် ဆို၏။

"အသင့်ပြင် မြန်မာတပ်တွေ တက်လာနေပြီ"ဟု ဖြစ်သည်။

•

အင်းဝမှ အနောက်ဘက်လွန်မင်းတရားကြီး၏ တပ်တွင်းသို့ ကော့မှူးရွာစား ဘယကျော်သူ၏ ကြိုကြားသားများ ပါဝင်လာသော ပြောက်ကျားစစ်သည်များ ဝင်ရောက်လာသည်။ ဘုရင်မင်းမြတ်၏ အပါးတွင် ခစားနေသူက အတွင်းဝန်မင်း နေမျိုးစကျ။

နောက်နေ့တွင် မြို့သိမ်းပွဲ စသည်။ သုံးရက်ခန့် တိုက်မှ မြို့ပေါက်သည်။ အတွင်းဝန်မင်းသည် လွတ်လာသော အထောက်တော်ဒေဝအား ကြည့်၍ ပြုံးလိုက်သည်။

"ဟဲ့ ဒေဝ မျက်နှာလဲ မကောင်းပါလားကွဲ့"

"ဘယ်ကောင်းနိုင်ပါ့မလဲဘုရား၊ တိုက်ပွဲမှာမှ မပါဝင်လိုက်ရဘဲ၊ အချုပ်ခန်းထဲမှာ အချောင်ခိုသလိုဖြစ်နေရတာကိုး"

"ဒီလိုမဟုတ်ပါဘူးကွယ်၊ မင်းစွန့်စားပြီး ပေးခဲ့တဲ့ သတင်းတွေအရ အခုလို အနိုင်တိုက်နိုင်တာမို့ တော်ကြီးဘုရားက မင်းကို နေမျိုးသူရိန်ဒေဝ ဘွဲ့ပေးလိုက်ပါပြီကော"

"ဥာနချုပ်တာဝန်ကို ကျေပွန်စေခဲ့တဲ့ ရွာစား ဘယကျော်သူကိုလဲ သမိန်စကျွဲဝေါကျွန်းတစ်ပိုက်ကို အပိုင်စားစေပြီး မြို့စားခန့်လိုက်ပါပြီဗျာ"

•

"ကဲ... အဲဒါကတော့ မင်းတို့အဘေးကြီးရဲ့အကြောင်းပါပဲဗျာ"

"သားတို့သမီးတို့ မှတ်တမ်းတင်ထားကြနော်"



နောက်တစ်နှစ်ခန့်ကြာသော် ကျွန်ုပ်အလုပ်လုပ်နေရာ မဂ္ဂဇင်းတိုက်သို့ မောင်ခင်ဇော် ရောက်လာ၏။

"ဘဘ ကျွန်တော့်ကို မှတ်မိပါတယ်နော်၊ ကော့မှူးရွာက ဦးဘကျော်ရဲ့ သားလေ"

"မှတ်မိပါပြီကွာ၊ ဒါနဲ့ မဟာဝိဇ္ဇာဘွဲ့ရော ရပြီးပြီလား"

"ရပြီးပါပြီ၊ ဒီဖိုင်က ပထမဆုံး ကျွန်တော်ရေးထားတဲ့ စာမူပါ၊ အရေးအသားစစ်ပေးပါ၊ စာအုပ်ရိုက်ရင်လဲ အမှာစာရေးပေးပါ"ဆိုကာ ဖိုင်ကို ထားခဲ့သည်။

ဖိုင်ပေါ်မှ စာတန်းကို ဖတ်ကြည့်လိုက်တော့ တွေ့ရသည်က

"မြို့ဟောင်းကိုယ်တော်ကြီးနှင့် ကြိုကြားသားများ" ဟူ၍ပင်။

မှီး။ ။ (၁) မှန်နန်းရာဇဝင်

(၂) ပုတကေ (ပေါ်တူဂီ)ရာဇဝင်

(အင်္ဂလိပ် ဘာသာပြန်)

တက္ကသိုလ် အောင်တင်



# သဲထိတ်ဖိုည
## တိုးထက်

(၁)

စာပို့ရထားသည် ကျွန်ုပ်ဆင်းသက်ရမည့် ဘူတာငယ်လေးသို့ ဆိုက်ရောက်ချိန်မှာ လွန်စွာနောက်ကျလျက် ရှိနေပေသည်။ ရထားမှာ တစ်နေကုန် ဟိုနားပျက်လိုက်၊ သည်နားပျက်လိုက်နှင့် ရှိနေခဲ့သည်ကြောင့် အချိန်များစွာ ကုန်ဆုံးသွားခဲ့ရ၏။ ထို့ကြောင့်ပင် ပုံမှန်ဆိုက်ရောက်မည့် အချိန်ထက် လွန်ကဲစွာ နောက်ကျခဲ့ခြင်းပင်။ ထိုဘူတာရုံလေး တည်ရှိသည့်မြို့ကလေးမှာလည်း မှောင်နှင့်မည်းမည်းဖြင့် ရှိနေလေ၏။ ည၏ အမှောင်ထုက မြို့ကလေးကို လွှမ်းခြုံထားသည်သို့ ရှိသည်။

ကျွန်ုပ်က စိတ်ပျက်လက်ပျက် ပုံစံမျိုးဖြင့် ရထားတွဲပေါ်မှ ဆင်းသက်လိုက်သည်။ သည်အတိုင်းဆိုလျှင် သည်နေ့ည ကျွန်ုပ်၏ရွာကို ပြန်နိုင်ဦးမည်လားမသိ။

ကျွန်ုပ်၏စိတ်ထဲမှာတော့ ကျွန်ုပ်ပြန်အလာကို မျှော်လင့်နေကြမည့် ကျွန်ုပ်မိသားစုကို ဖျတ်ခနဲ သတိရမိလိုက်သည်။ သည်တစ်ခေါက် ကျွန်ုပ် အရောင်းအဝယ် ထွက်ခဲ့သည်မှာ ရက်အတော်ပင် ကြာညောင်းခဲ့၏။

ကျွန်ုပ်တွင်ပါရှိသည့် ပစ္စည်းများအားလုံး ရောင်းချပြီးခဲ့သော်လည်း ငွေဆောင့်ရသည်ကြောင့် ရက်တွေ ကြာသွားခဲ့ရခြင်းပင်။ သို့ပေမယ့်



မြူးမြူးမြက်မြက်လေး အမြတ်အစွန်း ရခဲ့သည်ကြောင့် ကျွန်ုပ်ဖြေသိမ့်မိပါ၏။ အပြန်ခရီးအတွက် ကျွန်ုပ် မျက်နှာပန်းလှခဲ့ရသည်။ ကျွန်ုပ်က ဇနီးအတွက်ရော၊ သားသမီးတွေအတွက်ပါ လက်ဆောင်ပစ္စည်းတွေ တနင့်တပိုး သယ်ဆောင်လာနိုင်ပေသည်။ ကျွန်ုပ်ကို မြင်တွေ့ရရုံနှင့် ပျော်ရွှင်ဝမ်းသာသွားကြမည့် ကျွန်ုပ်မိသားစုဝင်တို့၏ ပုံရိပ်များကို စိတ်အတွေးဝယ် လှမ်းမြင်လိုက်မိ၏။

သို့ရာတွင် ...

ယခုလို ရထားနောက်ကျနေပုံမျိုးနှင့် သည်နေ့ည ကျွန်ုပ်ရွာသို့ ပြန်ရောက်နိုင်ပါမည်လား။

ကျွန်ုပ်တို့ရွာကလေးကို သိမ်ကုန်းဟု ခေါ်ပါသည်။ ထိုသိမ်ကုန်းရွာသည် မြို့ကလေးနှင့် ခရီးနှစ်တိုင် (လေးမိုင်)ခန့် ဝေးကွာလေသည်။ ကျွန်ုပ်တို့ ရွာမရောက်ခင် ကျီကုန်း၊ ဇွေးလှ၊ မြရာပင် စသည့်ရွာများကို ဖြတ်ကျော်ရပေမည်။ မြရာပင်ပြီးလျှင် ရွာဆက်ပြတ်သွား၏။

ကျွန်ုပ်တို့၏ သိမ်ကုန်းကို ရောက်ရှိဖို့ တစ်မိုင်သာသာခန့် လျှောက်ရပေဦးမည်။ အဆိုးဆုံးသော အခက်အခဲက ခရီးလမ်းပမ်းပင် ဖြစ်၏။ မြရာပင်ကျော်သည်နှင့် ကုန်းကမူများ၊ တောတန်းများကို ဖြတ်သန်းပြီးလျှင် ကျွန်ုပ်တို့ သိမ်ကုန်းသို့ ရောက်ရှိမည်ဖြစ်၏။

အချိန်သုံးနာရီကျော်ကျော်မျှ ပြင်းပြင်းလျှောက်မှ ကျွန်ုပ်ရွာသို့ ရောက်မည်ဖြစ်၏။ ကျွန်ုပ်သည် ဘူတာရှေ့ရှိ ခုံတန်းရှည်လေးပေါ် ခဏဝင်ထိုင်ရင်း ဆုံးဖြတ်ရ ခက်နေမိ၏။

ရွာသို့ အရောက်ပြန်ရမည်လား။

သို့မဟုတ် မြို့ကလေးတွင်ရှိသည့် မိတ်ဆွေတစ်ဦးဦး၏ အိမ်တွင် တည်းခိုရမည်လား။

အချိန်အတန်ကြာ စဉ်းစား၍အပြီးတွင် ကျွန်ုပ်သည် သားသမီးဇောကိုအခြေတည်ကာ သည်နေ့ည ရွာသို့အရောက်ပြန်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

"ယောက်ျားလေးပဲလေ.. ကိုယ့်မြေ၊ ကိုယ့်ရေပဲဟာ ဘာကြောက်



စရာလဲ၊ ပြန်မယ်"

ကိုယ့်စိတ်ကိုယ် ပြန်အားပေးရင်း ကျွန်ုပ် အနည်းငယ် အားတက်သလိုလို ဖြစ်လာ၏။ ထိုင်ခုံမှ မတ်တတ်ထ,ရပ်လိုက်ပြီး လက်မှနာရီကို ကြည့်လိုက်ရာ ညခုနစ်နာရီ ကျော်နေပြီဆိုတာ သိလိုက်ရ၏။

စင်စစ် ကျွန်ုပ်မှာ ယခုကဲ့သို့ပင် အကြိမ်ကြိမ်အခါခါ ခရီးသွားလာခဲ့သူ ဖြစ်သည်။ ကျွန်ုပ်၏ အလုပ်က အရောင်းအဝယ်လုပ်ငန်းဆိုတော့ သည်လိုပဲ ရွာစဉ်လှည့်ရတတ်သည်။ မြို့အနှံ့၊ နယ်အနှံ့ သွားရတတ်သည်။

ကျွန်ုပ်တို့ တစ်ရွာလုံးတွင် ထိုကဲ့သို့ လုပ်ကိုင်စားသောက်သူမှာ ကျွန်ုပ်တစ်ဦးတည်းသာ ရှိလေသည်။ မည်သို့ဆိုစေ ကျွန်ုပ်မှာ ခြေထောက်တွင် ဗွေပါသူဖြစ်ရကား ထို "သွားပါများ ခရီးရောက်"သည့် အမှုကိုသာ စိတ်အားထက်သန်စွာဖြင့် ကျွန်ုပ်ဆက်လက် လုပ်ကိုင်လာခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်၏ အရောင်းအဝယ်လုပ်ကိုင်သည့် သက်တမ်းတစ်လျှောက်လုံးတွင် တစ်ခါဖူးမျှ ရွာသို့ ညကြီးအချိန်မတော် မပြန်ဖူးခဲ့သေး။ ယခုတော့ အနေအထားအရ မပြန်လို့ကလည်း မဖြစ်တော့။

ကျွန်ုပ်က ဘူတာရှေ့တွင် ဖွင့်လှစ်ထားသည့် ထမင်းဆိုင်လေးတစ်ဆိုင်သို့ လျှောက်လာခဲ့ကာ ထမင်းကို ကြက်သားဟင်းဖြင့် မှာယူစားသောက်လိုက်၏။

ကျွန်ုပ်သည် မြို့ကလေး၏ တစ်ဖက်အစွန်ရောက်သည်အထိ ဆိုက်ကားစီးလာခဲ့၏။ ဆိုက်ကားဆရာက အထုပ်အပိုးတွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် လိုက်ပါလာသည့် ကျွန်ုပ်အား ဓောင်းငဲ့၍ကြည့်ကာ–

"နေပါဦး... မောင်ရင်လေးက ညကြီးအချိန်မတော် ဘယ်ကလာလို့ ဘယ်ကိုသွားမလို့လဲကွ"

ဆိုက်ကားဆရာမှာ ကျွန်ုပ်ထက် ဆယ်နှစ်ကျော်ကျော်လောက် အသက်ကြီးပုံရ၏။ သူသည် ကျွန်ုပ်အတွက် စိတ်ပူပန်နေပုံရလေသည်။

"ကျွန်တော်က အရောင်းအဝယ်သမားပါ နောင်ကြီး၊ အခု နယ်



တကာလှည့်ပြီး ပြန်လာခဲ့တာ"

"ဪ.."

"အခု ကျွန်တော်ပြန်ရမှာက သိမ်ကုန်း"

"ဟာ.. အဝေးကြီးပါလား"

"ရပါတယ် နောင်ကြီးရယ်၊ ဒီမြေဟာ ကိုယ့်ရေမြေ၊ ကိုယ့်နယ်ပယ်ပဲဟာ"

စကားတပြောပြောဖြင့် လာခဲ့ကြရင်း ကျွန်ုပ်ဆင်းသက်ရမည့်နေရာသို့ ရောက်ရှိလာ၏။ မြို့ကလေး၏ အစွန်ဆုံးနေရာပင် ဖြစ်သည်။

လရောင်ရေးရေး၏ အောက်ဝယ် လယ်ကွင်းပြင်များ အဆုံးဆီတွင် မှုန်မှုန်မှိုင်းမှိုင်းဖြင့် ကျီကုန်းရွာကို လှမ်းမြင်ရသည်။

"ကဲ.. မောင်ရင်ရေ ဆင်းပေတော့၊ ဒီထက်ပို့ပြီးလဲ မရတော့ဘူး"

ကျွန်ုပ်သည် ဆိုက်ကားပေါ်မှ ဆင်းလိုက်ကာ ဆိုက်ကားခငွေကို ထုတ်ပေးလိုက်လေသည်။

"ကဲ.. သွားပေဦးတော့ မောင်ရင်လေးရေ"

(၂)

လင်းတလှည့် မှိန်တစ်ခါဖြင့် ရှိ၏။

လသည် တိမ်တိုက်တွေထဲ နိုဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်ဖြင့် ရှိ၏။ လယ်ကွင်းပြင်များကို ဖြတ်သန်းကာ တိုက်ခတ်လာသည့်လေက အေးအေးမြမြရှိသည်။

သို့ရာတွင် ကျွန်ုပ်၏ နဖူးပြင်ထက်ဝယ် ချွေးကလေးတို့ စို့နေကြ၏။ ကျွန်ုပ်သည် လယ်ကန်သင်းများပေါ်မှာ ခပ်သွက်သွက် လျှောက်လှမ်းနေမိ၏။

ဖားတို့၏ အော်သံများ၊ ပုရစ်အော်မြည်သံများကို ကြားရ၏။ သည်လမ်းခရီးက ကျွန်ုပ်အတွက် စိမ်းလှသည်မဟုတ်သည်ကြောင့် လမ်းပန်းတွေကို စိတ်မှာ မှတ်မိနေ၏။

လဆန်းရှစ်ရက်ည၏ လမင်းက ကျွန်ုပ် လမ်းလျှောက်နိုင်ဖို့အတွက်

လုံလောက်သည့် အလင်းခါတ်ကို ပေးနေလေသည့်အလား ရှိသည်။

သို့နှင့်ပင်..

ကျွန်ုပ်သည် ကိုကုန်းရွာကလေးနံဘေးမှနေ၍ ကွေ့ဝိုက်ကာ ကျော်ဖြတ်လာနိုင်ခဲ့သည်။ ရှေ့ ခပ်မှုံမှုံနေရာတွင် လှမ်းမြင်တွေ့ရသည်က ဖွေးလှုဆိုသော ရွာကြီး။

ထိုရွာက အိမ်ခြေနှစ်ရာကျော် သုံးရာခန့် ရှိလေ၏။ ထိုရွာထဲတွင် ကျွန်ုပ်၏ ဆွေမျိုးသားချင်းများ ရှိကြ၏။ ကျွန်ုပ်က ဝင်ရောက်၍ ခေတ္တအမောဖြေဖို့ စိတ်ကူးမိလိုက်သော်လည်း တကယ်တမ်းတွင်မူ ဝင်ရောက်ခြင်းမပြုပါလေတော့။

အချိန်နှောင့်နှေး ကြန့်ကြာသွားမှာကို စိုးသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ခရီး၏ သုံးပုံတစ်ပုံ ကျိုးလာခဲ့ပြီဖြစ်သည်။ ကျွန်ုပ်လက်မှ နာရီသည် ည ဆယ်နာရီရှိပြီကို ညွှန်ပြနေ၏။

သည်အတိုင်းဆိုပါလျှင် ကျွန်ုပ်၏ ရွာသို့ (အိမ်သို့) ည ဆယ့်နှစ်နာရီဝန်းကျင်လောက်တွင် ရောက်ရှိမည် ဖြစ်၏။

ကျွန်ုပ် ပြန်ရောက်လာသည်ကို ကျွန်ုပ်၏ဇနီးဖြစ်သူ စန်းစန်းအေးသာ သိရှိသွားပါလျှင် ဘယ်လောက်များ ပျော်ရွှင်သွားရှာမည်လည်း မသိတော့။

"ဝမ်းသာလိုက်တာ ကိုရယ်၊ အေးလေ ကို့ကို တစ်နေ့မှမေ့မရဘူး သိလား၊ အမြဲမျှော်နေမိခဲ့တာ"

မျက်လုံးလေးဝင့်၊ မျက်ခုံးလေး ချီကာဖြင့် ပြောလာမည့် သူမ၏ မျက်နှာလှလှလေးကိုလည်း ကျွန်ုပ်၏ စိတ်အတွေးမှ ဖျတ်ခနဲမြင်ယောင်လာမိ၏။

"ကို ... ပြန်လာပြီလေ အေးရဲ့၊ မင်းနဲ့ သားသမီးတွေအတွက် လက်ဆောင်ပစ္စည်းတွေ အများကြီး ဝယ်လာခဲ့တယ် သိလား"

ကျွန်ုပ်ကလည်း စိတ်ထဲမှာ စကားတွေ တစ်သီကြီးပြောမိလိုက်လေသည်။ စိတ်ချင်းက သူ့အလိုလို ဆက်သွယ်မှုရှိတတ်ကြသည်ကြောင့် ကျွန်ုပ်အားလည်း စန်းစန်းအေး သတိရနေမည်သာ ဖြစ်၏။



ကျွန်ုပ်သည် ဟိုတွေးသည်တွေးရင်းဖြင့် လျှောက်လာခဲ့ရာ မြရာပင်ရွာလေးကိုပင် လရောင်ဖွေးဖွေးအောက်တွင် မြင်တွေ့နေရပြီ ဖြစ်တော့သည်။

မြရာပင်ကျော်သည်နှင့် ကျွန်ုပ်တို့ရွာ။

ကျွန်ုပ် အတော်ပင် အားတက်သွားကာ ခြေလှမ်းတွေက ပိုသွက်လာသည်ဟု ထင်မှတ်ရသည်။

မြရာပင်ရွာကလေးသည် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အိပ်မောကျနေပြီဖြစ်၏။ ထိုရွာကလေးသည် ကျွန်ုပ်အား မသိလိုက်မသိဘာသာ နေပုံရလေသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ရွာကလေးကို နှုတ်မဆက်တော့ဘဲ နံဘေးမှ ကွေ့ပတ်၍သာ လျှောက်လာလိုက်တော့သည်။ မြရာပင်ရွာကျော်လွန်လာသည်နှင့် သဘာဝအနေအထား စတင်ပြောင်းလဲလာသည်။

ခင်တန်း လျှိုမြောင်များ၊ တောတန်းများ၊ ကုန်းကမူများကို မြင်တွေ့ရခြင်းပင်။

မြေပြင်သည် ကျောက်စရစ်ဆန်ဆန်ဖြစ်လာကာ ကုန်းအတက်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့ရ၏။ သည်နေရာကို ရောက်ခါမှ ရာသီဥတုကလည်း ရုတ်ခြည်းပင် ပြောင်းလဲသွား၏။

မိုးသားတိမ်လိပ်တွေ အဆုပ်လိုက်၊ အခဲလိုက် တက်လာကြခြင်းပင်။ ငွေလမင်းလည်း ရှုန်းမြမြမသာနိုင်ပါလေတော့။ ကုန်းကမူများကို တစ်ခုပြီးတစ်ခု မှန်းဆကာ ဖြတ်ကျော်လာခဲ့ရာမှ တောအုပ်လေးအစပ်သို့ ကျွန်ုပ်ရောက်ရှိလာသည်။

ထိုတောတန်းလေးမှာ အတော်အသင့် ကျယ်ဝန်းသည့် အနေအထားရှိပြီး သစ်ပင်ကြီးငယ်များလည်း ထူထူထပ်ထပ်၊ သိပ်သပ်သည်းသည်း ပေါက်ရောက်လျက်ရှိကြ၏။

ထိုတောတန်းလေး၏ တစ်ဖက်တွင် သိမ်ကုန်းဆိုသော ကျွန်ုပ်တို့၏ရွာ။ မိနစ်နှစ်ဆယ် အစိတ်လောက် တောတန်းကို ဖြတ်ကျော်ပြီးတာနှင့် ကျွန်ုပ်၏ လိုရာခရီးက ပြီးမြောက်ခဲ့ပြီ ဖြစ်တော့မည်။

မိုးဖွဲဖွဲလေးများ စတင်ရွာသွန်းလာသည်။



ညကလည်း မှောင်သည်ထက်ပင် ပို၍ မှောင်လာသည်လားမသိ။

မည်သို့ဖြစ်စေ..

ကျွန်ုပ်သည် ထိုတောတန်းလေးကို မလွဲမသွေ ဖြတ်သန်းရမည် မဟုတ်ပါလား။

ဆင်ကောင်ကြီး အမြီးကျမှတစ်နေလို့ မဖြစ်တော့။ ခွဲအားမာန်အပြည့်ဖြင့် ယောကျ်ားဆိုသော စိတ်ခါတ်ကို မွေးမြူကာ ထိုတောတန်းအား ဖြတ်သန်းဖို့ ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်သည်။

ကျွန်ုပ်တွင်ပါလာသည့် ပစ္စည်းပစ္စယအားလုံးအား အိတ်တစ်လုံးဖြင့် စုစည်းကာ ထည့်လိုက်ပြီး ပခုံးပေါ်မှာ ထမ်းပိုးတင်လိုက်သည်။

ထို့နောက် ဖြတ်သန်းစီးဆင်းလျက်ရှိသည့် စမ်းချောင်းငယ်လေး တစ်ခုကို တွေ့ရှိရခြင်းကြောင့် ကျွန်ုပ်ရေထဲဆင်းလျှောက်ရသေးသည်။

တောင်ကျစမ်းရေမှာ အေးမြလှပါ၏။

ထိုစမ်းချောင်း ဖြတ်ကျော်အပြီးမှာ တောတန်း၏ အဝင်ဝသို့ ကျွန်ုပ် ရောက်ရှိလာသည်။

လက်မှနာရီကို ကျွန်ုပ်ကြည့်လိုက်ရာ ည ဆယ့်နှစ်နာရီ ထိုးပေတော့မည်။ မိုးစဲစပြုလာသလို တိမ်တိုက်တွေကြားထဲမှ ငွေလမင်းလည်း ပြန်ထွက်ပြူလာပြန်သည်။

ကျွန်ုပ် ကံကောင်းထောက်မခြင်းပေလား။

အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်ပြီးလျှင် ကျွန်ုပ်သည် ထိုတောတန်းလေးအတွင်းသို့ လှမ်းဝင်လာခဲ့ပါတော့သတည်း။

(၃)

ကျေးငှက်တို့ အိပ်မောကျနေကြမည် ဖြစ်၏။

ညဥ့်ငှက်တို့၏ အော်မြည်သံကိုလည်း မကြားရ။ လ၏ အရောင်ဖြင့် သစ်ခက်၊ သစ်ရွက်များကို ခပ်ရေးရေး မြင်တွေ့ရသည်။

ကျွန်ုပ်က လူသွားလမ်းကျဉ်းကျဉ်းလေးထဲမှ လျှင်လျှင်မြန်မြန်လျှောက်နေမိလေသည်။ သည်တောတန်းထဲတွင် လူကို အန္တရာယ်ပြုစေ



နိုင်လောက်သည့် တောကောင်များ နေထိုင်ကျက်စားခြင်း မရှိခဲ့ကြပါ။

ထို့ကြောင့်ပင်..

ကျွန်ုပ် ရဲရဲတင်းတင်း လျှောက်နေမိခြင်းပင်။ မကြာမီမှာ ကျွန်ုပ်၏ ရည်မှန်းချက် ပြည့်ဝတော့မည်။ အိပ်ပျော်နေကြသည့် သားနှင့်သမီးကို နှိုးကာ ကျွန်ုပ်ဝယ်လာသည့် မုန့်ပဲသရေစာများကို ကျွေးရပေဦးမည်။ ကျွန်ုပ် ဝယ်ယူလာခဲ့သည့် အဝတ်အထည်များကို ပြသကာ ဇနီးဖြစ်သူအား-

"အေးနဲ့ဆို သိပ်လိုက်မယ့် အဆင်ပဲ၊ ကို မနည်းရွေးဝယ်လာခဲ့တာ အေးရဲ့"

ကျွန်ုပ်၏ အတွေးမဆုံးလိုက်ပါ။ အကြောင်းမူ တောတန်း၏ တစ်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ရုတ်တရက် ကြားလိုက်ရသောကြောင့်ပင်။

"ခွပ်.. ခွပ်.. ခွပ်.. ခွပ်.. ခွပ်"

"ဟင်.."

ကျွန်ုပ် ထိတ်ခနဲဖြစ်သွားရာမှ အံ့အားသင့်မိသည်။ မြင်းခွာသံများက တောတန်းလေးထဲတွင် ပဲ့တင်ထပ်မျှ ရှိနေပေရာ မြင်းအုပ်မှာ နည်းလှမည်မဟုတ်ဟု ကျွန်ုပ် ခန့်မှန်းလိုက်၏။

ထိုမြင်းခွာသံများသည် တစ်စထက်တစ်စ ကျွန်ုပ်နှင့် ပိုပို၍နီးကပ်လာနေ၏။ မြင်းဟီသံများ၊ လူသံသူသံများ၊ ကြိမ်းဝါးသံများကို ကြားရစပြု၏။

တောပုန်းဓားပြတွေများလား မသိ။

ကျွန်ုပ်တွင် ပါလာသည့်ငွေနှင့် ပစ္စည်းများအတွက် စိုးရိမ်ပူပန်သွားမိ၏။ ကျွန်ုပ် ကပျာကယာဖြင့် ပခုံးပေါ်မှ အထုပ်ကို ချုံတစ်ခုကြားထဲ ထိုးသွင်းထားလိုက်သည်။

"တွေ့များတွေ့လို့ကတော့ကွာ ဒီအကောင်ကို အသေသာသတ်"

ဟစ်အော်၍ ပြောသံ ကျွန်ုပ်နားထဲတွင် ခပ်သဲ့သဲ့လေး ကြားလိုက်ရ၏။ ထိုစဉ် တောတန်းလေး၏ လူသွားလမ်းလေးအတိုင်း လူနှစ်ယောက်

လက်ချင်းတွဲကာ ပြေးလာကြသည်ကို ကျွန်ုပ် လှမ်းမြင်လိုက်ရ၏။

"ဟင်.."

အသေအချာကြည့်တော့ လုလင်ပျိုလေးတစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦးတို့ ဖြစ်ကြသည်ကို တွေ့လိုက်ရ၏။ အဘယ်သို့သော ဒုက္ခ၊ သောကတွေနှင့် တွေ့ဆုံခဲ့ရသည်လည်းတော့ မသိ။

ကျွန်ုပ် ငိုင်တွေနေဆဲမှာပင် သူတို့စုံတွဲသည် ကျွန်ုပ်၏ရှေ့သို့ ရောက်ရှိလာကြကာ–

"အစ်ကို.. အစ်ကို၊ ကျွန်တော်တို့ကို ကယ်ပါဦးအစ်ကိုရယ်၊ ကျွန်တော်တို့ချစ်သူနှစ်ယောက် ထွက်ပြေးလာကြတာပါ၊ အဲဒါ နောက်က သူ့ အဖေနဲ့ အဖွဲ့တွေ လိုက်လာကြလို့"

"ဩော်.."

သူတို့လေးတွေ၏ မောပန်းနေကြသည့် မျက်နှာများကို ကျွန်ုပ်ကြည့်ကာ သနားသက်ဝင်သွားရသည်။ အရွယ်လေးတွေက ငယ်နုကြသလို ရုပ်ရည်တွေကလည်း ချောမောလှပကြလေ၏။

မြင်းခွာသံများ၊ လူသံများကို အနီးကပ် ကြားရချေပြီ။

"လုပ်ပါဦးအစ်ကို ကျွန်တော်တို့ ဘယ်ဘက်လမ်းကို သွားရမလဲဆိုတာကို"

ကျွန်ုပ်၏ နောက်ဘက်တွင် လမ်းနှစ်သွယ် ရှိနေလေသည်။ လမ်းတစ်ခုက ကျွန်ုပ်လာခဲ့သည့် မြို့ကလေးသို့ ရောက်ရှိနိုင်ပြီး လမ်းတစ်သွယ်မှာ မြစ်ကမ်းနားဆီသို့ ရောက်ရှိနိုင်သည့်လမ်း ဖြစ်လေသည်။

"ဒီလမ်းကသွားကြ ငါ့ညီတို့"

"ကျေးဇူးပါ အစ်ကိုရယ်"

ကျွန်ုပ် ညွှန်ပြသည့် လမ်းဘက်သို့ သူတို့စုံတွဲ လှစ်ခနဲပြေးထွက်သွားကြ၏။

"မင်းတို့ချစ်သူစုံတွဲ ထာဝရ ပေါင်းဖက်နိုင်ပါစေကွာ"

ကျွန်ုပ်၏ ဆုတောင်းမဆုံးမီမှာပင် မြင်းများကို စီးနင်းလာကြသည့် သူများ ကျွန်ုပ်၏ရှေ့သို့ ရောက်ရှိလာကြလေ၏။



ထိုမြင်းစီးအုပ်စုမှာ မြင်းရှစ်ကောင်နှင့် လူရှစ်ယောက် ဖြစ်သည်။ ရှေ့ဆုံးက မြင်းညိုကြီးစီးလာသည့်သူမှာ ယိုမှုပ်စု၏ ခေါင်းဆောင်ဖြစ်ပုံရလေသည်။

ထိုလူကြီးမှာ အသက်အရွယ် ငါးဆယ်ခန့်၊ လုပုံစံက ထောင်ထောင်မောင်းမောင်း ခပ်ခန့်ခန့်ရှိ၏။ မျက်နှာထားမှာ တင်းမာနေပြီး မျက်လုံးအစုံက တောက်ပနေကြ၏။ သူ၏မျက်နှာတွင် အထင်ရှားဆုံးသောအရာက အပေါ်သို့ ကော့ပျံတက်နေသည့် နှုတ်ခမ်းမွေး ကျင်စွယ်များပင်။

သူသည် တောင်ရှည်ပုဆိုးကို ဝတ်ထားပြီး အပေါ်တွင် ရင်စေ့လက်ရှည်အင်္ကျီကို ဝတ်ထားလေသည်။ သူ၏ ဦးခေါင်းထက်ဝယ် လျှောင်တစောင်းထုံးထားသည်ကို တွေ့ရသည်။

ကျွန်ုပ်၏ စိတ်ထဲတွင် အလွန်ပင် မြန်မာဆန်လှသည့် မြန်မာကြီးတစ်ဦးဟု မှတ်ယူထားလိုက်သည်။ သူ၏လက်ထဲတွင် ပြောင်းရှည်နှစ်လုံးပြူးသေနတ်တစ်လက်ကို ကိုင်ဆောင်ထားသည်။

သူ့နောက်လိုက် နောက်ပါတွေသည် ဓား၊ လှံ၊ လက်နက်တွေကိုယ်စီကိုယ်ငှနှင့် ဖြစ်ကြသည်။

ကျွန်ုပ်စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေစဉ်တွင် ထိုလူကြီးထံမှ စကားသံထွက်ပေါ်လာလေသည်။

"ဒီမယ် မိတ်ဆွေ"

"ခင်ဗျာ.."

သူ၏အသံက ဩဇာအာဏာသံ ပါ၍နေလေသည်။

"ကျုပ်နာမည်က ဘထိုက်ကျော်တဲ့၊ ဟိုးဘက်နယ်က တိုက်နယ်သူကြီးတစ်ယောက် ဆိုပါတော့"

"ဟုတ်ကဲ့ ဦးဘထိုက်ကျော်"

"ကျုပ် ရှင်းရှင်းပြောမယ်ဗျာ၊ ကျုပ်သမီးကို ဘာမဟုတ်တဲ့အကောင်က ခိုးပြေးသွားလို့ လိုက်ရှာနေကြတာ၊ တွေ့လိုကတော့ အဲဒီအကောင်အသေပဲ၊ ဟောဒီကမိတ်ဆွေ သူတို့နှစ်ယောက်ကို တွေ့လိုက်တယ် မဟုတ်လား"



ညာပြော၍မရမှန်း ကျွန်ုပ် ရိပ်မိခြင်းကြောင့်–

"ဟုတ်ကဲ့ တွေ့လိုက်တယ် ခင်ဗျ"

"ဒါဆို သူတို့ ဘယ်ဘက်ကို ထွက်ပြေးသွားကြလဲဗျ"

"ဟောဟိုဘက်"

"ဩော်.."

"ကျေးဇူးတင်တယ် မိတ်ဆွေ၊ ဟေ့ကောင်တွေ ဆက်လိုက်ကြမယ်ဟေ့၊ လုပ်ကြ မြန်မြန်"

ထိုသူကြီးအုပ်စုမှာ မြင်းကိုယ်စီ စီးနင်းကာ ကျွန်ုပ်ညွှန်ပြသည့် လမ်းဘက်သို့ ဆက်လက်လိုက်သွားကြတော့သည်။

မြင်းခွာသံများက ဝေးသည်ထက် ဝေး၍ သွားကြ၏။ သည်တော့မှပင် ကျွန်ုပ် ဟင်းချနိုင်တော့သည်။

စင်စစ် ..

ယခု ကျွန်ုပ်ညွှန်ပြလိုက်သည့် လမ်းမှာ ချစ်သူတို့နှစ်ယောက် ပြေးသွားကြသည့်လမ်း မဟုတ်ဘဲ မြစ်ကမ်းနားသို့ သွားရာလမ်းပင်ဖြစ်၏။ သူတို့လေးတွေ ပေါင်းဖက်နိုင်ကြပါစေ။

ထိုညက မြင်တွေ့ခဲ့ရသည့် တိုက်နယ်သူကြီး ဦးဘထိုက်ကျော်၏ ပုံရိပ်များကို ကျွန်ုပ်မှာ စွဲထင်၍နေလေသည်။

သို့နှင့်..

အချိန်၊ နာရီ စက္ကန့်တို့သည်လည်းကောင်း၊ နေ့ရက်၊လတို့သည်လည်းကောင်း၊ နှစ်တို့သည်လည်းကောင်း မတည်မြဲဘဲ ရွေ့လျား၍နေကြလေရာ။

(၄)

ဘူတာရုံလေးသို့ ရထားဆိုက်ချိန်မှာ လွန်စွာနောက်ကျလျက်ရှိနေပေသည်။ ကျွန်ုပ် အတန်ပင် စိတ်ညစ်ညူးသွားမိချေသည်။

ကျွန်ုပ်နေထိုင်သည့် ရွာကလေးသို့ရောက်အောင် မြို့ကလေး၏ ဟိုဘက်သို့ လေးမိုင်ခန့် ခြေကျင်လျှောက်ရဦးမည်ဖြစ်၏။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကာလက ယခုလိုပင် ကျွန်ုပ် ရထား



နောက်ကျဖူးခဲ့၏။ ထိုစဉ်က ဆုံတွေ့ခဲ့ရသော ချစ်သူနှစ်ဦးကိုလည်းကောင်း၊ တိုက်နယ်သူကြီး ဦးဘထိုက်ကျော်ကိုလည်းကောင်း စိတ်ဝယ်မှတ်မိနေပေသေးသည်။ ယခုဆိုလျှင်တော့ သူတို့တစ်တွေက ကျွန်ုပ်အား အမှတ်ရမိကြမည် မဟုတ်ပါလေတော့။

ကျွန်ုပ်သည် အသက်အရွယ် ငါးဆယ်ကျော်ကို အားနာမနေနိုင်တော့ဘဲ ကျွန်ုပ်၏ရွာ သိမ်ကုန်းရွာသို့ရောက်အောင် ရွာစဉ်များကိုဖြတ်သန်း၍ လျှောက်လာခဲ့၏။ မြရာပင်ရွာကို ကျော်လာခဲ့ပြီ။ အချိန်မှာ ည ဆယ့်နှစ်နာရီ ထိုးပေတော့မည်။

ကုန်းကမူများ၊ စမ်းချောင်းများကို ဖြတ်ကျော်ပြီး တောအုပ်လေးအဝင်သို့ ကျွန်ုပ် ရောက်ရှိလာ၏။ လမှာ ခပ်ရေးရေးမှုသာလျက်ရှိသည်။

မြင်းခွာသံများကို ကြားရ၏။ လူနှစ်ယောက် ပြေးလာနေကြသည်။

"ဟာ.."

အဖြစ်က လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကလိုပါပဲလား။

ထိုစုံတွဲနှစ်ယောက်ကို ကျွန်ုပ် လမ်းညွှန်ပြလိုက်၍ မကြာမီမှာပင် မြင်းကိုယ်စီနှင့် လူရှစ်ယောက်။

ရှေ့ဆုံးမှ ပုဂ္ဂိုလ်သည် တောင်ရှည်ပုဆိုး၊ ရင်စေ့အင်္ကျီကိုဝတ်ထား၏။ နှုတ်ခမ်းမွေးကားကားကြီးနှင့် ဦးဘထိုက်ကျော်။

တိုက်နယ်သူကြီး ဦးဘထိုက်ကျော်။ သူ့လက်ထဲမှာ ပြောင်းရှည်နှစ်လုံးပြူးသေနတ်ကို ကိုင်လျက်သား။

ကျွန်ုပ် သူ့ကိုကြည့်ကာ ကြက်သီးမွေးညင်း ထသွားမိရသည်။ စင်စစ် ကျွန်ုပ်သည် အစွဲအလမ်းတစ်ခုကြောင့် သေဆုံးသွားခဲ့ကြကာ မကျွတ်မလွတ်သေးသော ပရလောကသားတို့နှင့် တွေ့ဆုံရခြင်းဆိုသည်ကို သဘောပေါက်လိုက်မိတော့သည်။

ကျွန်ုပ်သည် ထိုနေရာမှ အမြန်ဆုံး သုတ်ခြေတင်ခဲ့ပါတော့သတည်း။

ထိုဖြစ်ရပ်ကို ပြန်လည်တွေးမိလေတိုင်း ကျွန်ုပ်မှာ ရင်ဝယ် တသိမ့်သိမ့်ဘုန်နေဆဲပင် ဖြစ်လေတော့သည်။

တိုးထက်




# ချောက်ချောက်ချားချား
## ကျောက်ဘီလူး

(၁)

ကျွန်ုပ်၏ ဖခင်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မက်ဆိုပိုတေးမီးယား စစ်မျက်နှာရှိ ဗြိတိသျှတပ်မတော် ခြေလျင်တပ်မဟာ (၇)တွင် ဆာဂျင် မေဂျာအဆင့်ဖြင့် အမှုထမ်းဆောင်ခဲ့ဖူးသူတစ်ဦး ဖြစ်ပါသည်။ ထိုစဉ် အခါက မြန်မာလူမျိုးများထဲမှ တိုင်းတစ်ပါး စစ်မြေပြင်သို့ စွန့်စွန့်စားစား သွားရောက်အမှုထမ်းဆောင်ခွင့် ရသူများမှာ အလွန်ရှားပါးလျက်ရှိရာ ကျွန်ုပ်၏ ဆွေမျိုးအသိုင်းအဝိုင်းအနက် အချို့က ပစ်တင်ဝေဖန်ကြသော် လည်း ကျွန်ုပ်၏ မိခင်ဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့မှာမူ လွန်စွာပင် ဂုဏ် ယူဟန် လက္ခဏာရှိကြောင်း ကျွန်ုပ် ငယ်စဉ်ကပင် သိရှိရပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ကျွန်ုပ်၏ဖခင်မှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်သည့်အပြင် မိမိအိမ်ထောင်စုနှင့် ခွဲခွာနေရသည်မှာ ကြာမြင့် ပြီဖြစ်၍ စစ်တပ်မှ အနားယူခါ နေရပ်ဇာတိသို့ ပြန်လာပြီး ရိုးရာဖြစ်သည့် တောင်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက် ရှိလေ၏။ ကျွန်ုပ်၏ ဖခင်နှင့် မိခင်နှစ်ဦးစလုံးမှာ သာယာဝတီခရိုင် ဇီးကုန်းမြို့ ဇာတိကြဖြစ်ပါ သည်။ ဇီးကုန်းမြို့ကလေးမှာ ဒုတိယကမ္ဘာစစ်၏ ဗုံးဒဏ်ကြောင့် တစ်မြို့လုံး



လိုလိုပင် ပျက်စီးဆုံးရှုံးခဲ့ရာ တိုက်တာအဆောက်အဦးနှင့် အိမ်ကြီးအိမ် ကောင်းဟူ၍ မရှိသလောက်ပင် ရှားပါးခဲ့ပါသည်။ ထိုစဉ်က စစ်ကို အကြောင်းပြုကြပြီး သူခိုး ဓားပြနှင့် လူလိမ်လူကောက်များ တပြည်လုံးတွင် ထကြွသောင်းကြမ်းနေပြန်ရာ မြို့လူထုမှာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ကျိုးလန့်စာစား တထိတ်ထိတ်တလန့်လန့်ဖြင့် ရှိနေခဲ့ကြလေ၏။

(၂)

စစ်မဖြစ်မီကာလက သစ်တောအရေးပိုင် မစ္စတာ ဒီဂို(စ်)ဆိုသူသည် ဇီးကုန်းမြို့မှ ဘော်ဘင်ကြီးဝိုင်းသို့သွားသည့်လမ်းတွင် အိမ်ကြီးတစ်လုံး ဆောက်လုပ်ထားခဲ့ရာ ၎င်းအိမ်ကြီးမှာ မြို့အစွန်တွင် တည်ရှိနေသဖြင့် ဗုံးဒဏ်မှ သီသီကလေး လွတ်ခဲ့ရပေသည်။ အဆိုပါအိမ်ကြီးမှာ အနောက် တိုင်းပုံစံအတိုင်း အခန်းပေါင်းများစွာဖြင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ် ထားရကား။ အဆိုပါ မျက်နှာဖြူအရာရှိအနေဖြင့် ၎င်းအိမ်ကြီးတွင် အခြေစိုက် နေထိုင်သွားရန် ရည်ရွယ်ကြောင်း ပေါ်လွင်စေပါသည်။ အိမ် ကြီးဆောက်ပြီး တစ်လခန့်အကြာတွင် မစ္စတာဒီဂို(စ်)သည် အင်္ဂလန်မှ ရောက်လာကာစ ၎င်း၏ ဇနီးသည်နှင့်အတူ ထမင်းချက် လင်မယားနှစ် ယောက်၊ ဘဏ္ဍာစိုး ကုလားတစ်ယောက်၊ မြင်းထိန်းတစ်ယောက်ဖြင့် ၎င်းအိမ်ကြီးတွင် နေထိုင်ခဲ့လေ၏။ မစ္စတာဒီဂို(စ်)၏ ကံကြမ္မာမှာ ဆိုးရွားလာ၍လားမသိ၊ ၃ လခန့်အကြာတွင် ဇနီးဖြစ်သူမှာ ရုတ်တရက် ဝမ်းရောဂါဖြင့် သေဆုံးသွား၍ စိတ်သောကရောက်နေစဉ် နောက်တစ်လ ခန့်အကြာတွင် ထမင်းချက် လင်မယားအနက် မယားဖြစ်သူမှာ အိမ် အပေါ်ထပ်မှ ညအချိန်တွင် လိမ့်ကျသေဆုံး၍၎င်း၊ နောက် ၂ ပတ်ခန့် အကြာတွင် ထမင်းချက် ယောကျ်ားမှာလည်း တစ်စုံတစ်ဦး၏ လည်မျိုး ညှစ်သတ်ခြင်း ခံရ၍၎င်း၊ စိတ်မချမ်းမြေ့ဖွယ်ရာ ပြဿနာများနှင့် ဆက် တိုက်ကြုံတွေ့ခဲ့ရလေ၏။ မျက်နှာဖြူအရာရှိမှာ ဂုဏ်အရှိန်အဝါ အတော် ပင် ကြီးမားသူတစ်ယောက်ဖြစ်သဖြင့် အဆိုပါ အမှုများအတွက် ပုလိပ် အဖွဲ့မှ အပူတပြင်း စုံစမ်းသော်လည်း တစ်စုံတစ်ရာမှ သဲလွန်စမရရှိသဖြင့်



အမှုပိတ်ပစ်လိုက်ရလေ၏။

ဘဏ္ဍာစိုး၏ ပြောပြချက်အရ ညသန်းကောင်အချိန်တွင် ၎င်းအိမ် ကြီးအတွင်း မည်သည့်နေရာဟု ခန့်မှန်း၍မရသော ရယ်သံလိုလို စကား ပြောသံလိုလိုများ မကြာခဏ ကြားရသည်ဟု သိရှိရသဖြင့် အနီးပတ်ဝန်း ကျင်တွင် နေထိုင်သူများမှာ ၎င်းမြေနေရာမှာ ယခင်က သချိုင်းဟောင်း နေရာဖြစ်သဖြင့် မြေကြမ်းသည်ဟူ၍လည်းကောင်း၊ အဆောက်အဦ၏ အချို့သစ်များမှာ ခိုက်သည်ဟူ၍လည်းကောင်း၊ အသီးသီး ပြောဆိုဝေဖန် ကြပြီး နေဝင်ချိန်ဆိုလျှင် ၎င်းအိမ်ကြီးရှေ့သို့ ဖြတ်သန်းသွားလာဝံ့သူ မရှိသလောက်ပင် ကြောက်ရွံ့လျက် ရှိကြလေ၏။

ထမင်းချက်ယောကျ်ား အသတ်ခံရပြီးနောက် ၁၀ ရက်ခန့်အကြာ လကွယ်နေ့ ညသန်းကောင်အချိန်တွင် ဘဏ္ဍာစိုး၏ အိမ်ခန်းဆီ၌ စကား ပြောသံလိုလို ဗလုံးဗထွေး အော်ဟစ်လိုက်သံ ကြားရသဖြင့် မစ္စတာဒီဂို(စ်) သည် အိပ်ရာမှထပြီး ခေါင်းအုံးအောက်မှ သေနတ်ကိုဆွဲထုတ်ခါ ဘဏ္ဍာစိုး အခန်းရှိရာ နောက်ဖေးဆောင်သို့ သွားရောက်ကြည့်ရှုလေ၏။ ဘဏ္ဍာစိုး၏ အခန်းမှာ နောက်ဖေးပေါက်လေှခါး၏ ညာဘက်ထောင့်ခန်းဖြစ်ပြီး ၎င်းနှင့်ကပ်ရက်အခန်းမှာမူ ရိက္ခာများ သိုလှောင်ထားရန်အတွက် စတိုခန်း ကလေး သီးခြားရှိလေသည်။ အခန်းတံခါးမှာ စေ့ရုံသာ စေ့ထားပြီး အတွင်းမှ မီးရောင်မြင်သဖြင့် အသာတွန်းဖွင့်ကာ ဝင်ရောက်ကြည့်ရှုလေ ၏။ မစ္စတာဒီဂို(စ်)မှာ မိမိကိုယ်ကို အတော်သတ္တိကောင်းသူတစ်ယောက် ဟု မှတ်ထင်ထားခဲ့သော်လည်း မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အတော်ပင် ထိတ်လန့်တုန်လှုပ်သွားလေ၏။ ဘဏ္ဍာစိုး၏ ကိုယ်မှာ ခုတင်ပေါ်တွင် မှောက်ခုံအနေအထားရှိသော်လည်း မျက်နှာမှ အပေါ်မျက် နှာကျက်ဆီသို့ မူလျက်ရှိပြီး မျက်လုံးများမှာ အပြင်သို့ ပြူးထွက်နေ၍ လျှာမှာမူ ဘယ်ဘက်ပါးစောင်ထဲတွင် တွဲလွဲကျလျက်ရှိကြောင်း တွေ့မြင် ရလေရာ လည်ပင်းကို လိမ်ချိုးခြင်းခံရကြောင်း တွေ့မြင်ရလေ၏။

မစ္စတာဒီဂို(စ်)သည် အထက်ပါ အချင်းအရာများ ဖြစ်ပွားတွေ့ကြုံ ရပြီးနောက် ၇ ရက်ခန့်အကြာတွင် ၎င်းအိမ်ကြီး၌ ဆက်လက်နေထိုင်

မတွေ့ရသည်နှင့် ခြံတွင်းသို့ ဆက်လက်၍ ကြည့်ရှုပြန်ရာ မှောင်နေသဖြင့် မည်သည့်အရာဝတ္ထုကိုမျှ သဲသဲကွဲကွဲ မမြင်ရဘဲရှိလေ၏။ တံခါးပေါက် ပွင့်နေသော်လည်း မြေကြီးအထိဆိုသော (၁၆) တောင်ခန့်မြင့်သဖြင့် အောက်သို့ ခုန်ချရန် ထွက်ပြေးရန်လည်း မလွယ်ကူရာ မည်ကဲ့သို့ အခန်းတွင်းမှ ထွက်ခွာသွားကြောင်း မစဉ်းစားတတ်အောင်ပင် ရှိလေ၏။

ကျွန်ုပ်သည် တံခါးဆောင်ကို အသာမှီလျက် ကွမ်းတစ်ရာညက်ခန့် စောင့်ဆိုင်းနားစွင့်နေသော်လည်း အခြေအနေ မည်သို့မျှ ထပ်မံထူးခြား မလာသဖြင့် တံခါးပေါက်ကို အသေအချာပိတ်ခဲ့ကာ မိမိအခန်းသို့ ပြန်လာခဲ့လေ၏။ ၎င်းအဖြစ်အပျက်ကိုလည်း စဉ်းစားနေမိရာ မိုးလင်းခါနီးမှပင် အိပ်ပျော်သွားသဖြင့် နောက်တစ်နေ့ နံနက် (၉) နာရီလောက်မှ နိုးပါတော့သည်။

မိခင်ဖြစ်သူ ဈေးသွားချိန်တွင် ညကအဖြစ်အပျက်အား ဖခင်ကို ပြန်လည်ပြောပြရာ ဖခင်သည် မည်သို့မျှ မထူးခြားဟန်ဖြင့် ဆေးတံကိုသာ တွင်တွင်ဖွာလျက်ရှိလေ၏။ (၁၀) မိနစ်ခန့်ကြာလတ်သော် မကြေမချမ်းဖြစ်နေသည့် အမူအယာဖြင့်–

"ငါ့သားအကြောင်းတော့ အဖေသိတယ်ကွဲ့၊ ဒီကိစ္စကို မင်းကို ပြောပြမလို့ စဉ်းစားတာ သုံးလေးခါရှိပြီ၊ ဒါပေမဲ့ အဖေကိုယ်တိုင် ဆုံးခန်းတိုင်အောင် စုံစမ်းခြင်တာနဲ့ မပြောသေးတာပဲ၊ သို့သော် ဒီကိစ္စကိုတော့ မင်းအမေနဲ့ ဒေါ်လေးမသိစေနဲ့ကွဲ့၊ ညက မင်းဖြစ်တဲ့အဖြစ်အပျက်မျိုး အဖေကြုံရတာ နှစ်ခါရှိပြီ၊ တစ်ခါ မင်းဒေါ်လေး မြို့ဦးကျောင်းကထိန်ညမှာ သွားကူညီနေတုန်းမှာတစ်ကြိမ်၊ နောက်တစ်ခါ ပြည်ကို ဘုရားဖူးသွားနေတုန်းက တစ်ကြိမ်"

ထိုစဉ် ဦးသူတော်ဝင်လာသဖြင့် စကားပြတ်သွားရာ ဦးသူတော်သည် တစ်စုံတစ်ရာ ပြောလိုဟန်လက္ခဏာဖြင့် ပါးစပ်တစ်လှုပ်လှုပ်ဖြင့် လုပ်နေရာက ဖခင်က–

"ဘာဖြစ်လို့လဲ ဦးသူတော်၊ ဘာပြောစရာရှိလို့လဲ"

ဦးသူတော်သည် ကုလားထိုင်တစ်လုံးတွင် အသာဝင်ထိုင်ပြီး–



"ညက အိမ်ကြီးပေါ်က ရယ်သံကြီး ကြားလိုက်ရတယ်၊ အဲဒါ မောင်မေအောင်ကို နည်းနည်းသတိပေးခြင်တာနဲ့ လာခဲ့တာပဲ၊ ကျုပ် ဒီအိမ်ကြီးမှာ နေလာခဲ့တာကြာပြီ၊ အဲဒီလို ရယ်သံကြီး ပေါ်ပေါက်လာရင် မကြာခင်မှာပဲ တစ်ယောက်ယောက် ဒုက္ခရောက်တော့တာပဲ၊ အိမ်သားတွေ ရှိနေတဲ့အခါမှာဆိုရင်ပေါ့လေ"

ဖခင်သည် ဆေးတစ်ဆုံကို အသစ်ထည့် မီးညှိနှစ်ဖွာသုံးဖွာ ရှိုက်လိုက်ပြီး–

"ကျုပ်တို့လဲ ဒီအကြောင်းပြောနေကြတာပဲ ဦးသူတော်၊ ဒီရယ်သံကြီးနဲ့ပတ်သက်ပြီး ဦးသူတော် ဘာတွေသိထားသလဲ၊ မျက်မြင်ကိုယ်တွေ့ ဖြစ်ပျက်ခဲ့တာလေးတွေ ကျုပ်ကို ပြောစမ်းဗျာ"

"ဒီအကြောင်းတွေကို မောင်မေအောင် ဒီအိမ်ကြီး ဝယ်မယ်ဆိုကတည်းက ပြောချင်နေတာပဲ၊ ဒါပေသည့် မောင်တို့က ဒီကိစ္စတွေကို မယုံကြည်ကြဘူးလို့ မောင်ဘထူးဆီက သိရတာနဲ့ ပြောလဲ စိတ်အနှောင့်အယှက်ဖြစ်နေမှာစိုးတာနဲ့ မပြောခဲ့တာပဲ၊ သို့သော် ဒီအိမ်ကြီးမှာ တစ်စုံတစ်ခု ရှိနေတာကတော့ သေချာတယ်မောင်"

"ဘာကြောင့်လဲ ဦးသူတော်ရဲ့"

"တခြားဟုတ်ရိုးလား မောင်၊ အိမ်ကြီးဆောက်ပြီး အရေးပိုင်ကြီးတို့ နေထိုင်လာလိုက်တာ ဘယ်လောက်ကြာဦးမလဲ၊ အရေးပိုင်ကတော်ကြီး သေသွားတယ်"

"ဝမ်းရောဂါနဲ့ သေဆိုမဟုတ်လား ဦးသူတော်ရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သို့သော် မသေခင်ညမှာ မနေ့ညကလို ဟက်ဟက်ပက်ပက် ရယ်သံကြီးကို ကျုပ်နားနဲ့ ဆပ်ဆပ်ကြားလိုက်ရတယ် မောင်ရဲ့၊ နောက် ထမင်းချက်လင်မယား နှစ်ယောက်နဲ့ ဘဏ္ဍာစိုးဆိုလား တစ်ယောက်ပြီးတစ်ယောက် ဆက်ဆက်ပြီး သေကုန်ကြတာပဲ၊ သူတို့တွေ သေတဲ့ညမှာလဲ အဲဒီလို ရယ်သံကြီးတွေ ကြားရတယ်"

ဖခင်သည် အသေအချာ ဂရုပြုနားထောင်နေရာမှ–

"အဲဒီတုန်းက ဦးသူတော်တို့က တစ်အိမ်လုံး အသေအချာ ရှာမ



ကြည့်ကြဘူးလား"

"ရှာလိုက်တာမှ မောင်၊ တစ်အိမ်လုံးကို ဘာပြောကောင်းမလဲ၊ တံခါးကြို တံခါးကြားပါမကျန် ရှာတာပေါ့၊ အရေးပိုင်ကြီးရဲ့ အမိန့်အဝါနဲ့ ပုလိပ်တွေလဲ ကြိုးစားစုံစမ်းကြပါရဲ့၊ ဒါပေမဲ့ အကြောင်းမထူးဘဲ ဒီလိုနဲ့ပဲ တဖြည်းဖြည်း အမှုပိတ်ပစ်လိုက်ရတာပဲ"

"နောက်ကော ဘာဆက်ဖြစ်သေးသလဲ ဦးသူတော်"

"ဒါနဲ့ပဲ အရေးပိုင်ကြီးလဲ ဒီအိမ်ကြီးမှာ ဆက်နေချင်ပုံမရတော့တာနဲ့ အိမ်ကြီးကို ချစ်တီးတစ်ယောက်ထံမှာ ရောင်းပစ်လိုက်ပြီး ဘိလပ်ပြန်သွားတယ်၊ အဲဒီချစ်တီးလဲ သိပ်မကြာပါဘူး လေးငါးခြောက်ရက်နေပြီး ဆင်းပြေးတာပဲ၊ ညတိုင်းလိုလို ရယ်သံကြီးနဲ့ ခြောက်လှန့်နေတော့ သူ့ခမျာ မနေရဲရှာဘူး ထင်ပါရဲ့၊ အဲဒီကစပြီး အိမ်ကြီးမှာ လူမနေတော့ဘဲ ပိုင်ရှင်သာ အဆင့်ဆင့်ပြောင်းသွားတာပဲ မောင်ရဲ့"

"အိမ်ကြီးမှာ လူမရှိတဲ့အခါကော ဒီလိုပဲ ခြောက်လှန့်တဲ့အသံတွေ ကြားရသေးသလား"

"ကြားရတယ်၊ အများအားဖြင့်တော့ လကွယ်နေ့ ညတွေမှာပဲ၊ ပထမတော့ ကျုပ်လဲ တက်တက်ကြည့်တာပဲ၊ ဒါပေမဲ့ ဘာမှမတွေ့တော့ နောက် တဖြည်းဖြည်း ရိုးသွားပြီး ခုတော့ သူ့ဟာသူ ရှိပါစေဆိုပြီး ဒီအတိုင်း ပစ်ထားလိုက်တယ်၊ တစ်ခုရှိတာက မောင်တို့ရှိနေတဲ့အတွက် တစ်နေ့နေ့ လူကို ဒုက္ခပေးမှာ စိုးရိမ်ရတယ်"

ဖခင်သည် ဆေးတံကို နှစ်ရှိုက်သုံးရှိုက် ရှိုက်လိုက်၍–

"ဦးသူတော်က ဒါကို တစ္ဆေခြောက်လှန့်တာပဲလို့ ထင်သလား၊ တစ်မတစ်ယောက်က အိမ်ပေါ်တက် ခြောက်လှန့်နေတယ်လို့ကော မထင်ဘူးလား"

"ဒါကတော့ အတတ်ပြောလို့မဖြစ်ဘူး မောင်ရဲ့၊ တစ္ဆေခြောက်တယ်ဆိုရအောင်ကလဲ ကျုပ်ကိုယ်တိုင်က အသံသာကြားရပြီး ကိုယ်ထင်ပြခြောက်တာ တစ်ခါမှ မတွေ့ဘူးသေးဘူး၊ တစ်စုံတစ်ယောက်က အိမ်ကြီးထဲဝင်ခြောက်လှန့်ဖို့ကလဲ တံခါးတွေအလုံပိတ်ထားလေတော့



အတွေးရကြပ်တယ်ကွဲ့"

ဤနေရာတွင် ကျွန်ုပ်၏ အယူအဆကို အနည်းငယ် ဖော်ပြလိုပေသည်။ ကျွန်ုပ် ငယ်စဉ်အခါမှစ၍ မိခင်နှင့် ဖခင်တို့၏ သွန်သင်မှုအရ တစ္ဆေသရဲဟူသည်မှာ လောကတွင် ရှိခြင်ရှိမည်ဖြစ်သော်လည်း အသံဖြင့် ခြောက်လှန့်ခြင်း၊ ကိုယ်ထင်ပြ ခြောက်လှန့်ခြင်း စသည်မှလွဲ၍ လူကို ဘေးဥပါဒ်မပေးနိုင်သဖြင့် ဤနည်းနှင့် ခြောက်လှန့်ခြင်းကို မထိတ်လန့်သ၍ ကာလပတ်လုံး မည်သို့မျှမဖြစ်နိုင်ဟု ယုံကြည်ထားလေ၏။ တစ္ဆေသရဲဟူသည်မှာလည်း မည်သည့်ပုံသဏ္ဌာန်မျိုးရှိသည်။ မည်မျှထိတ်လန့်ဖွယ်ကောင်းသည်ကို တစ်ခါမှ မတွေ့ဖူးမကြုံဘူးသေး၍ ကျွန်ုပ်အနေဖြင့်ဆိုသော် ၎င်းတို့ကို လုံးဝကြောက်ရွံ့မှု မရှိကြောင်း ဖော်ပြလို၏။ တကယ်၍ တစ်စုံတစ်ဦးမှသာ တက်ရောက်ခြောက်လှန့်နေသည်ဆိုပါက မိမိတို့အား အန္တရာယ်မပြုနိုင်အောင် ကြိုတင်စီစဉ်ထားရန် လိုပေမည်။

ကျွန်ုပ်သည် ၎င်းတို့ ပြောနေကြသည်ကို နားထောင်နေရာမှ ဦးသူတော်ဘက်သို့လှည့်၍–

"ဒီမှာအဘ၊ တစ္ဆေဆိုတာ ရှိကောရှိရဲ့လား၊ တစ်ခါလောက် တွေ့ချင်စမ်းရဲ့ဗျာ၊ အဘ ဘယ်နှစ်ခါတွေ့ဖူးလဲ"

"မောင်သောင်းကျော်ကတော့ အာဂလူပဲဟေ့၊ ဒီလိုကွဲ့ တစ္ဆေဆိုတာ မရှိဘူးလဲ မပြောနိုင်ဘူး၊ တချို့လူတွေက တစ္ဆေခြောက်တယ်တို့ တစ္ဆေသတ္တဝါဆိုတာ ရှိတယ်လို့ ဆိုတာတွေကို မယုံကြည်တာနဲ့ ရဲရင့်ကြတယ်။ များသောအားဖြင့် ဒီလိုလူမျိုးကျတော့ တစ္ဆေနဲ့ မတွေ့ပြန်ဘူး၊ ကြောက်တတ်တဲ့သူတွေသာ တစ္ဆေနဲ့ အတွေ့များကြတာကိုးကွဲ့၊ တစ္ဆေဆိုတာ မရှိဘူးလို့ ယုံကြည်ထားကြတဲ့လူတွေဟာ တကယ် ခြောက်လှန့်ခြင်းခံရတဲ့အခါ ကြောက်ကြတာချည်းပဲကွဲ့။ သို့သော် တစ္ဆေဟာ လူကို ခြောက်လှန့်ယုံကလွဲပြီး ဘေးအန္တရာယ်မပြုနိုင်လို့ သူတို့ ဘယ်လိုပဲ ခြောက်ခြောက် မကြောက်ရင် ဘာမှမဖြစ်နိုင်ဘူး၊ အဘကလဲ မောင်သောင်းကျော်လို လူစားမျိုးကိုကွဲ့၊ အသံနဲ့ ခြောက်လှန့်တာကလွဲပြီး တစ်ခါမှ မျက်မြင်မတွေ့ဖူးသေးဘူး။ ဒီတော့လဲ တစ္ဆေကို ဘယ်ကြောက်မလဲကွယ်၊

မထနိုင်လောက်အောင် အားအင်ကုန်ခန်းနေသည်ကတစ်ကြောင်း ဖခင်ဖြစ်သူကိုလည်း စိတ်ချသည်ကတစ်ကြောင်းတို့ကြောင့် အသာကြည့်နေမိလေသည်။ ပထမသော် ဦးဘထူးသည် သတိကင်းလွတ်နေဟန်ဖြင့် ဖခင်ကို ကိုင်ပေါက်တော့မည့် အကြံပြု၍ လည်ပင်းကို လှမ်းဆွဲလိုက်လေရာ ရည်ရွယ်သောနေရာသို့ မရောက်မီ ဖခင်၏ ညာလက်သီးသည် ၎င်း၏ ပါးချိတ်သို့ ပြင်းထန်သောအရှိန်ဖြင့် ရောက်သွားရလေ၏။ တခြားသူများသာ ဖြစ်ပါမူ ဤတစ်ချက်နှင့်ပင် လဲလောက်သော်လည်း ဦးဘထူးမှာ ငယ်စဉ်ကပင် မွဲတိုင်းကျော် မြန်မာလက်ဝှေ့သမားတစ်ဦးဖြစ်သဖြင့် ဤမျှ ခံနိုင်ခြင်းဖြစ်ဟန် တူပေ၏။ ဖခင်ဖြစ်သူ၏ ဟန်ပန်မှာ ဦးဘထူးအား သိပ်ပြီး ထိုးသတ်လိုပုံမရသော်လည်း ဤသို့မှ မလုပ်လျှင် မိမိခံရတော့မည့်အဖြစ်ကို မြင်၍သာ ဦးဘထူးအား ပြန်လှန်ခုခံနေသကဲ့သို့ ရှိပေသည်။

ဦးဘထူးသည် ယခင်ကကဲ့သို့ တဟုန်ထိုး အရမ်းမဝင်တော့ဘဲ ခပ်စောင့်စောင့်လုပ်နေပြန်ရာ (၁၀) မိနစ်ခန့် ကြာသည်အထိ အခန်းတွင်း၌ နှစ်ယောက်သား ပတ်ခြာလည်လျက် ရှိလေ၏။ ကျွန်ုပ်သည် ၎င်းတို့နှစ်ဦး၏အဖြစ်ကို မြင်နေရလေရာ ထိုအချိန်တွင် ဦးဘထူး၏ အသက်ရှူသံမှာ တဖြည်းဖြည်း ပိုမိုပြင်းထန်လာသည်ကို တွေ့ရပြီး ဖခင်ဖြစ်သူမှာ မူလအနေအထားအတိုင်း သက်တောင့်သက်သာ ရှိနေသဖြင့် ဦးဘထူးထက် ဖခင်မှာ ပို၍အမောခံနိုင်ကြောင်း သိသာလှပါသည်။ ထိုစဉ်ခဏ၌ ဦးဘထူးသည် ဖခင်၏ ရင်ဝကို ချိန်ပြီး လက်ဂါးရော ဒူးပါအရှိန်ဖြင့် ပစ်သွင်းလိုက်ရာ ဖခင်သည် ဒူးလာသောလမ်းကြောင်းမှ သီသီလေး ရှောင်လိုက်၍ နဘေးသို့ သွက်လက်စွာလှည့်ပြီးလျှင် အရှိက်ကို ဦးခေါင်းဖြင့် ဆောင့်လိုက်ရာ ဦးဘထူးသည် သူ့အရှိန်နှင့်သူ ခုတင်ခြေရင်းဘက်သို့ ခွေခွေကလေး ကျသွားလေ၏။ ပထမသော် ကျွန်ုပ်သည် ဦးဘထူး ပြန်ထနိုင်တော့မည်မဟုတ်ဟု ထင်မှတ်နေရာ ဦးဘထူးသည် ချက်ချင်းပင် ဖုတ်ခါထလာပြီး ဖခင်အား စိမ်းစိမ်းကြည့်ပြီးလျှင် "ခွေးမသား သေဖို့သာပြင်"ဟု ဆိုလျက် အံသွားကြိတ်ကာ မန်သွင်းကာဖြင့် ရှေ့သို့



အတင်းတိုးဝင်၍ လက်သီးကို အားမကိုးတော့ဘဲ လှကို ကိုင်ထမ်းရန်သာ ကြိုးစားလေတော့၏။ ကိုယ်လုံးကိုယ်ထည်မှာ ဖခင်ထက် ဦးဘထူးက အပုံကြီးပိုကြီးသဖြင့် မိမိရရ ထမ်းမိပါက ကိုင်ပေါက်သည်ဖြစ်စေ၊ ဖြစ်ညှစ်ဆုတ်ဖွဲ့သည်ဖြစ်စေ ပြုလုပ်နိုင်တော့မည့်သူ ဖြစ်ပေသည်။ ဖခင်သည် ခြေကားယား လက်ကားယားဝင်လာသည့် ဦးဘထူး၏ အကြံကို ရိပ်မိဟန်ဖြင့် အကပ်မခံဘဲ အခန်းတွင်းလှည့်ပတ်လျက် အဝေးမှလှမ်း၍ နှာခေါင်း၊ ပါးစပ်၊ မေးစေ့၊ ပါးချိတ် စသော နေရာများကို တလှည့်စီ ဒလစပ်ထိုးသတ်လေတော့၏။ ဦးဘထူးကမူ လက်သီးချက်များကို လုံးဝ ဂရုမစိုက်ဘဲ မျက်နှာကို ရှေ့သို့ခင်းလျက် အတင်းဝင်ဖမ်းလေတော့ရာ ဖခင်မှာ-မိလုလုအခြေအနေမှ ပွတ်ကာသီကာဖြင့် မနဲရှောင်တိမ်း နေရလေ၏။ သို့ရာတွင် ဦးဘထူးသည် ယခင်ကကဲ့သို့ အမောမခံနိုင်သဖြင့် တဖြည်းဖြည်း မောပန်းလာပြီး ထိုးစစ်မှ ခံစစ်အသွင်သို့ ပြောင်းလာပြီဖြစ်ရာ ဖခင်သည် အခြေအနေကို ရိပ်စားမိဟန်ဖြင့် ဦးဘထူး၏ အရှိက်ကို ဘယ်ညာလက်သီး ရော၍ မိုးသီးမိုးပေါက်ကျသကဲ့သို့ ဒလစပ် ထိုးသတ်လေတော့ရာ ဦးဘထူးသည် အခန်း၏ အနောက်ဘက်ထောင့်သို့ ခွေခွေကလေး လဲကျသွားလေတော့၏။ ထိုစဉ်ခဏ၌ ဦးဘထူးသည် ကြမ်းပေါ်တွင် လဲကျနေရာမှ ၎င်း၏အောက်ရှိ ကြမ်းပြင်သည် ရုတ်တရက် အောက်သို့ မွင့်သွားဟန်ရှိသဖြင့် ဖခင်သည် ဦးဘထူးအား လှမ်းဆွဲလိုက်ရာ မမီလိုက်တော့ဘဲ ဦးဘထူးသည် အောက်သို့ ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် ဒလိမ့်ကောက်ကွေး ကျသွားလေတော့၏။

ဖခင်နှင့် ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီး ပြန်ယူပြီး ၎င်းအံဖုံးတံခါးကို ကြည့်ရှုရာတွင် အောက်သို့ဆင်းသွားသည့် လှေကားတစ်ခု တွေ့ရသဖြင့် ဆက်လက်ဆင်းလိုက်သွားကြရာ ဦးဘထူးသည် အောက်ဘက် မြေကြီးပေါ်တွင် ခွေခွေလေး လဲလျက်ရှိလေ၏။

၎င်း၏ ကိုယ်ပေါ်မှ ကျော်ဖြတ်၍ ရှေ့တိုးသွားကြပြန်ရာ ဥမင်သဖွယ် ပြုလုပ်ထားသည့် လှိုင်ခေါင်းဝကို တွေ့ရသဖြင့် ကျွန်ုပ်တို့သည် ဆက်လက် ဝင်သွားမိလေ၏။ ခြေလှမ်း ၅၀ ခန့်မျှ သွားမိလတ်သော် ရှေ့ဆက်သွား



ရန် နေရာမရှိတော့ဘဲ အပေါ်တည့်တည့်မှ အလင်းရောင်မြင်ရသဖြင့် မော့ကြည့်ရာ-ကျွန်ုပ်တို့ခြွတွင်းမှ ရေတွင်းပျက်ကြီးဖြစ်နေကြောင်း တွေ့ရလေတော့၏။

ကျွန်ုပ်တို့သည် ဦးဘထူး၏ ခန္ဓာကိုယ်ကြီးအား ဦးသုတော်၏ အကူအညီဖြင့် အိမ်ပေါ်သို့ ခက်ခဲစွာတင်ဆောင်ပြီးနောက် ဝိုင်းဝန်းပြုစုကြရာ မကြာမီအတွင်း သူသည် သတိပြန်လည်ရလာလေ၏။

အချိန်မှာ နံနက် (၄) နာရီခန့်ရှိပြီဖြစ်ရာ အိမ်နီးခြင်းမိတ်ဆွေတစ်ဦးအား အကြိုအကြောင်းပြောပြ၍ ရဲဌာနသို့ အကြောင်းကြားနိုင်းလိုက်ပါသည်။ ဦးဘထူးသည် ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်လျက်ရှိရာမှ သတိသံဝေဂရသည့် အမူအရာဖြင့် ကျုပ် မှားတယ် ကိုမေအောင် ဒီအိမ်ကြီးမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာတွေဟာ ကျုပ်ရဲ့ လက်ချက်တွေချည်းပါပဲ၊ ကျုပ်ဟာ တစ်ခါတလေမှာ အရူးလိုပဲ ကိုယ့်စိတ်ကို ပြန်မထိန်းနိုင်အောင်ဖြစ်ပြီး ထင်ရာလျှောက်လုပ်နေမိတယ်၊ အခုတော့ ကိုယ့်မိုက်ပစ်နဲ့ကိုယ် ခံရတော့မှာပေါ့လေ"

"နေပါဦး ဦးဘထူး၊ ကျုပ်ဖြင့် နားကိုမလည်ဘူး၊ ဘယ်လိုကဘယ်လိုဖြစ်တယ်ဆိုတာပဲ ပြောစမ်းပါဦးဗျာ"

"ခုမှတော့ မထူးတော့ပါဘူး၊ ပြောရတာပေါ့လေ၊ ဒီလိုဗျ ဒီအိမ်ကြီး ဆောက်စဉ်အခါက အရေးပိုင် မစ္စတာ ဒီဂို(စ်)ဟာ ကျုပ်ကို ဦးစီးဆောင်ရွက်ဖို့ အားလုံးတာဝန်ပေးလိုက်တယ်၊ သစ်တောဘက် အရာရှိကြီးဆိုတော့လဲ သစ်ကောင်းဝါးကောင်းနဲ့ ခမ်းခမ်းနားနား ဆောက်နိုင်ပေဟာပေါ့ဗျာ၊ အိမ်ကြီးဆောက်နေစဉ်မှာပဲ ကျုပ် အကြံတစ်ခုရတယ် ဘယ်လိုလဲဆိုတော့ မတော်တဆ အိမ်ကြီးမီးလောင်တဲ့အခါဖြစ်စေ၊ ဓားမြတိုက်ခံရတဲ့အခါမှာဖြစ်စေ အလွယ်တကူ ရှောင်တိမ်းနိုင်ဖို့ဆိုပြီး ဓာတ်ဓာက အခန်းမှာ အံဝှက်တစ်ခုလုပ်ခဲ့တယ်၊ အဲဒီကတစ်ဆင့် အောက်ထပ်ကိုဆင်း၊ နောက် မြေကြီးကို ဦးမှင်တွင်းပြီး ရေတွင်းအထိ ဆက်ထားမှာကိုးဗျ၊ ပထမတော့ အရေးပိုင်ကြီးကို အသိပေးမလို့ပဲ၊ ဒါပေမဲ့ အစီအစဉ်အတိုင်းလုပ်ပြီးတဲ့အခါမှာ ကျုပ်စိတ်ဟာ တမျိုးဖောက်ပြန်လာပြီး ခုလိုမဖြစ်သင့်



တာတွေကို လျှောက်လုပ်နေမိတော့တာပါပဲ ကိုမေအောင်ရယ်၊ အရေးပိုင်ကတော်ကြီး သေရတာလဲ ကျုပ်လက်ချက်ပဲ၊ ဝမ်းရောဂါဖြစ်နေတာမှန်ပေမဲ့ နောက်ဆုံးမှာတော့ လည်ပင်းညှစ်ခံရတဲ့ဒဏ်နဲ့ အသက်ရှူကြပ်ပြီး သေရတာပဲ"

"အဲဒီလိုလုပ်လို့ ခင်ဗျား ဘာအကျိုးထူးလို့လဲဗျာ မကြံစီအပ်တာကို ကြံစီချင်တဲ့ လူပေပဲကိုး"

"ကျုပ်မှာတော့ အကျိုးမထူးပေဘူးပေါ့ဗျာ၊ သို့သော် ဒီလိုလုပ်နေရတာကိုပဲ ကျုပ်မှာ သိပ်ပြီး အရသာတွေ့နေတယ်၊ လူ့စိတ်ဆိုတာ သိပ်ကိုဆန်းကြယ်တယ် ကိုမေအောင်"

ထိုစဉ် ရဲအရာရှိများ ရောက်လာကြသဖြင့် အကျိုးအကြောင်း ရှင်းပြပြီး ဦးဘထူးအား ၎င်းတို့နှင့် ထည့်လိုက်ပါတော့သည်။ နောက်တစ်ပတ်ခန့်အကြာတွင် ဦးမေအောင်တို့ မိသားစုသည် တံခါးဝှက်နှင့် ဥမင်ကြီးကို ဖျက်ဆီးပစ်လိုက်ပြီး စိတ်အေး ချမ်းသာစွာနှင့်ပင် နေထိုင်သွားကြပါတော့သည်။ ဦးဘထူးမှာ ပြစ်မှုထင်ရှားသဖြင့် ထောင်အနှစ် (၂၀) အပြစ်ပေးခံလိုက်ရကြောင်း နောက် (၃) လခန့်အကြာတွင် သိရှိရလေသတည်း။

ကျောက်ဘီလူး